www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာရွှေတောင်စာအုပ်

# ပေါ်ဂုရှစ်

## ဂျာအေးနှင့် တောရကောင်လေး

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

ဂျာအေးနှင့်တောရတောင်ဝှေး

ပေါ်ကျရစ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၄၇/၀၅၀၄
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၆၀/၀၅၀၅
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီနှင့် အတွင်း
ကိုထက်မိုး
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရှေ့တောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းအိုးသာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၇၀၀ - ကျပ်

BURMESE CLASSIC .com

| | | |
|---|---|---|
| ၁၇၅။ | ဂျာအေးနှင့်ရွှေဂိုပ်သား | ပေါ်ကျရစ် |
| ၁၇၆။ | ကမ္ဘာ့မန္တရားယ ဝိပါက်ကြမ္မာနှင့် နိုင်ငံရပ်ခြား ဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇။ | အတ္ထုဝိတာရွှေ | မောင်မြင့်ကြွယ် |
| ၁၇၈။ | လင်ဆွဲဇော်ယူ | မာယာ |
| ၁၇၉။ | ဂျာအေးနှင့် နစ်လော်ရာကန်း | ပေါ်ကျရစ် |
| ၁၈၀။ | သုရဋ္ဌလက်ခေါင် (တတိယတွဲ) | ဆရာဦးမောင်မောင်ညွန့်း (ရင်ကိုအေးမြဝသား) |
| ၁၈၁။ | ဂျာအေးနှင့်ယောကျ်ားမလည်မြန် | ပေါ်ကျရစ် |
| ၁၈၂ | ညဘီလူး | မာယာ |
| ၁၈၃။ | ဂျာအေးနှင့် လောဘရာဇာဝတ်ကြီး | ပေါ်ကျရစ် |
| ၁၈၄။ | ဂျာအေးနှင့် မဟာကျော်သင်္ကြီး | ပေါ်ကျရစ် |
| ၁၈၅။ | ထမ်းနှံကျားပေါက်ကျွင်း | မာယာ |
| ၁၈၆။ | ဝီဇာအာဂုဏ်အေး | ပေါ်ကျရစ် |
| ၁၈၇။ | မရဏဓရုဏ္ဏာရီ | မာယာ |
| ၁၈၈။ | ကျားတော့ဟုမ်နှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉။ | နစ်ကိုယ်ခွဲ | ပေါ်ကျရစ် |
| ၁၉၀။ | နတ်လိုင်စင် | ပေါ်ကျရစ် |
| ၁၉၁။ | စိတ်ရွေး | မာယာ |

ယခု

| | | |
|---|---|---|
| ၁၉၂ | တောရတောင်ဝှေး | ပေါ်ကျရစ် |

ဆက်ထက်၍

| | | |
|---|---|---|
| ၁၉၃။ | မာယာမင်းသမီး | ဗိုလ်ကျော် |
| ၁၉၄။ | ကမ္ဘာ့အချစ် | ပေါ်ကျရစ် |

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အဖွင့်

လူ့ဘဝသည် ခေါက်ရှာငှက် ပျံသလိုပင် နိမ့်ချည်မြင့်ချည်နှင့် ပြောင်းအလဲပေါင်း များစွာကို ဖြတ်သန်းရပေ၏။ ထိုအထဲ ဆင်းရဲ စ်ခါ ချမ်းသာတစ်လှည့် ကြုံကြရပေ၏။

ထိုသို့သော ဘဝ၏ ပြောင်းလဲမှုများကြားတွင် သူတို့ဘဝ ဘာ ကြောင့်များ မပြောင်းလဲရပါလိမ့်။

ဆင်းရဲခြင်းက နက်သထက်နက်လာသလိုပင်။ တစ်ခါတစ်ခါကျ ဘာ့လည်း ကိုယ့်ဘဝကိုယ် မကျေနပ်ချင်။ သူ့ဘဝက ခေါက်ရှာငှက်တော့ ဖြစ်နိုင်ပါချေ။ ဖြစ်ချင်းဖြစ် အတောင်ပံရှိလျက် မပျံနိုင်ရှာသော ကြက်နာ း တစ်ကောင်များလေလား။

ထိုအတွေးက သူ့ဦးနှောက်ထဲ တစ်စစ ခိုင်လာသလိုပင်။

အမှန်မတော့ ဗေဒင်ပညာကို သင်ရိုးကုန်အောင် သင်ခဲ့ဖူးပြီလည်း စ်၏။ ကိုယ့်ကြမ္မာ ကိုယ့်ဖတ်ကြည့်တော့လည်း အကောင်းသား။ ကိုယ့် က်ဖဝါး ကိုယ်ပြန်ကြည့်ရတာလည်း အကြိမ်ကြိမ်။

ထီးရိုးတွေကလည်း အရိုးအဆစ်ကြီးပ။ တံခွန်တွေ၊ ကြာဖူးတွေ ောင်ပါသေး။ ဂြိုဟ်ခုံတွေကလည်း မောက်ကြွ ဖောင်းကားနေ၏။ ထို ရိပ်လက္ခဏာ ကြည့်လိုက်သည်နှင့် ကျိန်းသေ ချမ်းသာကိန်းပင်။ ို့သော် ယခုအထိ သူ့ဘဝက ပြားချပ်မှုန်မှေးနေဆဲ။

ထိုအဖြစ်ကြောင့် ဆေးပေ့ါလိပ်တိုကို မီးညှိဖွာရှိုက်ရင်း ကိုယ့်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖဝါးကိုယ် မယုံသင်္ကာစိတ်နှင့် ကြည့်နေမိ၏။ သူ့လုပ်ရပ်ကို စောင်းငန်း စောင်းငန်း အကဲခတ်နေသူက ဂျာအေး။

ကိုယ့်ဆရာသမား၏ အခြေအနေက ဂျာအေး မျက်စိထဲမှာတော့ သံသယဝင်စရာပင်။ ကျောက်သင်ပုန်းတစ်ချပ်နှင့် တောင်ခြစ်မြောက်ခြစ် ခြစ်လိုက်၊ လက်ဖဝါးတွေကြည့်၊ ခြေဖဝါးတွေကြည့်လိုက်နှင့်။ ဆရာဖြစ်သူ၏ အခြေအနေ ထူးခြားနေပြီဟု ဂျာအေး တွက်မိလာ၏။ ထို့ကြောင့်လည်း အနားကပ်ပြီး လေသံ အေးစက်စက်နှင့် မေးမြန်းလိုက်၏။

"ဘယ်လိုဖြစ်နေတာတုံး ဆရာဖျောက်။ အပြင်တောင် မသွားတော့ဘဲ လက္ခဏာကြည့်လိုက်၊ ခြေခဏာကြည့်လိုက်နဲ့ ဘာတွေ ဖြစ်နေသတုံးဗျ"

"အေးကွာ၊ ကိုယ့်ကိုယ့်ကိုယ် ဘယ်လို နားလည်ရမှန်းတောင် မသိတော့ဘူး ဂျာအေးရာ။ ငါ့ဇာတာကလည်း တကယ် ကြီးပွားမယ့် ဇာတာကွ။ ခြေခဏာ လက္ခဏာတွေ ကြည့်ပြန်တော့လည်း ဂြိုဟ်တွေ ဟီးဟီးကို ထနေတာကွ။ ဒီလောက် အားကောင်းတဲ့ အခြေအနေမှာ ငါ ဘာဖြစ်လို့ ဆင်းရဲနေရသလဲ။ အဲဒီအချက်ကို စဉ်းစားလို့ မရဘူးကွ"

"ဟာ- ဆရာဖျောက်ကလည်း၊ ဆရာဖျောက် ပြောခဲ့တဲ့ စကားလည်း ရှိသားဗျာ။ ဒုက္ခသစ္စာဆို။ ဒီတော့ကာ ခုလို ဒုက္ခဆင်းရဲ ကြုံတာ သစ္စာတရားကို နဖူးတွေ့ ဒူးတွေ့ ကြုံတာပဲ မဟုတ်လားဗျာ"

"အဲဒါတော့ တစ်မျိုးပဲကွ၊ သစ္စာတော့ သစ္စာပေါ့ကွာ။ ဒါပေမယ့် ဒုက္ခတွေ များလွန်းတော့ ငါလည်း ထားစရာတောင် မရှိဘူးကွ။ ခုဆို အပုလေးတို့သားအမိလည်း ရွာပြန်သွားကြပြီလေ။ ငါတို့လုပ်သမျှ စီးပွားရေးကလည်း ဘယ်တော့မှ ကောင်းလာတယ် မရှိဘူး။ ငါ ကြားဖူးတာတော့ ဘဝ ဆိုတာ ခေါက်ရှာငှက်ပျံသလို နိမ့်တုံမြင့်တုံတဲ့ကွ။ ခုဥစ္စာ တစ်ခါမှ မြင့်မြင့်မားမား အခြေအနေ မရှိပါလားကွ"

"ဟာ- ဒါဆို ခေါက်ရှာငှက် မဖြစ်နိုင်ဘူးဗျ။ ဧကန္တ လင်းတ ပျံသလိုပျံလို့ ဖြစ်မှာပေါ့ဗျာ"

"ဘာကွ၊ လင်းတ ပျံသလို့ . . . ဟာကွာ"

"ဟုတ်တယ်လေဗျာ၊ လင်းတတွေဟာ ခွေးသေကောင်ပုပ် မြင်ရင်





တရစ်ဝဲဝဲပျံတယ်။ ပြောရရင်ဗျာ၊ ဆရာဖျောက်လည်း ခွေးသေကောင်ပုပ် တွေ့နေပြီလား မသိဘူး"

"ဟာကောင် ဂျာအေး၊ တိတ်စမ်း မင်းက ငါ့များ ပြောလိုက်တာ လင်းတတဲ့။ မင်းကရော ဘာထူးလဲ၊ လင်းတပဲလေ"

"ဟဲဟဲ ဆရာဖျောက်ကလည်း ဝေဖန်ရေး လုပ်ကြည့်တာပါဗျာ။ ဝေဖန်ရေးကို လက်ခံမှ ဘဝဟာ ခိုင်မာမယ်ဆို"

"တော်စမ်းပါကွာ၊ ငါ့စကားတွေ တစ်ခါတစ်ခါ မမှန်တတ်ဘူးကွ"

"ဗျာ"

ဖျောက်ဆိပ်၏ စကားကြောင့် ဂျာအေး လည်သွား၏။ အမှန်အတိုင်းပြောရလျှင် ဖျောက်ဆိပ်ကို သူ ဆရာတင်ခဲ့သည်မှာ ဖျောက်ဆိပ်၏ ပြောင်မြောက်လှသော အတွေးအခေါ်များကြောင့် ဖြစ်လေ၏။ ယခုတော့ အတွေးအခေါ် ရှင်ကြီး၏ စကားများက သွက်သွက်ခါလာလေ၏။ ဂျာအေး ဘာကို နားလည်ရမှန်းပင် မသိတော့။

"ကိုကြီးဖျောက်"

"ဟေလကွာ"

"ကျုပ်အထင်တော့ ကိုကြီးဖျောက် ခုလို အီလည်လည် ဖြစ်သွားတာ တစ်ခုခုလိုနေလို့ပဲ ဖြစ်မှာဗျ။ ကျုပ်ကတော့ သိပ်မစဉ်းစားတတ်ဘူးဗျ"

"သိပ်ဟုတ်တာပေါ့ ဂျာအေးရာ၊ ငါပြောခဲ့တဲ့စကား ရှိသားပဲကွ။ လောကကြီးမှာ နည်းစနစ်သိတဲ့လူဟာ ခွန်အားရှိတဲ့လူထက်ကို တပန်းသာတယ်ကွ"

"နည်းစနစ်"

"အမှန်ပဲကွ၊ နည်းစနစ်ကြောင့် လောကကြီးဟာ ပြောင်းလဲသွားတာပဲကွ။ ဒီတော့ကာ ကိုယ့်ဘဝကိုယ် ပြန်သုံးသပ်ကြည့်ရင်း ငါတို့ဟာ နည်းစနစ်ကို နားမလည်သေးလို့ပဲကွ။ ချမ်းသာချင်ရင် အဲဒီချမ်းသာမယ့် နည်းလမ်းတွေ ဘယ်လိုရှိတယ်ဆိုတာ ငါတို့ အသေအချာ မသိလို့ဘဲကွ"

ဖျောက်ဆိပ်တစ်ယောက် မီးခိုးတွေ ဟုန်းဟုန်းထအောင်ရှိုက်ရင်း ထူးဆန်းသော စကားလုံးများ၊ ထူးဆန်းသော အကြံအစည်များကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြုံဆ ပြောဆိုလာ၏၊ သူ့စကားကို ဂျာအေး လိုက်မမီ။ ထို့ကြောင့်လည်း ဖျောက်ဆိပ်စကားကို နားမထောင်နိုင်တော့ဘဲ ဈေးခြင်းတောင်းတစ်လုံး ဆွဲကာ ဈေးသွားရန် ပြင်ဆင်လိုက်၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"ဈေးသွားကြမယ်ဗျာ၊ အိမ်မှာ ဘာမှ မရှိတော့ဘူးဗျ။ မပုလေး မရှိတော့ ကျုပ်တို့လည်း စားရတာကအစ အာမထိ လျှာမထိဘဲဗျာ"

"ဟုတ်ပါ့ကွာ၊ ကိုင်း- ဒါဆိုလည်း သွားတာပေါ့"

နောက်ဆုံးတော့ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦး တစ်ရပ်ကွက် ကျော်တွင်ရှိသော ဈေးဆီသို့ ချီတက်ခဲ့ကြ၏။

နှစ်ယောက်စလုံး ဈေးသို့ လာသာလာကြရသော်လည်း ဘာဝယ်လို့ ဝယ်ရမှန်းမသိ။ သည်အလုပ်က အပုလေး၏ နိစ္စဓူဝ အလုပ်။ အပုလေး ရွာပြန်သွားသည်မှာ ဆယ်ရက်ခန့်ရှိပြီ ဖြစ်လေ၏။ ပထမတော့ ဆိုင်မှာ ဖြစ်သလို ဝယ်ကြိတ်ကြ၏၊ သို့သော် သုံးလေးရက် စားအပြီး ဆိုင်ထမင်း ဆိုင်ဟင်းကို ငြီးငွေ့သွားကြသဖြင့် ဆရာတပည့်နှစ်ယောက် ဈေးဝယ်ချက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေ၏။

ထို့ကြောင့်လည်း ယခုလို ဈေးဘက်သို့ နှစ်ယောက်သား ချီတက်ခဲ့ကြခြင်းဖြစ်၏။ ယခုတစ်လော သူတို့နှစ်ယောက်စလုံး အလုပ်အကိုင်ကလည်း မကောင်းလှ။ သူတို့အလုပ်က လေဘောထည်တွေ ဆိုင်ကြီးမှ ယူကာ ပလက်ဖောင်းပေါ် ချရောင်းသည့် အလုပ်ပင်။

ဈေးသည်အချင်းချင်းကလည်း ရန်တစောင်စောင်။ ထို့ပြင် ဝယ်သူနှင့် ပြဿနာဖြစ်ရသည်မှာလည်း အကြိမ်ကြိမ်၊ ကြာတော့ နှစ်ယောက်စလုံး စိတ်ကုန်လာကြ၏။

ယခုလည်း အလုပ်ကို တစ်ရက်နှစ်ရက် နားထား၏။ အလုပ်နားထားတော့လည်း လက်ထဲရှိသည့် ပိုက်ဆံကလေးဖုတ်လိုက်ဖုတ်လိုက် နှစ်ယောက်စလုံး ခေါင်းစားနေကြသည်မှာ အမှန်ပင်။

သို့နှင့် ဈေးထဲရောက်တော့ သူတို့နှစ်ယောက် အသားငါးဈေးတန်းဘက် လျှောက်လိုက်၊ ဟင်းသီးဟင်းရွက်တန်းဘက် လျှောက်လိုက်နှင့်





BURMESE CLASSIC .com

ချာချာလည်နေ၏၊ အချိန်ကလည်း ဈေးကွဲချိန်၊ ထိုအချိန် ဈေးပေါပေါနှင့် ရနိုင်သည်မို့ နှစ်ယောက်သား အချိန်ကိုက်ပြီး ထွက်လာခြင်း ဖြစ်လေ၏။

ယခုထိ ဘာဝယ်လို့ ဝယ်ရမှန်းမသိသေး။ လျှောက်လိုက်သည်မှာ ခြေတိုလုမတတ်။ ဟိုမေးဒီမေး မေးတော့လည်း ဈေးတွေက ကြီးနေ၏။

"ဟာ- ဘယ်လိုတုံးကွာ၊ ဈေးတွေကလည်း ကြီးလိုက်ပ"

"ဟုတ်ပ့ါဗျာ၊ ဝက်သားမေးတော့လည်း ဈေးက မဟားတရား၊ ဘင်းသီးဟင်းရွက် ကြည့်ပြန်တော့လည်း ကန်စွန်းရွက်၊ မုန်လာရွက်၊ ပဲသီး တလွဲလို့ ဘာမှ မဖြင်။ ဘယ်လိုတုံး ကိုကြီးဖျောက်"

"အင်း- တစ်ခါတစ်ခါတော့ အရိုးအသားလေး စားချင်သားကွာ။ ကိုင်း- ဟိုဘက်ကို လျှောက်ကြည့်ကြစို့"

နှစ်ယောက်သား ဈေးထဲ နောက်ထပ်တစ်ခေါက် လျှောက်ခဲ့ကြပြန်၏။ သူတို့နှစ်ယောက်ကို ဈေးသည်အတော်များများက သတိထားမိပုံပေါ်၏၊ ထိုအထဲတွင် ငါးစိမ်းသည် မခွေးမက သူတို့တစ်ရပ်ထဲသား။ နှစ်ယောက်စလုံးကို ကြည့်၍ရသည်တော့ မဟုတ်၊ သူယောကျ်ား ချက်စူ အရက်သမားဖြစ်ရသည်မှာ သူတို့ကြောင့်ဟု စိတ်ထဲ အစွဲရှိနေ၏။

ထို့ကြောင့်လည်း သူတို့နှစ်ယောက် ဈေးထဲလျှောက်အလာတွင် ချက်စိစပါးမွေးစူးရူးနှင့် မကြားတကြား ပြောလိုက်၏။

"အောင်မယ်လေးတော် ဈေးထဲလျှောက်နေတာ ဒါပါနဲ့ဆို ဆယ့်နှစ်ခေါက်ရှိနေပြီ၊ ကန်စွန်းရွက်တစ်စည်းဝယ်တာ မတွေ့သေးဘူး။ ဘယ်လိုဖြစ်နေကြသတုံး။ ဈေးမဝယ်ဘဲ ဈေးထဲက ဟာမတွေကြည့်ပြီး သွားရည်ယိုနေသလား မသိပေါင်တော်"

"အင်"

ကြားလိုက်ရသည့်စကားကြောင့် ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွား၏။ အသံလာရာ လှည့်ကြည့်လိုက်တော့ ချက်စူမိန်းမ မခွေးမ။ သနပ်ခါးဘူတာတာလိမ်းပြီး စံပယ်ပန်းတွေ တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်အောင် ပန်ထား၏။ သူတို့ကိုကြည့်ပုံက ရွတည်တည်၊ ပါးစပ်ကလည်း ပွစိပွစိ။ ထိုစဉ် ဂျာအေးက-

"ဟာ- မခွေးမ၊ ရောင်းကောင်းရဲ့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်- ရောင်းမကောင်းရင် ဘာလုပ်ပေးမလို့တုံး"

"ဩော်- မခွေးမကလည်းဗျာ၊ တစ်ရပ်ကွက်ထဲသားချင်းတွေပဲဗျာ ဟဲဟဲ။ ဟင်- ဒါ ဒါ ငါးခေါင်းတွေပါလား၊ ရောင်းတာလား ဒါမှမဟုတ် အလကားပေးတာလား"

"ဘာ၊ ဟဲ့- ဂျာအေး၊ အဲဒါ အလယ်ရိုးထုတ်ထားတာဟဲ့။ ခွေးစာ ကြောင်စာ ရောင်းတာ"

"ဟာ- လူစားလို့ မရဘူးလားဗျာ"

"ဟေ- ဘာတုံး၊ နင်တို့ စားမလို့လား"

"ငါးခေါင်းဟင်းချိုချက်ရင် တအား ကောင်းတာဗျ။ ဟိုတယ်မှာဆို ကျုပ်က ငါးခေါင်းဟင်းချိုပဲ သောက်တာဗျ။ နော် ကိုကြီးဖျောက်"

"ဟာ- သိပ်ဟုတ်တာပေါ့၊ ကျုပ်တို့ကို အဲဒီ ခေါင်းရိုးပေးပါလား"

"ဘာ- ပေးရမယ်၊ နေကြပါဦး၊ ဈေးလာတာ အရိုးအရင်း တောင်းဖို့ လာကြတာလား"

"မခွေးမကလည်းဗျာ တစ်ရပ်ထဲသား. . ."

"တော်တော်၊ ဒီက စီးပွားရေးလုပ်နေတာ။ ဟောဒီ ခေါင်းနှင့် အရိုး တွဲရောင်းတာ၊ တစ်ခေါင်း ငါးဆယ်၊ ငါးခေါင်းအထက်ယူမှ ရောင်းမယ်။ ဈေးမလျှော့နိုင်ဘူး။ ဝယ်ချင်ဝယ်၊ မဝယ်ချင်သွား"

"ဗျာ"

ခွေးမ၏ ခပ်တင်းတင်း ပြောလိုက်သည့်စကားကြောင့် ဂျာအေးရော ဖျောက်ဆိပ်ပါ တွန့်ခနဲ ဖြစ်သွား၏။ တခြား အသားငါးလည်း ဝယ်လို့မဖြစ်၊ လက်ထဲက ပိုက်ဆံနှင့်လည်း တွက်ခြေမကိုက်လှ။

နောက်ဆုံးတော့ ငါးခေါင်းတွေ ဝယ်လိုက်၏။ ချဉ်ပေါင်တစ်စည်း ဝယ်လိုက်၏။ ငါးပိစိမ်းစား၊ ငရုတ်သီးမှုန့်လေးဝယ်ကာ အိမ်ပြန်ခဲ့၏။ အိမ်ရောက်သည်နှင့် ဂျာအေးတစ်ယောက် ငါးခေါင်းကို ဆေးကြောကာ ချဉ်ပေါင်နှင့်ရောပြီး ချက်လိုက်၏။ ထို့နောက် ငရုတ်သီးဆားထောင်းကို ကြက်သွန်ဖြူနှင့် ထောင်းလိုက်၏။

ထိုအချိန် တောက်တခေါက်ခေါက် ဖြစ်နေသူက ဖျောက်ဆိပ်။ သူ့ရင်ထဲ အစိုင်အခဲဖြစ်နေသည်က မခွေးမ ပြောချလိုက်သည့် စကားက





အတုံးလိုက် အတစ်လိုက်။ စိတ်ထဲ တနုံ့နုံ့။

"ခွေးမ၊ တော်တော် စော်ကားတဲ့ မိန်းမ။ ကိုယ့်အချင်းချင်း လည်ပင်းနင်းပြီး ပြောချင်တဲ့မိန်းမ- တောက်"

"ဘာဖြစ်တာတုံး ဆရာဖျောက်ရဲ့၊ တောက်တခေါက်ခေါက် လုပ်နေတာ ကြာရင် သွားတွေ ကျွတ်ထွက်ကုန်ပါ့မယ်ဗျ"

"ဟာကွာ- ကျွတ်ကျွတ်၊ ငါ မကျေနပ်တာ ခွေးမကွ။ ဘယ့်နှယ်ကွာ. . . စကားပြောတာ ရိုင်းပါ့"

"ဩော်- ဒါလား၊ ဟားဟားဟား သူ့ယောက်ျား ချက်စုကိစ္စနဲ့ ကျုပ်တို့ကို မကျေလည်တာ ဖြစ်မှာပေါ့ဗျာ"

"ချက်စုကို ငါတို့က ဘာလုပ်လို့လဲကွ"

"ဩော်- သူ့ယောက်ျား ပျက်စီးတာ ကျုပ်တို့ကြောင့်တဲ့ဗျာ။ အဲဒါကြောင့် ကျုပ်တို့ကို ခဲနေတာပေါ့"

"တော်စမ်းပါကွာ၊ စကားတွေက အခြေအမြစ် မရှိလိုက်တာ၊ ချက်စုက ပုတူတူးလေးမှ မဟုတ်တာဘဲ"

"ဟုတ်ပါ့၊ တွေးမနေပါနဲ့ဗျာ။ ကိုယ့်ကြမ္မာကိုယ် ကြည့်နေစမ်းပါ၊ ကိုကြီးဖျောက်ရာ၊ ဘယ်တော့ အခွင့်သာမလဲ၊ ငွေဝင်မလား၊ ရွှေဝင်မလား အဲဒါပဲ တွက်စမ်းပါဗျာ"

"ဟေ- မင်းက ငါ့ပညာကို တယ်ယုံသကိုး၊ ကောင်းပြီ၊ မင်း ဟင်းထမင်းကို ရှယ်ချက်။ ငါက ငါ့ပညာရဲ့ ယိုပေါက်တွေ ဟာပေါက်တွေ ရှာဦးမယ်ကွ"

"အဲဒီလို လုပ်စမ်းပါ ဆရာဖျောက်ရာ"

"ဟုတ်ပြီ၊ တစ်ကွက်သာရင် မျက်နှာလုပ်လို့ရသကွယ့်။ လာစမ်း ကျောက်သင်ပုန်း"

ဂျာအေး၏ အပင့်အမြှောက်ကြား ဆရာကြီး ဖျောက်ဆိပ် လေပွဖောင်း ဖြစ်မှန်းမသိ ဖြစ်လာ၏။ ယခုလည်း ထရံကို ကျောမှီပြီး ကျောက်သင်ပုန်းရှေ့ချကာ တချောက်ချောက်နှင့် တွက်နေ၏။

သူ့ဇာတာနှင့် ဂျာအေးဇာတာ နှစ်ခုလုံးကို စစ်ကြည့်၏၊ ထို့နောက် ဇာတာကို ပေါင်းကြည့်၏။ နုတ်ကြည့်။ တိုးတာတိုး လျှော့တန်လျှော့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။ ထိုအခါ နှစ်ယောက်စလုံး ဂြိုဟ်တွေ နက္ခတ်တွေ လာတူနေ၏။ အံ့ဖွယ်ရာ နက္ခတ်ဂြိုဟ်များကို ကြည့်ရင်း ဖွာဖွာလောင်လောင် ဟောလိုက်၏။

"ခြေနှစ်ချောင်း ဝင်မယ်ဟေ့"

"ဗျာ"

"ခြေနှစ်ချောင်းကွ၊ ခြေနှစ်ချောင်း"

ဖျောက်ဆိပ်ထံမှ ထွက်လာသော စကားကြောင့် ဟင်းအိုးမွှေနေသော ဂျာအေး ဝါးတားတား ဖြစ်သွား၏။

"ဗျို့ ဆရာဖျောက်၊ ခြေနှစ်ချောင်းက ရွှေပါမှာလား ငွေပါမှာလား ဗျ"

"ငါ့စိတ်ထင်တော့ ခြေနှစ်ချောင်းဆိုတာ လူမဟုတ်နိုင်ဘူးကွ၊ ကေန္တ ကြက်တို့၊ ဘဲတို့၊ ကြက်ဆင်တို့ ဖြစ်လိမ့်မယ်"

"ဗျာ၊ ဘာတွေလဲ ဆရာဖျောက်ရာ"

"အဲဒီဟာတွေ ဝင်လာတော့လည်း ဟင်းကောင်း ထမင်းကောင်း စားရတာပေါ့ကွာ"

"အင်- ကိုယ်စားချင်တာတွေ စွတ်ပြောနေပါလားဗျာ"

ဖျောက်ဆိပ်စကားကြောင့် ဂျာအေး ခေါင်းတဖြင်းဖြင်းကုတ်ရင်း သူ့အလုပ်သူ ဆက်လုပ်နေ၏။ ထိုအချိန် နောက်ဖေးမီးဖိုချောင်မှ လူတစ်ယောက် ကုပ်ချောင်းကုပ်ချောင်း တက်လာ၏။ ရုတ်တရက်မို့ ဂျာအေး မျက်လုံးပြူးသွား၏။

"ဟာ- ဘယ်သူတုံး"

"ငါ ငါပါကွ၊ ချက် ချက်စူလေ"

"ကိုချက်စူ၊ ခင်ဗျား ဘာလုပ်တာလဲဗျာ။ လက်ထဲမှာလည်း ပုဆိုးထုပ်ကြီး"

"အဲဒါ ဟီးဟီး ကြက် ကြက်လေကွာ"

"ဗျာ၊ ကြက်က ဘာ ဘာလုပ်ဖို့လဲ"

"ချက်စားဖို့လေကွာ"

"ဟင်- ဒါ ဒါဆို ကိုကြီးဖျောက်ပြောတာ မှန်ပြီကွ။ ကိုကြီးဖျောက်





ကိုကြီးဖျောက်"

"ဟေ- ဟေလကွာ"

ဂျာအေး၏ အော်သံဟစ်သံကြောင့် အိမ်ရှေ့တွင် တဒေါက်ဒေါက် တွက်ချက်နေသော ဗေဒင်ဆရာကြီး ဖျောက်ဆိပ် ခေါင်းထောင်သွား၏။ ထိုစဉ် မီးဖိုချောင်မှ ဂျာအေးနှင့် ချက်စူတို့ ထွက်လာသည်ကို မြင်လိုက်၏။ ချက်စူကို မြင်လိုက်သည်နှင့် ဖျောက်ဆိပ် တွေခနဲ ဖြစ်သွား၏။

"ချက်စူ၊ မင်းက အိမ်ရှေ့က မဝင်ဘဲ အိမ်နောက်က ဝင်လာတာဆိုတော့ ဘယ်နည်းနဲ့မှ ခြေနှစ်ချောင်း မဖြစ်နိုင်ဘူးကွ"

"မှန်လိုက်လေ ကိုကြီးဖျောက်ရာ"

"ဟေ- မှန်တယ် ဟုတ်လား၊ ဘာတုံးကွ ဂျာအေး"

"ကိုချက်စူ ပြောပြလိုက်လေဗျာ"

"ဟဲဟဲ ဟဲဟဲ ဟီးဟီး"

"ဘာတုံးကွ"

သူ့ကို စပ်ဖြဲဖြဲမျက်နှာနှင့် ရယ်ပြနေသော ချက်စူ၊ လက်ထဲမှာလည်း ပုဆိုးထုပ်ကြီး တစ်ထုပ်။ ထိုစဉ် ချက်စူက ပုဆိုးထုပ်ကို ဖြေပြလိုက်၏။

"ကြက်၊ ကြက်ကြီးပါလား"

"အဲဒါ ပြောတာပေါ့ ကိုကြီးဖျောက်ရ။ ကိုကြီးဖျောက်ရဲ့ဗေဒင် မှန်လိုက်တာဗျာ။ ကိုချက်စူက ခြေနှစ်ချောင်း၊ ယူလာတဲ့ ကြက်ကြီးက ခြေနှစ်ချောင်း၊ ပေါင်း လေးချောင်းဗျ"

"ဂျာအေး၊ ဒီကောင် ဘယ်ကကြက်ကြီး ဆွဲလာတာလဲ မသိဘူး"

ချက်စူကို လက်ညှိုးတထိုးထိုးနှင့် ပြောလိုက်၏။ ချက်စူကတော့ ထုံးစံအတိုင်း ပြုံးဖြဲဖြဲပင်။ သူ့ကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် ကြည့်ပြီး ပြောလိုက်၏။

"ကိုဖျောက်ဆိပ်ကလည်း ဒါ ကျုပ် ရွာက ယူလာတာဗျ။ အိမ်မှာ ကြက်တွေများနေပြီ။ ကျုပ်နဲ့ ကြက်က လုံးထွေးပတ်ချာလည်နေပြီဗျ။ ဒါကြောင့် ရှုပ်နေတာကို ရှင်းပစ်တာဗျ"

"ဟေ- ဒါဆို မင်း ကြက်. . ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ဗျာ၊ အိမ်မှာ မချက်တာက ကျုပ်မိန်းမ မခွေးမ သိမှာစိုးလို့ဗျ။ ခွေးမက ခင်ဗျားသိတဲ့အတိုင်းပဲလေ၊ ကျုပ်ကို အိမ်ဦးနတ်လို့ ထင်တာမဟုတ်ဘူးဗျ"

"ဒါဆို ကိုချက်စူက အိမ်ဦးနတ် မလုပ်ရရင် အိမ်ဦးဖိနပ် လုပ်လိုက်ပေါ့ဗျာ"

"ဘာကွ- ဂျာအေး မင်း ဝင်မပြောနဲ့ကွာ"

"နေ နေပါဦး ချက်စူ၊ မင်းက အဲဒီ ကြက်ကြီးယူပြီး ဘာလုပ်မလို့တုံး"

"ဟာဗျာ ချက်စားမယ်လေ၊ ပြီးတော့ ကျုပ်မှာ ရမ်တစ်လုံးလည်း ပါတယ်ဗျ။ ကျုပ်မိန်းမ ဆက်ထားတဲ့ နတ်စင်ပေါ်က ဖြောင်လာတာ"

"အိမ်မှာ မင်းမိန်းမ မရှိလို့လား"

"ရှိတော့ မရှိဘူးဗျ။ ဒါပေမယ့် ကျုပ်သား ပေါက်စီက မလွယ်ဘူးလေ။ သူက အမေမှ အမေဗျ။ ကျုပ်လုပ်တာ အားလုံး ပြန်တိုင်တာ။ အဲဒါ သူ့ ဗွီဒီယိုရုံဘက်အသွား ကျုပ် လစ်ချလာတာဗျ"

"ဟုတ်လား၊ ဒါ ဒါဆို အတော်ပဲကွာ။ ငါတွက်တဲ့ ဗေဒင်ကတော့ အံကိုက်ပဲကွ။ ဟေ့ကောင်ဂျာအေး၊ ငါဟာ ဗေဒင်ဆရာတစ်ဆူ ဆိုတာ ယုံပြီလားကွ"

"ယုံပါပြီဗျာ၊ ကိုယ့်ဆရာမို့ ကိုယ်ပြောတာ မဟုတ်ဘူး။ ဆရာ ဖျောက်ဦးနှောက် ထုတ်ပြီး ကိုင်းကူးထားရင် ကောင်းမှာဗျ"

"မင်းကလည်း တောက်တီးတောက်တဲ့ကွာ၊ ကိုင်း- ဒါဆို မင်းတို့နှစ်ယောက် ချက်ကြပေတော့။ ဟဲဟဲ ကြက်သားဆီပြန် စားရပြီပေါ့ကွာ"

ဖျောက်ဆိပ်တစ်ယောက် ကြက်သားဟင်း စားရတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ သူ တွက်ချက်လိုက်သည့် ဗေဒင်ပညာကိုလည်း အဟုတ်ကြီး ထင်နေ၏။ ကြက်သားဟင်းကောင်းကောင်း မစားရသည်မှာလည်း အပုလေး သွားကတည်းက ဖြစ်၏။

တစ်ယောက်တည်း ကြက်သားဟင်းအကြောင်း တွေးနေစဉ် ဂျာအေးနှင့် ချက်စူတို့နှစ်ယောက် ကြက်ကိုင်နေကြ၏။ ဂျာအေးသည် ဝယ်ယူလာသည့် ငါးခေါင်းနှင့် ချဉ်ပေါင်ကို လှည့်တောင် မကြည့်တော့၊



မဆလာလောင်း၊ ငရုတ်သီး ကြက်သွန်အနှစ်များများ ချက်ပြုတ်လိုက်၏။

ချက်စူက ရွက်ကျပင်ပေါက်လို့လူ။ အိမ်ထောင်သည် ဖြစ်သော်လည်း အိမ်က သားမယားကို ဂရုစိုက်လှသူမဟုတ်။ အရက်ဝိုင်းတွေ့ အရက်ဝိုင်းဝင်၊ ဖဲဝိုင်းတွေ့ ဖဲဝိုင်းဝင်သူ ဖြစ်၏။

အသုဘအိမ် ရှိပြီဆိုလျှင် အိမ်ကို တစ်ပတ် နှစ်ပတ် ပြန်မလာဘတ်ပေ။ ယခုလည်း မနေ့ညကတည်းက ခွေးမကို သတိပေးထား၏။ ဘစ်လမ်းကျော်တွင် အသုဘရှိနေပြီဖြစ်ကြောင်း အသိပေးထားသဖြင့် ခွေးမက အကြောင်းသိနေပြီဖြစ်၏။ သူ့ကို လိုက်မရှာတော့။ သူ အစိုက ကြောက်နေရသည်က တစ်ဦးတည်းသောသား ပေါက်စီ။ အရွယ်က ကိုးနှစ်ကျော် ဆယ်နှစ်နီးပါး။ တအား ဉာဏ်ကောင်းလှသူဖြစ်၏။ မအေလုပ်သူ ခွေးမကလည်း သင်ပေးထား၏။

ခွေးမ ဈေးသွားရောင်းတုံး ချက်စူ၏ အရိပ်အခြည်ကို ပေါက်စီကြည့်နေ၏။ မဟုတ်တာလုပ်လျှင် ချက်ချင်း သူ့အမေထံ သတင်းပို့တတ်၏။ ပေါက်စီက တစ်ရပ်လုံး၏ အကြောင်းကို နားလည်နေသူဖြစ်၏။ ရပ်ကွက်ထဲမှာလည်း ကလေးခေါင်းဆောင်။

ပေါက်စီ သောင်းကျန်းလျှင် ရပ်ကွက်ထဲမှခွေးပင် ကောင်းကောင်း မအိပ်ရ။ မုန့်ဆိုင်မုန့်သမျှ ပေါက်စီလာလျှင် အမြဲ မျက်ခုံးလှုပ်နေရ၏။

ယခုလည်း ချက်စူတစ်ယောက် ကိုယ်သားကိုယ် ပြန်ကြောက်နေရ၏။ ထို့ကြောင့်လည်း ပိုက်ဆံတစ်ဆယ်ပေးပြီး ဗွီဒီယိုရုံ ညာလွှတ်လိုက်ရ၏။ ပေါက်စီ လစ်သည်နှင့် သူလုပ်ချင်ရာလုပ်၍ ဖျောက်ဆိပ်တို့ထံ ရောက်လာခဲ့ခြင်း ဖြစ်လေ၏။

ခွေးမက ဘုရားထက် နတ်ကို ဦးစားပေးသူဖြစ်၏။ သူတို့နေထိုင်ရာ အိမ်ပေါ်တွင် ဘုရားစင်က လက်သည်းခွံလောက်ရှိကာ နတ်စင်တွေက ဟီးဟီးထနေ၏။ နတ်စင်ပေါ်တွင် အရက်ပုလင်းတွေက ထိုးထိုးထောင်ထောင်။

ချက်စူအတွက်တော့ အကောင်းဆုံး အခွင့်အလမ်းဟု ဆိုရမည်။ မယားလုပ်သူ တင်ထားသည့် အရက်ပုလင်းများကို အလစ်တွင် ခွေးမက ယူကာ ဖျောက်ဆိပ်တို့နှင့် သောက်တတ်၏။ မယားလုပ်သူ သိ



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ အခြေအနေတစ်မျိုး ပြောင်းခဲ့ရ၏။

နည်းစနစ်ကို သင်ကြားခဲ့သူက ဖျောက်ဆိပ်။ ဖျောက်ဆိပ် ပြပေးသည့်အတိုင်း ရေကို အရက်ရောင်ဆိုးပြီး ဝီစကီပုလင်းထဲမှ အရက်စစ်နှင့် မရမက လဲထားတတ်၏။ ယခုလည်း ဝီစကီ တစ်လုံးပါ ယူလာသည်မို့ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်နေလေ၏။

နောက်ဆုံး သူတို့သုံးဦး နောက်ဖေး ရေကပြင်တွင် အကျအနထိုင်ကာ ဝီစကီတစ်လုံးကို စိမ်ပြေနပြေ ဖြုံနေကြလေ၏။ ထိုအချိန်တွင် သူတို့လုပ်ရပ်အားလုံးကို နောက်ကွယ်မှ ချောင်းမြောင်းနေသူတစ်ဦး ရှိ၏။

သူက.တခြားသူ မဟုတ်။ ချက်စူ၏ တစ်ဦးတည်းသောသား မဟာစူပါလူသားလေး ပေါက်စီပင် ဖြစ်လေ၏။ အမှန်မတော့ ဗွီဒီယိုရုံ ညာလွှတ်ကတည်းက ပေါက်စီက သူ့အဖေကို သိပ်မသင်္ကာ။ စိတ်ထဲ သံသယဖြစ်နေ၏။

ထို့ကြောင့်လည်း ဗွီဒီယိုရုံ သွားချင်ယောင်ဆောင်ကာ နောက်ဖေးလမ်းမှ လှည့်ဝင်၍ ဖခင်လုပ်သူ၏ မဟုတ်သည့် လုပ်ရပ်များကို စောင့်ကြည့်နေခြင်း ဖြစ်၏။ ထိုသို့ နောက်က တဇောက်ကောက် လိုက်ခဲ့ရသည်မှာလည်း အကြောင်းရှိ၏။ မိခင်ကြီးကို အဖေလုပ်သူ ချက်စူ၏ မဟုတ်သည့် လုပ်ရပ်များ သတင်းပေးနိုင်လျှင် ရနေကျ မုန့်ဖိုးထက် သုံးဆရတတ်၏။

ယခုလည်း သူ့အဖေ ဘာလုပ်သလဲ လိုက်ချောင်းရင်း မဟုတ်တာမှန်သမျှကို ကိုယ်တွေ့မျက်မြင် ထင်ထင်ပြက်ပြက် တွေ့လာလေ၏။ ထိုသတင်းက ခိုင်ပြီပိုင်ပြီ ဆိုသည်နှင့် ပေါက်စီတစ်ယောက် သူ့မိခင်ကြီးရှိရာ ဈေးဘက်သို့ ဒရောသောပါး ပြေးခဲ့လေတော့၏။

✣ ✣ ✣



## အခန်း (၁)

ဆိုင်ရှေ့ ရစ်သီရစ်သီလုပ်နေသော သားလုပ်သူ ပေါက်စီကို မြင်လိုက်သည်နှင့် ခွေးမ မျက်ခုံးလှုပ်သွား၏။

"ဟဲ့ဟဲ့ ပေါက်စီ၊ နင် ဘာလာလုပ်သတုံး။ နင့်အဖေ ဘာပြဿနာတွေ ရှိနေပြီလဲ"

"အမေရာ အဖေကတော့ တကယ့် ပြဿနာတုံးကြီးဗျ"

"အလိုတော်၊ နင့်အဖေ ဘာမဟုတ်တာတွေ လုပ်ကုန်ပြီလဲ။ အိမ်အမိုးတွေဖြုတ်ပြီး ရောင်းနေပြီလား ပြောစမ်း"

"အဲဒါက တော်သေးတယ်ဗျ၊ ခုဥစ္စာ အမေ့နတ်စင်က အရက်ပုလင်းကို ရေရောတယ်ဗျာ။ ပြီးတော့ ကိုကုလားကြီးအိမ်က ကြက်ကို ခြံထဲခေါ်သွင်းပြီး မိအောင်ဖမ်းတယ်"

"ဟယ်- ပြဿနာပဲ"

"ပြီးတော့လေ ကိုဂျာအေးတို့ လူသိုက်နဲ့ ချက်ပြုတ်ပြီး မြည်းနေကြပြီဗျ"

"ဘာ- ဂျာအေး။ ဟုတ်ပါပြီ၊ ဒင်း အဲဒီဟာတွေနဲ့ ခေတ်ကျနေတာကိုက ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်လာတော့မယ် ဆိုတာ ငါသိတယ်။ ဟို ကုလားကြီးမိန်းမ ဂွကျထော်က ဆတ်ဆတ်ကြဲဟဲ့။ သူ့ကြက်ခိုးတာ သိလို့ကတော့ ငါနဲ့ နပန်းလုံးရမှာ။ ဒုက္ခပါပဲ၊ ပြဿနာတုံးကြီးကတော့ မွှေနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အမေက မပြီးသေးဘူးလားဗျ၊ ကျုပ်တို့မတားရင် အမေ့ယောကျ်ားက နောက်ထပ် ကြက်တွေဖမ်းပြီး အရက်နဲ့မြည်းဦးမှာဗျ။ ခုတော့ အရက်က တစ်ပိုင်းကို ကျိုးနေပြီ"

"ဟင်- ဟုတ်လား ပြဿနာပဲ။ မဖြစ်ချေဘူး၊ ငါတားမှ တော်တော့မယ်"

ခွေးမတစ်ယောက် ကတုန်ကယင် ဖြစ်နေ၏။ ပြောရလျှင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်ရချေမည်။

ချက်စုက ကျုပ်မပြည့်။ သူများ မြှောက်ပင့်ပေးလျှင် မှားသည် မှန်သည်၊ ကောင်းသည် ဆိုးသည် မသိ။ ထင်ရာမြင်ရာ စွတ်လုပ်တတ်သူဖြစ်၏၊ ယခုလည်း အရပ်ထဲက ဆတ်ဆတ်ကြဲ ဝွက်ထော်၏ ကြက်ကိုမှ ခိုးနေပြီ ဆိုသည့်စကားကြောင့် ခွေးမ ဘုရားတ,နေ၏။

ထို့ကြောင့်လည်း ချက်ချင်း ပစ္စည်းပစ္စယတွေသိမ်းကာ ဈေးတောင်းခေါင်းရွက်၍ အိမ်ဘက်သို့ ပြန်လာလေ၏။ ပေါက်စိကတော့ ထုံးစံအတိုင်း မုန့်ဖိုးကပ်တောင်းနေ၏။

"အမေ"

"ဟေ- ဘာတုံးဟ"

"အဖေ့သတင်းပေးနိုင်ရင် ဆယ့်ငါးကျပ်ပေးမယ်ဆို ပေးလေဗျာ"

"အင်း- နင်ကလည်း တစ်မျိုး"

"အမေ ကတိမပျက်နဲ့ဗျ။ ကတိပျက်ရင် နတ်မကြိုက်ဘူးဆို"

"ဟယ်- ဟုတ်ပ ဟုတ်ပ၊ ကိုင်း- ရော့ရော့ ဖအေ့ခြေရာ နင်းမယ့်ဟာလေး"

"ဟဲဟဲ သွားပြီဗျို့"

ပေါက်စိတစ်ယောက် ပိုက်ဆံဆယ့်ငါးကျပ်ရသည်နှင့် သုတ်ခြေတင်လေ၏။

ခွေးမခမျာ ခုထိ ရင်တွေ တလှပ်လှပ် ခုန်နေဆဲ။ ချက်စုက မတားလျှင် မဖြစ်။ ထိုင်ကြည့်နေလျှင် ထင်ရာမြင်ရာတွေ စွတ်လုပ်တတ်သဖြင့် စိတ်အပူကြီးပူနေမိ၏။

ထို့ကြောင့်လည်း အိမ်သို့ ဒရောသောပါးပြန်ခဲ့လေ၏။ အိမ်ရောက်





သည်နှင့် ဈေးတောင်းခေါင်းပေါ်က ချပြီး အနားပင် မယူနိုင်။ ဖျောက်ဆိပ်တို့အိမ်ဘက် ခပ်သုတ်သုတ် လျှောက်ခဲ့လေ၏။

ထိုအချိန် ဖျောက်ဆိပ်တို့လူသိုက်မှာ ကြက်ပေါင် ကိုက်လိုက်၊ ကြက်ခေါင်း ကိုက်လိုက်၊ တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်နှင့် အကြီးအကျယ် ဇိမ်ကျနေလေ၏။ ခွေးမသည် ဖျောက်ဆိပ်တို့အိမ်ရှေ့ ရောက်သည်နှင့် မျက်နှာ ခပ်ချိုချိုထား၍ အိမ်ပေါ်တက်လိုက်လေ၏။

"ကိုယ်အတွာတို့ မရှိကြဘူးလားဟေ့"

"xxx. . . xxx"

"ဟဲ့- မေးနေတယ်လေ၊ မကြားကြဘူးလား။ တကတည်းတော်ငါးရိုးနဲ့ စားမြုံ့ပြန်နေကြသလား မသိဘူး"

ခပ်ရှရှ ခပ်စူးစူး အသံကြောင့် အိမ်နောက်ဖေးတွင် တွယ်နေကြသော ဖျောက်ဆိပ်တို့သုံးဦး ခေါင်းထောင်လာ၏။ ဦးဆုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသူက ချက်စု။ အသံက သူ့မိန်းမ ခွေးမအသံအစစ်။ ဘယ်လိုမှ မမှားနိုင်သည့် တစ်ဦးတည်းသော ဇနီးသည် မခွေးမ။ သူ့စိတ်ထဲ ငရဲအိုးကြီး ဗွက်ခနဲ ပွက်သွားသလိုပင်။ အသံကြားလိုက်သည်နှင့် ပြေးပေါက်ရှာလေတော့၏။

"ကို ကိုကြီးဖျောက် လုပ်. . လုပ်ပါဦးဗျ"

"ဟင်- မင်းမိန်းမ မခွေးမ ထင်တယ်"

"ဟုတ် ဟုတ်ပါတယ်ဗျာ၊ အဲဒါ ငရဲမီးလိုက်လာတာဗျ။ ကျုပ်ကျုပ် ပြေးတော့မယ်ဗျ"

"ဟေ- ပြေး ပြေး ဒီပေါ်က ခုန်ချလိုက်။ မကြောက်နဲ့ကွ၊ ကန်စွန်းတောကြီးပါ"

"ဗျာ၊ ဟို- ဖြစ် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ မသကာ မြွေပေါက်ရုံပေါ့"

"ဗျာ"

"ဟာ- လာနေပြီကွ၊ သွားတော့"

"အောင်မယ်လေးဗျ"

ဖျောက်ဆိပ်စကားကြောင့် ချက်စု အိမ်နောက်ဘက် ကန်စွန်း



www.burmeseclassic.com

www.burmeseclassic.com



တောကြီးကို အထိတ်တလန့် ဖြစ်နေ၏။ ရေစပ်စပ်တွင် ကန်စွန်းပင်တွေ နိုင်းချင်း။ ထိုးထိုးထောင်ထောင်နှင့် တစ်ပြင်လုံး မင်းမူထား၏။

ခွေးမ၏ အသံကလည်း နီးလာပြီမို့ ဖျောက်ဆိပ်သည် ချက်စူကို ရေကပြင်ပေါ်က ကန်ချလိုက်ရ၏။ မူးမူးနှင့်မို့ ချက်စူတစ်ယောက် ကန်စွန်းပင်များကြား ကားရားကြီး ပြုတ်ကျသွား၏။

ရွှံ့ဗွက်မည်းမည်းကြီးတွေကြား ချက်စူမှာ လူလို့တောင် မပြောနိုင်ပါချေ။ ကန်စွန်းပင်များကြားမှ အတင်း လူးလဲထကာ ရွှံ့နွံများကြား ဒရော သောပါး ထွက်ပြေးလေ၏။ ကြောက်စိတ်ကလည်း မွန်ထူနေ၏။

ကန်စွန်းပင်များကြား ပြေးရင်းလွှားရင်း လဲလိုက်ထလိုက်။ ထလိုက်ပြေးလိုက်နှင့် နောက်ဆုံး သူနေထိုင်ရာ ရပ်ကွက်ဘက်သို့ ရောက်ရှိသွား၏။ ထိုအခါ လမ်းကြိုလမ်းကြားမှ အတင်း တိုးဝှေ့ဝင်ခဲ့၏။

"ဟို ဟို သရဲ"

"ဟယ်- ဘာကြီးလဲ"

"သရဲတော့ သရဲ"

"လုပ်ကြပါဦး၊ ရပ်ကွက်ထဲ သရဲဝင်လို့"

"အောင်မယ်လေးတော့"

ချက်စူကို ဦးဆုံးမြင်သွားသူက အပျိုကြီး မကံညွန့်။ ဒုတိယ မြင်သွားသူက သူ့ကို သန်းတုပ်ပေးနေသော နတ်ကတော် ရွှေကြိုင်။ လမ်းကြိုလမ်းကြားမှ ကုပ်ချောင်းကုပ်ချောင်း ပြေးထွက်လာသော ချက်စူကို ကြည့်ပြီး နှစ်ယောက်သား ထအော်လေရာ တစ်လမ်းလုံး ပွက်လောညံကုန်၏။

သရဲ ဆိုသဖြင့် ချက်စူလည်း ဆက်မပြေးရဲတော့။ နီးရာ အိမ်အောက်ထဲ လေးဖက် ပြေးဝင်ခဲ့ရ၏။ အသံဗလံများက ပွက်ပွက်ညံနေဆဲ။ အချိန်ကလည်း နေဝင်ရိုးရီ။ ကလေးတွေလည်း ကြောက်အားလန့်အား ဖြစ်ကုန်၏။ ခွေးဝဲစားတစ်အုပ်ကလည်း ဘုမသိ ဘမသိ ထ၍ အူလေ၏။

ထိုသို့ ရုတ်ရုတ်သဲသဲ အသံများကြောင့် ကြေးစည် တနောင်နောင် ထု၍ အမျှဝေနေသော ဦးဝါယော ထိတ်လန့်သွား၏။ သူ့မိန်းမ ခင်တုတ်နှင့် သမီး လုံးလုံးတို့မှာ ပျာယာခတ်နေ၏။

"ဟဲ့- ဘယ်လိုဖြစ်ကြတာတုံး"



"သရဲ သရဲတဲ့တော့။ အရပ်ထဲ ဝင်လို့တဲ့။ မည်းမည်းကြီးတဲ့။ အဲဒါ ဘာလသားတွေတော့ တုတ်ဆွဲ ဓားဆွဲနဲ့"

"ဟင်- ဘယ်လိုဖြစ်ကြတာတုံးကွာ။ သရဲမှ ဟုတ်ရဲ့လား။ ဒီအချိန် မလာလောက်ပါဘူး"

"အို- ရှင်ကလည်း အရပ်လူကြီးလုပ်နေပြီး သရဲတောင် အချိန်အကန့်အသတ်နဲ့ လာရမှာလားရှင့်"

"ဟုတ်သေးဘူးကွ"

"ရှင်က အရပ်လူကြီးပဲ သရဲတော့ နိုင်မှာပေါ့"

"ဘာကွ၊ ငါ ငါက သိုက်ဆရာမှ မဟုတ်တာ"

"အို- ရှင့်ရပ်ကြည့်ပြီး သရဲကြောက်သွားမှာ သေချာတယ်"

"ခင်တုတ်- နင် နင် ယောက်ျားကို တယ်လည်း အမွှန်းတင်သကိုး။ ခက်ပါ့ကွာ။ ကိုင်း အရပ်လူကြီးဆိုတော့လည်း သရဲဖမ်းဖို့ တာဝန်ရှိသေးပါကွာ"

ပြောပြောဆိုဆိုနှင့် စိပ်ပုတီး ခေါင်းစွပ်ချလိုက်ပြီး အိမ်ပေါ်မှ ဆင်းခဲ့လေ၏။ သူ့အသွင်က မခင်တုတ် ပြောလည်း ပြောစရာပင်။ အရပ်က ဘလန်ကလား။ မျက်နှာကလည်း ရှည်မျောမျော။ မျက်တွင်းဟောက်ပက်။ နှာရောင်ကြီး ကောက်ကောက်မို့ ညကြီးမင်းကြီးထဲ မြင်လိုက်သူမှန်သမျှ သွေးကြောင်သွားကြစမြဲပင်။

သို့သော် ဦးဝါယောက ဟန်တော့ကောင်းလှ၏။ ရှည်မျောမျော ခါးကြီးကို ခပ်မတ်မတ်ထား၍ လျှောက်သွားရာ ရုတ်တရက်ကြည့်လျှင် ဝန်ပိုငှက်ကြီးတစ်ကောင် ဖြတ်လျှောက်သွားသလိုပင်။

ထိုအချိန် အရပ်ထဲ ဝရုန်းသုန်းကား ဖြစ်နေ၏။ လူငယ်တစ်သိုက်က တုတ်ဆွဲပြီး ချက်စူဝင်သွားသည့်အိမ်ကို ဝိုင်းလိုက်ကြ၏။ ဦးဝါယောသည် ဟန်ပါပါနှင့် အသံပေးလိုက်၏။

"ဟဲ့ဟဲ့ ကလေးတွေ အရမ်းလည်း မလုပ်ကြနဲ့ကွာ။ သရဲဆိုတာ ဗျားပါးသတ္တဝါတစ်ကောင်ပဲဟာ၊ ရိုသွင်းပြစားတောင်ရတယ်"

"ဟာ- ဦးကြီးဝါယောကလည်း အရေးထဲ ဈေးတွက်တွက်ပြနေပြန်ပြီ။ မြန်မြန်လာပါဗျ၊ သရဲက ကိုဆယ်ပြားအိမ်အောက် ဝင်သွားတာ

www.burmeseclassic.com



လုဘိုင်းမြင်တယ်ဗျ"

"ဟေး ဆယ်ပြား ဘာလုပ်နေသလဲ"

"ဟာ- [illegible] အိမ်ပြင်မထွက်ရဲဘူးဗျ"

"[illegible] ကိုင်း- လက်နှိပ်ဓာတ်မီး ထိုးကြ။ ရိုက်လားပုတ်လား [illegible] သရဲဆိုတာ လူများလာရင် မှင်စာ ဖြစ်သွားတတ်တယ်ကွ။ [illegible]ကြည့်လုပ်ကြဟေ့"

ပြောပြောဆိုဆိုနှင့် ဆယ်ပြားတို့ အိမ်အောက်ကို မီးနှင့် ဝိုင်းထိုးရာ ခေည်းမည်းသတ္တဝါကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်ကို မြင်လိုက်ရ၏။ မျက်လုံးကလည်း ကြောင်မျက်လုံးကြီးများလို ဝင်းတောက်နေ၏။

ထိုမြင်ကွင်းကြောင့် လူတွေအားလုံး နောက်တစ်လှမ်းဆုတ်သွားကြ၏။

"ဟာ- သ. . သရဲကြီးဗျ"

"ဟုတ်ပ- မည်းမည်းကြီး"

"ထိုင်နေတယ်ဗျ၊ အရပ်လူကြီး လုပ်ပါဦး"

"ဟေ- ဟုတ်လား၊ ငါ ကြည့်စမ်းမယ်ကွာ"

ဦးဝါယောသည် ငုတ်တုတ်ထိုင်ရင်း အိမ်အောက်ကို မီးလှမ်းထိုးလိုက်၏။ သူတို့ပြောသလိုပင် မည်းမည်းသတ္တဝါကြီး။ ရုတ်တရက်မြင်လိုက်ရသည်မို့ ဆံပင်တွေ ထောင်သွား၏။ ထိုစဉ် ထိုမည်းမည်းသတ္တဝါကြီးထံမှ စကားသံ ထွက်လာ၏။

"ကျုပ် ကျုပ်ကို မလုပ်ပါနဲ့ဗျာ။ ကျုပ်က သရဲမဟုတ်ပါဘူး"

"ဟေ- သရဲ မဟုတ်ဘူးတဲ့ကွ၊ ဒါဆို မင်းက ဘာကောင်လဲ။ ဘီလူးလား၊ မှင်စာလား၊ ဖုတ်လား"

"အာ- တစ်ခုမှ မဟုတ်ပါဘူးဗျ။ ကျွန်တော် မခွေးမရဲ့ယောကျ်ား ချက်စူပါခင်ဗျ"

"ဟေ- ချက်စူ ဆိုပါလား"

ချက်စူဆိုသော စကားသံကြောင့် 'ဟာ ဟင်' အံ့အားသင့်သွား၏။ တွန့်တွန့်ဆုတ်ဆုတ် လုပ်နေကြသော လူစုမှာ သွေးရဲလာ၏။ ဦးဝါယောလည်း ထိုနည်းလည်းကောင်းပင်။ ခုမှ ဟန်ကလေး ပန်ကလေး လုပ်နိုင်လာ၏။

"ဩော်- ငါက ဘယ်သူများလဲလို့ ချက်စူကိုး။ ဟကောင် ထွက်ခဲ့လေ၊ ဘာဖြစ်လို့ အိမ်အောက်ထဲ ဝင်ထိုင်နေတာလဲကွ"

"ဟုတ် ဟုတ်ကဲ့၊ ဟို. . . ကျုပ်ကို ရိုက်မှာစိုးလို့"

"ထွက်ခဲ့စမ်းပါကွာ"

"အိမ်အောက်ထဲ ဝင်ပြီး ဘာလုပ်တာလဲ"

"ခိုးဝင်စားတာ ဖြစ်မှာပေါ့"

"ချက်စူက ခိုးစားစုန်းလား"

"ဟာ- မဟုတ်တာကွာ"

လူငယ်တွေက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ ထိုစဉ် ချက်စူတစ်ယောက် အိမ်အောက်မှ လေးဖက်ထောက်ပြီး ထွက်လာ၏။ တစ်ကိုယ်လုံး ရွှံ့မည်းမည်းပုပ်ပုပ်ကြီးများ ပေကျံနေသဖြင့် ချက်စူမှ ဟုတ်ပါလေစ ပြောယူရမလိုပင်။

အရပ်လူကြီး ဦးဝါယော ရှေ့ရောက်တော့ ချက်စူ လက်အုပ်ကလေးချီပြီး မနည်းပြောယူရ၏။

"ဟုတ်ပါတယ် ခင်ဗျ။ ကျွန်တော် ချက်စူမှ ချက်စူအစစ်ပါ။ ခွေးမယောကျ်ားလေ၊ ဦးလေးဝါယောရဲ့"

"အသံကတော့ ဟုတ်နေပြီ၊ ရုပ်က သိပ်ခွဲလို့မရသေးဘူးကွ။ တစ်ကိုယ်လုံးလည်း ရွှံ့ပုပ်တွေနံဟောင်နေပါလား။ ဘယ်လိုဖြစ်သတုံးကွ၊ ဘာလဲ- မင်းက အရပ်ထဲ ငြိမ်ငြိမ်နေတာ မကြည့်ချင်ဘူးလား"

"မဟုတ်ရပါဘူး အရပ်လူကြီးရယ်၊ ဟို ခွေးမ ခွေးမလိုက်လို့ ပြေးရတာပါဗျာ"

"ဘာကွ"

သူတို့လူစု ပြောဆိုနေစဉ် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရောက်ရှိလာသော သတင်းကြောင့် ခွေးမ လင်တော်မောင်ဆီ ဒရောသောပါး ပြေးလာ၏။ ရှုံ့စုရှုံ့စုဖြစ်နေသော လူတွေနားအရောက် ညောင်နံ့အာနှင့် ပြောနေသော ချက်စူကို ကြည့်ပြီး အံ့သြနေ၏။

"အောင်မယ်လေးတော်။ ကျုပ်ယောကျ်ားချက်စူက မည်းမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဘယ်လို ဖြစ်သွားသတုံး၊ မိုးကြိုးပစ်ခံရတာလား လုပ်ကြပါဦး"

"ခွေးမကလည်း ထင်ရာပြောသကွာ"

"လုပ်ပါဦးတော်၊ ကိုချက်စူ ရှင် ရှင် လူမှ ဟုတ်ရဲ့လား"

"လူတော့ လူပါ မိန်းမရယ်"

"ဒါဆို ရှင် ဘယ်လိုဖြစ်လို့ မည်းကြုတ်သွားတာလဲ"

"ဟို ရွံ့ရွံ့တွေပေနေလို့ပါ ခွေးမရယ်၊ ငါ မင်းယောက်ျား အစစ် ပါကွာ။ ဟို မင်း ဖျောက်ဆိပ်တို့အိမ်ပေါ် ရောက်လာတာ ကြားတာနဲ့ နောက်ဖေးကန်စွန်းတောထဲ ခုန်အချမှာ ခုလို ဖြစ်လာတာပါကွာ"

"ဩော် ဒီလိုကိုး၊ ကဲ- အရပ်လူကြီး၊ ကိုချက်စူကို ကျွန်မ ခေါ်သွား မယ်"

"ခေါ်သွားတော့ ခွေးမရေ၊ အိမ်ရောက်ရင် နင့်ယောက်ျား ချက်စူ ကို ရေနွေးနဲ့ ပြုတ်လိုက်ဦးဟ။ ပြီးတော့ ရေမန်းလည်း တိုက်လိုက်ဦး။ ရုပ်က သရဲလိုလို မှင်စာလိုလိုနဲ့ တစ်ရပ်လုံး ဒုက္ခပေးမယ့်ကောင်"

ဦးဝါယောက ပွစိပွစိ လုပ်နေ၏။ ချက်စူခမျာ မျက်နှာလေးက ဆီးရွက်သာသာပင် ရှိတော့၏။ ခွေးမအကြောင်းကို သူ အသိဆုံး။ ခွေးမ လက်ထဲ ရောက်သွားလို့ကတော့ ငရုတ်ဆုံထဲ အာလူးပြုတ် ထည့်ထောင်း သလိုပင်။ အခြေအနေကလည်း မပြေသော် ကံရာရှိသည့် အခြေမို့ နောက်က ကုပ်ချောင်းကုပ်ချောင်းနှင့် လိုက်ခဲ့ရ၏။

တစ်လမ်းလုံးကလည်း ချက်စူကို ကြည့်ပြီး ခွီးခွီးခွိခွိ ရယ်မောနေ ကြ၏။ ချက်စူ ဘယ်အိမ်ကိုမှ လှည့်မကြည့်ရဲ၊ အပျိုကြီး မက်ညွန့်နှင့် နတ်ကတော်ရွှေကြိုင်တို့မှာ ချက်စူ၏ မည်းကြုတ်ကြုတ်အသွင်ကို ကြည့် ကာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟယ်- လူမည်းကြီးအေ့"

"အဲဒါ ချက်စူတဲ့"

"ဟင်- ဘယ်လိုဖြစ်တာတုံး"

"အဲဒါ ဘီလူးစီးနေတာ ဖြစ်မယ်။ ဘီလူးစီးရင် အစီးခံရတဲ့လူက မီးသွေးတုံး ဖြစ်သွားတာ"

"ဟယ်- တကယ်လား"





အပျိုကြီး မက်ညွန့်စကားသံကို ချက်စူ ကြားတစ်ချက်မကြားတစ် ချက်။ စိတ်ထဲ ကျလိကျလိ ခံစားရသော်လည်း လောလောဆယ် အခြေ အနေက ငြိမ်နေတာ အကောင်းဆုံးဟု တွေးကာ မယားလုပ်သူနောက်မှ ကုပ်ချောင်းချောင်းနှင့် လိုက်လာခဲ့၏။

အိမ်ရောက်သည်နှင့် ခွေးမ သောင်းကျန်းလေတော့၏။ ချက်စူ ခမျာ သောက်ထားသည့် အရှိန်ကလေးပင် ပြေသွားခဲ့၏။ နေစရာလည်း မရှိ။ မျက်နှာကလည်း ဆီးရွက်သာသာပင် ရှိလေ၏။ ခွေးမ ကြမ်းပြီဆို လျှင် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား။

"ဘယ်လိုတုံး၊ ရှင် အတတ်ကောင်းတွေတတ်နေပြီပေါ့လေ၊ ဟုတ် လား။ မယားလုပ်စာ ကောင်းကောင်းမစားချင်တာ ဘာသဘောလဲ ပြော စမ်း"

"မိန်းမရာ ငါလည်း တစ်ခါတစ်ခါ အပြောင်းအလဲလေးများ ဖြစ် မလားလို့ပါကွာ"

"ဘာ- ဘာအပြောင်းအလဲလဲ ပြောပါဦး။ ရှင့်ကို ကျွန်မမေးမယ်"

"ဟင်- ဘာ ဘာမေးမှာလဲ မိန်းမရယ်၊ ငါ့ကို အဲဒီမေးခွန်း သိပ် မမေးစမ်းပါနဲ့ကွာ"

"မေးရမယ်၊ မေးကို မေးရမယ်။ ရှင် အိမ်ကောင်းကောင်းမနေဘူး လား ပြောစမ်း"

"ဟာ- နေ. . . နေပါ့မယ်ကွာ"

"ဟုတ်ပြီ၊ ရှင် ဟိုအိမ်ကလူတွေနဲ့ အပေါင်းအသင်းလုပ်ဦးမှာလား"

"မိန်းမရယ် ဆရာဖျောက်က သူတော်ကောင်းကြီးပါကွ။ သူဟာ အတော့်ကို လေးစားကြည်ညို. . ."

"တိတ်စမ်း- ကျုပ် မကြားချင်ဘူး။ ကျုပ် တစ်ခွန်းပဲ ပြောလိုက် မယ်။ ရှင် အဲဒီအိမ်ဘက် ခြေတစ်လှမ်းလှမ်းကြည့်၊ ကျုပ်နဲ့ ကွဲပြီသာမှတ်"

"ဟေ"

"နေပါဦး၊ ရှင် ဂွက်ထော်တို့အိမ်က ကြက်ခိုးပြီး သတ်စားလိုက်ပြီ ဆို"

"မိန်းမကလည်းကွာ တိုးတိုးပြောပါ၊ ဂွက်ထော် ကြားသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ”

“ဩော်- ခုမှ ဝွက်ထော်ကို ကြောက်နေသကိုး”

“ပြဿနာတွေ ရှုပ်ကုန်မှာစိုးလို့ပါကွာ”

“တစ်ခုပဲ ရှင့်ကို ပြောလိုက်မယ်၊ ကျုပ်အလုပ် လုပ်နေချိန်မှာ ရှင့်ပြဿနာ ဘာတစ်ခုမှ လိုက်မရှင်းချင်ဘူး။ ပြဿနာတစ်ခုခု ဖြစ်တာနဲ့ ရှင်နဲ့ ကျွန်မ အိုးစားကွဲပြီသာ မှတ်ပေတော့”

“ရက်စက်လှချည်လားကွာ”

“ဒါပဲနော်၊ ဒါ နောက်ဆုံးဖြစ်ပါစေ”

“နေ နေပါဦးကွာ၊ ဟို. . . ဒီကိစ္စ ဘယ်သူပြောတာလဲ။ ကေန္တ ဟို ဟို ကောင်စုတ်လေးပဲ ဖြစ်ရမယ်။ ဘယ်မလဲ ပေါက်စီ”

“တော်နော် ကျုပ်သား ပေါက်စီကို မထိနဲ့။ ကလေးထိလို့ကတော့ ရှင်နဲ့ ကျွန်မ နပန်းအလုံးပဲ”

“အင်”

နောက်ဆုံးတော့ ချက်စူတစ်ယောက် ငူငူကြီး ဖြစ်သွားလေ၏၊ ပြဿနာအစဖော်လိုက်သူက ပေါက်စီမှန်း သိသော့အခါ ဒေါသစိတ်တွေ ပေါက်ကွဲနေ၏။ မနက်ခင်းက သူ့အိတ်ထဲ ကပ်ထားသည့် ပိုက်ဆံထဲမှ ဖဲ့ပေးခဲ့ရပြီဖြစ်၏။

ပေါက်စီလုပ်သွားပုံက ဖအေရော မအေပါ ခွပြီး ရိုက်သွားသည့် ရိုက်ချက်။ ထိုအချိန်မှစပြီး ချက်စူတစ်ယောက် ဖျောက်ဆိပ်တို့အိမ်ဘက် ခြေဦးတောင် မလှည့်ရဲတော့ချေ။

ဗေဒင်ဆရာကြီး ဦးဖျောက်ဆိပ်ခမျာ ကြက်သားအရသာကို အသေအချာတောင် မခံစားလိုက်ရပါချေ။ ရပ်ကွက်ထဲ ပြေးဟယ်လွှား ဟယ် အော်ဟယ်ဟစ်ဟယ် အသံများကြောင့် အရသာလည်း မခံနိုင်တော့။

ထို့ပြင် ခွေးမတစ်ယောက် အိမ်ပေါ်လာပြီး ကြိမ်းမောင်းသွားသည်မို့ ဂျာအေးနှင့် သူ ရင်ထိတ်နေရလေ၏။

“ဒုက္ခပါပဲကွာ၊ ကြက်သားဟင်းလေး အရသာခံရမလား အောက်မေ့တယ်။ ချက်စူက ပြဿနာတွဲကြီး အိမ်ပေါ် ခေါ်လာတာကိုးကွ”





“ဒီကိစ္စ မဝွက်ထော်သိရင် ပြဿနာပဲဗျ”

“ဟုတ်ပ့ါကွာ၊ ချက်စူကြက်က ငရဲမီး မျိုးရသလိုပါလားကွ။ ခက်ပြီ။ နက္ခတ်တွေ ဂြိုဟ်တွေ ကောင်းရက်နဲ့ ဘယ်လိုဖြစ်လို့ ပြဿနာတွေ ဝင်နေပါလိမ့်ကွာ”

“ကိုကြီးဖျောက်”

“ဟေလကွာ”

“ဖျော်ဆရာ သောင်းတင်ကို သိလား”

“သိပ့ါ။ ဘာဖြစ်သတုံးကွ”

“ဖျော်ဆရာ သောင်းတင်ရဲ့ညီ သောင်းခင်က ပွဲစားဗျ”

“အင်း၊ ပွဲစား အဲဒါ ဘာလုပ်မှာတုံး”

“အဲဒီ ပွဲစားသောင်းခင်မှာ အလုပ်တွေရှိတယ်တဲ့ဗျ။ အဲဒါ ကျုပ်တို့ ပွဲစားလိုက်လုပ်ရင် ကောင်းမလားလို့။ ပွဲစားဆိုတာ ပွရင်လည်း အချိုကြီးဗျ”

“ဟေ- ဖြစ်ပ့ါမလားကွာ၊ ငါတော့ စိတ်ထဲ မထင်လှဘူးကွ။ နေပါဦး၊ ဒီသောင်းခင်က ဘာပွဲစားလဲကွ”

“ပြောတတ်ဘူးဗျ၊ သူက အကုန်လုပ်တာဗျ”

“ကြည့်လည်း လုပ်ပါဦး ဂျာအေးရာ၊ ငါတို့လုပ်မှ နဲ့ကျိုးကြီး တက်နင်းမိသလို ဖြစ်နေဦးမယ်”

“ဆရာဖျောက်ကလည်း ထိုင်နေရင် ပိုက်ဆံက ခြေထောက်ပေါက်ပြီး ရောက်လာမှာ မဟုတ်ဘူးဗျ။ ဒီတော့ ကျုပ်တို့နှစ်ယောက် လှုပ်ရှားမှ ဖြစ်မယ်”

“မင်း မင်းတောင် ဒီစကားတွေ ပြောနေပြီလားကွ။ ဟဲဟဲ ငါ့ တပည့် တယ်လည်း တိုးတက်နေပြီကိုး။ ဟုတ်တယ်၊ ဖျစ်ညှစ်ရယ်ရတာ ထက်စာရင် ငိုပစ်လိုက်ရတာမှ ကောင်းဦးမယ်ကွ”

“ဘာလဲဗျ”

“သဘောပြောတာပါကွာ။ ဟုတ်ပြီ၊ ငါတို့ အဲဒီ ပွဲစားဆိုတဲ့ကောင်နဲ့တွေ့မယ်။ ဘာလုပ်ရမလဲ လုပ်မယ်ကွ၊ ပိုက်ဆံရမှ ဖြစ်မယ်။ အပူလေး ဘို့ သားအမိလည်း ရွာမှာနေတာ အဆင်ပြေဖို့ အခြေအနေ မရှိဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ပိုက်ဆံရှာကို ရှာမှဖြစ်မယ်"

"အဲဒါ ပြောတာပေါ့ဗျာ။ ကျုပ်တော့ ဘာကြည့်ကြည့် ပိုက်ဆံတွေပဲ မြင်ယောင်သဗျ"

"အဲဒါ ပညတ်တွေပဲကွ။ ပရမတ်သဘော မရှိဘူး။ ဒါပေမယ့် အဲဒီ ပိုက်ဆံ ပညတ်တွေ နှိပ်ကွပ်လို့ ငါလည်း မယားတကွဲ သားတကွဲ ဖြစ်နေပြီ။ ဟုတ်တယ်၊ ငါ ပွဲစားလုပ်မယ်ကွာ"

"ရဲပစ်လိုက်စမ်းပါဗျာ"

နောက်ဆုံးတော့ သူတို့နှစ်ယောက် ပွဲစားကြီးဘ၀ထဲ တိုးဝင်ရန် လက်သီးလက်မောင်းတန်း၍ ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

✣ ✣ ✣



## အခန်း (၂)

ပွဲစားသောင်းခင်၏ အသွင်က ဇာတ်ခေါင်းကွဲပြီး ထွက်လာသည့် မင်းသားအသွင်ပင်။

ကိုယ်ပေါ်တွင် အဝတ်အစားတွေကလည်း တောက်တောက်ပြောင်ပြောင်။ ချိုင်းကြားမှာလည်း ပိုက်ဆံအိတ်ကြီးတစ်လုံး အမြဲ ညှပ်ထားလေ့ရှိ၏။ အသားအရေက မည်းကြုတ်ကြုတ်။

ဆံပင်ကို အုန်းဆီလိမ်းထားသဖြင့် ပြောင်လက်နေ၏။ ရှေ့ဆုံးက သွားနှစ်ချောင်းကို တမင်တကာချိုး၍ ရွှေသွားစိုက်ထား၏။ သူ့ကို ပွဲစားလောကက ရွှေသွားပဲ ခေါ်၏။ ပါဝါရှိသော မျက်မှန်တစ်လက်ကို ငွေကြိုးချိတ်ကာ လည်ပင်းတွင် အမြဲဆွဲထား၏။ ဂိုက်ဆိုက်က အလွန်မှ ကောင်းလှပြီး စကားပြောလျှင်လည်း ဟန်ပါပါနှင့် ပြောတတ်၏။

ဖျော်ဆရာ သောင်းတင်၏ မိတ်ဆက်ပေးမှုကြောင့် ပွဲစားသောင်းခင်နှင့် ရင်းနှီးခဲ့လေ၏။ သောင်းခင်က စီးကရက်ကို လက်ကြားက ချသူမဟုတ်။ အစ်ကိုသောင်းတင် ပြောစကားရ သောင်းခင်သည် မိန်းမ နှစ်ယောက်ရှိပြီး နှစ်အိမ်မှတစ်အိမ် လုပ်နေသူဟု သိရလေ၏။

သူတို့နှင့်တွေ့တော့ အငယ်လုပ်သူ၏ အိမ်တွင် တွေ့ခဲ့ရခြင်းဖြစ်လေ၏။ လည်ပင်းမှာလည်း ဆွဲကြိုးက လက်သန်းလုံးလောက်ရှိ၏။ သူ့ကို တွေ့ရသည်မှာ သူဌေးကြီးကို တွေ့ရသည့်ပမာအလားပင်။

"ဩော်- ခင်ဗျားတို့နှစ်ယောက်က ကျုပ်ဆီမှာ လုပ်ခဲ့သကိုး။



www.burmeseclassic.com

www.burmeseclassic.com



မပူပါနဲ့ဗျာ၊ ကျုပ်ဆီမှာ စီးပွားရေးလုပ်ငန်းတွေ တစ်ပုံကြီးဗျ။ မကြာခင် ရွှေသွား အထွေထွေ အကျိုးဆောင်ကုမ္ပဏီဆိုပြီးတောင် ဖွင့်တော့မှာဗျ။ ဟုတ်ပြီ၊ ခင်ဗျားတို့နှစ်ယောက်လုံးဟာ မကြာခင် မန်နေဂျာဖြစ်တော့မယ့် မန်နေဂျာလောင်းတွေပဲ"

"ဗျာ၊ မန်နေဂျာလောင်း"

"ဟာ- ပရိ မန်နေဂျာပေါ့ဗျာ၊ လူဆိုတာ စိတ်ကြီးဝင်မှ အိတ်ကြီး ရှင်တာဗျ။ စိတ်ပိန်တော့ အိတ်သိမ်သဗျ။ ဒီတော့ကာ ကျုပ်ဆီရောက်ပြီ ဆိုကတည်းက ကိုယ့်ကိုယ်ကိုယ် လူချမ်းသာစိတ် သွင်းလိုက်ပေတော့ဗျာ"

"ဗျာ၊ လူချမ်းသာ"

"ဒါပေါ့ဗျ၊ လူနေချုံကြား စိတ်နေဘုံဖျားတဲ့။ ရှိးရှိး မရှိးရှိး အရေး ကြီးတာ ချမ်းသာဖို့၊ ချမ်းသာရင် လမ်းမှာတွေ့တဲ့ ခွေးတောင် အရိုအသေ ပေးတာဗျ။ ဟုတ်ပြီ၊ ခင်ဗျားတို့ကို ခန့်လိုက်ပြီ၊ ဒီတော့ ခင်ဗျားတို့နှစ် ယောက် ကျုပ်နဲ့လိုက်ခဲ့။ ကျုပ်လက်အောက် အမှုထမ်းဆိုတော့ ကျွေးရ မွေးရမှာပေါ့ဗျာ။ ဟုတ်ဘူးလား"

"ဟာ- ကောင်းပေါ့ဗျာ"

စားရသောက်ရတော့မယ်ဆိုတော့ ဂျာအေးရော ဖျောက်ဆိပ်ပါ မရှိးမရွ ဖြစ်နေ၏။ ပွဲစားသောင်းခင်သည် ကြီးမားသော လက်ကိုင်အိတ် ကြီးကို ချိုင်းကြားညှပ်၍ သူတို့ကို အပြင်သို့ ခေါ်ထုတ်သွား၏။

လမ်းပေါ်ရောက်သည်နှင့် တက္ကစီတစ်စင်း လက်တားလိုက်ပြီး စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ ဦးတည်ခဲ့ကြ၏။ ဖျောက်ဆိပ်ရော ဂျာအေးပါ ပွဲစားသောင်းခင်၏ ပလွှားဝင့်ကြွားမှုကို သဘောကျနေ၏။

ဆိုင်ထဲရောက်သည်နှင့် ရမ်တစ်ပြား၊ ဘဲကင်တစ်ခြမ်း၊ ဆိုဒါ နှစ်ပုလင်းနှင့် သူတို့ကို ရှယ်ပြုစုလေ၏။

"ကဲ- ဒါ ခင်ဗျားတို့ကို ကျုပ်ရဲ့ မန်နေဂျာနှစ်ဦးအနေနဲ့ အသိအ မှတ်ပြုလိုက်တာပဲ။ နောက်ထပ် ဝန်ထမ်းသုံးဆယ်လောက် ကျုပ်ဆက်ပြီး ခန့်မယ်"

"ဟာ- ကြီးကျယ်လှချည်လား ကိုသောင်းခင်ရာ"

"ကျုပ်ကို ကိုသောင်းခင်လို့ မခေါ်နဲ့လေဗျာ။ လူကြားသူကြား





ရောက်ရင် ဘော့စ်လို့သာ ခေါ်ပေတော့"

"ဘော့စ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါဟာ စီးပွားရေးလောကရဲ့ အခေါ်အဝေါ်တွေပဲဗျ"

"ဟို. . . ကျုပ်တို့ ဘာလုပ်ရမှာလဲဗျ"

"လောလောဆယ် ခင်ဗျားတို့နှစ်ယောက် ကြီးကြပ်ရမှာက ပုဇွန် တောင်ဘက်က တိုက်တစ်လုံးကို ကြီးကြပ်ပေးဖို့ပဲ။ ပြောရရင် ကျုပ် ဘာဝန်ယူ ဆောက်နေတဲ့တိုက်ဗျ"

"ဟုတ်လား"

"ဟုတ်ပ။ အဲဒီကို တစ်နေ့တစ်ခေါက် ပုံမှန်သွားပါ။ အခြေအနေ အားလုံးကို ကျုပ်ဆီ ပြန်ပြီး အစီရင်ခံစာတင်ပါ။ လောလောဆယ် ခင်ဗျား ဘို့ သုံးဖို့စွဲဖို့လည်း ပေးထားမယ်"

"ဗျာ၊ ကောင်းလှချည်လား ဘော့စ်ရယ်"

"ဟဲဟဲ ဒါ အကင်းပဲ ရှိပါသေးတယ်ဗျ။ ရော့- ဟောဒီမှာ ခင်ဗျား ဘို့ သွားကြီးကြပ်ရမယ့် ပုဇွန်တောင်ကတိုက်ရဲ့လိပ်စာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ပြီးတော့ ဟောဒီမှာ နှစ်သောင်း၊ တစ်ယောက် တစ်သောင်းဆီ ယူထား။ လုပ်ငန်းအခြေအနေပေါ် မူတည်ပြီး ခင်ဗျားတို့နှစ်ယောက်ကို တစ်ပတ် နှစ်သောင်းခွဲစီ ရှင်းပေးမယ်"

"ဟာ- နှစ်သောင်းခွဲ တစ်ပတ်စီ"

"တစ်သိန်းဗျ"

"ဝမ်းသာလိုက်တာကွာ။ သိကြားမင်းနဲ့များ တွေ့ရသလားတောင် ပြောရမလိုဘဲ ဘော့စ်ရာ"

ဂျာအေးရော ဖျောက်ဆိပ်ပါ ဝမ်းသာအားရ ဖြစ်နေကြ၏။ ပွဲစား သောင်းခင် လုပ်ဆောင်မှုက ကုဋေကြွယ်သူဌေးကြီးတစ်ဦး လုပ်ရပ်နှယ် ပင်။ စီးကရက်လည်း လက်ကြားမချ။ ရမ်ပုလင်း တစ်ဝက်လောက် ကျိုး သွားချိန်တွင် သောင်းခင်သည် ပိုက်ဆံအိတ်ကြီးထဲမှ ပုလင်းပြားကို ထုတ် ၍ ပုလင်းထဲမှ ဖြူတူတူ အရက်များကို ရမ်ပုလင်းထဲ ရောထည့်လိုက်၏။

"အဲဒါ ဇက်ချိ စစ်စတီနိုင်းကွ။ ကမ္ဘာကျော်အရက်ပေါ့ကွ။ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ သမ္ဗတကြီးတွေ၊ ဘုရင်ကြီးတွေမှ သောက်တာကွ"

"ဟင်- အံ့စရာပါလား ဘော့စ်ရယ်"

"နောက်ဆို ဒါထက် အံ့သြစရာတွေ ကြုံရမယ်ကွ"

"ဟင်- ဟုတ်လား"

နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဖျောက်ဆိပ်သည် ပုလင်းထဲမှ အဖြူ အနီရောထားသည့် နီကြောင်ကျား အရက်ကို ခွက်ထဲထည့်ကာ ဇိမ်နှင့် သောက်ချလိုက်၏။

"အား. . . ပြင်းလှချည်လား"

"ဘယ်လိုတုံးကွ၊ ဖြည်းဖြည်းသောက်နော်။ ခွက်ပုန်းဆိုင်မှာ တွယ်သလိုတော့ မတွယ်ကြနဲ့ကွ။ ဣန္ဒြေတော့ ရှိရမယ်"

"အင်"

ဖျောက်ဆိပ်တစ်ယောက် ဘုရင်တွေသောက်သည့် အရက်အရသာကို ခံစားရင်း စိတ်ထဲ အီလည်လည်ကြီး ခံစားနေရ၏။ အရသာက သူတို့နှစ်ယောက် သောက်နေကျ ဘီအီးဒီစီအရည် ခါးရှရှနှင့်မတူ၊ အဝင်အထွက် စိုးလှပါဘိ။ သို့သော် သောင်းခင်ရှေ့မှာမို့ မချိမဆံ့ ခံစားရင်း ခေါင်းညိတ်လိုက်ရ၏။

"ဘယ်လိုတုံးကွ"

"ကောင်း ကောင်းပါတယ် ဘော့စ်ရယ်"

"ဂျာအေးရောကွ"

"ဟာ- ကောင်းပ့ါဗျာ။ အသူရကာယ်ဘုံကချက်တဲ့ အရက်ကျနေတာပဲဗျ"

"ညွှန်းလှချည်လားကွ၊ သောက်စမ်း ကိုဂျာအေး၊ မကြာခင်ဘွားခနဲ ပေါ်လာတော့မယ့် ရွှေသွားကုမ္ပဏီကြီးအတွက် ဆုတောင်းပြီး သောက်ကြကွ။ မင်းတို့ ငါနဲ့တွေ့တာ ဘိုးဘိုးအောင်နဲ့ တွေ့သလိုပဲမှတ်ပေ့"

"ဗျာ၊ ဒါဆို အဘိုးလို့ခေါ်ရမလား"

"အဲဒီလောက်တော့ မဟုတ်ပါဘူးကွာ။ ကိုဖျောက်ဆိပ်၊ ခင်ဗျားရဲ့ နဖူးရည်ဒူးရည်ကြည့်ရတာ ပညာရှိကြီးတစ်ယောက်ပုံပဲဗျ"





"ဆရာဖျောက်က ဗေဒင်နက္ခတ်၊ အိုဗျာ စကြဝဠာကြီးကိုတောင် ခေါင်းထဲထည့်ပြီး ပြောနိုင်တာ ဘော့စ်ရဲ့"

"ဟော- ကြီးကျယ်လှချည်လား။ ကောင်းပ့ါ၊ အဲဒီလို ကြီးကျယ်လေလေ ကောင်းလေလေပဲဗျို့။ ကဲ- စားကြသောက်ကြဗျာ။ တစ်ခုတော့ ရှိတယ်၊ ကျုပ် ဒီဘဝရောက်လာတာ အသုံးနဲ့အဖြုန်းကို နားလည်လို့ပဲ။ ကာလုပ်လုပ် ရွှေသွားကုမ္ပဏီကြီးရဲ့ သိက္ခာကိုတော့ မထိခိုက်စေနဲ့ပေါ့ဗျာ"

ပွဲစားကြီးသောင်းခင်၏ ကြောက်ခမန်းလိလိ စကားလုံးကြီးများ ကြား ဂျာအေးရော ဖျောက်ဆိပ်ပါ ပိနေ၏။ ပြောလိုက်သည့် စကားတွေကလည်း သိန်းဂဏန်း အထက်မှာပင်။ သောက်လိုက်သည့် စီးကရက်တွေကလည်း တစ်လိပ်ပြီးတစ်လိပ်။

နောက်ဆုံး စားသောက်ပြီးသောအခါ သူတို့နှစ်ယောက်ကို ဆိုက်ကားတစ်စီးနှင့် တင်၍ လွှတ်လိုက်၏။

"ဂျာအေး"

"ဘာတုံး ဆရာဖျောက်"

"ဘုရင်တွေ သောက်တယ်ဆိုတဲ့ အရက်ကလည်း ဘီအီးဒီစီလား၊ ဘွးညိုလား မသိပါဘူးကွ။ အဝင်ဆိုး အထွက်ဆိုးပ့ါကွာ"

"ဟုတ်ပ့ါဗျာ။ ကျုပ်လည်း မနည်းအောင့်အည်းပြီး တွယ်ရတာဗျ"

"အေးကွာ၊ ကိုသောင်းခင်ပြောပုံကတော့ မင်းရော ငါပါ နတ်ရေကန်ကြီးထဲ ခွေးကျနွားကျ ကျသွားသလိုပဲကွ"

"အေးဗျာ၊ တော်တော်တော့ အပြောကြီးလှသဗျာ။ ကျုပ်တို့ကို ဝတ်အစားတွေကအစ ခန့်ခန့်ညားညား ဝတ်ရမယ်တဲ့"

"အေး- အဲဒီစကားက တစ်ခါတစ်ခါတော့ ဟုတ်သလိုပဲကွ။ လောကကြီးမှာ လူတွေဟာ လိုချင်ကြတယ်ကွ။ လိုချင်တော့ တောင်းကြတယ် ကွ၊ အဲဒီလို တောင်းတဲ့နေရာမှာ ခပ်ချာချာတောင်းရင် တစ်ကျပ်တစ်ပြားပဲကွာ။ အေး ရွှေဖလား ငွေဖလားနဲ့တောင်းရင် တစ်ထောင်လည်းဖြစ်၊ တစ်သောင်းလည်း ဖြစ်တယ်ကွ။ အဲဒါ လက်ရှိ လူမှုဆက်ဆံရေးပဲလေ"

"ဟာဗျာ၊ ဒါဆို ဟန်တွေပန်တွေ ဆောင်နေသလိုပေ့ါဗျာ။ ကျုပ် အဲဒီအလုပ် သိပ်လုပ်ချင်တာ မဟုတ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းကလည်း ရောမ ရောက် ရောမ လိုတော့ ကျင့်ပေါ့ကွာ။ အမိက လိုချင်တာ ပိုက်ဆံလေကွာ။ ဒီတော့ စိတ်အလို ရုပ်မလိုက်လေနဲ့ နှုတ်စရိုက်ပါပြင်။ ဒါသည်ပင် လောကီအကျိုးတဲ့ကွ။ ဟားဟားဟား တစ်ခါတစ်ခါကျတော့ ဘဝဆိုတဲ့ ဖြစ်စဉ်ကြီးက လူတွေကို ဆိုင်းဘုတ် ချိတ်လိုက်တာပဲကွ"

"ဗျာ၊ ဆိုင်းဘုတ်"

"ဟုတ်ပ။ အဲဒါတော့ မင်းရော ငါပါ လက်မခံချင်လည်း လက်ခံ ရမှာပဲကွ။ ခုဆို မင်းရော ငါပါ ပွဲစားဖျောက်ဆိပ်နဲ့ ပွဲစားဂျာအေး ဖြစ်သွား ပြီကွ"

"ဟုတ်ပ့ါဗျာ"

နှစ်ယောက်စလုံး ပွဲစားဆိုသော ဆိုင်းဘုတ်ကြီးက နှိပ်ကွပ်ထားပြီမို့ ထင်သလို ပြုမူပြောဆို၍မရမှန်း နားလည်ခဲ့ကြရလေ၏။ သို့နှင့် အိမ်ပြန် ရောက်တော့ အတော်ကလေး မှောင်မိုက်နေပြီ ဖြစ်လေ၏။

နှစ်ယောက်သား ကိုသောင်းခင် ဝယ်ပေးလိုက်သည့် ဘဲကင်ကို ထမင်းကြမ်းနှင့် ကြိတ်လိုက်ကြ၏။ ဘဲကင်အရသာက လျှာကို စွဲသွားစေ ၏။

"ကောင်းလိုက်တာဗျာ၊ နေ့တိုင်း ဘဲကင်စားရရင် အိုကေပဲဗျ"

"အဲဒါပဲ ဂျာအေးရ၊ လျှာတစ်ချောင်း ကမ္ဘာကြီးပါ ပြောင်းလဲသွား နိုင်သကွ။ လူဆိုတာ ယစ်မူးတတ်တယ်လေကွာ၊ ဟားဟားဟား အဲဒါ လူပဲကွ လူ လူ"

"ဟာဗျာ၊ ကျုပ်တော့ ဆရာဖျောက်ပြောတာ နားကို ရှုပ်နေတာပဲ ဗျ"

နောက်ဆုံးတော့ ဘဲကင်နှင့် အရသာခံခဲ့ကြသော ဆရာတပည့် နှစ်ယောက် မူးမူးနှင့် အိပ်ပျော်သွားခဲ့ကြလေ၏။ နောက်တစ်နေ့ အိပ်ရာ က နိုးသည်နှင့် သူတို့နှစ်ယောက် အကောင်းဆုံး အဝတ်အစားများ ဝတ် ဆင်ကာ ပုဇွန်တောင်ဘက်သို့ ထွက်ခဲ့ကြ၏။

သောင်းခင် ဆောက်လုပ်နေသည့် တိုက်ကြီးက ရှစ်ထပ်တိုက်ကြီး တစ်တိုက်။ သူတို့ရောက်ရှိသွားချိန်တွင် သုံးထပ်ပဲ ပြီးသေး၏။ အလုပ်





သမားတွေကလည်း နေ့မနား ညမနား။ ဘိလပ်မြေစက်ကြီးကလည်း တဂျောင်းဂျောင်း တဂျုန်းဂျုန်း လည်ပတ်နေ၏။

သူတို့ရောက်ပြီး နာရီဝက်ခန့်အကြာတွင် ပွဲစားကြီးသောင်းခင် ရောက်လာ၏။ သည်တစ်ခါတော့ တက္ကစီတစ်စီးနှင့် ရောက်လာခြင်းဖြစ် ၏။ ကားပေါ်မှဆင်းတော့ ဘောင်းဘီရှည်ဝတ်ထားမှန်း သိလိုက်ရ၏။ ဟန်ပန်ကလည်း ကောင်းပါ့။ အပြောကလည်း ညက်ပါ့။

အလုပ်သမားတွေ အားလုံးခေါ်ပြီး သူတို့နှစ်ဦးနှင့် မိတ်ဆက်ပေးခဲ့ ၏။ အလုပ်သမားအားလုံးက သူတို့ကို ဆရာ ဆရာနှင့် ခေါ်နေကြ၏။ ဂျာအေးရော ဖျောက်ဆိပ်ပါ မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။

လုပ်အားခရှင်းပေးချိန်ရောက်လျှင် ငွေထုပ်ကြီးကိုင်ပြီး ဆရာ တပည့်နှစ်ယောက် သွေးတကြွကြွ ဖြစ်နေ၏။ ပန်းရံဆရာ၊ လက်သမား ဆရာကအစ သူတို့ကို ဆရာ ဆရာနှင့် တွင်တွင်ကြီး ခေါ်နေ၏။ နားဝင်ချို လွန်းလှသဖြင့် ထိုနေ့ည နှစ်ယောက်စလုံး အိပ်တောင်မပျော်။

တချို့ကလည်း ဂျာကြီး ဂျာကြီး ခေါ်ကြ၏။ အလုပ်ခွင်ရောက် လျှင် တစ်ချိန်က ဆေးပေါ့လိပ်ကြီး တဖွာဖွာလုပ်တတ်သော ဖျောက်ဆိပ် ပင် စီးကရက်ခဲတတ်လာ၏။

သောင်းခင်က သုံးရက်တစ်ခါလာရောက်ပြီး လမ်းညွှန်သွားတတ် ၏။ ထို့အပြင် သူတို့နှစ်ယောက်ကိုလည်း ကျွေးမွေးပြုစုသွားသည်မို့ နှစ် ယောက်စလုံး ဘောစ့်ဆိုသော စကားကို နှုတ်ဖျားက မချ။

တစ်ရက်တွင် သူတို့ဆောက်လုပ်နေသည့် တိုက်ကြီး၏ အိမ်ဘေး ရှိ လမ်းတိုထဲမှ လူများထွက်လာ၏။

ပြောသံ ဆိုသံတွေကလည်း မာကျောလှ၏။

"ဘယ်မှာတုံးကွ မင်းတို့လူစု၊ မင်းတို့တိုက်ဆောက်တာ အရပ်ထဲ ဒုက္ခပေးတာပဲကွ"

"ဟုတ်ပ့ါကွာ။ ခဲတွေကျလိုကျ၊ ဖုန်တွေလွင့်လိုလွင့်၊ ကိုယ့်ကိစ္စပြီး ချင် ပြီးရော လုပ်နေကြတာ တစ်ဖို့တည်းသမားတွေ"

တစ်ယောက်တစ်ပေါက် ပြောသံ ဆိုသံများနှင့်အတူ မန်နေဂျာ ကြီးနှစ်ဦးထံသို့ ရောက်ရှိလာလေ၏။ ရပ်ကွက်လူကြီးက လက်[illegible]လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းတန်းပြီး အသံဝါဝါကြီးနှင့် ပြောဆိုနေ၏။

"ဘယ်လိုတုံးကွ၊ ရပ်ကွက်ရှိသေးတယ်မှ အောက်မေ့ကြရဲ့လား ခေါင်မိုးပေါ် ခဲတွေ တုတ်တွေ ပစ်ချ၊ သဲတွေဖုန်တွေ တထောင်းထောင်း ဘာတုံးကွ၊ အရပ်ကို ဂူသွင်းနေကြတာလား"

"ဟာ- မ. . . မဟုတ်ရပါဘူးဗျာ"

"မင်းတို့မှာ တာဝန်ရှိတယ်ကွ၊ ငါတို့အားလုံး ဝိုင်းပြီး တရားစွဲလို့ ရသကွ"

"မ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ ကြည့် ကြည့်ပြောပါ့မယ်။ ကတိ ပေးပါတယ် အရပ်လူကြီးရယ်၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပါဗျာ"

"အေး- ဒါ နောက်ဆုံးပဲ မှတ်ကွ။ နောက်တစ်ခါဆို တိုက်ပါဖြိုပစ် မယ်ဟေ့"

"ဗျာ၊ ကြမ်းလှချည်လား"

"အေး၊ ခပ်ကြမ်းကြမ်းပဲဟေ့"

အရပ်လူကြီးနှင့်အဖွဲ့ ခေါကြိမ်းကြိမ်းသွားသည်မှ မန်နေဂျာကြီး တစ်ယောက် ခေါင်ဆင်းဆင်းကြီး ဖြစ်သွားကြလေ၏။ အခြေအနေတာ မတိုးသာ မဆုတ်သာ။ အလုပ်လုပ်နေကြသော လူတွေအားလုံးကိုလည်း မနည်းကြီး ပြောဆိုခဲ့ရ၏။

နှစ်ယောက်စလုံး ရင်တမမ။ ရပ်ကွက်ထဲကလည်း သူတို့နှစ် ယောက်လာလျှင် မျက်စောင်းတခဲခဲ။ ဟိုလူ့မျက်နှာချိုသွေးရ၊ သည်လူ့ မျက်နှာချိုသွေးရနှင့် မန်နေဂျာကြီးနှစ်ယောက် မချိသွားဖြဲ ဖြစ်နေကြ၏။

တစ်ရက်တွင် သူတို့နှစ်ဦး ဆောက်လုပ်ဆဲရှိသော အဆောက် အအုံကြီးတည်ရှိရာ ရပ်ကွက်မြေသို့ ဟန်ပါပါနှင့် ဝင်ခဲ့ကြ၏။ ထိုစဉ် ရပ်ကွက်ထဲမှ ဝရုန်းသုန်းကား ပြေးထွက်လာသော လူစုကြောင့် အကြီး အကျယ် ထိတ်လန့်သွား၏။ ကြားလိုက်ရသည့် အသံကြီးကလည်း တော လည်းသံ အလားပင်။

"ပြိုပြီဟေ့"

"ပြေး ပြေးကြဟ"

"ကမ္ဘာပျက်ပြီဟ"





"ကယ်ကြပါဦး"

"ဝုန်း အုံး ဒိုင်း"

"ပြေးကြဟေ့"

ကသောကမျော အပြေးထွက်လာသည့် လူစုကို ကြည့်ရင်း နှစ် ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ အုတ်အော်သောင်းတင်း ကြား ဝုန်းဝုန်းဒိုင်းဒိုင်း အသံကြီးတွေကလည်း မိုးပြိုသည့်အလား။

ပြေးလာသည့်လူတွေ အားလုံးလည်း ဖုန်အလိမ်းလိမ်း၊ သဲအလိမ်း လိမ်း။ တစ်လမ်းလုံးလည်း ဖုန်တွေ သဲတွေ အခိုးဝေနေ၏။ နှစ်ယောက် သား ကြောင်စီစီနှင့် ရပ်ကြည့်နေစဉ် အရေးပေါ်ကားနှင့် လုံခြုံရေးကား များ အလျှင်အမြန် ရောက်ရှိလာ၏။

"ဘာ ဘာဖြစ်တာတုံး"

"မိုးပြိုတာလား"

"ဘယ်ကလာဗျာ၊ တိုက် တိုက်ပြိုတာဗျ"

"ဟင်- တိုက်ပြိုတာ"

"ဟုတ်တယ်၊ ဆောက်နေတဲ့တိုက်ကြီး ဝုန်းခနဲ အုန်းခနဲ ပြိုကျတာ"

ကြားလိုက်ရသည့်စကားက မိုးကြိုးပစ်ချလိုက်သည့်အလားပင်။ နှစ်ယောက်လုံး ဒူးတွေ တဆတ်ဆတ်တုန်နေ၏။

ထိုစဉ် လုံခြုံရေးအမှုထမ်းများ ရောက်ရှိလာကာ တိုက်ပြိုသည့် ကိစ္စ ဝင်ရောက်စုံစမ်းလိုက်၏။ လူအသေအပျောက်မရှိ။ သို့သော်လူအချို့ ပွန်းပဲ့ဒဏ်ရာရကုန်၏။ နောက်ဆုံး ဆောက်လုပ်နေသည့် တာဝန်ခံကို ရှာဖွေရာ မန်နေဂျာ အသစ်ကျပ်ချွတ်ကြီးများ ဖြစ်ကြသော ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ယာယီ အချုပ်ခန်းထဲသို့ အုချာပါချာနှင့် ဝင်သွားရ လေတော့၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

တစ်ပတ်ခန့်အကြာတွင် ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦး အာမခံနှင့် လွတ်လာကြ၏။ နှစ်ယောက်စလုံးအသွင်က ညောင်နာနာ ဝေါင်စင်းစင်း။ ဘယ်သူမှ ရဲရဲမကြည့်ဝံ့ကြ။ သူတို့ကို အာမခံနှင့် လာထုတ်သူက ပွဲစားသောင်းခင်။ စတိုင်က တစ်ချက်ကလေးမပျက်။ သူတို့ကိုမြင်တော့ ရွှေသွားပေါ်အောင် ပြုံးပြလိုက်သေး၏။

"ဘယ်လိုတုံးဗျ၊ ကြမ်းပိုးစာ၊ ခြင်စာ ကျွေးလိုက်ရလို့ စိတ်ညစ်နေပြီလား"

"ခင်ဗျားဗျာ၊ ကျုပ်တို့လည်း ဘာမှ မလုပ်တတ်၊ ခုဥစ္စာ ဘယ်လိုဖြစ်တာမှန်းမသိဘဲ ဘုမသိ၊ ဘမသိ ခံလိုက်ရတာဗျ"

"ဟဲဟဲ ပြဿနာက တခြား မဟုတ်ဘူးဗျို့၊ ဘိလပ်မြေ နည်းနည်းသဲများများထည့်တော့ ပြိုတာပေါ့ဗျာ"

"ဗျာ"

"တစ်ခါ တစ်ခါတော့လည်း ကံကြမ္မာကြောင့် ဒဏ်ရာလေးတွေရှိမှာပေါ့ဗျ"

"ဟုတ်သေးဘူးဗျ၊ ကျုပ်တို့အဖြစ်က သေမယ့်နှစ်မှ စစ်ထဲလိုက်သလို ဖြစ်နေပြီဗျ"

"ဟုတ်ပါ့ဗျာ၊ အဖြစ်က နဲ့ကျိုးကြီး တက်နင်းမိတဲ့ အဖြစ်ဗျ။ တော်တော် ကံဆိုးပါတယ်ဗျာ"





နှစ်ယောက်စလုံး ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေကြ၏။ ပွဲစားသောင်းခင်ကတော့ အေးအေးလူလူပင်။ သူတို့နှစ်ယောက်ကို တက္ကစီတစ်စီးနှင့်ခေါ်ကာ အဖျော်ယမကာဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့ကြ၏။ ဂျာအေးရော ဖျောက်ဆိပ်ပါ သောက်ချင် စားချင်စိတ် မရှိ။ ပွဲစားသောင်းခင်ကို ကြည့်ရင်း ကြည့်ရင်း ကြောက်လန့်တုန်လှုပ်လာကြ၏။

"ဘယ်လိုဖြစ်နေကြတာတုံးဗျ"

"ဒီ ဒီကိစ္စ ပြဿနာက မသေးဘူးဗျ"

"ဟားဟားဟား ကိုဖျောက်ဆိပ်ကလည်း ကျောက်ကောင်းမှန်ရင် အနာအဆာ မကင်းပါဘူးဗျာ။ ဟဲဟဲ ခုလည်း ခင်ဗျားတို့နှစ်ယောက်က ချက်ကျောက်တွေ မဟုတ်ဘူးဗျ။ အဲဒါကို ကျုပ် သိနေပြီ"

"ဟင်- ဘာလုပ်ဦးမလဲ ဘော့စ်ရာ၊ ဒီတစ်ခါ အချုပ်အပြင် ထောင်ထဲ သွားအိပ်ရမှာလား"

"ဂျာအေးကလည်းကွာ၊ လောကကြီးမှာ အရေးကြီးဆုံးက နည်းစနစ်လေကွာ"

"ဗျာ- နည်းစနစ်၊ ခင်ဗျား ဆရာဖျောက်စကားကို ငှားပြောတာလားဗျ"

"အင်- ဘာလဲကွာ၊ ငါပြောတာ နားထောင်ပါဦး ဂျာအေးရ။ ခုမင်းတို့ လုပ်တာ တစ်ခါလောက်မှားတဲ့ အမှားကွ။ အဲဒီအမှားကြီး တွေ့ပြီးလင်းတကြီးတွေလို မှိုင်နေလို့ မဖြစ်ဘူးကွ။ စီးပွားရေးလုပ်တာ အရှုံးအနိုင်ရှိတယ်ကွ။ ခုမနိုင်ပေမယ့် နောက်နိုင်ချင်နိုင်မှာပဲ။ အရေးကြီးတာ နည်းစနစ်ကွ"

"ခင်ဗျား နည်းစနစ်က သဲတွေ များနေသလိုပဲဗျ"

"လုပ်ပြီ ကိုဂျာအေးကလည်း"

ဂျာအေးက ပွဲစားသောင်းခင်ကို ထင်သလို စွတ်ပြောလိုက်၏။ သူ့စကားကြောင့် သောင်းခင် နင်တင်တင် ဖြစ်သွား၏။ ဖျောက်ဆိပ်ကတော့ စကားတစ်ခွန်းမှ မဆိုပါချေ။

ထိုစဉ် သူတို့နှစ်ဦးကို သောင်းခင်က အရက်ကိုယ်တိုင်ငှဲ၍ တိုက်လိုက်၏။ ဆိုဒါ၊ ရေခဲ၊ ဘဲကင်၊ ဝက်သားလုံးကြော် အမြည်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



စုံပေစွ။

အချုပ်ထဲ ခြင်ကိုက်၊ ကြမ်းပိုးကိုက်နှင့် ဒုက္ခခံခဲ့ရသော ညများက များပါဘိ။ ထိုအခြင်းအရာကြောင့် အူတွေ၊ အစာအိမ်တွေလည်း ခြောက်သယောင်းနေပြီ ဖြစ်နေ၏။ နှစ်ယောက်စလုံး ဣန္ဒြေမဆည်နိုင်ကြတော့ဘဲ တွယ်ကြလေတော့၏။

သူတို့နှစ်ယောက် စားသောက်နေတာကြည့်ပြီး ပွဲစားသောင်းခင်က ရွှေသွားကြီးပေါ်ကာ ပြုံးစိစိကြီး လုပ်နေ၏။ သူ့အသွင်က ငါးများချိတ်ကို ငါးစာဖုံးပြီး မျှားနေသည့် တံငါသည်အပြုံး။ ဂျာအေးရော ဖျောက်ဆိပ်ပါ သောင်းခင်၏ အထာကို နားလည်နေကြ၏။

သို့သော် လောလောဆယ်တော့ သစ်မရခင် ဝါးပေါင်းကွပ်ရမည့် အခြေအနေမို့ တစ်ချက်ကလေးတောင် မော့မကြည့်ဘဲ ခေါင်းကြီးငုံ့ပြီး တွယ်လိုက်ကြလေ၏။ သူတို့ အမူအရာကို ကြည့်ပြီး သောင်းခင်က ပြုံးစိစိ ဖြစ်နေ၏။

"ဟားဟားဟား ခင်ဗျားတို့နှစ်ယောက်ကလည်း တယ်စိတ်ပျော့သကိုး။ ကျုပ်ပြောခဲ့သလိုပေါ့ဗျာ။ ကျောက်ကောင်းမှန်ရင် အနာအဆာတော့ ရှိရမှာပေါ့ကွာ"

"ခင်ဗျားကလည်း ခင်ဗျားပြောတဲ့ကျောက်က ချက်ကျောက်ကြီးဗျ။ ချက်ကျောက်ကြီးလည်းဖြစ်ပြန်၊ အနာအဆာလည်း ရှိပြန်ဆိုတော့ လမ်းပဲခင်းဖို့ ရှိတာပေါ့ဗျ"

"ဟေ- ဂျာအေး၊ မင်းကလည်းကွာ ငါ့ကို တယ်လည်း လျှော့တွက်တာကိုး။ မှတ်ထားကွ၊ ရွှေသွားသောင်းခင်ဆိုတာ ပွဲစားတစ်လောကလုံးကို တအုန်းအုန်း ခါသွားအောင် လှုပ်ပစ်လိုက်နိုင်တာကွ။ ဒီတော့ အခု မင်းတို့နှစ်ယောက်စလုံးရဲ့ ဝေယျာဝစ္စကို ငါ တာဝန်ယူတယ်"

"ဟင်- ဘာ ဘာလုပ်မလို့လဲဗျ"

ဖျောက်ဆိပ်တစ်ယောက် နင်တင်တင်နှင့် သောင်းခင်ကို မော့ကြည့်နေ၏။ သောင်းခင်သည် ငါးသုံးလုံးဆေးလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာပစ်လိုက်ပြီး စီးကရက်ခွက်ထဲ ထိုးထည့်လိုက်၏။ ထို့နောက် သူ့ရှေ့ဘီယာခွက်ကို တစ်ငုံ မော့သောက်ပစ်လိုက်၏။





"ဟဲဟဲ ဘာမှ မပူပါနဲ့ကွာ။ ဒီတစ်ခါ ခင်ဗျားတို့နှစ်ယောက်ကို နယ်ဆင်းခိုင်းမယ်။ နယ်မှာ ကျုပ်လုပ်ငန်းတွေ တစ်ပုံကြီးဗျ"

"နယ်၊ ဘယ် ဘယ်ကိုသွားရမှာလဲ"

"သွားရမှာကတော့ မန္တလေးဘက်ကို သွားရမယ်။ လုပ်ရမယ့်အလုပ်က ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းဗျ။ အဲဒီမှာ ကျုပ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ချက်ရှိတယ်။ ပြောရရင် ဝယ်လည်းဝယ်ပြီးပြီ၊ ဆိုင်းဘုတ်လည်း ဆွဲပြီးပြီ။ လုပ်ငန်း မစရသေးဘူး။ ဒီတော့ ခင်ဗျားတို့နှစ်ယောက် အဲဒီမှာ သွားလုပ်ရမယ်။ ကိုဖျောက်ဆိပ်က မန်နေဂျာ၊ ဂျာအေးက ဒု-မန်နေဂျာ။ လစာ တစ်လ ငါးသောင်း၊ အိမ်ပေးမယ်။ ဘယ်လိုတုံး"

"ဟင်- ဟုတ် ဟုတ်ရဲ့လားဗျာ၊ ဒီတစ်ခါ ထောင်ထဲတော့ မဝင်ရပါဘူးနော်"

"ဟာဗျာ၊ ကျုပ် အသေအချာ စီစဉ်ထားပြီးပါပြီ။ အဲဒီမှာ ကျော်ဆောင်နဲ့ တင်ဝင်း ရှိတယ်။ ကျုပ် ခင်ဗျားတို့နှစ်ယောက် အကြောင်းကိုလည်း ပြောထားပြီးပြီ။ ဒီတော့ ခင်ဗျားတို့ ဘယ်လို သဘောရလဲ"

"ဟင်"

ဂျာအေးရော ဖျောက်ဆိပ်ပါ နှစ်ယောက်စလုံး သောင်းခင်၏ မက်လုံးပေးမှုကြောင့် တွေဝေသွား၏။ သူတို့အမူအရာကိုကြည့်ပြီး သောင်းခင် တက်တက်ကြွကြွ ဖြစ်လာ၏။

"ခင်ဗျားတို့ အဲဒီမှာ ရှေးဟောင်းရောင်းဝယ်လုပ်ငန်းကို ဦးစီးရမယ်ဗျ။ အရေးကြီးဆုံးက အဲဒီဆိုင် အဓိကဝယ်မှာက ဂမ္ဘီရ ပစ္စည်းတွေ ပိုပြီးလိုချင်တယ်"

"ဗျာ- ဂမ္ဘီရ၊ ဘာတုံးဗျ"

တခြား မဟုတ်ဘူးဗျ။ ဝက်စွယ်ကွင်းပိတ်၊ ဝက်မာန်စွယ်၊ ဆင်မာန်စွယ်၊ ဓာတ်လုံး၊ အင်းအိုင်ဗျာ။ တကယ့်အဖိုးတန် ဂမ္ဘီရပစ္စည်းတွေ လိုချင်သဗျာ။ ရှေးဟောင်း အဖိုးတန် ဂမ္ဘီရပစ္စည်းတွေရလေ ကောင်းလေပဲဗျ။ အဲဒီကိစ္စကို ဦးဆောင်သွားမှာက ကိုကျော်ဆောင်နဲ့ တင်ဝင်းပဲဗျ။ သူတို့နှစ်ယောက်က အဲဒီကိစ္စတွေကို ကောင်းကောင်းကြီး နားလည်တယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာပြဿနာမှ ဖြစ်စရာမလိုပါဘူးဗျာ။ အေး၊ အရေးကြီးဆုံးကိစ္စကို ပြောရမယ်ဆိုရင် ကျုပ်အလိုချင်ဆုံးက တောရတောင်ဝှေးဆိုတဲ့ တောင်ဝှေးတစ်ချောင်းပဲဗျ"

"ဗျာ- တောရတောင်ဝှေး၊ ဘာတွေတုံးဗျ"

"ဟာ- အဲဒီတောင်ဝှေးက ပုဂံခေတ်တုန်းက နာမည်ကြီးခဲ့တာဗျ။ ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့တာ။ အဲဒါ ကုန်းဘောင်ခေတ် မင်းသားကြီးတစ်ဦးရဲ့ အမျိုးအနွယ်တွေလက်ထဲမှာ ရှိသေးတယ်လို့ ကြားရတယ်။ နောက်ဆုံး သတင်းရတာကတော့ အဲဒီတောင်ဝှေးဟာ ပြင်ဦးလွင်နဲ့ မန္တလေးလမ်းက တောရကျောင်းတစ်ကျောင်းမှာ ရှိတယ်လို့တောင် ကြားရတယ်။

အဲဒီ တောင်ဝှေးဟာ ပြတ်ပြတ်သားသားပြောရရင် ရှင်အဇ္ဇဂေါဏ ကိုင်ခဲ့တဲ့ တောင်ဝှေးလို့တောင် မှတ်တမ်းရှိနေတယ်။ ဒီကိစ္စ အဓိကအချက်ပဲ။ အဲဒီတောင်ဝှေး ရပြီဆိုရင် ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့ ဘဝဟာ ထိပ်တန်းရောက်သွားအောင် ကူညီမယ်ဗျ။ ကျုပ်လက်ထဲ အဲဒီ တောင်ဝှေးရပြီ ဆိုတာနဲ့ တစ်ယောက်ကို ငါးသိန်းစီပေးမယ်ဗျာ"

"ဗျာ- ဟုတ်မှ ဟုတ်ရဲ့လား ကိုသောင်းခင်ရဲ့၊ ရှင်အဇ္ဇဂေါဏ ကိုင်ခဲ့တဲ့ တောင်ဝှေး အခုထိ ရှိပါဦးမလားဗျ"

"ဟာဗျာ၊ တောင်ဝှေးက ကြေးနဲ့ရွှေ ရောပြီး လုပ်ထားတာဗျ။ ဒီကိစ္စ ဂဃနဏသိတာ ကိုကျော်ခင်ပဲ။ ကျုပ် ကိုကျော်ခင်ကို တာဝန်ပေးထားတယ်။ ဟိုရောက်ရင် ခင်ဗျားတို့ကို သူ ပြောပြလိမ့်မယ်။ ဒီတော့ ဟောဒီမှာ ပိုက်ဆံ တစ်သိန်း၊ အဲဒါ စရိတ်ပဲ"

"ဟင်"

စားပွဲပေါ် ဘုတ်ခနဲ ရောက်လာသည့် တစ်ထောင်တန် ပိုက်ဆံအုပ်ကြီးကို ကြည့်ရင်း နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ စိတ်ထဲလည်း မယုံမကြည် ဖြစ်နေ၏။ သို့သော် လောလောဆယ် ငွေတစ်သိန်း သုံးရမည်ဆိုတော့ မယုံလို့ မဖြစ်တော့ချေ။ နှစ်ယောက်စလုံးကလည်း ပိုက်ဆံလိုနေကြ၏။

ထို့ကြောင့်လည်း သောင်းခင်၏စကားကို သဘောတူလိုက်ကြ[...]





ထိုအခါ သောင်းခင်က သူတို့သုံးဖို့ စရိတ်အပြင် နေရေးထိုင်ရေးအတွက် ပါ မန္တလေးမှ ကိုကျော်ခင်ထံ ဖုန်းဆက်ပေးလိုက်၏။ နှစ်ယောက်စလုံး လက်ထဲ တစ်သိန်းအုပ်တစ်အုပ် ရောက်လာပြီမို့ စောစောက နာတာတွေ သာတာတွေ ပျောက်ကုန်၏။

သောင်းခင်နှင့် လမ်းခွဲ၊ အိမ်သို့ပြန်အရောက်တွင် နှစ်ယောက်သား ခေါင်းချင်းဆိုင်နေကြလေ၏။

"ဘယ်လိုတုံး ဆရာဖျောက်၊ လက်ထဲတော့ ငွေတစ်သိန်း ရောက်လာပြီ။ ကျုပ်တို့ ဘာဆက်လုပ်ကြမှာလဲ"

"အင်း. . . ငါ့စိတ် ငါနိုင်လှုပြီ ထင်တာကွ၊ ပိုက်ဆံထုပ်ကြီးလည်း မြင်ရော. . ."

"ဘာဖြစ်သွားသတုံးဗျ"

"အေးကွာ၊ ငါ့မိန်းမ အပုလေးမျက်နှာနဲ့ ငါ့သား ဂျာဖျောက် မျက်နှာကို မြင်ယောင်လာသကွာ။ သူတို့နှစ်ယောက် ရွာမှာ မျက်နှာငယ်ငယ်နဲ့ နေကြရမှာ မလွဲဘူးကွ။ ငါ ဘာလုပ်ရမှန်းတောင် မသိဘူးကွာ"

"ဆရာဖျောက် လုပ်သင့်တာတော့ လုပ်ချလိုက်ဗျာ။ သိပ်စဉ်းစားရင်လည်း အပ်ချည်ကြိုးတောင် ခလုတ်တိုက်သွားနိုင်တယ်ဗျ"

"ဂျာအေး၊ မင်း မင်းဟာ ငါ့ကို သတိပေးလိုက်သလိုပါလား။ အေးကွ၊ ထူလွန်းတော့ မြူနဲ့ဂူ မှားနိုင်သတဲ့ကွ။ ပူလွန်းတော့လည်း ဆူမယ့်သူ စကားမခိုင် ဆိုတဲ့ ဆိုရိုးရှိသကွာ"

"အဲဒါ ဘာဖြစ်သတုံးဗျ"

"အေးလေ၊ ငါကလည်း တစ်ခါတစ်ခါ ခပ်ထူထူ ဖြစ်သွားတတ်တယ်ကွ"

"ဆုံးဖြတ်လိုက်စမ်းပါဗျာ။ ကိုကြီးဖျောက်ပဲ ပြောတာလေ၊ လူဆိုတာ အသက်လေးဆယ်ကျော်တာနဲ့ ဆုံးဖြတ်ရဲရမယ်ဆို"

"အင်- ဟာ ငါက လေးဆယ်မကျော်သေးပါဘူးကွ။ ဟဲဟဲ ဒါပေမယ့် လုပ်မယ်ကွာ။ ပွဲစားသောင်းခင်ရဲ့ လုပ်ငန်းကို စိတ်ဝင်စားချင်တယ်"

"ဟုတ်ပြီ၊ ဒါဆို ဟောဒီငွေတစ်သိန်းထဲက ငါးသောင်းကို မပုလေးဆီ သားအမိဆီပို့လိုက်ဗျာ။ ပြီးရင် ခင်ဗျားနဲ့ကျုပ် မန္တလေးသွားကြမယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒီပိုက်ဆံနဲ့ ငါတို့ လောက်ပါ့မလားကွ"

"လောက်ပါတယ်ဗျာ၊ ကျုပ်တို့က ရွက်ကျပင်ပေါက်တွေပဲ။ ရောက်လေရာမှာ အပင်ပေါက်တာတင် မဟုတ်ဘူး အသီးသီးမယ်၊ အပွင့်ပွင့်မယ်ဗျာ။ ဘယ်လိုတုံး"

"ဟုတ်ပြီ၊ မင်းစကား ကြားရတာ အားရှိလှသကွာ။ ဒါဆိုလည်း အဲဒီအလုပ်ကို တို့ အမြန်ဆုံး အကောင်အထည်ဖော်ကြပါစို့"

နှစ်ယောက်သား ပွဲစားသောင်းခင်၏ အလုပ်ကိစ္စကို လုပ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ ထို့ကြောင့်လည်း ပိုက်ဆံ ငါးသောင်းကို အပုလေးတို့ထံ ချက်ချင်းပို့လိုက်၏။ ထို့နောက် ဝယ်စရာရှိတာ ဝယ်ယူပြီးနောက် သူတို့နှစ်ဦး မန္တလေးဘက်သို့ အဝေးပြေးကားကြီးနှင့် ထွက်ခဲ့ကြလေ၏။

ဖျောက်ဆိပ်မှာ ကားပေါ်ထိုင်လိုက်သည်နှင့် သောင်းခင်နှင့် ပတ်သက်သည့် အလုပ်များကို စိတ်ထဲ တနုံ့နုံ့ခံစားနေရ၏။ သောင်းခင်ကြောင့် နှစ်ယောက်စလုံး အချုပ်ထဲ ရောက်ခဲ့ဖူးကြပြီ ဖြစ်လေ၏။

လုပ်ရသည်မှာလည်း မျက်ခုံးတလှုပ်လှုပ်။ စိတ်ထဲ ဝါးတားတား ခံစားနေရ၏။ သူ့အမူအရာကို ဂျာအေးက ရိပ်မိနေ၏။ ထို့ကြောင့်လည်း မြွေရေခွံအိတ်ထဲ ကပ်ထည့်လာသည့် အရက်ပုလင်းကို ဆွဲထုတ်ကာ ဖျောက်ဆိပ်ကို လှမ်းပေးလိုက်၏။

"ဆရာဖျောက်"

"ဟေလကွာ"

"ဟောဒီမှာ ဆေး၊ အတွေးရှုပ်ရင် ဆေးထုတ်သောက်လိုက်ရုံပေါ့ဗျာ"

"ဟာကွာ မင်းကလည်း ပြဿနာပဲ။ ဟို အဲဒါသောက်ရင် ပိုရှုပ်ကုန်မှာပေါ့ကွာ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ ဆရာဖျောက်တို့ ကျွန်တော်တို့လို လူတန်းစားမှာ စဉ်းစားချိန် မရှိဘူးဗျ"

"ဟေ- ဒါဆို ဒီခေါင်းကြီး ဘာလုပ်ရမှာလဲကွ"

ဖျောက်ဆိပ်သည် သူ၏ ကြီးမားသော ခေါင်းကြီးကို လက်ညှိုးထိုးပြီး ပြောလိုက်၏။ ဂျာအေးက သူ့ခေါင်းကြီးကို ပြုံးစိစိနှင့် လှမ်းကြည့်ရင်း





ပြောချလိုက်၏။

"ဟာ- ဆရာဖျောက်ကလည်း ကျုပ်တို့ခင်ဗျားတို့ သေသွားလို့ အဲဒီခေါင်းကြီး ဈေးထဲသွားရောင်းလို့ရမှာလားဗျာ ပြောပါဦး။ ဆိတ်ခေါင်းတို့၊ နွားခေါင်းတို့ကမှ သေရင် ကျုပ်တို့ထက် တန်ဖိုးရှိတယ်ဗျ"

"အင်- ဒါဆို ဒီခေါင်းကြီး ခွဲပစ်လိုက်ရမှာလားကွ။ တော်စမ်းပါ ဂျာအေးရာ၊ မင့်စကားတွေက ကြက်သီးမွေးညင်းထစရာကွာ။ လူဆိုတာ ခေါင်း၊ ခါး၊ ခြေလက် ရှိမှကွ"

"ရှုပ်ကုန်ပြီဗျ။ အရေးကြီးတာ ဒါလေး သောက်ချလိုက်စမ်းပါ။ ခေါင်းထဲ ရှင်းသွားမှာ သေချာတယ်"

"အင်"

ဂျာအေး စကားများကြောင့် ဖျောက်ဆိပ်လည်း ချာလည်ချာလည် ဖြစ်သွား၏။ ဆက်ပြောလျှင် ရှုပ်ထွေးသွားနိုင်သည်မို့ နောက်ဆုံး ခွက်ထဲမှ အရက်ကို မော့သောက်ပစ်လိုက်၏။ သူ့စိတ်ထဲ ဇနီးသည်ထံ ပိုက်ဆံပို့လိုက်ရပြီမို့ စိတ်ထဲ တစ်ပူအေးသွားလေပြီဟု တွက်လိုက်၏။

သို့နှင့် သူတို့နှစ်ဦး ပစ္စည်းပစ္စယများ ဝယ်ခြမ်းပြီးသည့်နောက် မန္တလေးသို့ အဝေးပြေးကားကြီးနှင့် ထွက်ခဲ့ကြ၏။ မန္တလေးကားဂိတ်သို့ အဝင်တွင် အတော်ကလေး မိုးချုပ်နေပြီ ဖြစ်၏။ သူတို့ကားပေါ်မှ ဆင်းသည်နှင့် အသားမည်းမည်း ဝဝဖိုင့်ဖိုင့်နှင့် ဝက်ဝံမည်းကြီးအသွင်ရှိသော လူတစ်ယောက် ရောက်ရှိလာ၏။

"ခင်ဗျားတို့က ကိုဖျောက်ဆိပ်နဲ့ ဂျာအေးလားဗျ"

"ဟာ- သိပ်ဟုတ်တာပေါ့။ ခင်ဗျားက ကိုကျော်ဆောင်ထင်တယ်"

"ဟုတ်ပါ့ဗျာ။ တော်ပါသေးရဲ့ဗျာ၊ လူလွဲသွားမှာ စိုးရိမ်နေတာဗျ။ ကိုသောင်းခင်ကတော့ ကျုပ်ကို ခင်ဗျားတို့ အနေအထားအားလုံးကို မှာလိုက်ပြီးပြီဗျ။ ကဲ- လာဗျာ၊ ကျုပ်မှာ ကားပါတယ်"

"ဟုတ်လား၊ ဒါဆို အတော်ပဲပေါ့ဗျာ"

ကိုကျော်ဆောင်၏ အပေါ်လွှင်ဆုံး အမှတ်သားမှာ ဖြူဖွေးသော သွားကြီးများဖြစ်၏။ ရယ်မောလိုက်လျှင် မည်းကြုတ်ကြုတ် မျက်နှာကြီးမှ သွားဖြူဖြူကြီးများ ပေါ်လာတတ်၏။ မျက်နှာက မည်းနက်ဝိုင်းစက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးကို ကားပေါ်တင်၍ မောင်းထွက်လာခဲ့လေ၏။ ကားမောင်းသည့်နေရာတွင်လည်း ခပ်ကြမ်းကြမ်း မောင်းနှင်တတ်ပုံရ၏။ မန္တလေးမြို့သို့ အရောက်တွင် ခြံကြီးတစ်ခြံထဲသို့ မောင်းဝင်လာခဲ့၏။

ခြံအလယ်တွင် နှစ်ထပ်တိုက်တစ်လုံးနှင့် ကားဂိုဒေါင်၊ တန်းလျားများရှိ၏။ ကားပေါ်မှ ဆင်းသည်နှင့် သူတို့နှစ်ဦး နေထိုင်ရန် တန်းလျားအိမ်လေးကို ပြလိုက်၏။ အိမ်ကလေး၏ အသွင်မှာ ဘန်ဂလိုအသွင် ရှိပြီး လူနှစ်ယောက် ကောင်းကောင်းနေနိုင်၏။

"အဲဒါ ခင်ဗျားတို့နေဖို့ပဲ။ ကဲ- ရေမိုးချိုးဗျာ၊ ပြီးရင် စားစားသောက်သောက်လုပ်ဖို့ တိုက်ပေါ် တက်ခဲ့ကြ"

"ကောင်းပါပြီ"

နှစ်ယောက်သား ဘန်ဂလိုအိမ်လေးထဲ ဝင်ခဲ့ကြ၏။ အိမ်ကလေး၏ အတွင်းပိုင်းမှာ သပ်ရပ်သန့်ရှင်းစွာ ဆောက်လုပ်ထား၏။ ခုတင်နှစ်လုံးကလည်း အသင့်၊ ဧည့်ခန်းထဲလည်း ပြင်ဆင်မွမ်းမံထားပုံရ၏။နှစ်ယောက်သား အဝတ်အစားလဲကာ ရေမိုးချိုးလိုက်ကြ၏။

"ဘယ်လိုတုံးကွ၊ နေစရာကတော့ စမတ်ကို ကျနေတာပဲ"

"ဟုတ်ပ၊ ဆရာဖျောက်ရာ၊ ကျုပ်တို့နေခဲ့တဲ့အိမ်နဲ့များ ကွာပါဘိ"

"ကဲ- မြန်မြန်လုပ်ဟေ့၊ သူက ငါတို့ကို ကျွေးမယ်ပြောထားတာ"

"ပြီးပါပြီဗျ"

ပြောပြောဆိုဆို အဝတ်အစားလဲလှယ်ပြီးနောက် တိုက်ကြီးပေါ်သို့ တက်ခဲ့ကြ၏။ ဧည့်ခန်းကြီးမှာလည်း ဖိတ်ဖိတ်တောက်နေ၏။ ဗိမ်ခံပစ္စည်း အဖိုးတန်များကို ဧည့်ခန်းတွင် ရှုံးပြထား၏။ သူတို့နှစ်ဦး ဧည့်ခန်းထဲ ရောက်ရှိလာချိန်တွင် မျက်စိမှေးမှေး ဆယ်ပြားစေ့မျက်နှာနှင့် လူတစ်ယောက် ရောက်ရှိလာ၏။

"ကျွန်တော့်နာမည် တင်ဝင်းပါ။ ခင်ဗျားတို့က ကိုဂျာအေးနဲ့ ကိုဖျောက်ဆိပ် ထင်တယ်"

"ဟုတ်တာပေါ့ဗျာ၊ ကိုကျော်ဆောင်ရော"

"စားသောက်ခန်းဘက် သွားရအောင်"

"ဪ- ဒီလိုကိုး"





တင်ဝင်း၏ စကားကြောင့် သူတို့နှစ်ဦး စားသောက်ခန်းဘက်သို့ လျှောက်ခဲ့ကြ၏။ ဘဲဥပုံစားပွဲကြီး၏ ထိပ်ပိုင်းတွင် အခန့်သားထိုင်နေသော ကိုကျော်ဆောင်ကို တွေ့လိုက်ရ၏။

စားပွဲပေါ်တွင်လည်း စားသောက်ဖွယ်ရာတွေက အမယ်စုံလှ၏။ ကိုကျော်ဆောင်သည် သူတို့နှစ်ယောက်ကို မြင်သည်နှင့် ဖြူဖွေးဖွေးသွားကြီးများကို ဖော်ကာ ပြုံးပြလိုက်၏။

"လာကြဗျာ၊ မျှော်နေတာဗျ"

နှစ်ဦးသား စားပွဲကြီးဘေး ဝိုင်းထိုင်လိုက်ကြ၏။ ကြိုတင်ပြင်ဆင်ထားပုံရ၏။ စားသောက်ဖွယ်ရာများကလည်း စားချင့်စဖွယ် ပြင်ဆင်ထား၏။ ဦးကျော်ဆောင်သည် သူတို့နှစ်ယောက်ကို ကိုယ်တိုင် ပြုစု ဧည့်ခံလေ၏။

"စားကြသောက်ကြစမ်းဗျာ။ ပြီးမှ အလုပ်ကိစ္စ စကားပြောတာပေါ့။ တင်ဝင်း"

"ဗျာ၊ ဆရာကျော်ဆောင်"

"ဟိုကွာ ငါ့ရဲ့ မှတ်တမ်းဖိုင်တွေယူခဲ့ကွာ"

"ဟုတ်ကဲ့"

တင်ဝင်းက ကိုကျော်ဆောင်ကို အရိုအသေပြုကာ စားသောက်ခန်းထဲမှ ထွက်သွား၏။ ထိုအချိန် ဖျောက်ဆိပ်တို့နှစ်ဦးမှာ ဆာလောင်နေပြီဖြစ်၍ တဝတပြ စားသောက်လိုက်ကြ၏။

"ဘယ်လိုတုံး၊ ခရီးပန်းလာကြလား"

"ရပါတယ်ဗျ။ လမ်းမှာလည်း အိပ်ခဲ့ကြတယ်"

"ဟုတ်လား၊ အားလုံး အဆင်ပြေပါတယ်နော်"

"ပြေပါတယ်ဗျာ"

"ဒါဆို စားပြီးရင် စားသောက်ခန်းဘက် သွားကြတာပေါ့"

"ပြောပြောဆိုဆိုနှင့် စားသောက်ခန်း ခန်းမကြီးထဲမှ ထွက်ကာ ဧည့်ခန်းတွင် ထိုင်လိုက်ကြ၏။ သူတို့အနီးသို့ ကိုကျော်ဆောင်နှင့် တင်ဝင်းတို့ ရောက်လာ၏။ အချိုပွဲ သုံးလေးပွဲ စားပွဲပေါ်မှာ တင်ထား၏။ ငှက်ပျောသီး၊ ထန်းလျက်ခဲများလည်း ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖျောက်ဆိပ်"

"ပြောပါ ကိုကျော်ဆောင်"

"ဒီလိုဗျာ၊ ကျုပ်နဲ့ ကိုသောင်းခင်တို့ဟာ ဒီလုပ်ငန်းကို ငွေအများကြီးရင်းပြီး လုပ်ခဲ့ကြတာဗျ။ လောလောဆယ်တော့ အဖိုးတန်ပစ္စည်း သုံးလေးမျိုးပဲ ရသေးတယ်။ အမှန်တော့ ရှေးဟောင်းပစ္စည်းထက် ကျုပ်တို့က ရှေးဟောင်း ဂမ္ဘီရပစ္စည်းတွေကို ရှာနေကြတာဗျ"

"ဟုတ်လား၊ ဒါဆို ထူးထူးဆန်း တွေ့ရသလား"

"ခုထိတော့ သိပ်မဟုတ်လှသေးဘူးဗျ။ ဒါပေမယ့် တင်ဝင်းလိုက်ထားတဲ့ ကိစ္စမှာ ကျောက်အိမ်မြှောင် တစ်ကောင်တော့ ရမယ်ပြောသဗျ။ တင်ဝင်း၊ မင်း အဲဒီ အခြေအနေကို ရှင်းပြလိုက်ကွာ"

နှုတ်တုံ့တုံ့ အသွင်ရှိသည့် တင်ဝင်းသည် သူပြောရမည့်အလှည့် ရောက်သောအခါ တက်တက်ကြွကြွ ဖြစ်လာ၏။ သူကိုယ်သူလည်း အတော့်ကို ယုံကြည်မှုရနေသည့်ပုံပင်။ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ပြောလိုက်၏။

"ဒီလိုဗျ၊ ကျွန်တော် စစ်ကိုင်းဘက်က ရွာတစ်ရွာကို လိုက်ထားတယ်ဗျ။ အဲဒီမှာ ကျောက်အိမ်မြှောင် အဖိုအမရှိတယ်ဆိုတဲ့စကား ကြားလိုက်ရတယ်ဗျ"

"ကျောက်အိမ်မြှောင်၊ အဲဒါ ဘာလုပ်လို့ရလဲဗျ"

"ဒီလိုရှိတယ်ဗျ။ အဲဒီ ဂန္ဓာရီသဘောက အိမ်မြှောင်ကို ကောင်းကင်ဘက်လှည့်ရင် မိုးပျံနိုင်တယ်၊ မြေကြီးဘက်လှည့်ရင် မြေလျှိုးနိုင်တယ် ဆိုတဲ့ အစွမ်းရှိတယ်လို့ ကြားရတာပဲ"

"ဟာ- မိုးပျံ မြေလျှိုးတာ ခက်တာမှတ်လို့ဗျ။ မိုးပျံချင်ရင် လေယာဉ်ပျံစီးဗျာ၊ မြေလျှိုးချင်ရင် အဝီစိတွင်းထဲ ခုန်ချလိုက်ဗျာ၊ ဘာခက်တာမှတ်လို့"

"ဟေ"

ဂျာအေးစကားကြောင့် ကျော်ဆောင် ကြောင်စီစီဖြစ်သွား၏။ ဖျောက်ဆိပ်မှာလည်း ဂျာအေးပြောချလိုက်သည့် စကားကြောင့် အိုးတိုးအမ်းတမ်း ဖြစ်နေ၏။ ထိုစဉ် တင်ဝင်းခမျာ ဘာဆက်ပြောရမှန်းပင် မသိ





"ဟို- အဲ အဲဒါမျိုး မဟုတ်ဘူးကွ။ ငါပြောတာ ဟိုလေကွာ၊ စူပါမင်းလို့ပေါ့"

"စူပါမင်း. . . ဘာတုံးဗျ၊ အဲဒီ စူပါမင်းက ထမင်းတွေ ဟင်းတွေ ဖန်တီးပေးနိုင်သလား"

"ဟာ- မင်း မင်းကလည်း မသိဘဲ ဝင်ပြောသကိုး။ ဒါ ဂမ္ဘီရ ကျောက်အိမ်မြှောင်ကွ။ ဝိဇ္ဇာဓိုရ် ထွက်ရပ်ပေါက် ရှိန်းဆာမြောက်တဲ့ ကျောက်အိမ်မြှောင်တဲ့ကွာ။ ဟောဒီ လောကီကြီးကို လက်ဖဝါးပေါ်တင်ပြီး ဖူးခနဲ မှုတ်ထုတ်ပစ်လိုက်လို့ရသကွ"

"ဟာ- အဲဒါတော့ မဖြစ်နိုင်ဘူးဗျ"

"ဟေ"

ဂျာအေး၏ နင်တင်တင်စကားကြောင့် တင်ဝင်း ပျော့ဖတ်ဖတ် ဖြစ်သွား၏။ ဂျာအေးစကားတွေက သူ့ယုံကြည်မှုကို တောက်ထုတ်လုပ်သလိုပင်။ ထို့ကြောင့်လည်း မျက်မှောင်ကုတ်ပြီး မေးလိုက်၏။

"ဟာ- ဘာဖြစ်လို့ မဖြစ်ရမှာလဲကွ"

"ခင်ဗျား လက်ဖဝါးပေါ်မှာ အုန်းသီးတစ်လုံးတောင် တင်လို့မရတာ။ ဘယ်လိုလုပ်ပြီး ဟောဒီကမ္ဘာကြီး လက်ဖဝါးပေါ်တင်လို့ရမှာလဲ။ မယုံရင် ဟောဟိုက သောက်ရေအိုးကို ခင်ဗျားလက်ဖဝါးပေါ် တင်ပြဗျာ"

"ဟာ- မင်း မင်း ပြောတာ"

"ကျွန်တော်က သဘာဝကျကျနဲ့ ပြောတာပါဗျ။ မှန်သလား မှားသလား ခင်ဗျား စဉ်းစားကြည့်လေ"

ဂျာအေး၏ စကားကြောင့် တင်ဝင်း လည်တယ်တယ် ဖြစ်နေ၏။ ထိုစဉ် သူ့ကို မျက်စောင်းတခဲခဲနှင့် ကြည့်နေသော ကျော်ဆောင်က ဝင်ပြောလိုက်၏။

"သူငယ်ချင်း ဂျာအေး၊ မောင်ရင်က အိုင်ဒီယာကို အသေအချာမှ နားမလည်ဘဲကိုး။ ကိုယ်တစ်ခုပြောမယ်၊ လောကမှာ ကိုယ် မသိနားမလည်တာနဲ့ဘဲ မဖြစ်နိုင်ဘူးလို့ မျက်စိစုံမှိတ်ငြင်းလို့ ရသလား ဗြော"

"အင်- ဟိုလေ ဟိုဟာဗျာ"

"ဘယ်ဟာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဂျာအေး၊ ဒီကိစ္စဟာ အရမ်းကို ကျယ်ပြန့်တာကွ။ ဒီတော့ကွာ စွတ်ပြောလို့တော့ မဖြစ်သေးဘူးကွ"

ဖျောက်ဆိပ်က ကြားကဝင်ပြောမှ ဂျာအေး ငြိမ်သွား၏။ ထိုအခါကျမှပဲ တင်ဝင်းလည်း အသက်ရှူနိုင်လာ၏။

"ဟို- အဲဒါက အဲဒီကိစ္စ သတင်းကြားရပေမယ့် အဲဒီရွာက သူစိမ်းဆို ရွာထဲ အဝင်ခံတာ မဟုတ်ဘူးတဲ့ဗျ။ ပြီးတော့ မြို့နဲ့ တအားဝေးပြီးတော တအား ခေါင်တာဗျ။ အဲဒီကိစ္စကို ကျွန်တော် အခိုင်အလုံ သိထားပေမယ့် သွားရမှာမရဲဘူး ဖြစ်နေတယ်"

"ဟာ- ဒါဆို ကျုပ်တို့ပါ လိုက်မယ်လေ"

"သိပ် သိပ်ကောင်းတာပေါ့ဗျာ။ ကိုဖျောက်ဆိပ်ရဲ့ အသွင်အပြင်နဲ့ နဖူးရေ ကြည့်ရတာ ဂန္ဓာရီဆန်တယ်ဗျ ဟဲဟဲ"

"ဟုတ်မှလည်း လုပ်ပါ ကိုတင်ဝင်းရယ်။ ကျုပ်က ကျုပ်ကိုယ်ကျုပ် မှန်ထဲတောင် ကြည့်တာ မဟုတ်ဘူးဗျ။ ခင်ဗျားပြောမှ စိတ်ထဲ တစ်မျိုးကြီး ခံစားရတယ်"

"ဟဲဟဲ ဒါတောင် လျှော့ပြောတာဗျ"

"ကျုပ်ကရောဗျ"

တင်ဝင်းစကားကြောင့် ဂျာအေးက ပြာနှမ်းနှမ်းလေသံနှင့် ဝင်၍ ပြောလိုက်၏။ တင်ဝင်းသည် ဂျာအေး၏ ပြူးချာချာ အမူအရာကိုကြည့်ပြီး ခေါင်းတခါခါနှင့် ပြောလိုက်၏။

"အင်- မင်း မင်းကတော့ ဟဲဟဲ သရဲလိုလို မှင်စာလိုလိုနဲ့"

"ဘာဗျ"

"ဟဲဟဲ ဂျာအေးကလည်းကွာ၊ မင်းပဲ အမှန်ပြောဆို။ ဒါတောင် ငါက လျှော့ပြောတာကွ"

"တော်စမ်းပါဗျာ၊ လူဆိုတာ ကိုယ့်မျက်ချေး သူများကဲ့ရဲ့တာ မကြိုက်ဘူးဗျ"

"ဆော ဆောရီးပဲကွာ ဟဲဟဲ"

ဂျာအေး ကွဲမြီးတိုသွားမှန်း သိလိုက်ရသဖြင့် တင်ဝင်း စပ်ဖြဲဖြဲနှင့် တောင်းပန်နေရ၏။ ထိုစဉ် ကိုကျော်ဆောင်၏ စကားသံ ထွက်လာ၏။





"အဲဒီကိစ္စကို ခင်ဗျားတို့သုံးယောက် ပေါင်းပြီး အောင်မြင်စေချင်တယ်ဗျာ။ ကျွန်တော့်မှာလည်း အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အထောက်အထားတွေ ရှိတယ်၊ ဟောဒီမှာကြည့်"

ကျော်ဆောင်သည် ဖိုင်ထဲမှ ဓာတ်ပုံသုံးပုံ ထုတ်ပြလိုက်၏။ ကျောက်သားပကတိ ဖြစ်တည်နေသော အိမ်မြှောင်နှစ်ကောင်။ အရွယ်အစား ကြီးကြီးမားမားတော့ မဟုတ်။ သို့သော် ထူးခြားသည်က ယင်းကျောက်အိမ်မြှောင် နှစ်ကောင်စလုံး၏ အရောင်မှာ အနက်ရောင်အရောင်အသွေး ရှိနေခြင်းပင်။

"ဘာဖြစ်လို့ နက်နေတာလဲဗျ"

"အဲဒါ နီညိုရောင်ဗျ၊ ပြောရရင် အင်ကြင်းကျောက်လို့တောင် ပြောလို့ရတယ်။ သိဒ္ဓိ တအား ကြီးတာဗျ။ ဒီတော့ အဲဒီ ကျောက်အိမ်မြှောင်ရှိတဲ့ ရွာကို ဝင်ဖို့က ဉာဏ်သုံးဖို့လိုတယ်။ တစ်ရွာလုံးက မြို့နဲ့လည်း အဆက်ဖြတ်ထားသလို အနီးအနားမှာရှိတဲ့ ရွာတွေနဲ့လည်း အဆက်ဖြတ်ထားတာဗျ။ အဲဒါကြောင့် ရွာထဲဝင်ရခက်နေတာ။ ဒီတော့ ခင်ဗျားတို့သုံးယောက် အဲဒီကိစ္စကို ဦးဆောင် ဆောင်ရွက်ပေးပါ၊ ထိုက်တန်တဲ့ ချီးမြှင့်ငွေကို ချီးမြှင့်ပါ့မယ်၊ လောလောဆယ် သုံးစွဲဖို့လည်း ပေးလိုက်မယ်။ ဘယ်လို သဘောရလဲဗျာ"

"ကျော်ဆောင်၏ စကားကြောင့် တင်ဝင်း တွေသွား၏။ ဂျာအေးနှင့် ဖျောက်ဆိပ်ကတော့ တက်ကြွနေ၏။ ထူးခြားဆန်းကြယ်သည့်ကိစ္စဖြစ်နေ၍ နှစ်ယောက်စလုံး စွန့်စားလို၏။ ထိုအချိန် တင်ဝင်း၏ စကားသံထွက်လာ၏။

"ဆရာ ကျော်ဆောင်"

"ဘာတုံးကွ"

"ဟို- အဲဒီရွာကို တချို့က ဆယ့်နှစ်ကြိုးရွာလို့တောင် ပြောနေကြတာဗျ။ ဖြစ် ဖြစ်ပါ့မလား ဆရာကျော်ဆောင်ရယ်"

"မကြောက်စမ်းပါနဲ့ ကိုတင်ဝင်းရာ၊ လူဆိုတာ စွန့်စားမှ ထီးဖျားရောက်မှာဗျ ဟဲဟဲ"

"ဂျာအေးရာ မင်းက ဘယ်ထိပ်ဖျားရောက်ချင်တာလဲ၊ ချောတိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဖျားလားကွ"

"ကျုပ်တို့ ရှိပါတယ်ဗျ"

ဖျောက်ဆိပ်ကပါ အားပေးစကား ပြောလိုက်သဖြင့် တွန့်ဆုတ်ဆုတ် လုပ်နေသော တင်ဝင်း၏အသွင်မှာ သွက်သွက်လက်လက် ဖြစ်လာ၏။ သူတို့၏ တက်ကြွနေသော အသွင်ကို ကြည့်ပြီး ကျော်ဆောင် အားရဝမ်းသာ ဖြစ်နေ၏။

ထိုစဉ် တင်ဝင်းက-

"နေဦးဗျ၊ အဲဒီဘက်ကိုသွားရင် အရက်၊ ဖဲ၊ မိန်းမ အဲဒီသုံးခု ရှောင်ရမယ်"

"ဟင်- ဘာဆိုင်လို့လဲ"

"ဂျာအေးရာ၊ ဒါ ဂန္ဓာရီ နယ်မြေတွေကွ။ ဘုရား မကြိုက် နတ်မကြိုက်ဘူး။ ဓာတ်ခိုက်ရင် လူစင်စစ်က ကျားတောင်ဖြစ်သွားနိုင်တယ် ပြောကြတယ်ကွ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါ့ကွာ"

တင်ဝင်း၏ အပြောကြောင့် ဂျာအေးနှင့် ဖျောက်ဆိပ်တို့မှာ အင်တင်တင် ဖြစ်သွား၏။ သို့သော် ဆက်လုပ်စရာရှိနေပြီမို့ နှစ်ယောက်စလုံး တင်ဝင်း၏ စကားကို ဘာသိဘာသာနေလိုက်၏။ သို့နှင့် သူတို့သုံးဦး စစ်ကိုင်းဘက်သို့ ခရီးထွက်ခဲ့ကြလေ၏။

သူတို့သွားရမည့် မြို့ကလေးမှာ စစ်ကိုင်းမြို့နှင့် မိုင်နှစ်ဆယ်ခန့် ကွာတွင်ရှိသော ရွာကလေး ဖြစ်လေ၏။ ရွာကလေးမှာ ကားလမ်းနှင့် အလွန်မှ ဝေးကွာလှပြီး လှည်းတစ်တန် လှေတစ်တန် သွားရ၏။ မရောက်ဘူး မသွားဘူးသည့်ဒေသများ ဖြစ်နေ၍ မြင်မြင်သမျှ အဆန်းတကြယ်တွေ ဖြစ်နေ၏။

သူတို့သုံးဦး စစ်ကိုင်းမြို့ရောက်ခါနီး ရွာကလေးတစ်ရွာအရောက် ကားပေါ်မှ ဆင်းခဲ့ကြပြီး လှည်းငှားလိုက်၏။ ရွာကလေးအမည်မှာ ညောင်ပုံရွာကလေး ဖြစ်၏။ တင်ဝင်းသည် ရွာသူကြီးနှင့် အသိအကျွမ်း ဖြစ်နေပုံရ၏။





ထို့ကြောင့်လည်း လှည်းတစ်စီးကို ငှားလိုက်၏။ သူတို့နှင့်အတူ လှည်းမောင်းပေးမည့်သူက ရွာကျော်ဟု အမည်ရ၏။ သွားခေါခေါနှင့် ကတုံးတုံးထား၏။ ကိုယ်ပေါ်မှာလည်း ဆေးမင်ကြောင်များနှင့် ရှုပ်ထွေးနေ၏။ မျက်လုံးပြူးပြူး၊ နားရွက်ကားကားနှင့် ရုတ်တရက်ကြည့်လျှင် တစ္ဆေလိုလို သရဲလိုလို အသွင်ရှိ၏။

သူတို့သုံးဦး ရွာကျော်၏လှည်းပေါ် လိုက်ခဲ့ကြ၏။ ညောင်ပုံရွာက ထွက်သည်နှင့် လမ်းက ဆိုးလှ၏။ အနိမ့်အမြင့် အတက်အဆင်းများကလည်း ပေါလှ၏။ လမ်းတစ်လျှောက် ထနောင်းပင်၊ တမာပင်တွေကသာ ကြီးစိုးနေ၏။

တစ်ခါတစ်ရံ ကျယ်ပြောပြန့်ပြူးသည့် ယာခင်းကြီးကို တွေ့ရ၏။ နှမ်းပွင့် ဖြူလှဲလှဲကလေးများကိုလည်း ရေးတေးတေး မြင်နေရ၏။ ရွာကျော်သည် သီချင်းဆို ဝါသနာပါလှသူဖြစ်ပြီး လမ်းတစ်လျှောက်လုံး သီချင်းတကြော်ကြော် အော်ဆိုခဲ့၏။

"ဟာ- မောင်ရင်က သီချင်းတော်တော်ဆိုတာပဲနော်၊ ဘယ်ဇာတ်ကလဲ"

"ဟဲဟဲ ကျုပ်က အရပ်ဝိုင်းမှာဆို မင်းသားဗျ။ ကျုပ်ဆိုလိုက်တိုင်း လူမပြောနဲ့ တိရစ္ဆာန်တောင် ငိုင်ကျသွားတာဗျ"

"ဟုတ်လား၊ ကျုပ် အခြေအနေကောင်းရင် မောင်ရင်နဲ့ ဆက်သွယ်မယ်၊ မောင်ရင့်အသံက နားတော့ စွဲသားကွ"

"ဟာ- ဒါတောင် ကျုပ် မနက်က ဝက်သားကို အဆီတွေချည်းပဲ ကြိတ်ထားတာဗျ။ ကျုပ်တို့က မျိုးနဲ့ရိုးနဲ့ အသံကောင်းတာဗျ၊ ကျုပ်ဘကြီးဆို သေခါနီးတောင် သူ့မိန်းမကို သီချင်းဆိုခိုင်းသေးတာဗျ"

"ဟုတ်လား၊ အံ့ဩစရာပဲဟေ့"

တင်ဝင်းနှင့် ရွာကျော်တို့ လေပေးဖြောင့်နေ၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးမှာတော့ ရွာကျော်၏ အသံကြောင့် နားတွေ အူနေ၏။ ထိုစဉ် ရွာကျော်၏ စကားသံပေါ်လာ၏။

"ခင်ဗျားတို့ သွားမယ့်ရွာက ရွာထူးရွာဆန်းဗျ။ သတိလည်းထား သွားကြနော်၊ အဲဒီရွာမှာ မိန်းမတွေက ကြီးစိုးနေတာဗျ။ ရွာလူကြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဗျ"

"ဟေ- ဟုတ် ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ဗျာ။ တစ်လောက ကျုပ် အဲဒီဘက်ကို ရောက်ဖူးတယ်ဗျ။ ယာထွန်တာ၊ ထင်းပေါက်တာ မိန်းမတွေ လုပ်တာဗျ။ ကလေးထိန်းတာ၊ ထမင်းချက်တာ၊ အဝတ်လျှော်တာကျတော့ ယောကျ်ားတွေ လုပ်ကြတယ်ဗျ။ ပြောရရင် အမျိုးသမီးတွေ သြဇာကြီးတဲ့ရွာဗျ။ ရွာနာမည်က မဒီချောင်းရွာ"

"ဟုတ်လား၊ ဒါ ဒါဆို အဲဒီရွာက ယောကျ်ားတွေတော့ အိုကေပြီပေါ့ကွာ။ ဟဲဟဲ·အလုပ် မလုပ်ရဘူး၊ ထမင်းချက် ဟင်းချက် ဘယ်လောက်ကောင်းသလဲလို့"

"ဟာ- ခင်ဗျား ထင်နေလို့ပါ ကိုတင်ဝင်းရာ၊ ဟိုကျရင် တွေ့ပါလိမ့်မယ်ဗျာ။ တစ်ခုတော့ ရှိတယ်နော်။ ကျုပ် ရွာထဲ မလိုက်ရဲဘူးဗျ"

"ဟေ- ဟာ အဲဒီလိုတော့ မဖြစ်ဘူးလေကွာ။ မင်းက ရွာခံပဲဟာ မင်းပါမှပေါ့"

"မ မလွယ်ဘူးဗျ။ ဟို ခင်ဗျားတို့ကို ကပ္ပိယချစ်ငွေနဲ့ မိတ်ဆက်ပေးခဲ့မယ်လေ။ သူက အဲဒီရွာခံဗျ။ သဘောလည်း ကောင်းပါတယ်။ ပြီးတော့ ကျုပ်နဲ့ ဝမ်းကွဲညီအစ်ကို တော်တယ်ဗျ"

"ဟုတ်လား၊ ဒါဆိုလည်း ပြီးရောပေါ့ကွာ"

သူတို့လူစု စကားတပြောပြောနှင့် ခရီးဆက်ခဲ့ကြရာ မကြာမီ မဒီချောင်းရွာစပ်သို့ ရောက်လာ၏။ ထိုအခါ ရွာကျော် ပြောခဲ့သည့် စကားက မှန်လေစွ။

ယာခင်းထဲ သီချင်းတကြော်ကြော်နှင့် ထွန်ယက်စိုက်ပျိုးနေကြသူများမှာ အမျိုးသမီးများ ဖြစ်နေကြ၏။

ရွာစပ်နားရောက်သည်နှင့် မိန်းမတစ်သိုက်က သူတို့သုံးဦးကို ရှုးရှုးရဲရဲနှင့် ကြည့်နေ၏။ ရွာကျော်က အခြေအနေကို နားလည်ထားသည့်ပုံပင်။ လှည်းကို ရွာဦးကျောင်းဆီသို့ ခပ်သွက်သွက် မောင်းချလာခဲ့ပြီး ကျောင်းဝင်းထဲ ဒရောသောပါး ဝင်ခဲ့လေ၏။

"ဟာ- ရွာကျော်တို့ပါလား"

"ဟုတ်တယ် ကိုကြီးချစ်ငွေရေ၊ ဧည့်သည်တွေလည်း ပါတယ်ဗျ"

"ဟေ- ဟုတ်လား၊ လာ လာကြဟေ့"

သျှောင်ထုံးကြီး ထုံးထားသော လူတစ်ယောက်။ မျက်နှာက နီစပ်စပ်။ သူတို့လူစုကို ဇရပ်ကြီးပေါ် ဖိတ်ခေါ်လိုက်၏။ ရွာကျော်သည် သူတို့သုံးယောက်ကို ကပ္ပိယချစ်ငွေနှင့် မိတ်ဆက်ပေးလိုက်၏။ ချစ်ငွေ၏အသွင်က ခပ်ပျော့ပျော့နေတတ်သည့်အသွင်။

သူတို့လူစုကိုလည်း စားသောက်ဖွယ်ရာများ ချ၍ ကျွေးမွေး၏။

"ခင်ဗျားတို့ မဒီချောင်းရွာ လာတာ ဘာကိစ္စတုံးဗျ။ ဘာတုံး ဧကန္တတော့. . ."

"ဟို. . . ကျုပ်တို့ ဒီကိုလာတာ ကိစ္စရှိတယ် ကိုချစ်ငွေ။ ပြောရရင်ဗျာ ကျုပ်တို့က ရှေးဟောင်း ဂမ္ဘီရပစ္စည်းတွေ ဝယ်တဲ့လူတွေဗျ"

"ဩော်- ဒီလိုလား။ ဒါဆို ခင်ဗျားတို့ မဒီချောင်းရွာကို လာတာ ကျောက်အိမ်မြှောင် လာရှာတာပဲ ဖြစ်ရမယ်"

"ဟာ- ဟုတ်တယ်ဗျ၊ ဟို- အဲ အဲဒီကိစ္စ တကယ် ရှိလားဗျ"

"ဘာတုံး၊ ကျောက်အိမ်မြှောင်လား"

"ဟုတ်တယ်လေ၊ ကျုပ်တို့ သတင်းကြားလို့ လိုက်လာကြတာဗျ။ အဲဒါ ကိုချစ်ငွေရော သိသလား"

"ဟာ- အဲဒါ တကယ့် မီးခဲဗျ။ ကျောက်အိမ်မြှောင်ဆိုတဲ့ ဂမ္ဘီရပစ္စည်းဟာ ကျုပ်တို့ မဒီချောင်းရွာသူကြီး မဗျိုင်းကြီးဆီမှာ ရှိတာဗျ။ ကျုပ်တော့ အသေအချာ မမြင်ဖူးဘူး။ ဒါပေမယ့် ရွာထဲက ကိုကျီးကန်း ပြောဖူးတယ်ဗျ။ မဗျိုင်းက မလွယ်ဘူးနော်၊ သူ့ယောကျ်ား ဦးဖိုးတင်ကို ဖြုတ်ချပြီး ရွာသူကြီးတက်လုပ်နေတာဗျ"

"ဟင်- အံ့ဖွယ်ပဲဗျ"

"ဟာ- ဒီရွာလေးရဲ့ အဖြစ်က တကယ့် အံ့ဖွယ်တွေအများကြီးဗျ။ ပြီးတော့ ရွာထဲကို လူစိမ်းဝင်တာ သိပ်ကြိုက်ပုံမပေါ်ဘူး"

"ဟင်- ဒါဆို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒီကိစ္စ မလွယ်ဘူးဗျ၊ ဒါပေမယ့် ခင်ဗျားတို့ ကျီးကန်းကို ပိုင်အောင်ပေါင်းမှ ဖြစ်မှာဗျ။ ကျီးကန်းက ရွာမှာ လူရည်အလည်ဆုံးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မဗျိုင်းကြီးရဲ့ တူအရင်းလေ”

“ဟာ- ဒါဆို ပိုပြီး လွယ်သွားတာပေါ့”

“အဲဒါ ပြောတာပေါ့။ ကျီးကန်းကိုသာ ရအောင်ပေါင်း၊ ခင်ဗျားတို့ လိုချင်တဲ့ ကျောက်အိမ်မြှောင်ကိစ္စ သိရမှာ သေချာတယ်ဗျ”

“ဟုတ်လား၊ ဒါဆို အဲဒီ ကျီးကန်းနဲ့ ဘယ်လို. . .”

“မပူစမ်းပါနဲ့၊ ဒီကောင် ဒီညနေ လာစရာရှိတယ်ဗျ။ ရွာထဲမှာ ကြိုက်သလို နေခွင့်ရှိတာ ကျီးကန်းတို့လူသိုက်ပဲ ရှိတယ်ဗျ”

“ကဲ- ဒါဆို ကျုပ်ပြန်မယ်ဗျာ ကိုကြီးချစ်ငွေ၊ ကျုပ် သူတို့ကို ခင်ဗျားဆီမှာ ထားခဲ့မယ်နော်”

“ထားခဲ့ပါကွာ၊ ငါ တာဝန်ယူပါတယ်”

ရွာကျော်တစ်ယောက် သူ့အစ်ကိုဆီ ဂျာအေးတို့ လူသိုက်ကို အပ်နှံပြီး ရွာမှ ပြန်လည်ထွက်ခွာသွား၏။ ရွာကျော်နှင့် ချစ်ငွေတို့စကား မှန်လှ၏။ ရွာဘက်ကို လှမ်းကြည့်တော့ လှုပ်ရှားသွားလာနေသူများမှာ များသောအားဖြင့် မိန်းမသားများသာ ဖြစ်လေ၏။

သူတို့လူစု စကားတပြောပြောနှင့် ရှိနေစဉ် ညနေစောင်းလုလုတွင် ဇရပ်ပေါ်သို့ ကျီးကန်းဆိုသူ တက်လာ၏။ မည်းခြောက်ခြောက် ပိန်မျောမျော နှာခေါင်းချွန်ချွန် မေးချွန်ချွန်။ ရုတ်တရက် ကြည့်လျှင် ကျီးကန်းကြီးတစ်ကောင်အလားပင်။ သူတို့ကို မြင်တော့ မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့် ကြည့်နေ၏။ ထိုစဉ် ချစ်ငွေက မိတ်ဆက်ပေးလိုက်၏။

“ကျီးကန်းရေ၊ ဟောဒီလူတွေက မင်းတို့ရွာကို လေ့လာရေး ထွက်လာကြတာကွ။ ဟောဒါ ကိုဖျောက်ဆိပ်၊ ဟောဒါ ကိုဂျာအေး၊ ဟောဒါ ကိုတွင်ဝင်းတဲ့”

“ဘာကိစ္စ လေ့လာချင်တာလဲဗျ”

“ဩော်- ဒီလိုပါ ကိုကျီးကန်းရဲ့၊ ဒီဘက်နယ်မြေတွေဟာ ဂန္ဓာရီနယ်မြေတွေလို့ သတင်းကြားရတယ်ဗျ။ ဒီတော့ ခင်ဗျားတို့ ရွာမှာလည်း ထူးထူးဆန်းဆန်းများ ရှိလေမလားလို့”

“ဟာ- သိပ်ရှိတာပေါ့ဗျာ။ ဒါ ဒါပေမယ့် ဒီကိစ္စ အရမ်းပြောလို့ မဖြစ်ဘူးဗျ။ ကျုပ် အဲဒီလို ပြောလိုက်တာနဲ့ ရွာကနေ ခေါင်းနဲ့ပြေးရမှာ



သေချာတယ်”

“ဟင်- ဘယ်လိုကြောင့်ပါလိမ့်”

“မပြောပါရစေနဲ့ဗျာ။ ခုတောင် ကျုပ် အရိုးလေးနဲ့ စကားများပြီး ထွက်လာတာဗျ”

“ဘာဖြစ်တာတုံး ကျီးကန်းရ၊ ဧကန္တ မွေးမြ ပြဿနာ ထင်တယ်”

“ဟုတ်ပ၊ ကိုချစ်ငွေရာ၊ မွေးမြက ကျုပ်အိမ်ပေါ် တက်လာပြီး ကျုပ်ကို တောင်းရမ်းနေတာဗျ”

“ဟေ”

ကြားလိုက်ရသော စကားကြောင့် ဂျာအေးရော ဖျောက်ဆိပ်ပါ မျက်လုံးပြူးသွား၏။ မိန်းမက စတောင်းရသော ရွာကလေး၏ ဓလေ့စရိုက်ကိုလည်း အံ့ဩကြီး အံ့ဩနေ၏။ ထိုစဉ် ကျီးကန်း၏ ရှုံ့မဲ့မဲ့ ပြာနှမ်းနှမ်း အသံပေါ်လာ၏။

“ကျုပ်က လူပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် နေချင်သေးတာဗျ။ အဲဒါ မွေးမြက ကျုပ်ကို မြင်တော့ အရူးအမူးဗျာ။ ဒါကြောင့် ဒီဘက်ကို ထွက်လာတာဗျ။ ခက်တာ ကျုပ်တို့ ရွာသားတွေအားလုံး ဝစီပိတ်နေရချိန်ဗျ။ ဘပေါရွှေလည်း ဘာမှ မတတ်နိုင်ဘူးဗျာ”

“ဟင်- ဒါဆို မင်းက ဝစီမပိတ်ဘူးလား”

“ဟာ- သူတို့ရှေ့တော့ ‘အင်း’ပေါ့ဗျာ၊ ကွယ်ရာကျတော့ ဟဲဟဲ။ ခုတောင် ချောင်းဟိုဘက်က ရွာတွေမှာ ယမကာသွားရှာပြီး ပြန်လာတာဗျ”

“ဟေ- ကျီးကန်း မင်းနော် ပြဿနာကို မီးခတ်ပေးနေတာလား”

“ဟဲဟဲ မလုပ်နဲ့ဆိုတဲ့ အလုပ်ကို လုပ်ရတာ အရသာဗျ။ ဟဲဟဲ ကဲ- ဒါတွေထားစမ်းပါဗျာ၊ ဧည့်သည်တွေကို ကြည့်ရတာ ခရီးပန်းလာပုံပဲ”

“ရပါတယ်ဗျာ၊ ခင်ဗျားတို့ရွာရဲ့ ထူးဆန်းတဲ့ အဖြစ်သနစ်ကို ကြားတော့ အတော့်ကို အံ့ဩနေကြတာဗျ”

တင်ဝင်းက ကျီးကန်းတို့ မဒီချောင်းရွာကလေး၏ ဖြစ်စဉ်ကို အံ့ဩဟန်ဖြင့် ပြောလိုက်၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့မှာလည်း တင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



နည်းတူပင်။ ထိုအချိန်တွင် ကျီးကန်းက တဟားဟား ရယ်မောလိုက်၏ သူ၏ရယ်မောသံက ပီပီသသ ကျီးကန်းကြီးတစ်ကောင်၏ အော်သံအလားပင် တဟားဟား ရယ်သံကလည်း ဂျာအေးတို့ နားထဲတော့ တအားအားနှင့် အော်သံလိုပင်။

"ခင်ဗျားတို့ အံ့မယ်ဆိုလည်း အံ့စရာပေါ့ဗျာ။ ဝစီပိတ်ဆိုတာ ကျုပ်တို့ ယောကျ်ားသားတွေက တစ်နှစ်ကို သုံးကြိမ် စောင့်ထိန်းရတာ ဗျ။ တစ်ခါစောင့်ရင် တစ်လတိတိ စောင့်ရတယ်လေ"

"ဟင်- ဝစီပိတ်၊ ဒါဆို ယောကျ်ားတွေ စကားမပြောရဘူးပေါ့"

"ဟုတ်တယ်၊ စကားပြောရင် သီလကျိုးတယ်ဗျာ။ ပြီးတော့လည်း ယောကျ်ားလေး မိန်းကလေးရဲ့ ဖူးစာရေး အိမ်ထောင်ရေးကိစ္စမှာလည်း မိန်းကလေးဘက်က ဦးဆောင်ရတယ်။ သားရှင် ကျေနပ်အောင် လ ဆောင် အမွေတွေကအစ တင်ရတယ်။ ပြီးတော့ အဲဒီ မိန်းကလေး သူ တောင်းရမ်းတဲ့ ယောကျ်ားလေးကို တစ်သက်ပတ်လုံး လုပ်ကျွေးရတာ ဗျ"

"အံ့သြစရာပဲဗျာ၊ ဒါဆို ခင်ဗျားက ဘာကြောင့် မဆိုတာလဲ"

"ကျွန်တော်က ရွာလူကြီး ဒေါ်ဗျိုင်းရဲ့တူလေဗျာ။ ဒီတော့ ရွာ က သိပ်မပြောရဲကြဘူးပေါ့။ ပြီးတော့ ရွာမှာ အရက်မသောက်ရဘူး

"ဒါဆို ခင်ဗျားကျတော့ ဒေါ်ဗျိုင်းတူဖြစ်လို့. . ."

"ဒါပေါ့ဗျာ။ အဲဒီလိုမှ ကျုပ်မနေရရင် ရွာက ထွက်ပြေးရုံပေါ့ ခုတောင် အရက်ထွက်ရှာတာဗျ။ ခင်ဗျားတို့ ချချင်ရင် ကျုပ်နဲ့လိုက်

"ဟာ- မဖြစ်ဘူးထင်တယ်"

"ဘာလို့ မဖြစ်ရမှာလဲဗျ၊ မဗျိုင်းတူပါဆိုမှ ရွာသူတွေ မပြော ဘူးဗျ။ ပြီးတော့ ရွာသားတွေကလည်း ဝစီပိတ်ဝင်နေကြတာဗျ။ လာစ ဗျာ၊ ဒီမှာနေရတာ မလွတ်လပ်ပါဘူး။ စားဖို့သောက်ဖို့ မပူနဲ့၊ ကျုပ်အ ကို ပြောထားပေးမယ်။ ကျုပ်က အိမ်တစ်လုံး သပ်သပ်နေတာဗျ။ လာ ခင်ဗျားတို့သုံးယောက်စလုံး လိုက်ခဲ့"

"ဟင်- ဖြစ် ဖြစ်ပါ့မလားကွာ"

ဖျောက်ဆိပ်တစ်ယောက် မဒီချောင်းရွာထဲ ဝင်ရမှာ ခြေလှမ်း





နေ၏။ မိန်းမအုပ်စိုးသည့်ရွာဖြစ်၍ စိတ်ထဲ တစ်မျိုးတစ်မည် ခံစားနေရ ၏။

ကျီးကန်းကတော့ ဖွတ်မှ ဖွတ်။ သူတို့လူစုကို ရွာအနောက်ဘက် ည်းရိုးမှ လှည့်ပတ်ခေါ်သွားကာ ငှက်ပျောတောကို ဖြတ်ပြီး ဝင်လိုက်၏။ ထိုအခါ ကျီးကန်းနေသော တဲတစ်လုံးကို တွေ့လိုက်ရ၏။

တဲက အတော်လေး ကျယ်ဝန်းလှပြီး ပစ္စည်းပစ္စယများ ဖရိုဖရဲ ဆိုးလိုးတွဲလောင်း။ သူတို့လေးဦး တဲပေါ်တက်လိုက်ကြ၏။

"ထိုင်ကြဗျာ၊ ကျုပ်အိမ်မှာ လွတ်လွတ်လပ်လပ်နေကြ။ ရွာမှာ ုတ်ထားတဲ့ စည်းကမ်းဥပဒေဆိုတာ ကျုပ်ကြီးတော်က ထုတ်တာ။ တော့ ကျုပ်အတွက်တော့. . . ဟဲဟဲ ဟောဒီမှာ ပင်ကျရည် ကောင်း တာင်းနှင့် ချက်ထားတဲ့ ယမကာဗျ။ ပြီးတော့ အမြည်းကိစ္စလည်း မပူနဲ့။ ိပ်ရရင်လည်း ဒီမှာအိပ်ကြဗျာ။ ကြိုက်သလောက်နေကြ။ တစ်ခုတော့ တယ်၊ ရွာထဲတော့ လျှောက်သွားလို့မရဘူး။ ခုချိန်မှာ ယောကျ်ားတွေ စီပိတ်ချိန်ဗျ၊ အိမ်ပေါ်က အိမ်အောက်တောင် မဆင်းရဘူးဗျ"

"ဟင်- ဒါဆို အိမ်ထဲ ပုန်းနေရမှာပေါ့"

"ဟဲဟဲ ကျုပ်အတွက်တော့"

"ဟာ- ဒါဆို ကိုကျီးကန်းကလည်း ကျုပ်တို့က ခင်ဗျားရဲ့ အထူး ငယ်ချင်းတွေပဲဗျာ"

"ဟေ"

ဂျာအေးစကားကြောင့် ကျီးကန်း မြောက်ကြွမြောက်ကြွ ဖြစ်သွား ပထမတော့ တွေဝေသွားသေး၏။ နောက်မှ ပြုံးစိစိနှင့် ပြောလိုက်၏။

"ဟာ- ဟုတ်ပ၊ ကိုဂျာအေးစကားက အကိုက်ပဲ။ ဟုတ်တယ်၊ ့စွ ကျုပ် သွားပြောမယ်ဗျာ"

"ကျုပ်လည်း လိုက်မယ်လေ"

"ဟင်- ဟို. . . ရွာထဲ ဘယ်ယောကျ်ားမှ လမ်းပေါ်မထွက်ရဘူးဗျ"

"ဟာ ကိုကျီးကလည်း ကျုပ်တို့က ခင်ဗျားရဲ့ အထူး. . ."

"ဘာကြဗျာ၊ ကျုပ်က ဒီလောက်တော့ ဖြစ်ရမှာပေါ့လေ။ ကျုပ် တော် ဒေါ်ဗျိုင်းက နည်းနည်းတော့ ကြမ်းတယ်ဗျ။ ဒါပေမယ့် မနော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်ဗျ"

"ဟုတ်လား၊ ဒါဆို သွားမယ်ဗျာ"

ဂျာအေးသည် ကျီးကန်းနှင့်အတူ ရွာထဲလျှောက်ခဲ့၏။ ကျီးကန်း ပြောသလိုပင် ရွာလမ်းမပေါ်တွင် ရွာသားတစ်ယောက်တလေမျှ မတွေ့ရ အများအားဖြင့် မိန်းမသားများကို မြင်ရပြီး တချို့ကလည်း ဝိုင်းဖွဲ့ စကား ဆိုနေကြ၏။

သူတို့နှစ်ဦးကို မြင်တော့ ရွာသူအချို့က မျက်စောင်းတခဲခဲ ဖြစ်နေ ၏။ ထိုစဉ် ရွာအရှေ့ခြမ်းသို့အရောက် မန်ကျည်းပင်ကြီးအောက် ကွပ်ပျစ် ပေါ်တွင် ထိုင်နေသော မိန်းမကြီးတစ်ဦးက လှမ်းအော်လိုက်၏။

"ဟဲ့- ကျီးကန်း၊ ဘယ်တုံး"

"ကျုပ်ကြီးတော်ဆီဗျ၊ ဟဲဟဲ"

"နင့်ဘေးက ဘယ်သူတုံး"

"ဟာ- ဒါ ကျုပ်ရဲ့သူငယ်ချင်း ကိုဂျာအေးလေဗျာ။ ပြီးတော့ ကျုပ် ကြီးတော်နဲ့လည်း သိတယ်ဗျ"

"ကျီးကန်းနော် နင် ရွာအကြောင်းလည်း သိသားနဲ့"

"ဩော်- ကြီးဒွေးဖြူကလည်းဗျာ။ ကိုဂျာအေးက ဧည့်သည်လေ ပြီးတော့ ကျုပ်ရဲ့ အထူး ဧည့်သည်တော်ဗျ။ လာလာလာ"

ဒေါ်ဒွေးဖြူဆိုသော မိန်းမကြီးက ကျီးကန်းကို အံတကြိတ်ကြိတ် နှင့် ကြည့်နေ၏။ ထိုစဉ် သူတို့နှစ်ဦး အိမ်ကြီးတစ်အိမ်ပေါ် သို့ တက်ခဲ့ကြ ရာ အိမ်ဦးခန်းတွင် ထောင်ထောင်မောင်းမောင်း မိန်းမကြီးတစ်ဦး ထိုင်နေ ၏။

ပါးစပ်ကလည်း ကွမ်းတမြုံ့မြုံ့ဝါးနေ၏။ ဆံပင်ကို သျှောင် တစောင်းထုံးထားသဖြင့် ရုတ်တရက်ကြည့်လျှင် ယောကျ်ားကြီးတစ်ဦးနှင့် တူလှ၏။ ကျီးကန်းကို မြင်သည်နှင့် အမျိုးသမီးကြီးသည် ပြုံးတုံ့တုံ့ဖြစ်သွား ၏။

"ဟဲ့- တူကလေး ကျီးကန်း၊ ဘာလာလုပ်တာလဲ။ ဘေးက ဘယ်သူ တုံးဟဲ့"

"ကြီးတော်၊ ဒါ ကျုပ်ရဲ့ အထူး သူငယ်ချင်း ဂျာအေးဗျ။ အဲဒါ





သူနဲ့အတူ လူနှစ်ယောက် ပါလာတယ်ဗျ"

"ဟင်- စောစောပြောပေါ့ တူလေးရယ်။ ကဲပါ မင်းအိမ်မှာ တည်း ကြမှာလား"

"ဒါပေါ့ ကြီးတော်ရ။ လောလောဆယ်တော့ ကျုပ်အိမ်မှာ တည်း ကြမှာဗျ။ အဲဒါ ကြီးတော်လူတွေကို ပြောထားဦးနော်။ ကျုပ်သူငယ်ချင်း တွေက တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးဗျ"

"အေးပါဟယ်။ ဟဲ့- ပေါ်ရွှေ၊ ကလေးတွေကို စားစရာတွေ ထုတ် ပေးလိုက်စမ်း"

ဒေါ်ဗျိုင်းက အိမ်နောက်ဘက် လှမ်းအော်လိုက်ရာ မကြာခင် လူကြီးတစ်ယောက် အစားအသောက်များ ယူလာ၏။ သူ့အသွင်က ရွာလူ ကြီး ဒေါ်ဗျိုင်းကို အတော်ကလေး ကြောက်လန့်နေပုံရ၏။ ထိုစဉ် ဒေါ် ဗျိုင်းက-

"ကိုပေါ်ရွှေ၊ ကျုပ်ဇက်ကြော ဆွဲပေးစမ်း။ မနေ့က ရှင်ချက်တဲ့ ဟင်းတွေက အားလုံး တက်စာတွေကြီးပဲ။ ရှင်နော် ကျုပ် တစ်အိမ်လုံး ရှာကျွေးနေတာ။ ဘာလဲ ကျုပ်ကို သေအောင် တမင်လုပ်တာလား ပြော စမ်း"

"အု အု အိ အိ"

"ရှင်ကြီးနော်၊ မိဗျိုင်းအကြောင်း သိတယ်မဟုတ်လား။ ဟင်းဟင်း အမှန့်ကြိတ်ပစ်လိုက်မယ်နော်"

"အု အု အိ"

ဦးပေါ်ရွှေခမျာ ဝစီပိတ်ကျင့်နေရသည်မို့ တအုအု လုပ်ရင်း ခြေ ဟန်လက်ဟန်နှင့် ပြောဆိုနေရလေ၏။ ထိုအခြေအနေကို ဂျာအေးတို့ လူသိုက် တအံ့တသြ ဖြစ်နေရ၏။ ထိုစဉ် ကျီးကန်းက ကြီးတော်ဖြစ်သူကို ခပ်ချွဲချွဲ ပြောလိုက်၏။

"ကြီးဗျိုင်း"

"ဟော- ဘာတုံး တူလေးရဲ့"

"ဟိုလေ ကျုပ် အိတ်ကပ်ထဲ ပိုက်ဆံကုန်နေပြီဗျ။ မုန့်ဖိုးလေး ဘာလေး ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးနော် နေရာတကာမှာ ဖြုန်းမနေနဲ့။ ပိုက်ဆံက မြေကြီးထဲက ထွက်တာ မဟုတ်ဘူး ကောင်လေးရဲ့။ ရော့ရော့ ဒါပဲ ယူသွား"

"ကျေးဇူးပဲ ကြီးဗိုက်ရေ"

သူတို့လူစု အိမ်ပေါ်မှ ဆင်းခဲ့၏။ ကျီးကန်း၏အသွင်က မြောက်ကြွမြောက်ကြွ။ တစ်ရွာလုံး သူ့အိတ်ထဲ ထည့်ထားသလိုပင်။

"ဟားဟားဟား မဒီချောင်းမှာ ကျီးကန်းဆိုရင် ဘယ်သတ္တဝါမှ နားရွက်လှုပ်ရဲတာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့ ကြိုက်တာလုပ်စမ်း။ ဘာလုပ်ချင်သလဲပြော၊ ရွာကို မှောက်ပစ်လိုက်မလား၊ ဒါမှမဟုတ် ခေါင်မိုးတွေလှန်ပစ်လိုက်ရမလားပြော"

"ဟာဟ ကြမ်းလှချည်လား"

"ဒါတောင် လျှော့ထားတာ ကိုဂျာအေးရ။ ကျီးကန်းပြုပြီဆိုရင်တော့ တစ်ရွာလုံး ပြေးပေတော့ပဲဗျို့"

"ဟင်- ဗိုဆိုးလာတယ်"

"ဟဲဟဲ လာ ကျုပ်တို့ အိမ်ပြန်ပြီး လက်ကျန်ရှင်းမယ်။ လောလောဆယ် ရွာက ပေါက်တူးအိမ် အရင်ဝင်ရအောင်"

"ဘာပေါက်တူး ဘာလုပ်ဖို့တုံး"

"ဟာ ကိုဂျာအေးကလည်း ဟောဒီ မဒီချောင်းရွာမှာ ဆရာပေါက်တူးက နာမည်ကြီးဗျ။ သူ့ကြောင့် မဒီချောင်း ရွာသားတွေ ဝမ်းပိတ်ဘဝ ရောက်ကုန်တာဗျ"

ကျီးကန်း၏စကားကြောင့် ဖျောက်ဆိပ် ပါးတားတား ဖြစ်နေ၏။ ထို့နောက် ဘုရားလယ်ပိုင်းရှိ မြေစိုက်တဲကလေးထဲ ဝင်ခဲ့ကြ၏။ သူတို့ တဲထဲဝင်ရောက်သွားချိန်တွင် လူတစ်ယောက် ပုန်းလျှိုးကွယ်လျှိုးနှင့် တစ်ခုခု ကြံစည်နေ၏။ သူတို့ကို မြင်တော့ မျက်လုံးအပြူးသား။

"ဟာ- ကျီး ကျီးကန်း မင်းကလည်းကွာ။ အသံလေးဘာလေး ပေးပါကွာ။ တော်ကြာ ရွာသူတွေကြားမှ ပြဿနာ"

"ဟားဟားဟား ကိုပေါက်တူးကလည်းဗျာ၊ ကျုပ်က မဒီချောင်းကို မှောက်ပစ်လိုက်လို့ရတာ ခင်ဗျားအသိပဲဗျ။ ဟဲဟဲ ဟောဒီမှာ ကျုပ်ဧည့်သည်တွေ ပါလာတယ်ဗျ။ ဘယ်မှာတုံး ခင်ဗျား ပုန်းလျှိုးကွယ်လျှိုး





လုပ်နေတာ။ ဇကန္တ ဟိုဟာချက်နေတာ မဟုတ်လား"

"ဟဲဟဲ မင်းသိသွားပဲကွာ။ ရွာမှာ အရက်မှ မရှိတာ။ မင်းကြီးတော် သိသွားလည်း ပြဿနာဖြစ်မှာဆိုးသကွ။ ဒါပေမယ့် မင်းရှိနေတော့ ငါလည်း အရဲစွန့်ရတာပေါ့ကွာ။ လာလာ ထိုင်ကြ။ ငါလျှိုထားတဲ့ ပုလင်းနှစ်လုံးရှိတယ်ကွ"

သူတို့စကားကို ပေါက်တူးက ပြုံးဖြီးဖြီးနှင့် ပြန်၍ ပြောဆိုနေ၏။ ပေါက်တူးအသွင်က ထူးဆန်းလှ၏။ နဖူးမောက်မောက် မေးရိုးချွန်ချွန်နှင့် ဖြူဟ်သားပုံပေါက်နေ၏။ သူတို့လူစု တဲထဲဝင်ထိုင်လိုက်သည်နှင့် ပုန်းလျှိုးကွယ်လျှိုး ချက်ထားသည့် အရက်ပုလင်းနှစ်လုံးနှင့် အမဲကြော်များ ထုတ်ပေးလိုက်၏။ ကျီးကန်းသည် ဆရာပေါက်တူးနှင့် ဂျာအေးတို့ကို မိတ်ဆက်ပေးလိုက်၏။

"ဟောဒါ ဆရာပေါက်တူးဗျ။ ဝိန္ဓောဆရာကြီးပေါ့ဗျာ။ ဟဲဟဲ သူကုလိုက်တဲ့ လူနာမှန်သမျှ ခဏခဏ မြေမြှုပ်ရလွန်းလို့ ဆရာပေါက်တူးလို့ အမည်တွင်နေတာဗျ။ နာမည်အရင်းက ကိုဘနိုင်ဗျ"

"ဟုတ်တယ်ဗျ။ ဟဲဟဲ ကျုပ်ကလည်း ဆေးမလိုက်ပါဘူးဗျာ"

"ဟို ခင်ဗျားကြောင့် တစ်ရွာလုံး ဝမ်းပိတ်ရတယ် ဆိုတာက"

"သြော်- ဒါလား အဲဒါ တခြားတော့ မဟုတ်ဘူးဗျ။ ကျုပ်တို့ဆေးပညာရဲ့ သဘောအရ ပြောရရင် လူတွေမှာ ရောဂါဘယ ထူပြောရခြင်းဟာ အစားအသောက်ကြောင့်ပဲ။ အဲဒီအထဲမှာ ဝက်ဆိုတဲ့ သတ္တဝါတွေဟာ လူတွေကို ဒုက္ခပေးလွန်းတယ်ဗျ။ ဝက်သားစားလို့ လေဖြတ်မယ်၊ အကြောထုံးမယ်၊ သွေးတိုးမယ်၊ အဆစ်အမြစ်ရောင်မယ်၊ အသည်းတို့ ကျောက်ကပ်တို့ အစာအိမ်တို့ကို ဒုက္ခ အများဆုံးပေးတာလည်း အဲဒီ ဝက်သတ္တဝါပဲဗျ။ ဒါကြောင့် ကျုပ်က ဝက်ဆို လုံးလုံး ကြည့်မရဘူး။ ဒီအချိန်မှာ ကျုပ်တို့ရွာက ရွာသူတွေက ဝက်ဆို ခွာကစပြီး မျိုချင်ကြတာဗျ။ အဲဒီကိစ္စကို ကျုပ်က ဆန့်ကျင်ခဲ့တာလေ။ ကျုပ်စကားကို နားဝင်တဲ့ ရွာသားတွေကို ဝက်စည်းရုံးရေး ဆင်းခဲ့တာဗျ။ မိန်းမတွေဟာ အဲဒီ ဝက်သားတွေကို ဈေးချင်းနဲ့ ပုံပျက်ပန်းပျက် ဖြစ်လာကြတယ်။ ဒီတော့ ကျုပ်တို့ ရွာသားတွေအတွက် ဝက်ဟာ ရန်သူပဲဗျ။ ဒါကြောင့် ရွာထဲက ဝက်တွေဖမ်းပြီး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



က ဝက်ဖင်တွေကို မြင်းမြီးနဲ့ ချုပ်ပစ်လိုက်တာဗျ"

"ဗျာ- ထူးဆန်းလှချည်လား၊ ဘာ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲဗျ"

ဆရာပေါက်တူး၏ စကားက အံ့ဖွယ်ပင်။ ဝက်ဖင်တွေကို မြင်းမြီးနှင့် ပိတ်ပစ်လိုက်တယ်ဆိုသော စကားကြောင့် သူတို့အားလုံး ဘယ်လိုမှ နားမလည်နိုင်။ ထိုအချက်ကို ဖျောက်ဆိပ်က မျက်ခုံးမျက်လုံးပင့်၍ မေးလိုက်၏။ ပေါက်တူးက သူ့ကို ခပ်ကြွားကြွား ဖြေလိုက်၏။

"ဟာ- ကျုပ်လုပ်လိုက်တာ ဝက်တွေ မျိုးတုံးအောင် လုပ်ပစ်လိုက်တာဗျ။ အဲဒီလို လုပ်လည်းပြီးတော့ ဝက်တွေ တဖုန်းဖုန်း သေကုန်ရောဗျာ။ ဒီတော့ ဝက်သားဆို အသေရရ အရှင်ရရ မက်မောတဲ့ မိန်းမသားတစ်သိုက် ထပြဿနာရှာတော့တာပေါ့ဗျာ။ ကျုပ်က စေတနာနဲ့ လုပ်တာကို စေတနာမထင်ကြဘူးလေ။ ကျုပ်ကို ဝိုင်းအပြစ်တင်ကြတယ်။ ပြီးတော့ ဒီကိစ္စမှာ ရွာသားအတော်များများ ပါနေတော့ ကျီးကန်းကြီးတောင် မဖျင်းပြဿနာရှာတော့တာပဲဗျို့"

"ဟင်- ဒါဆို ဝစီပိတ်"

"ဟုတ်ပ၊ အဲဒီအချိန်ကစပြီး ကျုပ်တို့ကို ဝစီပိတ်ကျင့်ခိုင်းတော့တာပဲဗျို့။ အမှန်တော့ ဝက်သားဟာ မိန်းမတွေကို ကောင်းကောင်း ဒုက္ခပေးတာဗျ။ ပြောရရင် ဂီတာရိတ် ကိုယ်လုံးလေး ပျက်သွားအောင် လုပ်ပစ်တာလည်း ဝက်ဗျ။ ရွာသူတွေကြည့်လိုက် ဝဝဖီးဖီးနဲ့ ပုံပျက်ပန်းပျက်ဗျာ ဒါကို ကျုပ်က စေတနာနဲ့ လုပ်ခဲ့တာ။ ခုတော့ တစ်ရွာလုံး ယောကျ်ားတွေ ဝစီပိတ်ကျင့်နေရတယ်ဗျ။ သူတို့က သူတို့ တအားကြိုက်တဲ့ ဝက်တွေဖင်တွေပိတ်ပစ်တာမို့ ကျုပ်တို့ ပါးစပ်တွေလည်း ပိတ်ပစ်တာပေါ့ဗျာ"

"ဪ ဒီလိုကိုး"

"ဟုတ်ပ့ါဗျာ၊ ကျုပ်လည်း ကျီးကန်းရှိနေလို့ပေါ့။ သူတို့ရှေ့ကျရင်တော့ ဟန်ဆောင်ထားရတာဗျ"

"အံ့ဖွယ်ပါလားဗျာ"

"ကဲ သောက်ကြဗျာ"

ဆရာပေါက်တူး၏ စကားဆုံးသွားသောအခါ သူတို့လူစုအမဲ





ခြောက် မြည်းပြီး တစ်ခွက်တစ်ဖလား တွယ်လိုက်ကြ၏။ ထူးခြားလှသော ပေါက်တူး၏ ဖြစ်စဉ်ကို ဖျောက်ဆိပ်ရော ဂျာအေးပါ တအံ့တသြ ဖြစ်နေ၏။ သို့နှင့် ညဦးပိုင်းအရောက်တွင် သူတို့သုံးဦး ရွာအနောက်ဘက်မှ ပြန်ခဲ့ကြ၏။

ရွာလယ် လမ်းမပေါ်တွင် လူတွေက တရုန်းရုန်း။ လူတွေဆိုတာ မိန်းမတစ်သိုက်လို့ ပြောရင် ပိုမှန်ကန်ပေမည်။ မယ်ဒလင်တီးသူတီး၊ သီချင်းဆိုသူဆိုနှင့် ကာလသမီးတစ်သိုက် ပျော်မြူးနေကြ၏။

သူတို့ကို မြင်တော့ ကာလသမီးခေါင်းဆောင် ခင်ပိုက် တစ်စခန်း ထလေတော့၏။

"ဟဲ့- ကျီးကန်း၊ ဘယ်ကလေကဝတွေ ခေါ်လာသတုံးဟဲ့။ ဒါ ယောကျ်ားတွေ လမ်းသလားချိန်လား ပြောစမ်း"

"ဟာ- မခင်ပုပ်ကြီးပါလား"

"ဘာ- ဘာမခင်ပုပ်လဲ၊ ခင်ပိုက်ဟဲ့ ခင်ပိုက်"

"ဪ- မခင်ပိုက်ပါလား။ ဟဲဟဲ ဒါ ကျုပ်တို့ရဲ့ အထူး သူငယ်ချင်းတွေလေ၊ ဇာတ်ထဲက လူတွေဗျ"

"ဘာ- ဇာတ်ထဲက၊ ဘယ်ဇာတ်ကလဲ"

"ဟဲဟဲ အော်ပရာ ဂျာအေး ဆိုတဲ့ ဇာတ်လေဗျာ။ မြို့မှာ ဟိုးလေး တကျော်ကျော်ဗျ"

"အင်- ကျီးကန်းကတော့ လုပ်ပြီဟေ့"

ကျီးကန်းစကားကြောင့် ဂျာအေး ကြွတကြွတ ဖြစ်သွား၏။ ဇာတ်မင်းသားဟု အပြောခံလိုက်ရသည်မို့ ဂျာအေး တဟဲဟဲ ဖြစ်နေ၏။ ထိုစဉ် ကာလသမီး ခင်ပိုက်က ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ပုံပန်းသဏ္ဌာန် ကြည့်ပြီး နှာခေါင်းရှုံ့သွား၏။

"ရုပ်တွေက ပေစုတ်စုတ်နဲ့၊ ကေန္တ တန္တေ သရဲခန်းက ကတဲ့ ဇာတ်မင်းသားတွေလား"

"ဟာ- ခင်ပိုက်ကလည်း၊ ဟောဒါ အော်ပရာ ဂျာအေးအဲ့။ ဟောဒါက ဇာတ်ဒါရိုက်တာ ကိုဖျောက်ဆိပ်တဲ့။ ကိုဂျာအေးက အော်ပရာမှာ အငို တအားကောင်းတာဗျ။ သူငိုပြီဆို ပရိသတ်တွေတောင် ရင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



ထုပြီးငိုတာဗျ ဟဲဟဲ"

"အလိုတော် ဒီလောက်ပဲ လွမ်းတတ်သလား။ ဒါဆို တို့ရွာမှာ ကခိုင်းပါလား"

"ဟာ- ဟို ကျုပ် ကျုပ်တို့ နောက်တစ်ခေါက်လာမှပဲ ကပါ့မယ်။ ဟဲဟဲ"

"ကျီးကန်းနော် နင် ရွာရဲ့ စည်းကမ်းကိုတော့ မဖောက်နဲ့။ ငါတို့က နင့်ဧည့်သည်တွေမို့ အခွင့်အရေးပေးလိုက်တာ။ မဟုတ်လို့ကတော့ ကြီးဖျိုင်းဆီခေါ်ပြီး ထိတ်တုံးခတ်ပစ်လိုက်မှာ၊ ကြားလား"

"ကြားပါတယ်ဗျာ၊ ဟဲဟဲ သွားပြီဗျို့"

သူတို့လူစု ထင်ရာမြင်ရာပြောဆိုပြီး ရွာလမ်းမအတိုင်း ဖြတ်၍ လျှောက်ခဲ့ရာ အိမ်တစ်အိမ်မှ အော်သံဟစ်သံများကို ကြားလိုက်ရ၏။

"အောင်မယ်လေး အုအု အိအိ "

"ရှင် လက်ပိုက်ထားစမ်း၊ အသံမထွက်နဲ့နော်။ ဝမ်းပိတ်ကျင့်နေတာ ရှင် မသိဘူးလား၊ ပြောစမ်း"

"သိ အဲ အု အု အိ အိ"

"ဟိုဘက်လှည့်၊ ဟိုဘက်ကိုလှည့်"

"အိ အိ အု အု"

ကြားလိုက်ရသည့် အသံဗလံများကြောင့် အိမ်ထဲကို လှမ်းကြည့်လိုက်တော့ အမျိုးသမီးကြီးတစ်ဦးက ယောကျ်ားလုပ်သူကို နွားရိုက်ကြိမ်လုံးနှင့် ရိုက်နှက်နေ၏။ ယောကျ်ားလုပ်သူခမျာ ခါးတောင်းမြှောင်အောင် ကျိုက်ထားပြီး လက်ကလေးပိုက်ကာ ကျောပေးထားရ၏။

"ဟာ- တော်တော် အံ့စရာပဲဗျို့"

"အဲဒါ ကိုတာတီးလေ၊ ကိုတာတီးက နည်းနည်းပေတယ်ဗျ။ ဖြဲတော့ မိန်းမပေွချင်သဗျ။ ဒါကြောင့် သူ့မိန်းမက ဆုံးမနေတာလေ"

"ဟင်- မင်းတို့ရွာစရိုက်ကတော့ အံ့ချက်ပဲ ကျီးကန်းရေ၊ ဒီကိစ္စ ကမ္ဘာကသိရင် အံ့ဖွယ်စာအုပ်ထဲ ထည့်မှာကွ"

"ဟဲဟဲ ဒီဖြစ်စဉ်ကို ဖန်တီးပစ်လိုက်တာ ကျုပ်ကြီးတော်ဗျ"

"ဟာကွာ၊ အဲဒီလို လုပ်တာတော့ ငါ သဘောမကျဘူးကွ။





ယောကျ်ားဆိုတာ အိမ်ဦးနတ်ကွ၊ ခုတော့ နတ်တွေတောင် ကြိမ်နဲ့အဆော်ခံရပြီဆိုတာ လွန်သကွ"

ဖျောက်ဆိပ်က သူထင်ရာ စွတ်ပြောလိုက်၏။ ဂျာအေးကလည်း မကျေနပ်။ သို့သော် ရွာဓလေ့မို့ ပြဿနာမလုပ်ချင်သည်နှင့် အိမ်ဘက်သို့ ပြန်ခဲ့ကြလေ၏။ သူတို့ရောက်ရှိသွားချိန်တွင် တင်ဝင်းတစ်ယောက် ဒေါင်ချာဆိုင်းကာ မူးနေပြီဖြစ်လေ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တဖုန်းဖုန်းပြေးလာသည့် အသံကြောင့် ဖျောက်ဆိပ်နှင့် ဂျာအေး အိပ်နေရာမှ လူးလဲထလာ၏။

"ဘာ ဘာဖြစ်တာလဲကွ"

"ပြောတတ်ဘူး၊ အော်သံဟစ်သံတော့ ကြားတာပဲကွ"

"ဘာတွေတုံးကွ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် အိမ်ပေါ်ကို တင်ဝင်းတစ်ယောက် အူယားဖားယားနှင့် အပြေးတက်လာ၏၊ သူ့နောက်မှ ကာလသမီး ခင်ပိုက်နှင့် အပျိုတစ်သိုက် လိုက်လာကြ၏။ တင်ဝင်းခမျာ အူချာချာနှင့် ပြောဆိုနေ၏။

"လုပ် လုပ်ပါဦးဗျို့၊ ကျုပ် ကျုပ်ကို ဟို ရွာထဲက မိန်းမတွေအတင်း ဝိုင်းလိုက်လို့ဗျ"

"ဟင်- ပြဿနာပဲ"

နောက်မှ ဒရောသောပါး ဝင်လိုက်လာသော ခင်ပိုက်တို့ လူစုကို မြင်ရသောအခါ ဂျာအေးရော ဖျောက်ဆိပ်ပါ ရင်ထိတ်သွားကြ၏။ခင်ပိုက် အသွင်က တင်ဝင်းကို အသေရရ အရှင်ရရ အသွင်၊

"ဘာ ဘာဖြစ်ကြတာတုံးဗျ"

"သူ ဘယ်သူလဲ ပြောစမ်း"

"ဩော်- ဟို ကျုပ်တို့ မိတ်ဆွေ ကိုတင်ဝင်းပါ ခင်ဗျ"



"ဟုတ်လား၊ သူဟာ ထန်းတောဘက်ကို သွားတာ ကျုပ်မြင်လိုက် တယ်။ ဒါကြောင့် သူ့မှာ အပြစ်ရှိတယ်"

"ဗျာ"

ခင်ပိုက်၏ စကားသံက ကြောက်စရာပင်၊ တင်ဝင်းတစ်ယောက် ရွာက ချမှတ်ထားသော ဥပဒေတစ်ခုကို ချိုးဖောက်ခဲ့ပုံရ၏။ ထန်းတော ဆိုသော စကားကြောင့် ဖျောက်ဆိပ် လည်နေ၏။ ခင်ပိုက်၏ စကားကို နားမလည်နိုင်။ ထို့ကြောင့် ထစ်ထစ်ငေါ့ငေါ့နှင့် မေးလိုက်၏၊

"ဟို ထန်းတောဘက်သွားတာ ဘာအပြစ်ရှိလို့လဲဗျ"

"ရှိတာပေါ့၊ ဒါ ကျုပ်တို့ရွာရဲ့ စည်းကမ်းပဲ၊ ယောကျ်ားတွေ ဝစီ ပိတ်ချိန်မှာ ထန်းတောဘက်ကို ခြေတစ်ဖဝါးတောင် မလှမ်းရဘူး။ အဲဒီလို လှမ်းတာနဲ့ အပြစ်ရှိပြီပဲ"

"ဗျာ၊ လုပ် လုပ်ပါဦး ကိုဖျောက်ဆိပ်ရယ်"

"အေး ငါလည်း ဘာပြောရမှန်း မသိဘူးကွ၊ ဟို ကျီး ကျီးကန်း အမြန်နှိုးလိုက်"

"ဟာ ကျီးကန်းလည်း ဒီကိစ္စ မကယ်နိုင်တော့ဘူး"

"ဟင်"

ခင်ပိုက်၏ စကားကြောင့် တင်ဝင်းခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြစ်နေရှာ၏၊ ထိုစဉ် ဂျာအေးက ကျီးကန်းကို အလျင်အမြန် နှိုးလိုက်၏။ အိပ်ချင်မူးတူးနှင့် ထလာသော ကျီးကန်းမှာ ကြားလိုက်ရသော ဖြစ်စဉ်ကြောင့် ခေါင်းတခါခါ ဖြစ်နေ၏၊

"မလွယ်ဘူးဗျို့၊ အချိန်အခါကလည်း မနက်ပိုင်း အချိန်အခါဆို တော့ ကျုပ် ဒီကိစ္စ ဝင်ပြောလို့ မဖြစ်ဘူး။ ကိုတင်ဝင်း ခင်ဗျားတော့ ဒီရွာသားဖြစ်ဖို့ ကျိန်းသေသွားပြီဗျ"

"ဘယ်လို၊ ဘာ ဘာတွေတုံးဗျ"

"ရှည်ရှည်ဝေးဝေး မပြောတော့ဘူး။ ရှင်ဟာ ကျုပ်ယောကျ်ားဖြစ် သွားပြီ"

"ဗျာ၊ ဟာ- လုပ် လုပ်ကြပါဦး"

"မရဘူး၊ ရှင်နဲ့ကျုပ် ရေစက်ဆုံကြပြီ။ ကျုပ် ရှင့်ကို စောင့်တောင့်

www.burmeseclassic.com

www.burmeseclassic.com



တင့်တယ် လက်ထပ်မယ်။ ထွက်ပြေးလို့ကတော့ မလွယ်ဘူးနော်”

“ခင်ဗျာ၊ ကယ် ကယ်ကြပါဦးဗျ”

တင်ဝင်းတစ်ယောက် ကောက်ကာငင်ကာ မိန်းမယူရတော့မည်မို့ ဇွလည်ချာလည် ဖြစ်နေ၏။ ဂျာအေးတို့လူသိုက်မှာလည်း ဝင်မပြောကြ။ သူ့ကို စားတော့ ဝါးတော့မတတ် ကြည့်နေသူက ခင်ပိုက်။

တင်ဝင်းတစ်ယောက်ကို ဘယ်သူမှလည်း မကယ်နိုင်။ ထိုစဉ် ခင်ပိုက်က တင်ဝင်း၏လက်ကို အတင်း ထဆွဲလေတော့၏။

“လာ ကျုပ်နဲ့ လိုက်ခဲ့၊ ကြီးဗျိုင်းဆီမှာ နားသွားဖောက်မယ်”

“ခင်ဗျာ၊ ဟို ကျွန်တော်”

“ရှင့်ပါးစပ်ပိတ်ထား၊ ခုချိန်မှာ ရှင် ဘာမှ ထပ်မပြောနဲ့။ ရှင့်ကို ကျုပ်ယူမယ်၊ ကျုပ်လုပ်ကျွေးမယ်။ ယာနှစ်ကွက်၊ နွားနှစ်ရှဉ်းနဲ့ ရှင့်ကို တင်တောင်းမယ်”

“အောင်မယ်လေးဗျာ၊ ဒုက္ခတော့ တွေ့ပါပြီဗျ”

တင်ဝင်းတစ်ယောက် ညောင်နာနာနှင့် အတင်း ရုန်းနေ၏။ ခင်ပိုက်၏ခန္ဓာကိုယ်ကြီးက တင်ဝင်းထက် နှစ်ဆခန့် ကြီးထွားနေသဖြင့် တင်ဝင်း မရုန်းသာ၊ ပေစောင်းပေစောင်းနှင့် ပါသွားလေတော့၏။

“ဟာ- ဘယ် ဘယ်လို လုပ်ကြမလဲ”

“ဟုတ်ပ့ါကွာ၊ ကျုပ်တို့တော့ ဒီရွာမှာ ကြာကြာနေရင် လူပျိုရည် ပျက်ကိန်းဗျ”

“ဟုတ်ပ့ါကွာ၊ ကဲ- ငါတို့ တင်ဝင်းနောက်ကို လိုက်မှာ။ ကျီးကန်း မင်းလည်း လိုက်ခဲ့ကွာ။ မျက်နှာသစ်လိုက်”

“ဟုတ် ဟုတ်”

ကျီးကန်းတစ်ယောက် အိပ်ချင်မူးတူးနှင့် မျက်နှာ ထသစ်လိုက်၏။ သူလည်း ဘာတစ်ခွန်းမှ ဝင်မပြောသာ။ နောက်ဆုံးတော့ သူတို့သုံးဦး ရွာလူကြီးမဗျိုင်းဆီသို့ အပြေးအလွှား လိုက်ခဲ့ကြလေတော့၏။

သူတို့ရောက်ရှိသွားစဉ် တင်ဝင်းခမျာ ခင်ပိုက်နောက်တွင် ကျုံ့ ကျုံ့ကလေး ထိုင်နေရှာ၏။ ခင်ပိုက်သည် ဒေါ်ဗျိုင်းကို ကျယ်လောင် ကျယ်လောင်နှင့် ပြောဆိုနေ၏။





ခင်ပိုက်၏စကား ဆုံးသွားသည်နှင့် ဒေါ်ဗျိုင်းက ခေါင်းတညိတ် ညိတ် လုပ်နေ၏။

“ခင်ပိုက်၊ ညည်းလုပ်တာမှန်တယ်။ ညည်းက ဘယ်လို စီစဉ်မှာ လဲ”

“ကျုပ် မဏ္ဍပ်ထိုးပြီး မင်္ဂလာဆောင်မှာပါ။ ပြီးတော့ ယာနှစ်ကွက်၊ နွားနှစ်ရှဉ်း တင်တောင်းမှာပါ”

“ကောင်းပ့ါကွယ်၊ မောင်တင်ဝင်း”

“ခင်ဗျာ၊ ဟို. . . ကျွန်တော်”

“မင်း ဘာမှ ထပ်မပြောနဲ့၊ မင်း ခင်ပိုက်ကို ယူရမယ်။ မယူချင်ဘူး ဆို ထမင်းခုနစ်ရက်မကျွေးဘဲ ထိတ်တုံး ခုနစ်ရက် အခတ်ခံနိုင်သလား”

“ဗျာ၊ မ မလုပ်ပါနဲ့ ကြီးတော်ရယ်”

“မရဘူးလေ၊ ဒါ ရွာရဲ့ ဓလေ့ပဲ။ ညဲ့သည်က အိမ်ရှင် ခွင့်မပြုဘဲ ထန်းတောမှာ ထန်းရည်ရှာတာကိုး။ ဒီတော့ မင်းမှာ အပြစ်ရှိနေပြီ”

“ဆရာဖျောက်”

“ဟေလကွယ်”

“မကယ်နိုင်တော့ဘူးလားဗျ”

“တိတ်စမ်း”

“အင်”

ခင်ပိုက်က တင်ဝင်းကို လှည့်ဟောက်ပစ်လိုက်၏။ တင်ဝင်း ဘာ တစ်ခွန်းမှ ဆက်မပြောရဲတော့။ မျက်လုံးလေး ပြူးချာချာနှင့်သာ ကြည့်နေ ရှာ၏။ ဂျာအေးရော ဖျောက်ဆိပ်ပါ လက်ရောခြေရော မြှောက်ထားရ၏။ နောက်ဆုံး တစ်ရွာလုံးရှိ အပျိုတစ်သိုက်ရောက်လာကာ ခင်ပိုက်တို့အိမ် ရှေ့တွင် မဏ္ဍပ်ကြီးထိုးလေတော့၏။ ယောကျ်ားသားတွေအားလုံး ဝယ်ကြ ချမ်းကြ ချက်ကြပြုတ်ကြနှင့် လုပ်ကုန်၏။

ထိုအချိန် ကျီးကန်းနှင့် ဂျာအေးတို့နှစ်ယောက် ဆရာပေါက်တူး အိမ်ဘက် တစ်စိတ်တစ်ပိုင်း သွားချနေကြ၏။

“ကျီးကန်း”

“ဘာတုံး ကိုဂျာအေး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ဘယ်လိုမှ ဖြေရှင်းလို့ မရတော့ဘူးလားကွ။ ကိုတင်ဝင်းက လူရိုး လူအေး သူ့ပျော့ပါကွာ။ တော်ကြာ ခင်ပိုက်လက်ချက်နဲ့ အသက်ထွက်နေပါဦးမယ်"

"အေးဗျာ၊ ကိုတင်ဝင်းပုံက လူဖလံလေး။ ခင်ပိုက်က သူ့နှစ်ကိုယ်စာရှိတာဗျ။ ခင်ဗျားလူကလည်း မပြောမဆို လုပ်တာကိုးဗျ"

"ဟာ- ဒီပြဿနာကို မင်း မလုပ်ပေးနိုင်ဘူးလား"

"ဒုက္ခပါပဲဗျာ၊ ကြီးတော်က အမိန့်ချထားတာဗျ။ ကျုပ်တောင် အဲဒီဘက်သွားတာ မဟုတ်ဘူး။ ခင်ဗျားလူက စွတ်လုပ်တာကိုးဗျ။ ဘာလဲ ကိုတင်ဝင်းက ခင်ပိုက်ကို မယူချင်ဘူးလား"

"ဟာ- သူ့ခမျာ မျက်ရည်တလည်လည်နဲ့ကွ။ ဒီကိစ္စ ငါတို့ ဘယ်လိုရှင်းကြမတုံး"

"ပြဿနာပဲဗျာ၊ ကျုပ်တို့ရွာမှာ ကြီးတော်ဗျိုင်းကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးဗျ။ တစ်ခုတော့ရှိတယ် ကိုဂျာအေး"

"ဘာတုံးကွ ပြောစမ်း"

"ဒီ ဒီကိစ္စ ဘယ်သူမှ မပြောနဲ့နော်"

"မပြောပါဘူးကွာ"

"ဒီလိုဗျ၊ ကြီးတော်ဗျိုင်းဆီမှာ ကျောက်အိမ်မြှောင်သိုက်၊ ဂန္ဓာရီအဆောင် ရှိတယ်ဗျ။ အဲဒီအဆောင်ကို ယူလာတာက ဘပေါရွှေဗျ။ အဲဒီကျောက်အိမ်မြှောင်ကို အိမ်မှာ အတည့်ချိတ်ထားရင် ယောကျ်ားတွေ ဘုန်းကြီးတယ်ဗျ။ အဲဒါကို ကြီးတော်ဗျိုင်းက ဘပေါရွှေ မိန်းမပွေမှာ စိုးတာနဲ့ ဝှက်ထားလိုက်တာဗျ။ ပြောတာတော့ အခန်းတစ်ခန်းထဲမှာ သော့ခတ်ပြီး ဆောင်ထားတာတဲ့။ အဲဒီအခန်းကို ကျုပ် ဝင်လို့လည်း မရဘူး။ အဲဒီအချိန်ကစပြီး တစ်ရွာလုံးမှာရှိတဲ့ ယောကျ်ားတွေ ဘုန်းကံနိမ့်ကုန်တာဗျ"

"ဩော်- ဒါဆို ကျောက်အိမ်မြှောင်ကြောင့်ကိုး"

ထူးဆန်းသော ကျောက်အိမ်မြှောင်၏ ဖြစ်စဉ်ကို ကြားသိလိုက်ရသဖြင့် ဂျာအေးစိတ်ထဲ မယုံဖွယ် ဖြစ်နေ၏။ ထိုအချိန်တွင် တင်ဝင်းခမျာမှာတော့ ဖျောက်ဆိပ် ရှေ့ထိုင်ပြီး တဟင်းဟင်းနှင့် ညည်းညူနေရှာ၏။





"ဆရာဖျောက်ရယ် ကျုပ်ကို မကယ်နိုင်တော့ဘူးလားဗျာ"

"အေးကွာ၊ ငါလည်း ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိဘူးကွ"

"ဗျာ၊ ဒါ ဒါဆို ထွက်ပြေးရအောင်ဗျာ"

"ဟာ- မင်း ကျောက်အိမ်မြှောင်ကိစ္စ ဘယ်လိုလုပ်ကြမလဲ"

"မပြောတတ်ဘူးဗျာ၊ လောလောဆယ်တော့ အဲဒီ ခင်ပိုက်ဆိုတဲ့ ဝက်ဝံမကြီးကို ကျုပ် မယူရဲဘူးဗျာ။ ကျုပ်ကို သူက ဖိသတ်မှာဗျ"

"ဟာကွာ၊ မင်းကလည်း အဲဒီလောက်တော့ မရက်စက်ကောင်းပါဘူးကွာ။ မိန်းမဆိုတာ လှရင်လှ မလှရင် ဝမှကွ။ ခုဥစ္စာ ခင်ပိုက်က မလှပေမယ့် ဝတယ်။ ဒီတော့ မင်း ချစ်ပစ်လိုက်ပေါ့ကွာ"

"ခင်ဗျာ၊ ဟာ- မလုပ်ပါနဲ့ဗျာ။ ဝတာမက်ရင် ဘဝပါ ပျက်မယ်ဗျ"

"ဟာကွာ၊ သူက လုပ်ကျွေးမယ်ကွာ၊ မင်းက အိမ်မှာ ဇိမ်ကလေးနဲ့ နေရုံပဲကွာ။ အဲဒီလို အချစ်မျိုးရတာ မင်း ကုသိုလ်ထူးတာပဲကွာ။ ငါဆို ငါ့မိန်းမ အပုလေးကို အဆင်းရဲ အပင်ပန်းခံပြီး ရှာကျွေးလိုက်ရတာကွ။ လူလည်း နွားလုံးလုံး ဖြစ်တော့မယ်ကွ။ ခုဥစ္စာ ဘယ်လောက် ဇိမ်ကျသလဲ။ ယူလိုက်စမ်းပါ တင်ဝင်းရာ"

"အင်"

ဖျောက်ဆိပ်ကပါ ဝင်၍ ထောက်ခံပြောဆိုနေသဖြင့် တင်ဝင်း လည်နေ၏။ သူ့ဘဝ နေဝင်တော့မည့်အရေးကို တွေးကာ အခံစားကြီး ခံစားနေရ၏။ သူ့မျက်စိထဲ တစ်ဖက်သတ်အချစ်နှင့် ချစ်ခဲ့ရသော နှင်းစိန်ကို သတိရလာ၏။ နှင်းစိန်ကလွဲ၍ ကမ္ဘာပေါ်မှာ ဘယ်မိန်းမကိုမှ မိန်းမဟု မထင်ခဲ့ပါချေ။ ယခုတော့ သူ့ဘဝ ခင်ပိုက်၏ ဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးထဲ မြှုပ်နှံရချေတော့မည်။

"မဖြစ်ဘူး မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲကွ"

"ဟို- ကျုပ် ကျုပ်မှာ ချစ် ချစ်သူ ရှိနေပြီဗျ။ ကျုပ်ရဲ့ ချစ်သူ နာမည်က နှင်းစိန်တဲ့၊ ကျုပ်ကို အဖြေပေးတော့မှာဗျ"

"ဟားဟားဟား အချစ်ဆိုတာ အများကြီးပါကွာ။ ချစ်တာ မဆန်းပါဘူး။ ဘယ်နှချစ်ချစ် ချစ်ခွင့်ရှိတယ်ကွ။ ဒါပေမယ့် အချစ်မှာ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အငန်၊ အချို၊ အခါး၊ အဖန်၊ အစိမ့်တော့ မင်း ခွဲခြားတတ်ရမယ်"

"ဗျာ၊ ဘာတွေတုံးဗျ"

"အေး၊ ဇတ်ပဲလူကိုချစ်ရင် ပျားအုံထဲ ခေါင်းထိုးဝင်သလိုပဲကွ။ ပြောရရင် အီတီတီပေါ့ကွာ"

"ဟင်"

"အေး ပိန်ကပ်ကပ် မိန်းမကိုချစ်ရင်တော့ ပေါ့ရွတ်ရွတ်နိုင်သပေါ့ကွာ။ အဲဒီကိစ္စမျိုးက ဆားလေးတော့ ခတ်မှကွ။ တစ်နည်းပြောရရင် ပိန်ကပ်ရင် ဆားခတ်ရတယ်ကွ။ ခုဥစ္စာ ခင်ပိုက်က ဝတယ်။ ဟဲဟဲ ဒီတော့ အီတီတီက သံပရာသီးညှစ်ပြီး ချစ်ရမှာကွ"

"ဗျာ၊ ဆရာဖျောက်"

"ဟေလကွာ"

"ဘာတွေတုံးဗျာ။ ခင်ဗျားစကားတွေက ကျုပ်တော့ နားမလည်တော့ဘူး"

"ဟဲဟဲ အဲဒါ အချစ်ရဲ့ ဆယ့်နှစ်မျိုး အရသာပေါ့ကွာ။ ဟားဟားဟား"

"ဘာတွေတုံးဗျ၊ ကျုပ်ဘဝ လူပျိုရည်ပျက်ပါပြီ"

တင်ဝင်းခမျာ ခင်ပိုက်ကို ယူရမည်ဆိုသဖြင့် အလွန့်အလွန်မှ ကြေကွဲနေ၏။ မျက်ရည်တဝဲဝဲ နှာရည်တရွဲရွဲ ဖြစ်နေ၏။ ထိုအချိန်တွင် ခင်ပိုက်နှင့် အမျိုးသမီးကြီးနှစ်ဦး လိုက်လာပြီး တင်ဝင်းကို ခေါ်သွားလေ၏။

"အမေရေ သားဘဝ ရေတိမ်နစ်ပါပြီဗျ"

တင်ဝင်း၏ ညောင်နာနာအော်သံက ဂျာအေးရင်ထဲ စူးစူးနစ်နစ် ကျန်ခဲ့၏။ သူလည်း ဘာမှ မတတ်နိုင်တော့ပြီမို့ ခြေမြှောက်လက်မြှောက် နေလိုက်ရ၏။ ထိုအချိန်တွင် ဂျာအေးနှင့် ကျီးကန်းတို့ ရောက်လာ၏၊ ဖျောက်ဆိပ်က ဖြစ်စဉ် ပြောပြလိုက်၏။ ဂျာအေးက ခေါင်းတခါခါ၊ ကျီးကန်းသည် ဆရာပေါက်တူးအိမ်မှ အမူးသောက်လာခဲ့သည်မို့ အိမ်ရောက်သည်နှင့် အိပ်ပျော်သွား၏။

"ဘယ်လိုတုံး ဂျာအေးရ၊ ငါတို့ ဘာလုပ်ကြမလဲ၊ တင်ဝင်းလည်း





ဆွဲသွားပြီကွာ။ နောက်ဆို မင်းရော ငါပါ လာဆွဲရင် အခက်ကွ"

"ဟာဗျာ ဒါ မရိုးသားဘူးဗျ။ ဒီကိစ္စ ကျောက်အိမ်မြှောင်ကြောင့်ဆိုတာ အသေအချာ သိထားပြီးပြီဗျ။ ဒီတော့ ကိုတင်ဝင်းကို ရအောင် ခေါ်ထုတ်မယ်ဗျ"

"ဟေ- ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲဗျာ။ အဲဒီ မင်္ဂလာပွဲကို ရအောင်ဖျက်မယ်ဗျာ"

"ဟေ- ပြဿနာတော့ မလုပ် . . ."

"ဆရာဖျောက်ကလည်းဗျာ၊ ခင်ဗျားပဲ ပြောတာလေ။ မိန်းမဆိုတာ ယောကျ်ားတွေရဲ့ နှာခေါင်းနှစ်ပေါက်ထဲက ထွက်သွားတာဆို"

"ဘာကွ- နှာခေါင်း၊ ဟာ ဒီစကား ငါပြောခဲ့တာ မဖြစ်နိုင်ဘူးကွ။ မင်းကလည်း အရေးထဲ ဘယ်က ဆိုရိုးတွေ လျှောက်ပြောနေတာလဲ မသိဘူး"

"ထားပါတော့ဗျာ။ ဘာပြောပြော မိန်းမဟာ ယောကျ်ားကို မှီခိုပြီးမှ ဖြစ်တည်လာတာဗျ။ ခုဥစ္စာ အားလုံး ဇောက်တိဇောက်ထိုး ဖြစ်နေတာဗျ။ ဒါကို ကျုပ် မကျေနပ်ဘူး။ ဒီမလေ့ကြီးကို ကျုပ် ဖြိုပစ်မယ်ဗျာ"

"အင်"

ဂျာအေး၏ စူးစူးရဲရဲ စကားကြောင့် ဖျောက်ဆိပ်ပင် တုန်တုန်လှုပ်လှုပ်ဖြစ်လာ၏။ ထိုအချိန် သူတို့တဲအနောက်ဘက် တံခါး တအိအိ ပွင့်လာကာ လူကြီးတစ်ယောက် ခေါင်းတိုးပြီး ဝင်လာ၏။ ရုတ်တရက် နှစ်ယောက်စလုံး မှင်သက်မိနေကြ၏။ ဘယ်သူဘယ်ဝါမှန်းလည်း မသဲကွဲ။

ထိုစဉ် ဝင်လာသော ပုဂ္ဂိုလ်ကြီးထံမှ စကားသံ ထွက်လာ၏။

"ငါ ငါ့နာမည် ပေါရွှေပါကွာ၊ ဟို မိဗျိုင်းရဲ့ ယောကျ်ားလေ၊ မင်း မှတ်မိလား"

"ဟာ- မှတ်မိတာပေါ့။ ဟို ဘာ ဘာကိစ္စ"

"အေး၊ မင်းတို့နှစ်ယောက် ပြောနေတဲ့စကား ငါကြားသကွ။ အဲဒီကိစ္စ ဖြစ်မြောက်ဖို့ ငါကူညီမယ်ကွ။ မိဗျိုင်းက ငါ့ကို တမင်နှိပ်စက်နေတာကွ။ ကြာတော့ ငါတို့ယောကျ်ားတွေ ထဘီပတ်ထားရတော့မယ်။ အိုကွာ



www.burmeseclassic.com

www.burmeseclassic.com



ဂန်ဒူးအဖြစ်တော့ မခံနိုင်ဘူးကွ"

"ဟင်- ဘ တကယ်လားဗျ"

"တကယ်ပေါ့ ဂျာအေးရာ၊ ဒီမိန်းမ အတော့်ကို မတရားတဲ့မိန်းမကွ။ ဘယ်သူမှလဲ မပြောရဲဘူး။ ဒီတော့ ထင်ရာမြင်ရာတွေ လုပ်နေကြသပေါ့ကွာ"

ဦးပေါ်ရွှေဟု ဆိုလိုက်သည်နှင့် ရွာလူကြီးဒေါ်ဗျိုင်း၏ ယောက်ျားမှန်း ဂျာအေး သိလိုက်၏။ ယခုအခါ သူတို့နှင့် လာရောက်ပူးပေါင်းလိုက်ပြီမို့ နှစ်ယောက်စလုံး ဝမ်းသာအားရ ဖြစ်နေ၏။ ထိုစဉ် ဦးပေါ်ရွှေထံမှ စကားသံထွက်လာ၏။

"ဒီကိစ္စကို တာတီးတို့လူစုကပါ ကူညီမှာကွ။ ငါ အားလုံး အချိန်အချက် လုပ်ပေးမယ်ကွ။ ဘယ်လိုလဲ"

"ဟာ- သိပ်ကောင်းတာပေါ့ဗျာ။ ဒါဆို ဒီလို လုပ်ကြမယ်ဗျ"

"ဘယ်လိုထုံးကွ"

ဂျာအေးသည် သူ့စိတ်ထဲရှိရာ အကြံအစည်ကို ဦးပေါ်ရွှေအား တီးတိုး ရှင်းပြလိုက်၏။ ဦးပေါ်ရွှေကလည်း ခေါင်းတညိတ်ညိတ် တစ်အောင့်မျှ ပြောဆိုပြီးသည်နှင့် အိမ်ပေါ်မှ ဆင်းသွား၏။

"ဂျာ ဂျာအေး"

"မင်း ဘာ ဘာတွေ လုပ်မှာတုံးကွ"

"ဘာမှ မပူပါနဲ့ ကိုကြီးဖျောက်ရာ၊ ဒီကိစ္စ အပြတ်ရှင်းမှ ဖြစ်မှာဗျ။ ဒါကြောင့် ကျုပ် ဦးကြီးပေါ်ရွှေနဲ့ တိုင်ပင်ခဲ့တာ။ အိုကေမှာပါဗျာ။ မဒီချောင်းက အပိပြောင်းသွားရစေမယ်ဗျာ ဟဲဟဲ"

"ကြည့်လည်း လုပ်ပါကွာ"

"မပူစမ်းပါနဲ့ဗျာ၊ အရေးကြီးတာ ကျောက်အိမ်မြှောင်နဲ့ တင်ဝင်းပဲ။ ဒီတော့ ကျုပ်တို့ လုပ်ရမယ့်အလုပ်"

"ဘာတုံးကွ"

ဂျာအေးက လေသံ ခပ်နိမ့်နိမ့်နှင့် ပြောပြလိုက်၏။ ဖျောက်ဆိုင်ခမျာ မျက်လုံးကြီးတွေ ပြူးလာလိုက်၊ မျက်စိမျက်နှာ ပျက်သွားလိုက်၊ ပါးစပ်ကြီးတွေ အဟောင်းသားဖြစ်သွားလိုက်နှင့် အလွန့်အလွန်မှ အံ့ဩ





နေပုံပင်။

ဂျာအေးကတော့ သူလုပ်မည်ဆိုသော ဆုံးဖြတ်ချက်ကို ပြင်ဆင်မည့်ပုံ မပေါ်ပါချေ။ သို့နှင့် မင်္ဂလာပွဲကြီး ကျင်းပရန် အချိန်အခါလည်း နီးကပ်လာပြီ ဖြစ်၏။

တင်ဝင်းခမျာ မိန်းမတစ်သိုက်ကြား ဂျုံဖတ်ကြီးဖြစ်နေ၏။ ချောင်းထဲ တစ်နာရီ နီးပါးခန့် ရေစိမ်ခိုင်း၏။ ထို့နောက် သနပ်ခါးတွေကို ခြေဆုံးခေါင်းဆုံး လူးခိုင်း၏။ အမွှေးနံ့သာတွေနှင့် လိမ်းခြယ်ကြ၏။ မျက်နှာပေါ်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ နောက်ဆုံး မျက်ခုံးမွေးပါ မကျန်အောင် အနုတ်ခံလိုက်ရ၏။

ဆံပင်ကိုလည်း ကတ်ကြေးတစ်ချောင်းနှင့် တချောက်ချောက် အညှပ်ခံလိုက်ရ၏။ ခြေသည်း လက်သည်းကအစ နားဖာချေးပါ ကလော်ခံလိုက်ရသည်မို့ တင်ဝင်း ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

"ဘုရားကယ်တော်မူပါဗျာ။ အမေရေ သားတော့ ရေတိမ်နစ်ပါပြီဗျို့"

တစ်ယောက်တည်းကြိတ်ပြီး ခံစားနေရ၏။ ခင်ပိုက်ကလည်း သူ့ကို အရုပ်ကလေးတစ်ရုပ်အလားပင်။ တစ်ကိုယ်လုံး ချောင်ကြိုချောင်ကြား မကျန် စစ်ဆေးနေ၏။ တင်ဝင်းခမျာ တုန့်တုန့်ယင်ယင် ခံစားနေ၏။

"ဘာ ဘာလုပ်ကြတာလဲဗျာ၊ တော်ရောပေါ့။ လူလည်း ဂျုံဖတ်ကြီးလို ပိန်လိုက် ဖောင်းလိုက်၊ အဝိုင်းဖြစ်လိုက် လေးထောင့်ဖြစ်လိုက်နဲ့ ဓာတ်လပိုင်လိုက်"

"တိတ်စမ်း၊ ဒီအချိန်မှာ စကားတစ်လုံးမှမဆိုနဲ့။ ကျုပ်ပြုသမျှ နေရမယ့်အချိန် ရောက်နေပြီ၊ လာစမ်း"

"ခင်ဗျာ၊ ဟာ- ဘာလုပ်"

"လက်ဖယ်စမ်း၊ ကြေးရှိသလား ကြည့်မယ်"

"ဗုဒ္ဓေါ"

ကင်ပင်းကို အတင်းဆွဲလှည့်ကာ နားရွက်ထဲ ဖြကြည့်၏။ ပါးစပ်အကင်း ဟခိုင်း၏။ ချိုင်းကြားတွေ လှောက်ကြည့်၏။ ဗိုက်က ချက်ကိုပါ မကျန်အောင်ကြည့်၏။ တင်ဝင်းတစ်ယောက် မျက်နှာ ဆီးရွက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သာသာ ရှိလေ၏။ ကျေနပ်ပြီဆိုမှ ခင်ပိုက်က ထန်းခေါက်ဖာထဲမှ ရွှေတစ်ဆုပ် တောင်ရှည်ပုဆိုး၊ လည်ကတုံးအင်္ကျီ၊ တိုက်ပုံ၊ ခေါင်းပေါင်းများကို ထုတ်ပေးလိုက်၏။

"ဟင်- ဘာ ဘာလုပ်ဖို့လဲဗျ"

"ဘာလုပ်ရမှာလဲ၊ ဝတ်ရမှာလေ"

"အင်- ဝတ်ရမယ်"

"ဟုတ်တယ်၊ ဒီည မင်္ဂလာမဏ္ဍပ်ထဲ ဆင်းပြီး ဧည့်ခံရမယ် ကဲ-ထစမ်း"

"ဟုတ် ဟုတ်ကဲ့ပါခင်ဗျ"

တင်ဝင်းတစ်ယောက် ရှုံ့တီးရှုံ့တနှင့် ထလာကာ၊ သင်ဖြူးဖျာပေါ်တင်ထားသည့် အဝတ်အစားများကို ဝတ်လိုက်ရ၏။ ခေါင်းပေါင်းကြီးက သူ့ခေါင်းနှင့် မတော်ဘဲ ချာချာလည်နေ၏။

"ဘယ် ဘယ်လိုလုပ်မလဲ"

"အို- ဦးဆုံး ဟောဒီ တဘက်နဲ့ ခေါင်းကိုစည်းလိုက်၊ ပြီးတော့မှ အပေါ်က ခေါင်းပေါင်းဆောင်းလိုက်ပေါ့၊ ခက်တာမှတ်လို့"

တင်ဝင်း ဘာတစ်ခွန်းမှ မပြောသာ။ ခင်ပိုက်လုပ်သမျှ ကြိုးဆွဲရုပ်တစ်ရုပ်နှယ် ခြေလှုပ်လက်လှုပ် လုပ်နေရလေ၏။ အားလုံး ပြင်ဆင်ပြီးသောအခါ ရွာအပြင်ဘက်မှာလည်း မှောင်မိုက်နေပြီဖြစ်၏။ သူတို့အိမ်ရှေ့က မဏ္ဍပ်ကြီးမှာတော့ အောက်လင်းမီးကြီးများက ထိန်ထိန်လင်းနေ၏။ ဓာတ်စက်ဆရာ တစ်ဦးကလည်း လော်စပီကာကြီးနှစ်လုံးကို သစ်ပင်ကြီးနှစ်ပင်ပေါ် တက်ချိတ်၊ သီချင်းကို ကျယ်ကျယ်လောင်လောင် ဖွင့်လိုက်၏။

သီချင်းသံကြားရတော့ တင်ဝင်း ဒူးတွေတုန်နေ၏။ သူ့အဖြစ်က အပျက်အပျက်နှင့် နွားခေါင်းသွေးထွက်ရတော့မည့်အဖြစ်။ ဘယ်သူမှလည်း မကယ်နိုင်တော့ပြီမို့ မျက်စိစုံမှိတ်လိုက်ရတော့မည့်ကိန်း။

အိမ်ပေါ်တွင် ကုပ်ချောင်းချောင်းနှင့် ထိုင်နေစဉ် ခင်ပိုက်နှင့် အပျိုတစ်သိုက် တက်လာ၏။ တက်လာသည့် အပျိုတွေကလည်း စည်ပိုင်းကြီးတွေ လှိမ့်လာသည့်အလားပင်။





ဝဝဖိုင့်ဖိုင့်၊ ပါးစုံကြီးတွေ ဖောင်းဖောင်း။ အသားအရေကလည်း မည်းမည်းကြုတ်ကြုတ်။ မြင်သမျှ အားလုံးက သူ့ကို ခြောက်လှန့်နေသလိုပင်။

"အလဲ့- မမပိုက် ယောကျ်ားလောင်းကြီးက တကယ့် မင်းသားကြီး ဖိုးစိန်ဂိုက်ပါလား"

"အင်"

"ဘယ်လိုလဲဟဲ့၊ ငါ့ယောကျ်ားလောင်းက ငါနဲ့ လိုက်လား"

"လိုက်ပါ့တော်၊ ပုံက တစ်လုတ်စာလောက်ရှိတာ။ မမပိုက် တစ်ကိုက်စာပဲနော်၊ တော်ကြာ ချစ်မဝလို့ ပါးစပ်ထဲငုံထားဦးမယ်"

"ငုံမှာပဲတော်၊ ချစ်လာရင် အာခံတွင်းထဲ ငုံထားမှာပဲ"

"ဗျာ"

တင်ဝင်းခမျာ ခင်ပိုက်တို့လူသိုက်ကို ကြည့်ရင်း မျက်နှာလေးငယ်နေရှာ၏။ မည်းမည်းလုံးလုံးနှင့် ရှုပိုးထိုးနေပုံက ဝက်အုပ်တစ်အုပ်-မှိုနှင့် မျှစ်တူးကြတော့မည့်ပုံပင်။ သူ့ကိုလည်း အလကားရသည့်နွား သွားဖြဲကြည့်ဆိုသလို ထောင့်ပေါင်းစုံက လှေ့လာနေကြ၏။

တင်ဝင်း ကြွေရလေပြီ။ သူ့ရင်ထဲ အချစ်ကြီး ချစ်ခဲ့ရသော နှင်းစိန်လေးကို သတိရလာ၏။ သူ ဘာကြောင့် နှင်းစိန်ကို မပြောရဲခဲ့ပါလိမ့်။ နှင်းစိန်နှင့်သူ ကြည်ဖြူသွားခဲ့လျှင် ယခုလို အခြေအနေလည်း ရောက်လိမ့်မည်မထင်။

ယခုတော့ ဘဝက ကိုယ်ထင်သလို ဖြစ်မလာ။ ကြိုးဆွဲရာ ကနေသော ရုပ်သေးရုပ်ကြီး ဖြစ်ရလေပြီ။ သူ့ဘဝ သူတွေးရင်း မျက်ရည်လေးစို့လာ၏။ ထိုမြင်ကွင်းကို ခင်ပိုက်က မြင်သွားပုံပင်၊ သူ့ကို အံကြီးတကြိတ်ကြိတ်နှင့် ကြည့်နေသဖြင့် တင်ဝင်း ပုဆိုးနှင့် အမြန်သုတ်လိုက်ရ၏။ ထိုစဉ် ခင်ပိုက်ထံမှ စကားသံထွက်လာ၏။

"ကိုင်း- လာ၊ ခုလောက်ဆို ဧည့်သည်တွေ ရောက်လောက်ပြီ။ မဏ္ဍပ်ထဲသွားမယ်။ ညောင်နာနာ မလုပ်နဲ့နော်"

"ခင်ဗျာ"

သူ ဘာတစ်ခွန်းမှ မပြောသာ။ ခင်ပိုက်ခေါ်ရာနောက်သို့ ကုပ်ချောင်းချောင်းနှင့် လိုက်ခဲ့ရလေတော့၏။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တဖြောင်းဖြောင်း တအုန်းအုန်း မြည်သံကြီးများကြောင့် တစ်ရွာ လုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။ အသံတွေက ရွာပတ်ပတ်လည်မှ ပေါ်လာ ၏။ မီးရောင်တဝင်းဝင်း၊ မီးခိုးတလုံးလုံး တက်လာသည်ကို လရောင် အောက်မှာ အထင်းသား မြင်နေရ၏။

"ဟာ- ဟို ဟိုမှာ မီးခိုးတွေ"

"ဟယ်- သေနတ်သံတွေလား"

"ဖြောင်း အုန်း ဒိုင်း ခွမ်း"

"အောင်မယ်လေး၊ ဘာဖြစ်တာလဲ"

"ဓားပြတွေ ဝင်လာပြီ ထင်တယ်"

"သေနတ်သံတွေတော့၊ ပြေး ပြေးကြ"

"ဒေါင် ဒေါင် ဒေါင်"

အသံဗလံပေါင်းစုံနှင့် မဒီချောင်းရွာကလေးမှာ ပြောင်းဆန်နေ၏ တဒိုင်းဒိုင်း တဖြောင်းဖြောင်း အသံများကြောင့် တစ်ရွာလုံး အုတ်အော် သောင်းတင်းဖြစ်ကုန်၏။ မကျွပ်ထဲရောက်ရှိနေကြသော လူသိုက်မှာလည်း တောင်ပြေး မြောက်ပြေး ဖြစ်ကုန်ကြ၏။

ကလေးတွေ၊ ခွေးတွေလည်း ကယောင်ချောက်ချားနှင့် အော်ဟစ် နေကြ၏။ ထိုအဖြစ်ကြောင့် အိမ်ပေါ်မှ ဆင်းလာသော ခင်ပိုက်တို့ မောင်နှံလောင်း နှစ်ဦးမှာ ဖရိုဖရဲဖြစ်ကုန်၏။





ထိုအခွင့်အရေးကို တင်ဝင်းက လက်မလွှတ်။ သူ့လက်ကို ဖြုတ် တူလို ညှပ်ကိုင်ထားသော ခင်ပိုက်၏လက်ကို အတင်းတွန်းဖယ်ကာ အမှောင်ဘက်သို့ အူယားဖားယား ထွက်ပြေးသွားလေ၏။

ခင်ပိုက်ခမျာမှာလည်း တင်ဝင်း လွတ်ထွက်သွားသည်မို့ နောက်မှ တကြော်ကြော် အော်ရင်း လိုက်လာ၏။ ထိုအချိန် ရွာထဲမှာလည်း ရှုပ် ယှက်ခတ်နေ၏။ ရွာသူခေါင်းဆောင် ဒေါ်ဗျိုင်းခမျာမှာလည်း ဗိုင်းဘဝမှ နှံ့ပြီစုတ်ဘဝသို့ ရောက်သွားကာ အိမ်ပေါ်မှ ကယောင်ချောက်ချားနှင့် ခုန်ဆင်းပြေးသွားလေ၏။

သူ့အိမ်နောက်ဘက် စည်းရိုးဆီမှ ပေါက်ကွဲသံကြီးများက မရပ်မ နား။ ထိုစဉ် အိမ်နောက်ဘက်သို့ လူတစ်ယောက် ရိပ်ခနဲ ဝင်သွား၏။ ထိုသူက တခြားသူမဟုတ်၊ လေထက် လျင်မြန်လှသော ဂျာအေး။

အိမ်ပေါ်ရောက်သည်နှင့် ပိတ်ထားသော အခန်းတစ်ခန်းရှေ့သို့ ရောက်လာ၏။ အခန်းတံခါးကို အတင်းဖျက်ပြီး ဝင်လိုက်၏၊ အိမ်ဦးခန်း တွင် ကြိုးနှင့် ချိတ်ဆွဲထားသော အိမ်မြှောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရ ၏။ ဂျာအေးသည် အိမ်မြှောင်ကြီးကို အလျင်အမြန် ဖြုတ်လိုက်ပြီး အိမ်အ နောက်ဘက်မှ ခုန်ဆင်းသွား၏။

ထိုအချိန် ရွာထဲသို့ မြင်းကြီးနှစ်ကောင် တခွပ်ခွပ်နှင့် ဝင်လာ၏။ မြင်းပေါ်တွင် ဓောင်ကြီးခြုံထားသော လူတစ်ဦး လိုက်ပါလာ၏။ သူတို့ လက်ထဲတွင် တစ်စုံတစ်ခုကို ကိုင်ဆွဲထား၏။ အသံတွေက တဖြောင်း ဖြောင်း တဒိုင်းဒိုင်း။

ရွာသူတွေအားလုံး အထိတ်တလန့် ဖြစ်နေ၏။ တချို့ကလည်း မြေပြင်ပေါ် ပြားပြားမှောက်နေကြ၏။

မြင်းပေါ်မှလူနှစ်ဦး မဗျိုင်းတို့အိမ်ရှေ့အရောက် လေသံဝါဝါကြီး နှင့်အော်လိုက်၏။

"မိဗျိုင်း ဘယ်မှာလဲ၊ယောက်ျားတွေကို အနိုင်ကျင့်နေတဲ့ မိဗျိုင်း၊ ဘယ်မှာလဲကွ၊ မိဗျိုင်းကို သတ်မယ်"

ကြောက်စရာကောင်းလှသော အသံကြီးက တစ်ရွာလုံး ဖြိုးနေ ၏။ ထိုအချိန် ချုံကြိုချုံကြား ပုန်းအောင်းနေသော ရွာသူကြီး ဒေါ်ဗျိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခမျာ ခေါင်းတောင်မပြူရဲ။ ရွာထဲ မြောက်ကြွမြောက်ကြွ လုပ်ခဲ့ကြသော ခင်ပိုက်တို့ ကာလသမီးတစ်သိုက်မှာလည်း ကြောက်လွန်းလှသဖြင့် အိမ်ထဲ စောင်ကြီးခြုံ၍ ပုန်းအောင်းနေကြ၏။

ထိုအချိန် ရွာထဲ ဝစီပိတ် ကျင့်နေကြသော ယောကျာ်းတစ်သိုက်မှာ တုတ်တွေ ဓားတွေဆွဲပြီး အော်ကာ ဟစ်ကာနှင့် ထွက်လာကြ၏။ မြင်းစီးသမားနှစ်ဦးမှာ လူအုပ်ကို မြင်သည်နှင့် ရွာအနောက်ဘက်ခြမ်းသို့ ဒရောသောပါး ထွက်ပြေးကြလေ၏။

တခွပ်ခွပ်နှင့် ပြေးရင်းလွှားရင်း ထန်းတောထဲသို့ ရောက်လာ၏။ လူအရိပ်အခြည် ပြတ်သွားသည်နှင့် မြင်းကို ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ လွှားခနဲ ဆင်းလိုက်၏။ ထိုစဉ် ထန်းတောထဲ ကင်းပုန်းဝပ်နေသော လုံခြုံရေး အဖွဲ့သားများ မြင်တွေ့သွားကာ သူတို့နှစ်ယောက်ကို အလျှင်အမြန် ဖမ်းဆီးလိုက်၏။

“ဟာ- ကျုပ် ကျုပ်တို့ ဓားပြတွေ မဟုတ်ပါဘူးဗျာ။ ကျုပ် နာမည် ပေါ်ရွှေပါ”

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်နာမည် ဖျောက်ဆိပ်ပါ။ ဓားပြတွေ မဟုတ်ပါဘူး ဆရာတို့ရယ်၊ ဟို- သူက ဒီရွာက လူကြီးပါ”

“ဟုတ်ပါတယ် ဆရာရယ်။ ခုလိုလုပ်ရတာ ရွာမှာ မိန်းမတွေ လူပါးဝလွန်းလို့ ပညာပေးချင်တာနဲ့ လုပ်ကြတာပါဗျ”

“ဒါဆို သေနတ်သံတွေက”

“ဟာ ဒါ သစ်သားသေနတ်တွေပါဗျာ။ သေနတ်သံတွေက ဝါးပိုးဝါးတွေကို ဖောက်ခိုင်းတာပါ”

“မလိုချင်ဘူး၊ ခင်ဗျားတို့ ရွာကို ဆူပူအောင်လုပ်တယ်၊ ဒါကြောင့် ကျုပ်တို့နဲ့ လိုက်ခဲ့”

“ဗုဒ္ဓေါ၊ ကယ်ကြပါဦးဗျ”

မြင်းပေါ်မှ ဆင်းလာသူမှာ ဘကြီးပေါ်ရွှေနှင့် ဆရာကြီးဖျောက်ဆိပ်တို့ ဖြစ်လေ၏။ သူတို့နှစ်ဦးမှာ ဂျာအေး၏ အကြံအစည်နှင့် ရွာကို ဓားပြဝင်တိုက်သည့်ပုံစံ ဟန်ပြလုပ်ရှားလိုက်ခြင်း ဖြစ်လေ၏။

ယခုတော့ အခြေအနေက ခုတ်ရာတခြား ရှရာတခြား ဘယ်လိုမှ





လည်း မဖြေရှင်းနိုင်။ နောက်ဆုံးတော့ သူတို့နှစ်ယောက် ရွာထဲ ခေါင်းငိုက်စိုက်နှင့် လိုက်ခဲ့ရ၏။

လုံခြုံရေး အမှုထမ်းများက ရွာထဲမှလူများ ခေါ်ပြီး ဖြေရှင်းမှ သူတို့ ပြဿနာ ပြေလည်သွားခဲ့၏။

ဖျောက်ဆိပ်မှာ လူအုပ်စုကြား ချာလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် လူတစ်ယောက်က သူ့လက် အတင်းဆွဲပြီး ရွာပြင်ခေါ်ထုတ်သွား၏။ ရွာထိပ်အရောက် ကပ္ပိယကြီး ဦးချစ်ငွေကို တွေ့လိုက်ရ၏။

“ကိုဖျောက်ဆိပ်”

“ဗျာ”

“ပြေးပေတော့ဗျို့၊ ဒီကိစ္စ မဗျိုင်းသိရင် ခင်ဗျား စိစိညက်ညက် ကြေသွားလိမ့်မယ်”

“ဟင်- ဒါဆို ဟို ဂျာအေး”

“ရှိတယ်၊ ဟိုဘက်မှာ။ သွားကြပေတော့ နောက်ဘယ်တော့မှ မဒီ ချောင်းကို မလာကြနဲ့တော့ဗျ”

“ကောင်းပါပြီဗျ”

နောက်ဆုံးတော့ ဂျာအေးတို့ဆီ ဒရောသောပါး ထွက်ပြေးခဲ့ရလေ၏။ ဂျာအေးနှင့် တင်ဝင်းတို့နှစ်ဦးကို မြင်တော့ အံ့ဩနေရ၏။ တင်ဝင်းမှာ တောင်ရှည်ပုဆိုး၊ ခေါင်းပေါင်းတွေကို ခုထိ မချွတ်သေး။

“ဟကောင် တင်ဝင်း”

“ဗျာ- ဆရာဖျောက်”

“ခေါင်းပေါင်းချွတ်လေကွာ”

“ဗျဲ ဟုတ်သား”

“မြန်မြန်ချွတ်ကွာ။ ငါတို့ပြေးကြစို့”

သူတို့သုံးဦး ဖြတ်လမ်းမှ ဒရောသောပါး ခြေကျင် သုတ်ခဲ့ကြ၏။ ကတ္တရာလမ်းပေါ်သို့ အရောက် တဝေါဝေါ မောင်းနှင်လာသော ကားကို တားဆီးလိုက်ကြ၏။ တင်ဝင်း၏ မျက်နှာက စပ်ဖြဖြ ပြောင်ချောင်ချောင်။

ဂျာအေးသည် တင်ဝင်း၏ အသွင်ကို ကြည့်ပြီး တဟားဟား ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောနေ၏။

"ခင်ဗျားပုံစံက မိုးပျံပူဖောင်းကို ဆီသုတ်ထားသလိုပဲဗျ"

"ဟာဗျာ၊ ကိုဂျာအေးကလည်း"

"ဟဲဟဲ ကံကောင်းလို့ ရေတိမ်နစ်မလို့၊ ကျုပ် ကယ်လို့ပေါ့ဗျာ"

"မပူစမ်းပါနဲ့ကွာ၊ ဟောဒီမှာ ပါပါတယ်"

ဂျာအေးသည် လျှို့ဝှက်စွာ ယူဆောင်လာခဲ့သော ကျောက်အိမ်မြှောင်ကို ထုတ်ပြလိုက်၏။ တင်ဝင်းသည် ဂျာအေး၏ အိမ်မြှောင်ကို ကြည့်ပြီး တအံ့တဩ ဖြစ်နေလေ၏။

"ဟင်- အိမ်မြှောင်က အမြီး မရှိတော့ပါလား"

"ဟာ- ဟုတ်ပါ့၊ ဘယ်မှာ ပြတ်ကျကျန်ခဲ့လဲ မသိဘူး"

"သွားပြီဗျ၊ အဲဒီ အိမ်မြှောင်က အင်္ဂါစုံမှ အစွမ်းပြတာ။ ဒုက္ခပါပဲဗျာ၊ ကျုပ်တို့ စွန့်စွန့်စားစား ယူလာခဲ့ပြီးမှ"

"ဘာတတ်နိုင်မှာလဲ တင်ဝင်းရာ"

"ဒုက္ခပါပဲ၊ ကဲ- မထူးတော့ပါဘူးဗျာ တစ်ခုခုတော့ စွမ်းနိုင်ပါရဲ့"

နောက်ဆုံးတော့ သူတို့သုံးဦး မန္တလေးဘက်သို့ ပြန်လည် ရောက်ရှိလာ၏။ သူတို့ကို အသင့်ကြိုနေသော ကိုကျော်ဆောင်က ဂျာအေး ယူလာသော မြီးပြတ်အိမ်မြှောင်ကို ကြည့်ရင်း မချိတင်ကဲ ဖြစ်နေ၏။

"နာလိုက်ပါကွာ။ အမြီးပြတ်အိမ်မြှောင်ဖြစ်တာ နာတာပဲကွ။ အမြီးပါ ပါလျှင် ကျုပ်တို့ အပွဗျ။ အဲဒီအိမ်မြှောင် ရှိတဲ့အိမ်က လာဘ်ရောစုတ်ရော ဒလဟော ဝင်လာတာဗျ။ ခုတော့ အင်္ဂါမစုံ ခက်ပါ့ဗျာ။ ဒါပေမယ့် အဲဒီပစ္စည်းကို တစ်နေရာရာမှာတော့ အလုပ်ဖြစ်မှာပဲကွ။ ကျေးဇူးတင်တယ် ကိုဂျာအေးရာ"

"ဒါဆို မြေလျှိုး မိုးမပျံနိုင်တော့ဘူးပေါ့"

"အဲဒါတော့ မစမ်းသပ်သေးဘူး။ ဒီကိစ္စ ကျုပ်တို့ဆရာကြီး အဘ မိုဒရာ လာမှပဲ စမ်းသပ်ရတော့မယ်"

"အင်း. . . ဒီပစ္စည်းလေးရဖို့ ကျုပ်တောင် ရေတိမ်နစ်တော့မလို့ ဆရာရေ၊ အဲဒီ မဒီချောင်းရွာရဲ့ ရွာသူတွေကတော့ စံပါပဲ ဆရာကျော်ဆောင်ရေ"





"ဘယ်လိုဖြစ်လို့တုံးကွ"

တင်ဝင်းသည် ညောင်နာနာအသံနှင့် ဖြစ်စဉ်များကို ရှင်းပြလိုက်၏။ ကျော်ဆောင်မှာ တင်ဝင်းအဖြစ်ကို နားထောင်ရင်း တဟားဟားနှင့် ရယ်မောနေ၏။ ဖျောက်ဆိပ်၏ အခြေအနေက ပို၍ ကိုးရိုးကားရား၊ မြင်းကြီးစီးပြီး ဓားပြကြီးယောင်ယောင် လုပ်ရင်း လုံခြုံရေးအဖွဲ့နှင့် တိုးပုံကို ကြားရသောအခါ အားလုံး ရယ်ရယ်မောမော ဖြစ်ကုန်ကြ၏။ ဖျောက်ဆိပ်ခမျာမှာတော့ တရှုံ့ရှုံ့တမဲ့မဲ့ဖြစ်နေ၏။

ကျော်ဆောင်သည် ဂျာအေးနှင့် ဖျောက်ဆိပ်တို့၏ စွန့်စားခန်းများကို နားထောင်ရင်း တက်တက်ကြွကြွဖြစ်နေ၏၊ ထို့ကြောင့်လည်း ဂျာအေးတို့ လူစုကို စားကောင်းသောက်ဖွယ်များနှင့် ညှော်ခံလိုက်၏။

"သောက်ကြ စားကြစမ်းကွာ။ ခုလို လုပ်ပေးနိုင်တာကိုပဲ အားရလှသဗျာ။ ရော့- ဟောဒီမှာ ခင်ဗျားတို့နှစ်ယောက်သုံးဖို့ ပိုက်ဆံ"

"ဟင်"

စားပွဲပေါ်တွင် တစ်ထောင်တန်အုပ် တစ်အုပ်စီ။ ဖျောက်ဆိပ်သည် ပိုက်ဆံထပ်ကြီးကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။ နောက်ဆုံး သူတို့လူစု ပျော်ပျော်ပါးပါး သောက်သုံးလိုက်ကြ၏။ ကျော်ဆောင်သည် ဖျောက်ဆိပ်နှင့် ဂျာအေးကို အယုံကြီးယုံသွား၏။ ထို့ကြောင့်လည်း သိမ်းဆည်းထားသော ဖိုင်ကိုထုတ်ကာ ဓာတ်ပုံသုံးလေးပုံကို ထုတ်ပြလိုက်၏။

"ဟောဒါ တောရတောင်ဝှေးပဲဗျ"

"ဟင် ဘာလုပ်မှာတုံး"

"ဒီတောင်ဝှေးဟာ တကယ့်ဂန္ဓာရီတောင်ဝှေးဗျ။ ခင်ဗျားဖြစ်ချင်တာ မှန်သမျှ အဲဒီ တောင်ဝှေးက ဣစ္ဆာသယတောင်ဝှေးဗျ"

"ဟုတ်ပါ့မလားဗျ"

"သိပ်သေချာတာပေါ့။ ဒီကိစ္စကို လူတစ်ယောက် စမ်းသပ်ဖူးတယ်။ အဲဒီလူကတော့ ကျုပ်တို့ရဲ့ အဘ မိုဒရာ စမ်းသပ်ဖူးတယ်လေ။ သူ ပုဂံအနောက်ဘက်ခြမ်းကို ခရီးထွက်တုန်း ရွာတစ်ရွာမှာ အဲဒီတောင်ဝှေးကို ဆရာတော်ကြီး တစ်ပါးဆီမှာ တွေ့ခဲ့တာ။ အဲဒီတောင်ဝှေး ပုပ္ပား



www.burmeseclassic.com

www.burmeseclassic.com



တောင်က နတ်ပန်းသုံးပွင့်ကို သူ့ရှေ့မှာတင် ဆရာတော်ကြီးက ယူပြခဲ့တာ"

"ဟင်"

"အံ့သြစရာပါလားဗျ"

"အဲဒါကြောင့် ပြောတာပေါ့။ အဲဒီတောင်ဝှေးကို ကိုသောင်းခင်နဲ့ ကျုပ်တို့ လိုက်နေတာ ကြာပြီ"

"ဒါဆို အဲဒီ ဆရာတော်ကြီးဆီမှာ ရှိနေသလား"

"ဟာ- ဆရာတော်ကြီးကျောင်းက ပျောက်သွားတယ်ဗျ။ ကျုပ်တို့ အဲဒီဘက်ကို နှစ်ခေါက်တောင် ရောက်ပြီးပြီ၊ အဲဒီမှာ ကျုပ်တို့ ရွာခံတွေလည်း ရှိတယ်။ ဒါပေမယ့် တောင်ဝှေးရဲ့သတင်းကို အစအနတောင် မကြားရတော့ဘူးဗျ"

"ဟုတ်လား၊ ဒါဆို ဘယ်သူများ ခိုးသွားပါလိမ့်"

"အဲဒါပြောတာပေါ့၊ ကျုပ်တို့လည်း ရွာမှာ သုံးလေးရက်နေပြီး ပြန်လာခဲ့ရတယ်လေ"

ကျော်ဆောင်၏ စကားကြောင့် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ စိတ်ဝင်တစား ဖြစ်လာကြ၏။ သို့သော် ဘယ်ကဘယ်လို အစရှာရမှန်းပင် မသိသည့်ကိစ္စ။ ထိုစဉ်တွင် ဝီစကီခွက်ကို ငွပ်ခနဲ သောက်ရင်း ကျော်ဆောင်က ပြောလိုက်၏။

"ဒီကိစ္စ ကျုပ်ကိုယ်တိုင် လိုက်မှာဗျ။ ကျုပ်တို့ အဲဒီရွာကိုပဲ သွားကြမယ်။ အဲဒီရွာမှာ ခပ်ကြာကြာနေပြီး သတင်းကို မရရအောင်စုံစမ်းမယ်ဗျာ"

"ကောင်းသားပဲဗျ"

"ကဲ- ဒါဆိုလည်း နောက်မှ ပြောကြတာပေါ့ဗျာ။ စိတ်ကြိုက် သောက်ကြစားကြစမ်း"

ဖျောက်ဆိပ်မှာ ငွေထုပ်ကြီးကို ကြည့်ရင်း အကြည်နူးကြီး ကြည်နူးနေ၏။ သူ့စိတ်ထဲ တောင်ဝှေးတွေ အိမ်မြှောင်တွေ နားမလည်။ သူနား လည်သည်မှာ အပုလေးအတွက် ပိုက်ဆံ လှမ်းပို့ရသည့်ကိစ္စပင်။

စားသောက်ပြီးကြသည်နှင့် သူတို့နှစ်ဦးမှာ ဘန်ဂလိုဆန်ဆန် ဆောက်လုပ်ထားသော အိမ်ဆီသို့ လျှောက်ခဲ့ကြ၏။





သူတို့ အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင် အဘိုးအိုကြီးတစ်ဦးနှင့် အမျိုးသမီးငယ်လေးတစ်ဦး ထိုင်နေ၏။ အမျိုးသမီးငယ်လေးမှာ သူတို့ကို မြင်တော့ ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။

"အဘ လာ လာ ဟိုလူတွေ လာနေပြီ"

"ဟေ- ဟုတ်လား၊ ဒါဆိုလည်း တို့အိမ်ဘက် သွားကြရအောင်"

"ဟာ မသွားပါနဲ့၊ ထိုင်ကြပါခင်ဗျ"

ဖျောက်ဆိပ်က ဝင်၍ ဟန့်တားရင်း ကွပ်ပျစ်ပေါ်ဝင်၍ ထိုင်လိုက်ကြ၏။ အမျိုးသမီးငယ်လေးမှာ သူတို့ကို ရဲရဲမကြည့်ဝံ့။ အဘိုးအို၏ အသွင်မှာ မျက်လုံးအစုံကွယ်နေ၏။ အဘိုးအိုက-

"ကျုပ်နာမည် သက်ရှည်ပါကွယ်၊ သမီးလေးကတော့ စံပယ်ပါ"

"ဟုတ်လား၊ ဘသက်ရှည်က ကိုကျော်ဆောင်တို့အိမ်ကို လာလည်တာလား"

"မောင်ကျော်ဆောင်က အဘတို့ တစ်ရွာတည်းသားတွေလေ။ ဆွေမကင်းမျိုးမကင်းတွေပေါ့ကွယ်။ ခုလည်း ဒီကို ပြောင်းလာကြပါ ဆိုတာနဲ့ ပြောင်းလာကြတာ"

"ဟုတ်လား၊ ကျွန်တော့်နာမည် ဖျောက်ဆိပ်၊ သူ့နာမည် ဂျာအေး ပါ အဘ။ ကျွန်တော်တို့က ကိုကျော်ဆောင်ရဲ့ အလုပ်သမားတွေပါ"

"ဟုတ်လား"

"အကူအညီလိုလည်း ပြောပါ အဘ"

"ရပါတယ်ကွယ်။ မောင်ရင်တို့က ဘယ်နယ်ကလဲ"

"ကျွန်တော်တို့က ရေနံချောင်းဇာတိကပါ"

"ဟုတ်လား"

ဘသက်ရှည်နှင့် ဖျောက်ဆိပ်တို့ လေပေးဖြောင့်နေစဉ် ဂျာအေးမှာ စံပယ်ဆိုသော မိန်းမချောလေးကို ငေးငေးမောမော ကြည့်နေ၏။ စံပယ်ဆိုသော မိန်းမချောလေးမှာ နာမည်နှင့် လိုက်အောင် နုဖတ်နေ၏။ နှာတံ ပေါ်ပေါ်၊ အသားက ဝင်းလဲ့လဲ့၊ မျက်လုံးတောက်တောက်နှင့် မ[illegible]ရက် မတို့ရက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေး၏ မျက်လုံးကြီးတွေမှာ ကျွတ်ထွက်သွားမတတ်ပင်၊ အသည်းနှလုံးတွေလည်း ပြောင်းဆန်လာ၏။ လှည့်ပတ်နေသော သွေးတို့ပင် ရပ်တန့်သွားလေပြီလား မပြောတတ်။ သူ့အကြည့်ကို သတိထားမိသူက ဖျောက်ဆိပ်၊ သူ့တပည့်အကြောင်း သူအသိဆုံး။ ရွက်ကျပင်ပေါက်လို တစ်ရွာ တစ်ချစ်ထားချင်သော ဂျာအေး၊ ယခုလည်း စံပယ်ဆိုသော ကောင်မလေးကို ကြည့်နေပုံမှာ စားတော့ဝါးတော့မတတ်ပင်။

"အဟမ်း အဟမ်း"

"အင်- ဘာဖြစ်သလဲ ဆရာဖျောက်"

"ခေါ်တော. . . အဲ- ဟိုကွာ"

"ဗျာ၊ ဘာတုံးဗျ"

"ဟိုကွာ စားစရာလေး ဘာလေးလုပ်"

"ဟာ- နေပါစေ၊ သမီးလေး စံပယ်"

"ရှင် ဘဘ"

"လက်ဖက်ကလေး ရေနွေးကလေး လုပ်ကွယ်။ အဘ ဒီမှာ ထိုင်ရတာ စိတ်ကိုလန်းနေတာပဲ"

"ဟုတ်ကဲ့၊ ဒါဆို သမီး သွားယူဦးမယ်"

"အေးအေး"

စံပယ်ဆိုသော မိန်းမချောလေးသည် ကွပ်ပျစ်ပေါ်မှ အလျင်အမြန်ဆင်းကာ အိမ်ကြီးအနောက်ဘက်သို့ လျှောက်သွားလေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်က ဂျာအေးကို လက်ဟန်ခြေဟန်နှင့် ဘသက်ရှည် မမြင်အောင် လုပ်ပြလိုက်၏။ ဂျာအေးကတော့ ပြုံးစိစိပင်။ ဖျောက်ဆိပ် ဘာကို ပြောမှန်းသိနေ၏။ သို့သော် သူ့ရင်ထဲ စံပယ်၏ မျက်နှာလေးက ဝုန်းဆန်နေ၏။

"ဟကောင် ဂျာအေး"

"ဘာတုံး ဆရာဖျောက်ရယ်"

"ဟို ဟိုလကွာ"

"သိပါတယ်ဗျာ၊ ဒါပေမယ့် ဟိုဒင်းလေ"

"ဟ- မင်းတို့နှစ်ယောက်ကလည်း ဟိုဒင်းတွေ ဟိုဟာတွေနဲ့ ရှုပ်နေ





တာပဲ။ ဘယ်လိုဖြစ်နေကြတုံးကွ"

"ဩော်- သည်လို ဘသက်ရှည်ရ၊ ဂျာအေးက စိတ်သိပ်မမှန်ချင်ဘူးဗျ"

"ဟေ"

"ဗျာ၊ ဆ ဆရာ"

"ဟဲဟဲ ဒီကောင်က လင်းဆွဲကိုက်ခံရပြီးကတည်းက ရူးသလိုလို ချောင်သလိုလို ဖြစ်ချင်တာဗျ။ ခုလည်း ထကမယ်လုပ်နေလို့ မနည်းတားနေရတာဗျ"

"ဆရာဖျောက်၊ ခင်ဗျား ကျုပ်ကို"

"မှန်တာပြောတာပဲကွာ၊ မရှက်စမ်းပါနဲ့"

"လုပ်ပြီဗျာ"

ဖျောက်ဆိပ်၏ အသားလွတ် နှိပ်ကွပ်မှုကြောင့် ဂျာအေး ပျာဆင်းသွား၏။ ထိုစဉ် ဘသက်ရှည်က စုတ်တသပ်သပ်နှင့် ဝင်ပြောလိုက်၏။

"ဟာ- ဒီကိစ္စ ဘာမှမပူနဲ့၊ အဘမှာ ဆေးရှိတယ်ကွ"

"ဘာဆေးလဲဗျ"

"ခွေးသားကို ခွေးလှေးယားသီးအမြစ်နဲ့ ပြုတ်ကြော်ချက်စား၊ ခွေးတောက်ရွက် တို့ကွာ။ အဲဒါဆို"

"ဘာဖြစ်သွားမလဲဗျ၊ ခွေးလုံးလုံး ဖြစ်သွားရောလား"

"ဟာကွာ၊ မင်းကလည်း အဲဒါ နှန်းတွင်းဆေးကွ။ ခွေးရူးကိုက်ကိုက်၊ ဝက်ရူးပြန်ပြန်၊ ဘာကောင်ကိုက်ကိုက်ကွာ။ ခွေးသုံးကောင် မရှောင်စား ဝဋ်နာကံနာ သွားပဲကွ"

"သေချာရဲ့လား၊ ဒါ ဒါဆို ဒီကောင့်ကို ချက်ကျွေးမှပဲ"

"ဆရာဖျောက်"

"ဟေလကွာ"

"ခင်ဗျားက ကိုယ့်တပ်ကိုယ်နင်းတာပဲကိုးဗျ"

သူတို့နှစ်ဦး မျက်စောင်းတခဲခဲဖြစ်နေစဉ် စံပယ်တစ်ယောက် အေးသောက်ဖွယ်ရာများယူ၍ ရောက်ရှိလာသဖြင့် စကားစ ပြတ်သွား၏။ ထိုစဉ် ဘသက်ရှည် စံပယ်ဘက်သို့ လှည့်၍ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဂျာအေးဆိုတဲ့သူငယ်က စိတ်မမှန်ဘူးတဲ့။ အဘတို့ဆီမှာ ခွေးသုံးကောင်ဆေး ရှိသေးလား"

"မရှိတော့ဘူး အဘရဲ့၊ ဟို ငှက်ဖျားဆေးပဲ ရှိတယ်လေ"

"ဟုတ်လား၊ စိတ်မပူပါနဲ့ မောင်ဖျောက်ဆိပ်ရာ မင်းသူငယ်ချင်းအတွက် ဆေးဖော်ပေးပါဦးမယ်"

"အဘတို့ ဟို- မဟုတ်"

"ရပါတယ်ကွာ"

ဂျာအေးက အတင်း ရှေ့က ဖုံးသော်လည်း ဘယ်လိုမှ ဖုံး၍မရ။ ဖျောက်ဆိပ်၏ စကားက လွန်နေပြီဖြစ်လေ၏။ စံပယ်ခမျာ ဂျာအေးကို ပို၍ပို၍ ကြောက်သွားသလိုပင်။ စားသောက်ဖွယ်ရာများ ချပေးပြီးသည်နှင့် ထွက်ပြေးသွားလေ၏။

ဂျာအေးခမျာ အံတကြိတ်ကြိတ်၊ ဖျောက်ဆိပ်တစ်ယောက် ဂျာအေး၏ နှလုံးသားကို နှိပ်ကွပ်လိုက်ရပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ ဘသက်ရှည်မှာ သူတို့အခြေအနေကို မသိ။ တောင်ပြောမြောက်ပြောပြောရင်း အချိန်အတန်ကြာသောအခါ ကွပ်ပျစ်ပေါ်မှ ထသွား၏။

ဘသက်ရှည် ထသွားသည်နှင့် ဂျာအေးတစ်ယောက် ဖျောက်ဆိပ်ကို ပုန်ကန်လေတော့၏။

"ဘယ်လိုတုံး ဆရာကြီးရဲ့၊ ခင်ဗျား ကျုပ်ကို ထောင်းလိုက်တာလား"

"ဟဲဟဲ ဂျာအေးကလည်းကွာ။ မင်းကို ငါပြောတာ မှားသလားကွာ၊ ပုထုဇနော ဥမ္မတ္တကောလေကွ။ လူမှန်သမျှ အရူးချည်းပဲကွ ဟဲဟဲ"

"ဟာဗျာ၊ ဟုတ်သေးဘူးလေ။ ဟိုအဘိုးကြီးက ကျုပ်ကို တကယ့်အရူး ထင်သွားတာဗျ။ သူထင်တာ အကြောင်းမဟုတ်ဘူး။ စံပယ်လေးက ကျုပ်ကို အရူးကြီးပါလားဆိုတဲ့ မျက်စိနဲ့ ကြည့်သွားတာဗျ"

"ဟားဟားဟား ဂျာအေးကလည်းကွာ။ မင်းကတော့ တစ်ရွာတစ်ချစ်တည်၊ တဇော အမြစ်တွယ်နေတဲ့ကောင်ပဲကိုး"

"ဘာဗျ၊ အချစ် ဆိုတာ. . ."

"ငါသိပါတယ်ကွာ၊ မင်းက ငါးစိမ်းမြင် ငါးကင်မေ့တဲ့ကောင်ပဲကိုး။





ပန်းညိုကို ဘယ်သွားထားမှာလဲ ပြောစမ်း"

"ဩော်- ခက်ပါ့ ဆရာဖျောက်ရယ်၊ ခေတ်က လှေခေတ် လှည်းခေတ် မဟုတ်တော့ဘူးဗျ။ ကျုပ်တို့က ခေတ်နဲ့အညီ လိုက်ရမှာလေ။ ဒီတော့ ကျုပ်တို့စိတ်ကူးတွေကို ဒုံးချထားလို့ မဖြစ်တော့ဘူးဗျ"

"ဟေ- မင်းဥစ္စာ"

"အဲဒါ ပြောတာပေါ့၊ ပန်းညိုကို မချစ်လို့ မဟုတ်ဘူး။ ချစ်တယ်။ ငယ်ကအချစ် အနှစ်တစ်ရာပေါ့ဗျာ။ ဒါပေမယ့် ကြီးမှချစ်တော့ အနှစ်ပလာတော့ မဟုတ်ဘူး။ အချစ်ဆိုတာ သူ့အကန့်နဲ့သူဗျ။ တောရောက်တော့ တောချစ်၊ မြို့ရောက်တော့ မြို့ချစ်၊ ရွာရောက်တော့ ရွာချစ်။ အချစ်တွေများလေ တစ်ကမ္ဘာလုံး အေးချမ်းလေပေါ့ဗျာ"

"တော်စမ်းပါကွာ၊ မင်းစကားက ထင်ရာမြင်ရာ စွတ်ပြောနေတာပဲ"

"ကျုပ် အမှန်ပြောတာပဲဗျာ။ ဆရာဖျောက်က အပုလေးကို ဒုံးချချစ်တာကိုး"

"ဟကောင်၊ ငါ့အချစ်က မဟာအချစ်ကွ"

"မဖြစ်နိုင်ဘူးဗျာ၊ မပုလေးကို ကြောက်လို့ တောပြောတောင်ပြောပြောတာပဲ ဖြစ်ရမယ်"

"ဟာကွာ၊ မင်းဥစ္စာ ငါက ဒုံးချချစ်ခဲ့တာပါကွာ"

"ဒုံးချချစ်ရင် ဗုံးချပစ်ဗျာ"

"ဟေ- မင်းဥစ္စာ ကြမ်းလှချည်လားကွ။ အချစ်နဲ့ ပတ်သက်ရင် မင်းနဲ့ငါဟာ ဆန့်ကျင်ဘက်တွေပဲ။ တစ်ခုတော့ ရှိတာပေါ့ ဂျာအေးရာ၊ ဆန့်ကျင်ဘက်ပေမယ့် ဒွန်တွဲနေတာ သဘာဝကွ ဟဲဟဲ"

"ဆရာဖျောက်ကတော့ မလွယ်ပါဘူးဗျာ"

ဖျောက်ဆိပ် ပယောဂကြောင့် ဂျာအေးတစ်ယောက် ဟတ်ကောကြီး ဖြစ်သွားခဲ့ရ၏။ သို့သော် သူ့ရင်ထဲ စံပယ်နှင့် ပတ်သက်ပြီး သူခံစားကြည့်ချင်သေး၏။ ထိုအချိန် သူတို့နားသို့ တင်ဝင်း ရောက်ရှိလာ၏။

"ဘယ်လိုတုံး ကိုဂျာအေးရ၊ တစ်ယောက်တည်း ငေးငေးငိုင်ငိုင်နဲ့ပါလား။ ဆရာဖျောက်ဆိပ် ဆူထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟာဗျာ- ဟုတ်ရပါဘူး၊ ကျုပ်တပည့်ဂျာအေးက ရောဂါထလာရင် အဲဒီလိုပဲ ကြောင်စီစီ နေတတ်တယ်ဗျ”

“ရောဂါ၊ ဘာရောဂါတုံး”

“ဟာ- ဟုတ်ပါဘူးဗျ။ ဆရာဖျောက် လျှောက်ပြောနေပါ။ ကျုပ်မှာ ဘာရောဂါမှ မရှိပါဘူးဗျာ။ အလကား နောက်နေတာပါ”

ဂျာအေး မချိမဆံ့ ခံစားနေရပုံကြည့်ပြီး ဖျောက်ဆိပ် ပြုံးစိစိလုပ်နေ၏။ ထိုစဉ် တင်ဝင်းထံမှ စကားသံထွက်လာ၏။

“ရောဂါရှိရင် ပြောဗျာ၊ မဖြစ်ခင်က ကြိုတင်ကုတာ အကောင်းဆုံးပဲ။ ဘာလဲ လိပ်ခေါင်းလား၊ ဒါမှမဟုတ် အူကျတာလား ပြော”

“ဟာ- ဘယ်ကဟုတ်ရမှာလဲ တင်ဝင်းရာ၊ ဂျာအေးရောဂါက အချစ်ရောဂါကွ”

“ဗျာ အချစ်၊ ဟားဟားဟား ဒီလိုကိုး။ ဘာမှ မပူစမ်းပါနဲ့ ကိုဂျာအေးရာ၊ အချစ်ဆိုတာ ရောဂါဝေဒနာ မဟုတ်ပါဘူး။ တစ်နည်းပြောရရင် စိတ်လှုပ်ရှားမှုတစ်ခုပါပဲဗျာ။ မီးဝေးချိတ်လိုပေါ့ဗျာ။ ကျုပ်မှာလည်း ချစ်ရသူ ရှိပါတယ်။ ဒါပေမယ့် သူနဲ့ဝေးနေရင် အဲဒီလောက် မခံစားရပါဘူး။ ဒါကို ကိုယ့်အချစ်မှကိုယ် လုပ်နေရင်တော့ ရူးသွားမှာ သေချာတယ်”

“အဲဒါပြောတာပေါ့၊ ခုလည်း ဂျာအေးက ရူးချင်ချင်ဖြစ်နေပြီကွ”

“ဗျာ- ဒါဆို ကန်စွန်းရွက်စိမ်းပြုတ်တိုက်၊ ထန်းလျက်ခဲ သုံးလေးခဲဝါးလိုက်ရင် အန်မှာ အသေချာပဲဗျ၊ ကိုဂျာအေး ကျုပ်လုပ်ပေးရမလား။ အန်ချလိုက်တော့ မကောင်းဘူးလား”

“မဟုတ်တာဗျာ၊ တော်ပါတော့”

ရှင်းလေ ရှုပ်လေ အခြေအနေမို့ နောက်ဆုံးတော့ ဂျာအေး အူလည်ချာလည်နှင့် ထထွက်သွားလေ၏။ ဖျောက်ဆိပ်ကတော့ သူ့ဘပည့်ကျောပြင်ကြည့်ပြီး တခွီးခွီး ရယ်မောနေလေ၏။

ထိုအချိန်မှ စ၍ ဂျာအေးတစ်ယောက် စံပယ်ကို ကျားချောင်းကြောင်ချောင်း ချောင်းခဲ့လေ၏။ စံပယ်တို့မြေးအဘိုးသည် ကျော်ဆောင်တို့အိမ်ကြီး၏ အနောက်ဘက် စတိုခန်းသဏ္ဌာန် ဆောက်လုပ်ထားသော တိုက်ပုလေးတွင် နေထိုင်ကြ၏။





စံပယ်မှာ လွန်စွာမှ မိန်းကလေး ပီသသူဟု ဆိုရချေမည်။ စားရေးသောက်ရေးကိစ္စကိုလည်း သူကိုယ်တိုင် မညည်းမညူ ချက်ပြုတ်ခဲ့လေ၏။

ထူးခြားသည့် အရိပ်လက္ခဏာမှာ ကျော်ဆောင်ပင် ဖြစ်လေ၏။ ကျော်ဆောင်သည် စံပယ်ကို မြင်သည်နှင့် ဣန္ဒြေမဆည်နိုင် ဖြစ်နေ၏။ ပါးစပ်ကလည်း ‘စံပယ် စံပယ်’နှင့် ဖြစ်နေတတ်၏။ စံပယ်အတွက် အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းကအစ ဝယ်ခြမ်းပေးတတ်၏။

တင်ဝင်း၏ စကားအရ စံပယ်သည် ကျော်ဆောင်၏ ခါးပိုက်ထောင်ထဲမှ ဖားကလေးတစ်ကောင်ဖြစ်ကြောင်း သိလိုက်ရခြင်းပင်။ ထိုအချက်ကို ကြားရသောအခါ ဂျာအေး၏ နှလုံးသားတွေ စွေ့စွေ့ခုန်နေ၏။ ကျော်ဆောင်က စံပယ့်ဘဝကို ပိုက်ဆံနှင့် စည်းနှောင်ထားသလိုပင်။

ကြာလေ ခံစားရလေပင်။ ဘယ်လိုမှ မအပ်စပ်သည့် အခြေအနေကြောင့် ဂျာအေး လိပ်ခဲတည်းလည်း ခံစားနေရ၏။ ထိုအခြင်းအရာကို ဖျောက်ဆိပ်က ရိပ်မိနေ၏။ ဂျာအေး တစ်ခုခု လုပ်မှာကိုလည်း စိုးရိမ်နေ၏။

“ဂျာ ဂျာအေး၊ မင်း စံပယ့်ကိစ္စ ခုနေတယ် မဟုတ်လား။ သတိထားစမ်းပါ ဂျာအေးရာ။ စံပယ့်ကို မင်း လက်ဝါးနဲ့အုပ်ထားလို့ရတာမှ မဟုတ်တာကွ၊ ဖြစ်ချိန်တန် ဖြစ်မှာပဲကွ”

“ဒါတော့ ဒါပေါ့ ဆရာဖျောက်ရာ၊ ခုဥစ္စာ ကိုကျော်ဆောင်က လွတ်လွတ်ကင်းကင်းလူ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ။ ပါးစပ်ထဲမှာလည်း မုန့်တစ်ခု၊ လက်ထဲမှာလည်း မုန့်တစ်ခု၊ ပြီးတော့ ပန်းကန်ထဲက မုန့်ကျတော့လည်း ငါ့ဥစ္စာ လုပ်တာ လွန်တာပေါ့ဗျ”

“ဟေ- မင်းပဲ တစ်ရွာတစ်ချစ်တည် ဝါဒကို နှစ်သက်တယ်ဆိုကွ”

“ခက်ပါ့ ဆရာဖျောက်ရာ၊ ဂျာအေးနဲ့ ကိုကျော်ဆောင်က မတူဘူးလေ။ ကျုပ်ခြေရာကို ကျော်ဆောင်နင်းလို့ကတော့ ဒုတိယ ဂျာအေးပဲ ဖြစ်မှာပေါ့ဗျာ”

“ဟေ- မင်းစကားက တစ်မျိုးကြီးပါလားကွ”

“ဟဲဟဲ အချစ်မှာ ကိုယ့်အဘိဓမ္မာနဲ့ကိုယ်တော့ ရှိသင့်သပေါ့ဗျာ”

“ဩော်- ဒီလိုကိုး”



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးကို ဖျောက်ဆိပ် လက်မြှောက်လိုက်ရပြီဖြစ်၏။ ဆင်ခြေဆက်လက်တို့နှင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးလုပ်နေသော ဂျာအေးကိုလည်း သဘောအကျကြီး ကျနေ၏။

တစ်ချိန်တွင် ကျော်ဆောင်တစ်ယောက် သူတို့ဆီ ရောက်လာ၏။

"ကိုဖျောက်ဆိပ်"

"ဟာ- ကိုကျော်ဆောင်ပါလား၊ ဘာကိစ္စတုံး ကျုပ်တို့လုပ်ငန်းစတော့မလား"

"လောလောဆယ်တော့ ခဏနေကြဦးဗျာ။ အလုပ်အကိုင်တွေကရှုပ်ထွေးနေတာဗျ။ ဒီတော့ ကျုပ်တို့ ပုဂံဘက်ကို ဘုရားဖူးထွက်မယ်။ ခင်ဗျားတို့ လိုက်ခဲ့ကြပါလား။ ဒါမှ လုပ်ငန်းကိစ္စလေး ဘာလေး လေ့လာရတာပေါ့ဗျာ"

"ကောင်းသားပဲဗျ၊ ကလျာဏကာရီ ကလျာဏတဲ့ ကိုကျော်ဆောင်ရဲ့ ကောင်းတာလုပ်မှ ကောင်းကျိုးပေးတာဗျ။ ဒီတော့ သွားမယ့်ရက်သာပြော၊ ကျုပ်တို့ အသင့်ပြင်ထားမယ်"

"ဟုတ်ပြီ၊ ကျုပ်တို့ ကားစင်းလုံးငှားပြီး သွားကြတာပေါ့။ စံပယ်တို့မြေးအဘိုးလည်း ခေါ်မယ်ဗျ။ စံပယ်လေးခမျာ အိမ်တွင်းပုန်းလေး လုပ်နေရတာဗျ၊ သနားပါတယ်"

"ဒါပေါ့၊ သိပ်ကောင်းတာပေါ့ ဟဲဟဲ".

ဖျောက်ဆိပ်၏ စကားတွေက ဂျာအေး၏ နှလုံးသားကို ဓားခပ်တုံးတုံးနှင့် တတိတိ ဖြတ်နေသလိုပင်၊ ကျော်ဆောင်ကတော့ စံပယ်ကောင်းကြောင်းတွေ ချီးမွမ်းခန်း ဖွင့်နေ၏။ ထိုစဉ် ဖျောက်ဆိပ်၏အသံ ပေါ်လာ၏။

"ကိုကျော်ဆောင်"

"ဘာတုံးဗျ"

"ဒါဆို ခင်ဗျားရှာနေတဲ့ တောင်ဝှေးကိစ္စရောဗျ"

"အင်း. . . အဲဒီ အချက်လည်း ပါတယ်ဗျာ။ ပြောရရင် အဘမိုဒရ်ကို အာနန္ဒာဘက်မှာ တွေ့ခဲ့တယ်ဆိုတဲ့သတင်း ကြားရတယ်ဗျ။ ဒါကြောင့်လည်း အဲဒီဘက်သွားဖို့ ပြင်တာပေါ့ဗျ"





"သိပ်ကောင်းတာပေါ့ဗျာ"

ဖျောက်ဆိပ်၏ အချွန်အပင့်စကားကြောင့် ကျော်ဆောင် ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။ ဖျောက်ဆိပ်နှင့် ကျော်ဆောင်တို့နှစ်ဦး စကားလက်ဆုံကျနေချိန် ဂျာအေးတစ်ယောက် တိုက်အနောက်ဘက်သို့ လျှောက်ခဲ့၏။

ထိုအချိန်တွင် စံပယ်တစ်ယောက် သစ်ကိုင်းသစ်ခက်များကို ခုတ်ကာ အစီအရီ လုပ်နေ၏။ ပါးစပ်ကလည်း သီချင်းလေး တအေးအေးဆိုနေ၏။ ထိုမြင်ကွင်းကြောင့် ဂျာအေးရင်ထဲ ဝမ်းသာမှု လှိုင်းထမ်းပိုးက ဝုန်းဆန်နေ၏။ စံပယ်အနားသို့ အလျင်အမြန် တိုးကပ်သွားကာ ပြောလိုက်၏။

"စံပယ်၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"ရှင်- ကို ကိုဂျာအေး"

"ဟုတ်ပါတယ်၊ ကျုပ်က စံပယ်ကို တအား ခင်ချင်တာဗျ။ တစ်ခြံထဲနေတဲ့လူတွေပဲ စံပယ်ရယ်၊ အကူအညီတောင်းရောပေါ့"

"ရပါတယ်ရှင်၊ ဟို. . . ကိုကိုဂျာအေးက ရူးနေတာဆို"

"ဗျာ၊ ဟာ- အဲဒီစကားက နောက်တီးနောက်တောက် ပြောလိုက်တဲ့ စကားပါ စံပယ်ရာ။ ကျုပ်က မရူးပါဘူး၊ အဲ- တစ်ခုတော့ ရူးတယ်ဗျ"

"ရှင်၊ တစ်ခု. . . ဘာတစ်ခုတုံး"

"ဟဲဟဲ အချစ်လေ၊ အချစ်နဲ့ ပတ်သက်ရင် ကျုပ်က အမြဲတမ်းရူးရူးသွပ်သွပ် နေချင်တာဗျ"

"ရှင်၊ ဒါဆို အချစ်ရူးကြီးပေါ့"

"ဟုတ်တယ်၊ အဲဒီလိုပြောလို့လည်း ရသပေါ့ စံပယ်ရာ။ အချစ်ဟာ နှလုံးသားတွေကို ကွေးကောက်သွားစေတာပါ မစံပယ်ရဲ့ အအိပ်ပျက်၊ အစားပျက် ဖြစ်သွားအောင်လည်း ဖမ်းစားနိုင်တယ်ဗျ။ စွဲလမ်းစိတ်က အညွန့်အညှောက်တွေ ပေါက်လာပြီး တစ်ကိုယ်လုံးကို မျိုပစ်လိုက်နိုင်တယ်ဗျ။ အဲဒါ အချစ်လေ၊ ခုလည်း ကျုပ် အဲဒီလို ခံစားနေရပြီ မစံပယ်ရာ။ အချစ်က ကျုပ်ကို မျိုနေပြီဗျ"

"ရှင်၊ ဒါ ဒါဆို မြွေ မြွေကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါ၊ အချစ်ဆိုတာ မြွေပဲ။ လူကိုလည်း မျိုတယ်၊ ဘဝကိုလည်း မျိုတယ်၊ အိုဗျာ ရှိရှိသမျှကို မျိုချပစ်လိုက်နိုင်တာ အချစ်ဗျ"

"အလို၊ ဒါ ဒါဆို ကျွန်မ ကြောက်လိုက်တာရှင်။ ကျွန်မက မြွေတို့၊ တီကောင်တို့၊ ပိုးဟပ်တို့၊ ကင်းလိပ်ချောတို့ကို အရမ်းကြောက်တယ်။ တော်ပါပြီရှင်၊ အဲဒီမြွေကြီး အနားတောင် အကပ်မခံရဲတော့ဘူး။ သွားဦးမယ်နော်"

"ဗျာ- ဟို အဲဒါ. . ."

"ရှင်က မြွေဖြစ်ရင် ဖြစ်နေမှာ"

"အင်"

သူ့ကို မြွေကြီးလို့ ထင်မြင်သွားသော စံပယ်၏ ကျောပြင်ကလေးကို ကြည့်ကာ ဂျာအေးတစ်ယောက် နင်တင်တင် ခံစားနေရလေတော့၏။

✣ ✣ ✣



## အခန်း (၆)

ကားက ပေါင်မုန့်သဏ္ဌာန်ရှိသော ဆလွန်းကား၊ သူတို့အားလုံး ခြောက်ယောက်။ ကျော်ဆောင်သည် အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။ အသွင်က တကယ့် လူပျိုပေါက်ကလေးအသွင်။ စံပယ်တို့ မြေးအဘိုးကိုလည်း ဂရုစိုက်လှ၏။

ဂျာအေးခမျာ မြင်သာမြင် မကြင်ရဘဝ ရောက်နေ၏။ ထိုအခြေအနေကို ရိပ်မိနေသူက ဖျောက်ဆိပ်။ တပည့်လုပ်သူ၏ ရှုံ့မဲ့မဲ့ မျက်နှာကြီးကို ကြည့်ကာ စိတ်မကောင်းဖြစ်နေရ၏။ ကျော်ဆောင်ကလည်း တစ်ချက်ကလေး အလွတ်မပေး။

ကားကလေးသည် အဝေးပြေးလမ်းမကြီးပေါ် တရိပ်ရိပ် ပြေးလွှားနေ၏။ အညာဒေသ အရိပ်လက္ခဏာက သွေ့သွေ့ခြောက်ခြောက်။ လမ်းတစ်ဖက်တစ်ချက်တွင် ထနောင်း၊ မန်ကျည်း၊ ကုက္ကို၊ ဆီး၊ တမာ စသည့် အပင်ကြီး အပင်ငယ်များကို တွေ့ရ၏။ ကျယ်ပြန့်သော လွင်ပြင်ကြီးများ၊ တောင်ကုန်းမြင့်မြင့်ကြီးများ၊ ထန်းတောကြီးများကိုလည်း ခပ်ဝါးဝါး ခပ်မှုန်မှုန် မြင်နေရ၏။

ကားကလေးမှာ အင်ဂျင်အားကောင်းလှပြီး ပေါ့ပါးသွက်လက်လှ၏။ အဝေးပြေးလမ်းမကြီးပေါ် မြင်းပေါက်ကြီးတစ်ကောင်လို ပြေးလွှားနေရာမှ ညနေစောင်းလုလုတွင် ရွာကြီးတစ်ရွာရှေ့သို့ ရောက်ရှိလာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်တွင် ထမင်းဆိုင် လေးငါးဆိုင်ခန့် အပြိုင်အဆိုင် ရောင်းနေ၏။ သူတို့လူစု ထမင်းဆိုင်ကြီးတစ်ဆိုင်ထဲ ဝင်ခဲ့ကြပြီး ဝိုင်းဖွဲ့ ထိုင်လိုက်ကြ၏။

ဂျာအေးတစ်ယောက် ကံကောင်းထောက်မစွာနှင့် စံပယ်၏ ဘေးတွင် ရောက်ရှိသွား၏။ ကျော်ဆောင်သည် မျက်စောင်းတခဲခဲနှင့် ကြည့်နေ၏။ ဂျာအေးကတော့ စံပယ်နားတွင် ထိုင်လိုက်ရသည်မို့ စိတ်ထဲကြိတ်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

စားသောက်ဖွယ်ရာတွေကလည်း စားပွဲပေါ် စုံလှ၏။ ချိုးကြော်၊ အမဲနှပ်၊ ဝက်သားပေါင်း၊ ပဲလွန်းဟင်းချို၊ ငရုတ်သီးစိမ်းနိုင်းချင်းနှင့် ဖျော်ထားသော ငါးပိရည်၊ အတို့အမြှုပ်ကလည်း စုံလှ၏။

ဂျာအေးခမျာ စံပယ်၏ ကိုယ်သင်းနံ့ကလေးကို ရှူရှိုက်ရလေလေ နှလုံးသားတွေ မရိုးမရွ ခံစားရလေလေပင်။

"မစံပယ်၊ စား စားလေဗျာ။ ထည့်စမ်းပါဗျ"

"အို- ရ ရပါတယ်ရှင်"

ဂျာအေးက အသားတုံးကြီးများကို ဇွန်းနှင့်ခပ်ကာ စံပယ်၏ ပန်းကန်ထဲ အတင်းထည့်ပေးလိုက်၏။ စံပယ့်ပန်းကန်ထဲ ဟင်းတွေက ပုံနေ၏။ ကျော်ဆောင်ကလည်း ကုန်းကုန်းကွကွကြီးလုပ်ကာ စံပယ့် ပန်းကန်ထဲ အသားတုံးကြီးများ ဆယ်ထည့်ပေးနေ၏။

စံပယ်တစ်ယောက် ဘာကို စားရမှန်းပင် မသိ။ ဂျာအေးက ထည့်လိုက်၊ ကျော်ဆောင်က ထည့်လိုက်နှင့် လက်တွေ ရှုပ်နေ၏။ ဖျောက်ဆိပ်နှင့် တင်ဝင်းတို့နှစ်ဦးမှာ သူတို့လုပ်ပုံကို ကြည့်ပြီး အူလည်လည် ဖြစ်နေ၏။

ထိုစဉ် ပန်းကန်ထဲ ဟင်းတုံးတွေ ကုန်သလောက် ဖြစ်နေပြီမို့ ဖျောက်ဆိပ် လေသံပစ်လိုက်၏။

"ဟာ- လုပ်ကြပါဦးဟ၊ ငါတို့စားဖို့ မရှိတော့ဘူးကွာ"

"အို- ဟုတ်ပါရဲ့ရှင်၊ ရှင်တို့က ကိုယ့်ထမင်းကိုယ်မစားဘဲ ကျွန်မပန်းကန်ထဲချည်းပဲ နင်းထည့်နေကြပါလား"

"ဟဲဟဲ စံပယ်ကလည်းကွယ်၊ အစ်ကိုကြီးက စေတနာနဲ့ ထည့်ပေး





တာ ဝအောင်စားစမ်းပါကွာ။ လိုရင် ထပ်မှာမှာပေါ့"

"ဟုတ်တယ်၊ စားသာစား မစံပယ်။ ကိုဂျာအေးကလည်း ဆရာကျော်ဆောင်လိုပဲ၊ စေတနာ မေတ္တာတွေ ပိုလှပါတယ်ကွ"

"အင်"

"ဘယ်လိုဖြစ်ကုန်ကြပြီတုံးကွယ့်"

ဘသက်ရှည်က ကြားမှ ဝင်၍မေးလာ၏။ စံပယ် ဘာဖြေလို့ ဖြေရမှန်းမသိ။ ထိုစဉ် ဂျာအေးက ပြုံးစိစိပြောလိုက်၏။

"ကျုပ်တို့ အချစ်ပိုနေကြတာပါဗျာ။ ဟုတ်ဘူးလား ဆရာကျော်ဆောင်"

"ဟေ- အဲ ဟုတ်သားကွ၊ ဟဲဟဲ ဟုတ်တယ် ဦးလေးသက်ရှည်ရ။ ကျုပ်တို့က စံပယ်လေးကို အချစ်ပိုနေကြတာပါဗျ။ ကောင်းကောင်းမွန်မွန်လေး စားစေချင်လို့ပါဗျ"

"ဟုတ်လား ကောင်းပါ့ကွယ်၊ အဘသမီးလေးက ရိုးရိုးအေးအေးလေးပါကွယ်"

"ဟော့ကောင် ဂျာအေး၊ မင်းက ကိုယ့်ဆရာကျတော့ ဟင်းထည့်ပေးဖို့တောင် သတိမရပါလားကွ"

"ဟဲဟဲ ဆရာဖျောက်ကလည်း ဟင်းအများကြီး မစားစမ်းပါနဲ့ဗျာ။ ထမင်းသာ အဝကြိတ်၊ ထမင်းစားမှ အသားဖြစ်တာဗျ။ ထမင်း ထပ်ထည့်ဦးလေ"

"အင်- ငါ့ကျတော့ တယ်လည်း စေတနာပိုတယ်ပေါ့ ဟင်းဟင်း"

ဖျောက်ဆိပ်နှင့် တင်ဝင်း မကျေမနပ် ခံစားနေရ၏။ ထိုစဉ် စံပယ်က သူ့ပန်းကန်ထဲမှ ဟင်းတုံးကြီးများကို ဖျောက်ဆိပ်နှင့် တင်ဝင်းတို့ ပန်းကန်ထဲ ပြောင်းထည့်ပေးလိုက်၏။

"ကဲ- ကောင်းကောင်းစားကြပါကွယ်။ ကျုပ်သမီးကို အချစ်ပိုနေတာနဲ့ ကျန်တဲ့လူတွေ ထမင်းငတ်အောင် မလုပ်ကြပါနဲ့ကွယ်"

ဘသက်ရှည် စကားကြောင့် ဖရိုဖရဲဖြစ်နေသော ထမင်းဝိုင်းမှာ ကျွန်နေရလာ၏။ ကျော်ဆောင်သည် ထမင်းသာ စားနေရသော်လည်း စံပယ့်ဆီ မျက်စိကရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးကလည်း မျက်စိကြီးစောင်းတော့ စွေတော့မတတ် ဖြစ်နေ၏။

"ဟား. . . မလွယ်ပါလားကွာ"

"ဘာတုံး ကိုဖျောက်ဆိပ်ရ"

"ဟိုကွာ. . . အဲ- ဘာမှ မဟုတ်ပါဘူး"

တင်ဝင်း၏ အမေးကို ဖျောက်ဆိပ်က ခေါင်းခါပြီး ဖြေလိုက်၏။ သူတို့နှင့် ထမင်းစားသောက်ပြီးကြသောအခါ အအေးပုလင်းများ မှာသောက်ခဲ့ကြ၏။ ဂျာအေး၏ သရုပ်ပျက်ခံစားမှုကို ကြာတော့ ဖျောက်ဆိပ်ကြည့်မရအောင် ဖြစ်လာ၏။

"ဟကောင်၊ မင်းဥစ္စာ လွန်ပ့ါကွာ"

"ဗျာ၊ ဘာလဲ ဆရာဖျောက်ရဲ့"

"ဟိုလေကွာ၊ ဟိုဒင်း ဟိုဟာကွာ"

"ဘာတုံးဗျ"

သတိပေးစကား ပြောသော်လည်း ဂျာအေးက အံရိပ်သုံးပါး နားမလည်။ စံပယ်မှုစံပယ် ဖြစ်နေ၏။ ကျော်ဆောင်ကလည်း တခဲခဲ။ သို့နှင့် သူတို့လူစု စားသောက်ပြီးကြသောအခါ ကားပေါ်ပြန်တက်ခဲ့ကြ၏။

ကားကလေးမှာ အရှိန်အဟုန်ပြင်းပြင်းနှင့် ခရီးနှင်နေဆဲ။ မြွေလိမ်မြွေကောက်သဏ္ဌာန်ရှိသော အဝေးပြေးလမ်းမကြီးများကို ဖြတ်ကျော်ခဲ့၏။ တောင်ကုန်းများ၊ တောတန်းများကို ဖြတ်ကျော်ခဲ့ကြရာ မကြာခင် ညောင်ဦးမြို့ကလေးထဲသို့ ရောက်ရှိလာခဲ့လေ၏။

သူတို့လူစု ဟိုတယ်ကြီးတစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်ကြ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်က တစ်ခန်း၊ တင်ဝင်းနှင့် ကျော်ဆောင်က တစ်ခန်း၊ ဘသက်ရှည်တို့ မြေးအဘိုးက တစ်ခန်း နေထိုင်ခဲ့ကြ၏။

ဖျောက်ဆိပ်သည် ဂျာအေးနှင့် တစ်ခန်းထဲဆုံမှ စိတ်ထဲရှိရာကို ပြောချလိုက်၏။

"ဟကောင် ဂျာအေး၊ မင်းကတော့ လွန်ပ့ါကွာ။ မိန်းကလေးတစ်ယောက်ပိုးတာပဲ ဆန်းတဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် မင်းဥစ္စာ ကြွေမြှဲလွန်းလှသကွာ၊ သိက္ခာကို မရှိဘူး"





"ဆရာဖျောက်ကလည်း ချစ်မိရင် အရူးအမူးပဲလေဗျာ။ ကျုပ်က ချစ်မိရင် ဘာမှကို မမြင်တော့ဘူးဗျ"

"ပြောလေ ဆိုးလေပါလားကွာ၊ ငါတော့ မင့်ကိစ္စကို မျက်ခုံးလှုပ်သကွာ"

"မျက်ခုံးလှုပ်ရင်လည်း မျက်ခုံးမွေးရိတ်ပစ်လိုက်ပေါ့ ဆရာဖျောက်ရာ ဟဲဟဲ"

"ဟကောင်၊ မင်း ဘာတွေ လျှောက်ပြောနေသတုံးကွ။ ငါပြောတာ ဟိုလူ ကိုကျော်ဆောင်ကို မင်း ငဲ့သင့်တယ်ကွ။ သူက ငါတို့အလုပ်ရှင်လေ၊ ငါ့အမြင်တော့ ကိုကျော်ဆောင်က စံပယ့်ကို ပါးစပ်ထဲတောင် ငုံထားမတတ် ချစ်တာကွ"

"ကျုပ်လည်း ငုံထားချင်တာပါပဲ ဆရာဖျောက်ရာ"

"ဟာကွာ၊ ငုံစရာရှားလို့။ ဒါဆို သူ့အဘိုး ဘသက်ရှည်ကို ငုံထားပါလား"

"ဗျာ"

ဖျောက်ဆိပ် ဂျာအေးကို ချဉ်တင်တင်နှင့် ပြောချလိုက်၏။ ဂျာအေးတစ်ယောက် အီလည်လည် ခံစားချက်နှင့် သူ့ကို ကြည့်နေ၏။ သူ့အချစ်ကို ဆရာလုပ်သူ နားမလည်နိုင်သဖြင့် ကြေကွဲသွားပုံရ၏။ ထို့ကြောင့်လည်း ညောင်နာနာလေသံနှင့် ပြောလိုက်၏။

"ဆရာဖျောက်ကလည်း ပြောရက်လိုက်တာဗျာ။ စံပယ့်ကို ကျွန်တော်က အသေရရ၊ အရှင်ရရပါဗျာ"

"တော်ပါတော့ကွာ၊ နားတွေလည်းအူလှပြီ။ ကိုင်း- ဘယ်မှာလဲ ပုလင်း၊ ထုတ်စမ်းကွာ။ တွယ်ချင်လှပြီကွ"

"ရပါတယ်ဗျာ၊ ကျုပ်က ဆရာဖျောက်ကို ပါရမီဖြည့်ပေမယ့် ဆရာဖျောက်ကတော့ ကျုပ်နှလုံးသားကို နွားကန် ကန်ရက်တယ်ဗျာ"

"လုပ်ပြန်ပြီ၊ လူစင်စစ်က နွားဖြစ်ရပြန်ပြီ"

"ဟဲဟဲ ဥပမာ ပြောတာပါဗျ"

ဂျာအေးကို ဘယ်လိုမှ ပြောရမည်မထင်သဖြင့် လက်မြှောက်လိုက်ရလေတော့၏။ ထိုအချိန်တွင် ဟိုတယ်အမှုထမ်းလေးတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆောင်တို့ တည်းခိုနေသည့် အခန်းတံခါးကို ခေါက်လာ၏။ တင်ဝင်းသည် အခန်းတံခါးကို အလျင်အမြန် ဖွင့်ပေးလိုက်၏။

"ဘာကိစ္စတုံးကွ"

"အောက်မှာ ဧည့်သည်ရောက်နေတယ်ဗျ"

"ဟေ- ဘယ်သူတုံး"

"အမျိုးသမီးလေး တစ်ယောက်ဗျ၊ ခင်ဗျားက ကိုကျော်ဆောင်လား"

"ဟုတ်ဘူးကွ၊ ဘာလဲ ဆရာကျော်ဆောင်ရဲ့ဧည့်သည်လား"

"ဟုတ်တယ်ဗျ"

"အေးအေး၊ ဆင်းလာမယ် ပြောလိုက်"

တင်ဝင်းသည် ခုတင်ပေါ် ငူငူကြီးထိုင်နေသော ကျော်ဆောင်နားကပ်လာ၏။ ကျောင်ဆောင် မကျေမနပ်ဖြစ်နေသူက ဂျာအေး၊ ဂျာအေးနာမည်ကို ရွတ်ရင်း တောက်တခေါက်ခေါက် လုပ်နေ၏။ ထိုစဉ် တင်ဝင်းက-

"ဆရာကျော်ဆောင်၊ အောက်မှာ အမျိုးသမီးလေးတစ်ယောက် ရောက်နေလို့တဲ့"

"ဟေ- အမျိုးသမီးလေး. . . ဘယ်သူတုံး၊ ဘယ်ကလဲ"

"မပြောတတ်ဘူး၊ ဆရာ့ဧည့်သည်တဲ့ဗျ"

"ဟုတ်လား"

အမျိုးသမီးဆိုသော အသံကြားလိုက်သည်နှင့် ကျော်ဆောင်၏ အမူအရာတွေ ပြောင်းလဲသွား၏။ ထိုင်ရာမှ အလျင်အမြန်ထကာ အဝတ်အစားလဲပြီး အောက်ထပ်သို့ ဒရောသောပါး ဆင်းသွားလေ၏။

ဧည့်ခန်းထဲတွင် ပန်းနုရောင် မိန်းမချောလေးတစ်ဦး ထိုင်နေ၏။ ဆံပင်က တိုနံ့နံ့၊ ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့်တင်းတင်း၊ သူ့ကိုမြင်တော့ ခပ်ဖွဖွ ပြုံးပြီး မေးလိုက်၏။

"အစ်ကိုက အစ်ကိုကျော်ဆောင်လား"

"ဟုတ်ပါ့ဗျာ၊ ညီမလေးက ဘယ်သူတုံး"

"ကျွန်မနာမည် ပန်းနုရွှေမှုန်ပါ"





"ပန်းနုရွှေမှုန် ဟုတ်လား၊ နာမည်လေးက လှပါ့ကွယ်။ လူကလည်း လှပါ့။ ပြော ပြောပါဦး၊ အစ်ကို့ကိုတွေ့ချင်တာ ဘာကိစ္စများတုံး၊ ပြောနော်၊ အားမနာနဲ့"

"ဟုတ် ဟုတ်ကဲ့၊ ကျွန်မကို အဘမိုဒရာ လွှတ်လိုက်တာပါ"

"ဟေ- အဘမိုဒရာ၊ ဆရာကြီး ဟုတ်လား"

"ဟုတ်ကဲ့၊ ဆရာကြီးက ပြောတယ် အစ်ကိုကျော်ဆောင် မှာထားတဲ့ပစ္စည်း တွေ့ပြီတဲ့"

"ဘာ- တွေ့ပြီ၊ ဟုတ်လား"

"ဟုတ်ကဲ့၊ တွေ့ပြီတဲ့"

"ဟာ- ဝမ်းသာလိုက်တာကွာ၊ ဒါ ဒါဆို ဘယ်လောက်ပေးရမှာတုံး"

"အဲဒါတော့ အစ်ကိုကျော်ဆောင် သိပါလိမ့်မယ်တဲ့၊ ဝယ်ဖို့အသင့်ပြင်ပြီး လိုက်ခဲ့ပါတဲ့"

"ဟင်- ညီမလေး ပန်းနုရွှေမှုန်နဲ့ လိုက်ရမယ်၊ ဟုတ်လား။ လိုက်မယ်၊ လိုက်ပါ့မယ်ကွာ"

ကျော်ဆောင်တစ်ယောက် ပန်းနုရွှေမှုန်၏ အလှကြောင့် ယစ်မူးသွား၏။ ထို့ပြင် သူ အလွန်မှ လိုချင်သော ကတ္တာသယ တောင်ဝှေး ရလေပြီဆိုသော စကားကြောင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ထို့ကြောင့် ချက်ချင်း အပေါ်ထပ်သို့တက်ကာ ပိုက်ဆံ အပြည့်ထည့်ထားသည့် ဟီတာချီကေ့စ်ကြီးကိုယူကာ ပန်းနုရွှေမှုန်နောက်သို့ လိုက်ခဲ့လေတော့၏။

သူတို့နှစ်ဦး မြင်းလှည်းတစ်စီးနှင့် ထွက်ခဲ့ကြ၏။ ညောင်ဦးမြို့အနောက်ဘက်သို့အရောက် ခြံကြီးတစ်ခြံထဲ ဝင်ခဲ့ကြ၏။ လှည်းပေါ်က ဆင်းသည်နှင့် ပန်းနုရွှေမှုန်က အိမ်ကြီးဆီသို့ လက်ညှိုးထိုး၍ ပြောလိုက်၏။

"အဲဒီ အိမ်ကြီးပေါ် တက်သွားလိုက်အစ်ကို၊ အဲဒီမှာ အဘမိုဒရာ စောင့်နေတယ်"

"ဟုတ်လား၊ ဟို. . . ညီမလေးက"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လိုက်လာခဲ့ပါ့မယ်၊ အစ်ကို သွားနှင့်. ."

"အေးအေး"

ကျော်ဆောင်သည် စောင်းငန်းစောင်းငန်းကြည့်ရင်း အိမ်ကြီးဆီသို့ လျှောက်သွား၏။ အိမ်ကြီးမှာ ရှေးဟောင်း နှစ်ဆောင်ပြိုင် အိမ်မည်းကြီး ဖြစ်၏၊ ကျော်ဆောင်သည် လှေကားအတိုင်း ကွေ့ပတ်တက်ခဲ့ရာ အိမ်ကြီး အပေါ်ထပ်သို့ ရောက်လာ၏။ အိမ်ကြီး၏ ဧည့်ခန်းထဲတွင် လူကြီးတစ်ယောက် ထိုင်နေ၏။

သျှောင်တစောင်းထုံးထားပြီး သူ့ကို ကျောခိုင်း၍ ထိုင်နေ၏။ ထိုပုဂ္ဂိုလ်ကြီး၏ လက်ထဲတွင် ရွှေရောင် တဝင်းဝင်း တောက်နေသော တောင်ဝှေးကြီးကို တွေ့လိုက်ရ၏။ တောင်ဝှေး၏ ထိပ်ပိုင်းတွင် နဂါးခေါင်းပုံကြီးကို ထုဆစ်ထား၏။

တောင်ဝှေးကြီးကို မြင်လိုက်သည်နှင့် ကျော်ဆောင်တစ်ယောက် ဝမ်းသာအားရ ဖြစ်နေ၏။ ပုဂ္ဂိုလ်ကြီးအနောက်သို့ အရောက်တွင် လေသံ တုန်တုန်ယင်ယင်နှင့် ပြောလိုက်၏။

"ဆ ဆရာကြီး"

"ရောက် ရောက်လာပြီပဲကိုး၊ အင်း. . . ထိုက်သူရှိလို့လည်း ရောက်လာတာပေါ့။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ဖောက်ပြန်ပျက်စီး လောကကြီးမှာ ထီးတည်းပေါ်လာ သတ္တဝါအများ ကယ်တင်သွားမယ့် အမျိုးကောင်းသား မောင်ကျော်ဆောင်"

"ခင်ဗျာ၊ အမိန့်ရှိပါ ဆရာကြီးရယ်။ ကျွန်တော် ဘာများဆောင်ရွက်ပေးရမှာတုံး၊ ပြောပါခင်ဗျာ"

"အိမ်းအိမ်း ဓာတ်ရှိရာ ဓာတ်လာ၊ နတ်ရှိရာ နတ်လာ ဆိုသလို ဟောဒီမှာ တောရတောင်ဝှေး ရလာပြီကွ၊ ရလာပြီ"

"ဗျာ၊ ဒါ ဒါ တောရတောင်ဝှေး"

"ဟုတ်ပ့ါ။ အေး- အယူရှိရင် အပေးရှိရတယ်ကွ။ ပြောရရင် ဒါ ဂမ္ဘီရနယ်ပယ်မှာ ပုန်းအောင်းနေတဲ့ တောင်ဝှေးကွ။ မင်းနဲ့ထိုက်လို့ ပုန်းနေရာက ထွက်လာတာ"

"ဟာ- ဝမ်းသာလိုက်တာ ဆရာကြီးရာ၊ ဒါဆို အဲဒီ တောင်ဝှေးအတွက် ကျွန်တော် ဘယ်လောက် လှူရ လှူရပါ ဆရာကြီးရယ်"

"ကောင်းပြီ၊ ဒါဆို မင်းမှာ ဘယ်လောက်ပါသတုံး"

"အဲ- လောလောဆယ်တော့ သိန်းနှစ်ဆယ်လောက်ပဲ ပါပါတယ် ဆရာကြီးရယ်၊ ကျုပ် အဲဒါတွေ အကုန်လှူပါ့မယ်ဗျာ"

"ကောင်းပြီလေ၊ လောကကြီးကို ကယ်တင်မယ့်လူဆိုလို့လည်း မောင်ကျော်ဆောင် တစ်ယောက်တည်းပဲ ရှိတာ မဟုတ်လား။ ဟောဒီ တောရတောင်ဝှေးဟာ အချိန်တန်ရင် တန်ခိုးဣဒ္ဓိပါဒ်တွေ ပြလာမှာ အသေအချာပဲကွ"

"ဗျာ၊ ဒါဆို လောလောဆယ် အစွမ်းမပြသေးဘူး"

"ဆန္ဒမစောပါနဲ့ကွာ၊ သတ္တဝါတွေကို ကယ်တင်မယ့်လူဟာ စိတ်ရှည်ရမယ်၊ အကျင့်သီလ ကောင်းရမယ်၊ သည်းခံတတ်ရမယ်လေ။ ငါပြောမယ် မောင်ကျော်ဆောင်"

"ပြော ပြောပါ ဆရာကြီး"

"ဟောဒီ တောရတောင်ဝှေး မင်းလက်ထဲ ရောက်လာတဲ့အချိန်က စပြီး ခြောက်လတိတိ စောင့်ဆိုင်းရမယ်။ အဲဒီကာလ အတောအတွင်းမှာ ဦးဆုံး ရှောင်ရမှာက မိန်းမ။ မိန်းမဆို စိတ်နဲ့တောင် မပြစ်မှားစေနဲ့။ အရက်မသောက်ရဘူး၊ နေ့လွဲညစာ မစားရဘူး။ ပိတ်ဖြူဝတ်ပြီး ကိုယ်ကျင့်သီလ ဖြူစင်အောင် စောင့်ရှောက်ရမယ်။ အဲ- ခြောက်လတင်းတင်း ပြည့်ပြီ ဆိုရင်တော့ ရှိသမျှ သတ္တုသိုက်တွေအားလုံး ရွှေဖြစ်ပြီသာ မှတ်ပေတော့ဟေ့။ ဒါဟာ နတ်ဒေဝါတွေ ချပေးလိုက်တဲ့ စီရင်ချက်ပဲကွာ။ ကဲ- မင်းလှူမယ့် သိန်းနှစ်ဆယ် လှူပေတော့။ ငါပြောတာတော့ ကတိပေးရမယ်နော်။ ကတိမတည်လို့ကတော့ အဲဒီဒီသဲ ကျွမ်းထိုးဝင်ရပြီသာ မှတ်ပေရော့ဟေ့"

"စိတ် စိတ်ချပါ ဆရာကြီးရယ်၊ ကျွန်တော်က သတ္တဝါတွေကို ကယ်တင်ချင်သူပါ။ ကျွန်တော် တရားကျင့်ပါ့မယ် ဆရာကြီးရယ်။ အဲဒီ တောင်ဝှေးက ခြောက်လတင်းတင်းပြည့်တာနဲ့ တန်ခိုးပြပြီပေါ့နော်"

"ဟုတ်ပ့ါ။ အဲဒီအချိန်ကျရင် တောရတောင်ဝှေးရဲ့ တန်ခိုးအာနိသင်တွေ ထက်လာလိမ့်မယ်။ တစ်ခုတော့ ရှိတယ်၊ မင်းပေးထားတဲ့ ကတိ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မဖောက်ဖျက်လေနဲ့ကွ"

"ဦးဉ်း စိတ်ချပါ ဆရာကြီး"

"အိမ်းအိမ်း ဒီတောင်ဝှေးနဲ့ ထောက်မိတဲ့အရာမှန်သမျှ သိဒ္ဓိရှိပြီသာမှတ်ပေတော့။ နောက်ဆုံး သေနေတဲ့လူတောင် အသက်ပြန်ရှင်လာနိုင်တဲ့အစွမ်း ရှိသကွယ့်။ အဘကို ဘိုးဘိုးကြီးတွေကလည်း မင်းကိုပေးဖို့ အမိန့်ချပေးလိုက်ပြီလေ"

"ဝမ်းသာလိုက်တာ အဘရယ်"

"ကိုင်း- ရော့ရော့ မင်းနဲ့ထိုက်လို့ မင်းရတာပဲလို့သာ မှတ်ပေတော့ဟေ့"

"ကျေး ကျေးဇူးပါပဲ၊ အဘရယ်၊ ကျွန်တော် အဘကျေးဇူးကို တစ်သက်မမေ့ပါဘူး ခင်ဗျာ"

*ကျော်ဆောင်တစ်ယောက် တောရတောင်ဝှေး ရလိုက်ပြီ ဆိုသည်*နှင့် စိတ်တွေ မရိုးမရွဖြစ်လာ၏။ တောင်ဝှေးကြီး လက်ထဲရောက်လာသည်နှင့် တဆဆ လုပ်နေ၏။ ထိုစဉ် အဘမိုဒရာ သူ့ဘက် လှည့်လာ၏။

မျက်နှာပေါ်ရှိနေသော မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများက ဝါဂွမ်းနှယ် ဖွတ်ဖွတ်ဖြူနေ၏။ သူ့ကို ရိုဝေသော အကြည့်နှင့် ကြည့်ရင်း စားပွဲပေါ်မှ ထောင်တန်အုပ်များကို သိမ်းဆည်းလိုက်၏။

"မောင်ကျော်ဆောင်"

"ဗျာ၊ အဘမိုဒရာ"

"အေး ဒီကနေကစပြီး မင်းဟာ အဇ္ဇကျော်ဆောင် ဖြစ်သွားပြီကွ"

"ဗျာ၊ အဇ္ဇကျော်ဆောင်"

"ဟုတ်တယ်လေ၊ မင်းဟာ ရွှေဖြစ်ငွေဖြစ်စေမယ့် လိုတရ တောရတောင်ဝှေးကို ပိုင်လိုက်ပြီပဲကွယ်။ ဒီတော့ မင်းဟာ အဇ္ဇကျော်ဆောင်ဖြစ်လေပြီပေါ့"

"ဟာ- ဝမ်းသာလိုက်တာ အဘရယ်"

"ကိုင်းကိုင်း ပြန်ပေတော့ဟေ့၊ မနက်ဖြန် မနက်စောစောကစပြီး ပိတ်ဖြူစင်ကြယ်နဲ့ သီလကို ခြောက်လတိတိ စောင့်ထိန်းပေတော့ကွယ်၊ ကိုင်း- သွားပေတော့"





"ဟုတ် ဟုတ်၊ ကျေးဇူးကြီးမားလှပါတယ်ဗျ"

ကျော်ဆောင်သည် အဘမိုဒရာကို ထိုင်ကန်တော့လိုက်ပြီး တောင်ဝှေးကြီးကို တဆဆ လုပ်ရင်း အိမ်ပေါ်မှ ဆင်းခဲ့လေ၏။

သူ့အသွင်က လာတုန်းက ကျော်ဆောင်ပုံနှင့် မတူတော့။ စည်ပိုင်းကြီးကဲ့သို့ လုံးလုံးပုပု ခန္ဓာကိုယ်ကြီးမှာလည်း သွက်သွက်လက်လက်ဖြစ်နေ၏။ တောင်ဝှေးကြီးကို တဆဆ လုပ်ရင်း ခြံထဲမှ ထွက်ခဲ့၏။

သူ့စိတ်ထဲ ပန်းနုရွှေမှုန်ကိုလည်း သတိမရတော့။ စံပယ်ကိုလည်း မမြင်တော့။ သူ အခံစားကြီးခံစားနေသည်မှာ မနက်ဖြန်ကစပြီး အဇ္ဇကျော်ဆောင် ဖြစ်လေပြီဆိုသော အသိပင်။

ထိုအသိကလေးနှင့် မြောက်ကြွမြောက်ကြွ လျှောက်လာ၏။

မြင်းလှည်းတစ်စီး မြင်သောအခါ လှည်းကို တောင်ဝှေးနှင့် လှမ်းတားလိုက်၏။ တောင်ဝှေးအရောင်က တလက်လက်။ မြင်းလှည်းဆရာသည် သူ့ကို ခပ်ကြောင်ကြောင် ကြည့်နေ၏။

"ဘယ်လဲ ဆရာ"

"နတ်ပြည်ပေါ့ကွယ်"

"ဗျာ- နတ်ပြည်၊ ဟာ- ဘာတုံး"

"အဲ- ဆောရီးကွာ၊ ဟို ဟိုဒင်းကို မောင်း"

လှည်းဆရာလည်း သူ့ကို ကြောင်စီစီကြည့်ရင်း မြင်းကို ဝေါက်လိုက်၏။ ခြူသံလေးက တလွင်လွင်၊ မြင်းခွာသံကလည်း တခွပ်ခွပ်။ အဇ္ဇကျော်ဆောင်မှာ သူ့ကိုယ်သူ မဟာသိဒ္ဓိရှင်စိတ် ဝင်သွားလေ၏။

"မောင်ရင်ရဲ့ ဟောဒီ လှည်းကြီးကို ရွှေလှည်းကြီး ဖြစ်အောင်၊ ကျုပ် လုပ်လိုက်ရမလား"

"ဗျာ ရွှေလှည်း"

"ဟုတ်သလေ၊ ကျုပ်ဟာ ရှင်အဇ္ဇဂေါဇာ မထေရ်မြတ်ရဲ့ ခန္ဓာကိုယ်ထဲက သွေးတစ်စက်နဲ့ မွေးဖွားလာတဲ့လူပဲ။ နာမည်က အဇ္ဇကျော်ဆောင်။ လောကကို ရွှေဖြစ်စေမယ့် ကယ်တင်ရှင်ကွ။ ဘယ်လိုတုံး မြင်းလှည်းဆရာရဲ့"

"ဟာ- ဘာတွေလဲဗျာ၊ လူက ပါစင်ဂျာမရလို့ ရူးချင်ယောင်ဆောင်ကြားထဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း- တော်ဗျာ"

"အင်း. . . ဩော်- လူတွေ လူတွေ"

အဇ္ဈကျော်ခေါင်တစ်ယောက် မြင်းလှည်းဆရာလေး၏ နောက်ကျောကိုကြည့်ကာ စုတ်တသပ်သပ်နှင့် ဖြစ်နေလေတော့၏။

✥ ✥ ✥



## အခန်း (၇)

"အောင်ပြီကွ၊ အောင်ပြီ။ ဟားဟားဟား အဇ္ဈကျော်ဆောင်ကွ။ အမှောင်ခွင်း အလင်းဆောင် ပုလင်းထောင်မယ့် လူလာပြီကွ၊ အဲလေ"

"ဗျာ၊ ဆ ဆရာ စိတ် စိတ်ထိန်းပါ ဆရာရယ်"

"ဟားဟားဟား အချက်မသိတော့ သမက် သူခိုးထင်နေပြီလား တင်ဝင်းရ။ ဟားဟား မင့်ဆရာ မနက်ဖြန်ဆို အဇ္ဈကျော်ဆောင် ဖြစ်ပြီကွ။ ဟောဒီမှာကြည့်၊ ဒါဟာ တောရတောင်ဝှေးကွ"

"ဗျာ၊ တောရတောင်ဝှေး"

"ဟုတ်ပ၊ ဟုတ်ပ"

"အင်- သေ သေချာရဲ့လား ဆရာရယ်"

"ဟာ- တင်ဝင်းကလည်း၊ အချိန်အခါကျလာလို့ ငါ့လက်ထဲ ရောက်လာတာကွ။ ဟားဟားဟား ချမ်းသာပြီ၊ ချမ်းသာပြီကွ၊ ဟေ့ကောင် တင်ဝင်း"

"ဗျာ၊ ဘာတုံးဆရာ"

"ဒန်အိုး ဒန်ခွက်တွေ လိုက်ကောက်စမ်း၊ ပြီးတော့ ဂျာအေးတို့ကို ပါ ခေါ်လိုက်"

"ခင်ဗျာ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ"

"ခေါ်လိုက်စမ်းပါကွာ"

တင်ဝင်းတစ်ယောက် တောင်ဝှေးကြီး တဒုန်းဒုန်းဆောင့်၍ အိမ်...



www.burmeseclassic.com

www.burmeseclassic.com



ခန်းတွင် ထိုင်နေသော ကျော်ဆောင်ကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ကိုလည်း အလျှင်အမြန် ဆင်းခေါ် ပေးလိုက်ရ၏။

သူတို့လူစု ဧည့်ခန်းထဲအရောက်တွင် ကျော်ဆောင်သည် တောင်ဝှေးကြီးကို တဆဆ လုပ်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ထိုစဉ် တင်ဝင်းက ညောင်နာနာအသံနှင့် ပြောလိုက်၏။

"ရောက်လာကြပြီလား"

"ဟုတ် ဟုတ်ပါတယ် ဆရာ"

"ကောင်းပြီ၊ မင်းတို့သုံးယောက်စလုံးကို ဒီကနေ့ကစပြီး အမိန့်ချလိုက်ပြီကွ"

"ဗျာ၊ ဘာ ဘာအမိန့်လဲ"

"နားထောင်ကြ၊ သုံးယောက်စလုံး လုပ်ရမှာက ဒန်အိုး၊ ဒန်ခွက်မှန်သမျှ တစ်မြို့လုံးပတ်ပြီး ဝယ်ကြ၊ ဟောင်းဟောင်းစုတ်စုတ် တွေ့သမျှ ဝယ်၊ မြင်သမျှ ကောက်ကြပေတော့"

"ဟိုက်"

"ဘယ်လိုဖြစ်တာတုံး၊ ကျုပ်တို့ဘဝက ဘော်တယ် ပလေရာ လုပ်ရမှာလား"

"ဟုတ်တယ်၊ ကျုပ် သူဌေးဖြစ်ပြီ၊ သူဌေး ဖြစ်ကိုဖြစ်ပြီဗျ။ ဟောဒီမှာကြည့်၊ ဒါဟာ တောရတောင်ဝှေးလေ။ နှစ်ပေါင်း ထောင်ချီပြီး နတ်တွေ ဖုံးကွယ်ထားတဲ့ ဟောဒီ တောရတောင်ဝှေးကို အဘက ကျုပ်ကို ပေးလိုက်ပြီဗျ။ ဒီတော့ မနက်ဖြန်ကစပြီး ကျုပ်ဟာ အဇ္ဇကျော်ခေါင် ဖြစ်သွားပြီဗျို့။ ဒီတော့ ကျုပ်ချပေးတဲ့ အမိန့်ကို လိုက်နာပေတော့"

"ဗျာ၊ ဒါဆို ဒန်အိုးဒန်ခွက် ကောက်ရပြီပေါ့"

"ဟုတ်တယ်၊ ခင်ဗျားတို့သုံးယောက်စလုံးကိုလည်း ခြောက်လအတွင်းမှာ ရွှေဖြစ်ငွေဖြစ် မ,ပြီသာမှတ်ပေတော့ဗျို့။ ဟားဟားဟား အဇ္ဇကျော်ခေါင်ကွ"

"သွားပြီ"

"ဘဝတော့ ပျက်ပါပြီကွာ"





ကျော်ဆောင်တစ်ယောက် အူမြူးအော်ဟစ်နေသလောက် ဖျောက်ဆိပ်တို့လူသိုက်ခမျာ နေ့ချင်းညချင်း ဒန်အိုးဒန်ခွက် ဝယ်သည့်ဘဝကို ရောက်ရတော့မည်မို့ ဝါးတားတား ဖြစ်နေ၏။

ထိုအချိန် ကျော်ဆောင်က ဒန်အိုးဒန်ခွက်ဝယ်ရန် ပိုက်ဆံ အထပ်လိုက် ထုတ်ပေးလေတော့၏။ သူတို့သုံးယောက်စလုံး ပိုက်ဆံထုပ်ကြီးကိုင်ကာ ယောင်ချာချာနှင့် အောက်ထပ်သို့ ဆင်းလာ၏။

တင်ဝင်းခမျာလည်း ယောင်လည်လည် အူတိအူချာနှင့် ဂျာအေးတို့ တန်းလျားဘက် လိုက်လာ၏။

"ဘာ ဘာလုပ်ကြမလဲဗျ"

"ဒန်အိုး ဒန်ခွက် ကောက်ရမယ်ဆိုတော့ ခက်ပြီ။ ကိုကျော်ဆောင် ဘယ်လိုဖြစ်သွားသတုံး တင်ဝင်းရ။ သူ့လက်ထဲက တောင်ဝှေးက တကယ်ရော ဟုတ်ရဲ့လား"

"ကျုပ်လည်း ဘာပြောရမှန်း မသိဘူးဗျ။ ဘယ်က ယူလာတဲ့ တောင်ဝှေးမှန်းလဲ မသိဘူး။ တဒုန်းဒုန်းဆောင့်ပြီး အော်ဟစ်နေတာဗျ"

ဂျာအေးစကားကို တင်ဝင်းရော ဖျောက်ဆိပ်ပါ ခေါင်းညိတ်လိုက်ကြ၏။ ကျော်ဆောင်စကားကို လွန်ဆန်၍လည်းမဖြစ်။ ကျော်ဆောင်က အလုပ်ရှင်။

"ကျုပ်တို့က ဒန်အိုးဒန်ခွက်ဝယ်ပြီး ဘာလုပ်ရမှာတုံး"

"ပြောတတ်ဘူးလေကွာ၊ ငါ့စိတ်ထင်တော့ ဒန်အိုးဒန်ခွက်တွေ ဝယ်ပြီး တောင်ဝှေးနဲ့ထောက်မယ် ထင်တယ်ကွ"

"ဟာဗျာ၊ ဒီလူ ဟုတ်မှ ဟုတ်ရဲ့လား မသိဘူး"

"အလုပ်ရှင်ဆိုတော့လည်း ခိုင်းတာ လုပ်ရတော့မှာပေါ့ဗျာ"

"ဟုတ်ပ့ါကွာ။ မထူးပါဘူးကွာ။ ဘော်တယ်ဆိုင်တွေဝင်ပြီး ဝယ်ကြတာပေါ့။ ဖြစ်လာမှတော့ ရင်ဆိုင်လိုက်ရုံပဲပေါ့ကွာ"

နောက်ဆုံးတော့ သူတို့သုံးယောက် တစ်မြို့လုံးလှည့်ပတ်ပြီး ဒန်အိုးဒန်ခွက် အဟောင်းဆိုင်များမှ ရှိသမျှ ဒန်အိုး ဒန်ခွက်တွေ ဝယ်လေတော့၏။ သူတို့လုပ်ရပ်ကို ကြည့်ပြီး ဒန်အိုးဒန်ခွက်ဝယ်သည့် ကုလားတစ်သိုက်လည်း အံ့သြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဂျာအေးက ရသမျှ ဒန်အိုးဒန်ခွက်များ အိမ်တိုင်ရာရောက် ရောင်းပါက ဈေးပိုပေးမည်ဆိုသဖြင့် သူတို့အိမ်ဝင်းထဲ ဘော်တဲ၏ ပလေယာ ကုလားတစ်သိုက် ရှုပ်ယှက်ခတ်နေ၏။

ဒန်အိုးဒန်ခွက်အဟောင်းများကလည်း တောင်ပုံရာပုံ ဖြစ်လာ၏။ ထိုအချိန်တွင် တစ်ကိုယ်လုံး ပိတ်ဖြူဝတ်ရုံကြီးဝတ်၊ တောင်ဝှေးကြီး လက်ကမချသော ကျော်ဆောင်တစ်ယောက် ခြောက်လစခန်း ဝင်လေ၏။

ထိုအတောအတွင်း သူ့ရင်ထဲ စံပယ်လည်း မရှိတော့။ မကြာခင် ရှင်အဇ္ဇဂေါဏကိန်း ဆိုက်တော့မည်မို့ အရှိန်အဟုန်ပြင်းစွာနှင့် ကျင့်ကြံလေ၏။

ဂျာအေးမှာ ကျော်ဆောင်ကို ကြည့်ပြီး ရယ်မော ဟားတိုက်ပစ်လိုက်၏။ စည်ပုံးကြီးကို ပိတ်ဖြူပတ်ထားသလို အသွင်ရှိသော ကျော်ဆောင်၊ အိမ်ကြီး၏ အပေါ်ထပ် ဝရန်တာတွင် ထိုင်လိုက် ထလိုက်နှင့် မနောကျင့် ကျင့်နေ၏။

ပါးစပ်ကလည်း တဖူးဖူး တဟူးဟူး မှုတ်ထုတ်နေ၏။ မျက်လုံးဖွင့်လိုက် မှိတ်လိုက်နှင့် ကျင့်စဉ်တွေက ရှုပ်ယှက်ခတ်နေ၏။

သူ့ကို ခပ်လှမ်းလှမ်းက ထိုင်ကြည့်နေကြသော ဂျာအေးတို့လူသိုက်မှာ ပြုံးစိစိဖြစ်နေ၏။ တင်ဝင်းမှာလည်း သူ့ဆရာကို သူကိုယ်တိုင်ပင် နားမလည်နိုင်တော့။

"ဆရာဖျောက်"

"ဟေလကွာ"

"ကိုကျော်ဆောင်ပုံက ဖြစ်ပ့ါမလားဗျာ။ ကျုပ်စိတ်ထင်တော့ ဖူးများ ရူးသွားမလား မသိဘူး"

"ဟာ- ကျုပ်ဆရာကို အဲဒီလိုတော့ မပြောပါနဲ့ဗျ"

တင်ဝင်းက သြောင်နာနာနှင့် ဝင်ပြောလိုက်၏။ ဂျာအေးကတော့ ခေါင်းတခါခါ လုပ်နေဆဲ။ ထိုစဉ် ဖျောက်ဆိပ်က ကျော်ဆောင်၏ အသွင်ကို မော့ကြည့်ပြီး ပြုံးလိုက်၏။

"အင်း. . . ဒီလူတော့ တစ်ခုခု မှားနေပြီကွ"

"ဘာမှားတာတုံး"





"ဟာ- သူကျင့်တာ ရှင်အဇ္ဇဂေါဏ အကျင့်ဆိုရင် မျက်လုံးနှစ်လုံးကို ထုတ်ပစ်လိုက်ရမှာကွ"

"ဗျာ၊ မျက်လုံးထုတ်. . . ဟာဗျာ"

"ဟုတ်တယ်လေကွာ၊ ရှင်အဇ္ဇဂေါဏ မထေရ်ဟာ ဆိတ်မျက်လုံးနဲ့ နွားမျက်လုံးကို တစ်ဖက်စီ တပ်ထားတာကွ။ ဒီတော့ အဲဒီကိစ္စကို မင်းရဲ့ဆရာ မေ့နေပြီကွ။ အဲဒါတော့ ပြောလိုက်ဦး"

"မလုပ်ပါနဲ့ဗျာ၊ တော်ကြာ အဲဒီ မျက်လုံးတွေ ထည့်လိုက်မှ ရှိရှိသမျှ အရာတွေကို နွားတွေ၊ ဆိတ်တွေ ထင်နေပါဦးမယ်။ ပြီးတော့ အဲဒီမထေရ်မြတ်က အကယ့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဗျ၊ ကျုပ်ဆရာနဲ့ တခြားဆီပဲ"

"ဘာဖြစ်လို့တုံး တင်ဝင်းရ"

"ကျုပ်ဆရာ မိန်းမပွေတယ်၊ အရက်သောက်တယ်။ ထင်ရာတွေလုပ်တယ်ဗျ။ ဒီတော့ အဲဒီ မျက်လုံးကြီးတွေထည့်ပြီး ကြည့်ရင် တိရစ္ဆာန်တွေပဲ မြင်နေမှာပေါ့ဗျ"

"အေး၊ ဒါလည်း ဟုတ်သားကွ။ ဒီလူ ဘယ်လိုအကြံများ ပေါက်သွားပါလိမ့်။ နောက်ပြီး ဂိုဒေါင်ထဲမှာလည်း ဒန်အိုးဒန်ခွက်ဟောင်းတွေ ပုံနေပြီကွ"

"ဟုတ်ပ့ါဗျာ။ လာသမျှ ကုလားတွေလည်း မောင်းထုတ်နေရပြီ။ ဒုက္ခပါပဲ၊ ကျုပ်ဆရာတော့ ဘာတွေ ကြံစည်နေသလဲ မသိပါဘူးဗျာ"

သူတို့လူစု အူချာချာနှင့် ဖြစ်နေစဉ် ဂျာအေးတစ်ယောက် ထိုင်နေရာမှ လှစ်ခနဲ ထထွက်သွား၏။ သူ့ခြေလှမ်း၏ ဦးတည်ရာက ခြံရှေ့ ဒေလီယာပန်းခင်းထဲ ဖြစ်လေ၏။

ပန်းခင်းထဲတွင် စံပယ်တစ်ယောက် ပန်းပင်ကလေးများကို ပြုစုပျိုးထောင်နေ၏။ အနားရောက်သည်နှင့် လေသံတိုးတိုးနှင့် ခေါ်လိုက်၏။

"စံပယ်"

"ရှင်"

"ဘာ ဘာတွေ လုပ်နေတာလဲဟင်"

"ဩော်- ကိုဂျာအေးပါလား။ ဒီမှာလေ ဒေလီယာပင်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းထိုးပေးနေတာ"

"ဟုတ်လား၊ ဟို ကျုပ်သာ အဲဒီ ဒေလီယာပင်ကလေးဆို စံပယ် ဘာလုပ်မှာလဲဟင်"

"အို- ဒါ ဒါဆို ကတ်ကြေးနဲ့ ညှပ်ပစ်မယ်၊ ပြီးတော့ ဂေါ်နဲ့ထိုးမယ်၊ ရေတွေလောင်းမယ်"

"ဟာဗျာ၊ ကျုပ် ကျုပ်က စံပယ်ချစ်တဲ့ ဒေလီယာပင်လေး ဖြစ်ချင်တာဗျ။ တစ်ခါ တစ်ခါ ကိုယ်ဖြစ်ချင်တာ ဖြစ်ချင်လိုက်တာဗျာ"

"ဒါများ အလွယ်လေးပါ ကိုဂျာအေးရယ်၊ စံပယ် ပြောပြမယ်။ အိမ်ပေါ်ထပ်က ဆရာကြီးဟာ ခြောက်လပြည့်ရင် သူ့အစွမ်းပြတော့မှာတဲ့။ ဒီတော့ အဲဒီတောင်ဇေးနဲ့ ကိုယ့်ကိုယ်ကိုယ် ဒေလီယာပင်လေးဖြစ်အောင် ဖန်တီးလိုက်ပေါ့"

"အင်- ဟဲဟဲ အဲဒီအပင်ကလေးဖြစ်ရင် စံပယ်က ချစ်မှာလား"

"ဩော်- ကိုဂျာအေးက ကျွန်မကို သွယ်ဝိုက်ပြီး ချစ်စကားဆိုနေတာကိုး ဟင်းဟင်းဟင်း"

"ဟုတ် ဟုတ်ပါတယ် စံပယ်ရာ၊ ကျုပ့်အချစ်က တစ်ဘဝ တစ်ယောက်၊ တစ်ယောက်မှာ တစ်သည်း မခွဲခွာ အမြဲ ချစ်ချင်တဲ့သူပါဗျ"

"ဟင်းဟင်းဟင်း ရယ်ရတယ် ကိုဂျာအေးရယ်။ ရှင်ပဲ ပြောခဲ့တာလေ၊ အချစ်ဆိုတာ မြွေကြီးတစ်ကောင်လိုပဲဆို"

"အဲ အဲဒါ သဘောပြောတာပါ စံပယ်ရာ။ ကျုပ် အမှန်အတိုင်းပြောပါ့မယ်။ ကျုပ် ကျုပ်လေ စံပယ့်ကို ချစ်တယ်ဗျ။ ချစ်တာမှ စံပယ့်တစ်ကိုယ်လုံးကို ငုံလို့ရရင် ငုံထားချင်တဲ့ တာနောယက္ခ အချစ်ပါဗျ"

"အို ဒုက္ခပါပဲ၊ ဖွတ်ကြီးပါလား"

"ဟုတ်တယ်ဗျ၊ ကျုပ်ရင်ထဲ အချစ်ဆိုတဲ့ ခံစားချက်တွေ တရိပ်ရိပ် တမျှင်းမျှင်းနဲ့ ဖြစ်နေရပြီ။ အိပ်လည်း စံပယ်၊ စားလည်း စံပယ်၊ အိုဗျာ စကြဝဠာတစ်ခုလုံး စံပယ်တွေချည်းပဲ"

"ဟင်းဟင်း ကိုဂျာအေးက ဇာတ်ဆရာ လုပ်စားဖို့ ကောင်းတယ်"

"မနောက်ပါနဲ့ စံပယ်ရယ်၊ ကျွန်တော့်အချစ်ဟာ ကျွန်တော့်ဆရာ ပြောသလို ပရမတ်အချစ်ပါဗျာ။ အနိစ္စနဲ့ မယှဉ်တဲ့အချစ်ပါ မစံပယ်ရယ်၊





ဟို- မစံပယ် ကျွန်တော့်ကို ချစ် ချစ်တယ် မဟုတ်လားဟင်။ ပြော ပြောပါဦး မစံပယ်ရယ်"

"အို- ဒီ ဒီလိုတော့ အကျပ်မကိုင်ပါနဲ့၊ အချစ်ဆိုတာကို ဓားပြတိုက်လို့ မရဘူးရှင့်"

"ဗျာ၊ ကျုပ် ကျုပ် ဓားပြမတိုက်ပါဘူးဗျာ။ အေးအေးဆေးဆေး တောင်းခံခဲ့တာပါ။ ကျုပ်ကို အဖြေပေးပါလားဗျာ။ ကျုပ်ရင်တွေ လောင်မီးခသလို ပူလှချည်ရဲ့ဗျာ"

"ရှင်"

ဂျာအေးတစ်ယောက် ပွဲကြမ်းလေပြီဖြစ်၏။ စံပယ်နား အတင်းတိုးကာ ကလေးငယ်တစ်ယောက် ပူဆာသလို တတွတ်တွတ် ပြောဆိုနေ၏။

ထိုမြင်ကွင်းကို မြင်မိသူက ကျော်ဆောင်။ ဝရန်တာရှေ့တွင် ခြေစုံရပ်ရင်း မနောကျင့် ကျင့်နေရာမှ ဂျာအေးနှင့် စံပယ်တို့အဖြစ်ကို မြင်လိုက်ရ၍ သူ့နှလုံးသားတွေ စွေ့စွေ့ခုန်နေ၏။

"ဟင် ဂျာ ဂျာအေး"

"×××. . . ×××"

"လုပ်ရက်ပါ့ကွာ၊ ငါ့အချစ်ကလေး အဲလေ ဒုက္ခပါပဲ ငါ ငါ အဇ္ဈကျော်ဆောင်ဖြစ်အောင် ကျင့်နေတာ။ ငါ သတိတွေ လွတ်ကုန်ပြီ။ မဖြစ်ဘူး မဖြစ်ဘူး မကြည့်ဘဲနေဦးမှ"

တစ်ယောက်တည်းပြောဆိုရင်း မျက်စိစုံမှိတ်လိုက်ပြန်၏။ မျက်စိမှိတ်လိုက်သော်လည်း စောစောက အဖြစ်ကို မြင်ယောင်နေဆဲ။ ဘာလုပ်လို့ လုပ်ရမှန်းမသိ။

စံပယ်သာ ဂျာအေးလက်ထဲပါသွားလျှင် သူ့ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲရတော့မည်ဖြစ်၏။ သူ့စိတ်တွေ ဟုန်ထုံနေပေ၏။

တင်ဝင်း အပေါ်ထပ် တက်လာစဉ် ကျော်ဆောင်ခေါ်ပြီး မေးလိုက်၏။

"တင်ဝင်း"

"ဗျာ၊ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို- စံပယ်နဲ့ ဂျာအေး ဘာတွေ ဖြစ်ကုန်ကြပြီလဲ ပြော ပြောစမ်း"

"ဘာဖြစ်လို့လဲ ဆရာကြီး၊ ဆရာကြီးကို အနှောင့်အယှက် လုပ်လို့လား"

"ဟာကွာ၊ လျှာရှည်လိုက်တာ။ ငါသိချင်တာ ပြောစမ်း၊ ဂျာအေးက ဘယ်လိုကောင်တုံး"

"ဆရာကြီးကလည်း ဂျာအေးဟာ ရုပ်သာမှင်စာရုပ်၊ စကားကြတော့ ရွှေမန်းရုံးသဗျ။ စံပယ်လေးနား ကပ်နေလိုက်တာ ပက်ကျိကျနေတာပဲ။ ပြောလိုက်တာလည်း ရေပက်မဝင်ဘူးဗျ"

"ဘာကွ၊ ဒါ ဒါ အမှန်ပဲလား"

"အမှန်တွေပေါ့ ဆရာကြီးရယ်။ ဘာဖြစ်လို့မေးသတုံး ဆရာကြီးရဲ့"

"ဘာ- စံ စံပယ်က ငါ့အိတ်ထောင်ထဲက ဖားတစ်ကောင်ကွ၊ ခုတော့ ဂျာအေး ဝင်နှိုက်နေပြီ"

"ဗျာ၊ ဒါ ဒါဆို ဆရာကြီးက အဲဒီဖားကို ကိုယ်တိုင် ထုတ်ရိုက်မှာပေါ့။ အကုသိုလ် များပါတယ် ဆရာကြီးရယ်။ ခုလိုအချိန်မှာ ဖားမပြောနဲ့ ပုရွက်ဆိတ်တောင် စိတ်နဲ့ မပြစ်မှားသင့်"

"ဟကောင် တင်ဝင်း"

"ခင်ဗျာ"

"မင်း ပါးစပ် ပိတ်ထားစမ်း၊ ငါ့ရင်ထဲမှာ ငရဲမီးလောင်နေပြီကွ"

"ဗျာ၊ ငရဲမီးလောင်နေပြီ၊ အဲဒါဆို ဘယ်လိုမှ ငြိမ်းရမှာမဟုတ်ဘူးဗျ"

"တိတ်စမ်း၊ စံပယ် စံပယ်ဟာ"

"ဆရာကြီး သတိထားပါဦး။ ခုချိန်မှာ ဆရာကြီးက အဓိဋ္ဌာန်ဆောင်လေ။ ရောင်ခြည်တစ်ထောင် အလင်းဆောင်မယ့် အဓိဋ္ဌာန်ဆောင်ဆို။ အဲဒီလို အချိန်မျိုးမှာ မိန်းမဟာ အနှောင့်အယှက်ဗျ"

"ဟေ"

"ကျွန်တော် ဆရာကြီးကို သတိပေးတာပါခင်ဗျာ။ မမှားတန်တာ မမှားရအောင်ပါ"





"သိတယ် သိတယ်၊ ငါဟာ ရောင်ခြည်တစ်ထောင် အလင်းဆောင်မယ့် အဓိဋ္ဌာန်ခေါင် ဖြစ်တော့မှာကွ။ အင်း- ဆရာကြီးပြောတာမှန်ပါ့ကွာ၊ မိန်းမဟာ ကြီးစွာသော ရန်သူပါလား"

"ဒါဆို စံပယ်လေးကို မေ့ပစ်လိုက်ပါ ဆရာကြီးရယ်၊ မ,ဘက်လိုက်တော့ မိုက်ဘက်ပါကုန်မှာပေါ့ ဆရာကြီးရဲ့"

"ဟင်- မင်းက ငါ့ကို ပြန်ဆုံးမနေသလားကွ။ ကျော်ဆောင်ကွဲ ကျော်ဆောင်"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ပညာရှိ သတိဖြစ်ခဲ့မို့"

"တိတ်စမ်း၊ ဟင်းဟင်း ဒေါသဖြစ်လိုက်တာကွာ။ တော်ပါပြီကွာ"

ကျော်ဆောင်တစ်ယောက်၏ ပေါက်ကွဲမှုက အုံ့မခန်းပင်။ တောင်ဝှေးကြီး တဒုန်းဒုန်းဆောင့်ကာ ပါးစပ်ကလည်း ပွစိပွစိ လုပ်နေ၏။ သူ့ရှေ့တွင် မျက်နှာငယ်လေးနှင့် ထိုင်နေသော တင်ဝင်း မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်နေ၏။

"တင်ဝင်း"

"ခင်ဗျာ ဆရာကြီး"

"အေး၊ ငါဟာ အဓိဋ္ဌာန်ဆောင်ဖြစ်လာရင် မင်းကို အရင် ဆုံးမမှာကွ။ မင်းယုံတယ်မဟုတ်လား"

"ယုံ ယုံပါတယ် ဆရာကြီးရယ်"

"အေး၊ ဒန်အိုးဒန်ခွက်တွေရော ကောက်ထားရဲ့လား"

"ဟာ- ဂိုဒေါင်ထဲမှာ တစ်ပုံတစ်ခေါင်း"

"အေး ကောင်းတယ်၊ အဓိက မင်း ငါ့အပေါ် သစ္စာရှိဖို့ပဲလိုတယ်။ ခုကိစ္စမှာ ငါဟာ ခြောက်လတင်းတင်း မနောကျင့်ကို ကျင့်ရမှာကွ။ ဒီတော့ ငါ အဲဒီလို ပြင်းပြင်းထန်ထန် လေ့ကျင့်နေတုန်းမှာ အနှောင့်အယှက်တွေ မမြင်ချင်ဘူးကွာ"

"ဒါဆို ဂျာအေးတို့ကို မောင်းထုတ်လိုက်ရမလား"

"နေဦးကွ၊ သူတို့က ကိုသောင်းခင်လူတွေဆိုတော့ အရမ်းလုပ်လို့မဖြစ်ဘူးကွ။ ဒီတော့ သူတို့ကို ဆိုင်ပို့လိုက်ကွာ။ အဲဒီမှာ မင်းကြည့်ပြီးစီစဉ်ပေးလိုက်။ အမြန်လုပ်ကွာ။ စံပယ်နဲ့ ဝေးလေကောင်းလေပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဆရာကြီး"

"ဒါဆို သွားတော့"

ဘင်ဝင်းတစ်ယောက် ကျော်ဆောင်၏ စကားကို မလွန်ဆန်နိုင်။ အောက်ထပ်သို့ရောက်သည်နှင့် တန်းလျားဘက်သို့ လျှောက်လာကာ အကျိုးအကြောင်းပြောပြလိုက်၏။ ထိုအခါ ဖျောက်ဆိပ်က မျက်မှောင်ကြီးကုတ်ပြီး မေးလိုက်၏။

"ဟေ- ဒါဆို ငါတို့က ချက်ချင်း ပြောင်းရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ အဝယ်ဆိုင်မှာ လူတွေလိုနေတယ်၊ ဒီကိစ္စကိုဖျောက်ဆိပ်တို့ ဦးစီးမှုဖြစ်မှာ။ ပြီးတော့ ပိုက်ဆံလည်း အလုံအလောက် ထုတ်ပေးလိုက်မှာပါ"

"ကောင်းပြီလေ၊ ဒါဆို ပြောင်းဆိုလည်း ပြောင်းရမှာပေါ့ကွာ"

တင်ဝင်း၏ စကားကြောင့် ဂျာအေးမှာ ခိုးလိုးခုလု ခံစားနေရ၏။

စပယ်နှင့် အခြေအနေအတော်ကလေး ကောင်းနေချိန်မှာမှ ဝေးရဦးမည်ဆိုသဖြင့် ခံစားနေရ၏။ သူစိတ်ထဲ အိမ်ကြီးအပေါ်ထပ်မှာ အရိပ်အခြည် စောင့်ကြည့်နေသော ကျော်ဆောင်ကို မသင်္ကာ။ ထို့ကြောင့်လည်း လေသံတိုးတိုးနှင့် မေးလိုက်၏။

"ကိုတင်ဝင်း"

"ဗျာ၊ ကိုဂျာအေး"

"ခင်ဗျားပြောတဲ့ကိစ္စက ကိုကျော်ဆောင်ရဲ့ ပယောဂ မကင်းဘူး မဟုတ်လား"

"အင်- ဟို အဲ"

"ဂျာအေးကလည်းကွာ၊ တင်ဝင်းက အလုပ်သမားလေကွာ၊ အလုပ်ရှင်ပြောတာ နာခံရမှာပေါ့။ ပြောင်းပေးလိုက်တာ အကောင်းဆုံးပါပဲကွာ"

ဖျောက်ဆိပ်က ကြားမှ ဝင်၍ ပြောလိုက်၏။ ဂျာအေး မငြင်းသာတော့။ နောက်ဆုံး သူတို့ဆရာတပည့်နှစ်ဦး မြင်းလှည်းတစ်စီးနှင့် ရွှေဂုမ္ဘာ ရှေးဟောင်းပစ္စည်း ဝယ်ယူရေးဆိုင်သို့ ပြောင်းရွှေ့သွားကြ၏။

ရွှေဂုမ္ဘာဆိုင်ကြီးမှာ သောင်းခင်နှင့် ကျော်ဆောင်တို့နှစ်ဦး အစုရှယ်





ယာဝင် ရောင်းဝယ်နေသည့် ဆိုင်ကြီးတစ်ဆိုင် ဖြစ်လေ၏။ ဆိုင်တွင် ဦးစိန်ရာဇာဆိုသော လူကြီးတစ်ဦးသာ ရှိ၏။

ဦးစိန်ရာဇာသည် ကျော်ဆောင်၏ ဦးလေးအရင်းဖြစ်ပြီး နန်းဆန်ဆန် နေထိုင်တတ်သူလည်း ဖြစ်လေ၏။ ဂျာအေးနှင့်ဖျောက်ဆိပ် ရောက်လာသောအခါ ဦးစိန်ရာဇာတစ်ယောက် သူတို့၏ ရုပ်လက္ခဏာကိုကြည့်ပြီး ဘဝင်မကျနိုင် ဖြစ်နေ၏။

"မင်းတို့က ရှေးဟောင်းပစ္စည်းရဲ့ သဘောသဘာဝတွေကို တီးမိခေါက်မိကြရဲ့လားကွ"

"ဟာ- ဆရာကြီးကလည်း ပတ္တလားတို့၊ ဗုံတို့မှ မဟုတ်တာ"

"ဟေ- ငါပြောတာ ရှေးဟောင်းပစ္စည်း ဆန်းစစ်တဲ့ပညာကွ။ အဲဒီပညာတော့ တတ်ထားမှ ဖြစ်မယ်။ မဟုတ်လို့ကတော့"

"ခက်ပုံ ဆရာကြီးရဲ့၊ ရှေးဟောင်းပစ္စည်းပါဆို ခပ်ဟောင်းဟောင်းပစ္စည်းတွေပေါ့ဗျာ။ လွယ်ပါတယ်၊ ဒီပညာက မျက်စိနဲ့ ကြည့်ရုံနဲ့ ဖြစ်ပါတယ်"

"ဟေ- လွယ်လှချည်လား"

"ဒါ ကျုပ်တို့ရဲ့ ဝမ်းတွင်းပါ ပညာလေဗျာ။ သူများတွေအတွက် ခက်ပေမယ့် ကျုပ်တို့အတွက်တော့ လွယ်ပါ့ဗျာ"

ဂျာအေး၏စကားကြောင့် ဦးစိန်ရာဇာကြီးမှာ မျက်လုံးအပြူးသား ဖြစ်သွား၏။

အမှန်မတော့ ရှေးဟောင်းပစ္စည်းများ ကြည့်ရှုသည့် ပညာကို နှစ်ပေါင်းများစွာ သင်ကြားခဲ့ရပေ၏။ အအိပ်ပျက်၊ အစားပျက်နှင့် သင်ခဲ့ရသော ပညာကို ဂျာအေးက ဝမ်းတွင်းပါပညာဟု ပြောလိုက်သဖြင့် ဦးစိန်ရာဇာ အံ့သြ၍ မဆုံးတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဂျာအေးရင်ထဲ ကျောက်စရစ်ခဲတွေ ဝင်နေသလို ခိုးလိုးခုလုခံစားနေရ၏။ သူ တသသ လွမ်းနေရသော စံပယ်။ မခံစားဘူးသော ခံစားချက်တို့နှင့် စွဲလမ်းနေရပြီမို့ ဘာလုပ်လုပ် ဘာကိုင်ကိုင် စံပယ်သည် အရာရာကို ဖမ်းစားထား၏။

ရွှေဂမ္ဘီဆိုင်ကြီးမှာ နေရသော်လည်း သူ့စိတ်က စံပယ်ဆီရောက်နေ၏။ ရွှေပေါင်းပစ္စည်းများကြား ဦးစိန်ရာဇာတစ်ယောက် ဗျာများနေသလောက် ဂျာအေးကတော့ ငူငူကြီးပင်။ ဖျောက်ဆိပ်မှာလည်း သူ့တပည့် ဂျာအေး ဖြစ်ပျက်နေပုံကြည့်ပြီး စိတ်မကောင်းဖြစ်နေ၏။ ဦးစိန်ရာဇာသည် သူတို့နှစ်ဦးကို ကြည့်ပြီး အားမလိုအားမရ ဖြစ်နေ၏။

"ဖျောက်ဆိပ်၊ ငါ အပြင်သွားဦးမယ်ကွ။ ပစ္စည်းတစ်ခု အရောင်းအဝယ်လုပ်စရာ ရှိတယ်။ အဲဒါ ဆိုင်ကြည့်ထားလိုက်ကွာ။ ရောင်းသူလာရင် စွတ်မဝယ်နဲ့နော်၊ ငါ ချက်ချင်းပြန်လာမယ်"

"ကောင်းပြီ၊ သွားစရာရှိတာ သွားပါ"

ဦးစိန်ရာဇာတစ်ယောက် စိတ်ပေါက်ပေါက်နှင့် ဆိုင်ထဲမှ ထွက်လာ၏။ ဦးစိန်ရာဇာ ထွက်သွားသဖြင့် ဖျောက်ဆိပ်သည် ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ ဆေးလိပ်တဖွာဖွာ လုပ်နေ၏။ ဂျာအေးကတော့ ထုံးစံအတိုင်း ငူငူငေါင်ငေါင်ကြီး ထိုင်နေ၏။

ထိုစဉ် ဆိုင်ထဲသို့ လူဝဝကြီးတစ်ဦး ဝင်လာ၏။ ထူးဆန်းသည်မှာ





သူ၏ ဝတ်ဆင်မှုပင်၊ တောင်ရှည်ပုဆိုးဝတ်ထားပြီး ပန်းနုရောင်ပဝါကို ခေါင်းပတ်ထား၏။ ရုတ်တရက်ကြည့်လျှင် ဇာတ်ထဲက မင်းသားကြီးအသွင်။ လက်ထဲတွင်လည်း အိတ်ကြီးတစ်လုံးဆွဲလာ၏။

"ဟေ့ကောင်လေး၊ မင်းက ဘာတုံး"

"ကျုပ်လား"

"ဟုတ်တယ်လေ၊ မင်းက ဘာတုံး"

"ဟာဗျာ လူတစ်ယောက်လုံး ထိုင်နေတာ ဘာတုံးဆိုတော့ ဘယ်လိုဖြေရမှာလဲဗျာ"

လူဝကြီးက ဂျာအေးကို လက်ညှိုးငေါက်ငေါက်ထိုး၍မေးလာ၏။ ဂျာအေး ညစ်တစ်တစ် ပြန်ဖြေလိုက်၏။

"ဟာ- ဒီသူငယ် တယ်လည်း အရိုအသေမဲ့သကိုး။ ငါလို ကုန်းဘောင်မျိုးကို မင်းက ဦးတောင်မညွှတ်ပါလားကွ။ ကိုယ်တော်ကြီးကွ၊ ကိုယ်တော်ကြီး"

"ဘာတွေတုံးဗျ၊ ဘယ်က ကုန်းဘောင်မျိုးလဲ။ စိတ်ညစ်ရတဲ့အထဲဗျာ။ ကိုင်း- ပြော ဘာကိစ္စတုံး"

"ဒီကလေး စကားပြောတာကအစ မပြောတတ်ပါလား၊ မှန်ပ့ါဘုရားလို့ ပြောရတယ်ကွ"

"ဗျာ မှန်ပ့ါဘုရား။ ဟာ- ခင်ဗျားကြီးကလည်း အရေးထဲ ဘုရင်လာလုပ်နေပြန်ပြီ။ ဒါ ဇာတ်ကနေတာ မဟုတ်ဘူးဗျ။ ဈေးရောင်းဈေးဝယ်လုပ်နေတာ။ ခင်ဗျားကြီး ဘာရောင်းစရာပါလဲပြော။ ရောင်းစရာမရှိရင် ပြန်ပေတော့ဗျာ"

"ဟေ"

ဂျာအေး၏ ခပ်ဖွာဖွာစကားကြောင့် ကိုယ်တော်ကြီး ဆိုသူမှာ ရှုံ့မဲ့သွား၏။

"ငါ့ကို ငေါက်ငမ်းပြောရဲတာ မင်းပဲရှိသကွ။ ဧကန္တ ထိပ်ခေါင်တင် ဘုရားရဲ့ မျိုးဆက်များလား မသိဘူး။ ကိုင်းကိုင်း ကိုယ်တော်လေး"

"ဗျာ၊ ဒုက္ခပါပဲကွာ"

"ဟောဒီမှာ ပစ္စည်းတစ်ခုရောင်းချင်လို့ပါ ကိုယ်တော်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းက ကျုပ်အဘိုး သတိုးသီရိ အကျော်အမော် တိုင်းပလ္လင်ဝန်ကြီးရဲ့ ခြေနင်းခေါ်လေ"

"အင်"

အသံဗလံကြောင့် ဖျောက်ဆိပ်ပါ ပက်လက်ကုလားထိုင်ပေါ်က ထလာ၏။ ကိုယ်တော်ကြီး ဆိုသူကို မှုန်ကုပ်ကုပ်ကြည့်ရင်း အိတ်ထဲမှ ထွက်လာသော အရာကို ကြည့်လိုက်၏။ ဂျာအေးကလည်း ခြေနင်းတော် ဆိုသောအရာကို ကြည့်လိုက်၏။

"ဟာ- ဘယ်က ဖိနပ်စုတ်ကြီးလဲဗျ"

"ဟကောင် ငမိုက်သားရ၊ ဒါ ငါ့အဘိုးစီးတဲ့ ခြေနင်းတော်ကွ"

"လုပ်ပြီကွာ၊ ကျုပ်မြင်တာတော့ ဖိနပ်စုတ်ကြီးပဲ"

"မင်းက အသူတုံး၊ မင်းတို့နှစ်ယောက်ကြည့်ရတာ အရှူးထောင်က ထွက်လာတဲ့ ကောင်တွေကျနေတာပဲ။ ဒါ အဖိုးဖြတ်မရတဲ့ ရှေးဟောင်း ခြေနင်းတော်ကွ။ ဒီခြေနင်းတော်ကို နတ်ခြေနင်းလို့ ခေါ်သကွ၊ ငါ့အဘိုး ဟာ အဲဒီ ခြေနင်းတော်စီးပြီး မြေလျှိုးမိုးပျံခဲ့ဘူးသကွ"

"ခင်ဗျာ၊ ဟို- ခင်ဗျား ဘာတွေ ပြောနေသတုံးဗျ။ ကျုပ်တို့ နားမလည်တော့ဘူး"

"ဟုတ်ပါ့ဗျာ၊ ဘယ်က ဖိနပ်စုတ် တောင်းလာမှန်းမသိ"

"တိတ်စမ်း၊ တန်ဖိုးမသိတဲ့ဟာလေး၊ ဟောဒီ ခြေနင်းတော်ရာဇဝင် ခင်းပြလိုက်ရင် မင်းကြီးတော်တောင် အဆစ်ပါနိုင်သကွ"

"ဗျာ"

ဂျာအေးရော ဖျောက်ဆိပ်ပါ ကိုယ်တော်ကြီး၏ နှိပ်ကွပ်မှုကို ခံနေရ၏။ ပြောချင်ရာ စွတ်ပြောရင်း သူ့ ခြေနင်းတော်ကို အမွှမ်းတင်နေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်၏ မျက်စိထဲမှာတော့ ဇာတ်ထဲကသည့် ဖိနပ် စုတ်တစ်ရန် ဟူ၍သာ မြင်၏။

ဖိနပ်ကြိုးတွင် ကျောက်ရောင်စုံ စီထား၏။ ဇာတ်ထဲ ဇော်ဂျီတွေ၊ ဘီလူးတွေ စီးပြီးကသည့် ဖိနပ်အသွင်ပင်။ ကိုယ်တော်ကြီးကလည်း သူ့ ဖိနပ်ကို အကြီးအကျယ် အမွှမ်းတင်နေ၏။ ကြာလာတော့ ဂျာအေး နားပူမခံနိုင်။





"ကဲ- အဲဒါ ကျုပ်တို့ ဘာလုပ်ပေးရမလဲ"

"ရောင်းမယ်လေကွာ၊ ငါ့မှာ လက်ဖက်ရည်တော် သောက်စရာ ပိုက်ဆံ မရှိဘူးကွယ့်၊ ပြီးတော့ ကွမ်းတော်လည်း စားချင်တယ်၊ ပြီးတော့"

"ဟာ- တော်ပါတော့ဗျ၊ ဘယ်လောက်ပေးရမှာတုံး"

"မင်းတို့ ဈေးပြောလကွာ"

ဂျာအေး ထင်ရာမြင်ရာ ဈေးပြောချလိုက်၏။ ကိုယ်တော်ကြီးက လည်း ဂျာအေးပြောသမျှ ခေါင်းတညိတ်ညိတ်။ နောက်ဆုံး ဂျာအေး ပေး သည့် ပိုက်ဆံယူကာ ဆိုင်ထဲမှ ထွက်သွား၏။

ဖျောက်ဆိပ်မှာ ဂျာအေး အပြုအမူကို နားမလည်နိုင်။

"ဟကောင်၊ မင်း ဘာဖြစ်လို့ ငါးထောင်ပေးလိုက်ရတာလဲ။ ဖိနပ်စုတ်ကြီးကွ၊ ဘယ်ကရောက်လာမှန်းလဲ မသိကွာ။ ပြီးတော့ ဒီလူကြီး ကြည့်ရတာ အရူးကြီးလိုလို ဘာလိုလိုနဲ့"

"ဟာဗျာ နားညည်းလို့ဗျ။ ပေးလိုက်တော့ အေးရောပေါ့ ဆရာ ဖျောက်ရယ်"

"ဟေ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ဦးစိန်ရာဇာ ပြန်ရောက်လာ၏။ သူတို့ ရှေ့တွင် ချထားသော ခြေနင်းတော်ကြီးကိုကြည့်ပြီး အူကြောင်ကြောင်ဖြစ် နေ၏။ လက်ညှိုးကြီး တထိုးထိုးလုပ်ပြီး မေးလိုက်၏။ ဒီ ဒီဖိနပ်စုတ်ကြီးက ဘယ်ဇာတ်စင်ဘေးက ကောက်လာတာလဲကွ"

"ဟာ- အဲဒါ ဖိနပ်စုတ်မဟုတ်ဘူးဗျ။ ခြေနင်းတော်ကြီးတဲ့။ ကုန်း ဘောင်ခေတ်က ဝန်ကြီးတစ်ပါး စီးတာတဲ့"

"ဟေ- မင်း မင်းကို ဘယ်သူပြောသတုံးကွ"

"ဦးစိန်ရာဇာကလည်း ကျုပ်က အသေအချာ မေးမြန်းပြီး ဝယ် လိုက်တာဗျ။ ကိုကြီးဖျောက် မေးကြည့်၊ လာရောင်းတဲ့လူက ကိုယ်တော် ကြီးတဲ့။ သူ့အဘိုးက ဝန်မင်းကြီးတစ်ဦးတဲ့ဗျ။ ဧကန္တ အိမ်သာတက်ရင်း စီးတဲ့ဖိနပ်ထင်တာပဲ။ ဘာပဲဖြစ်ဖြစ် ဒါ ရှေးဟောင်းပစ္စည်း အစစ်လေး၊ ဒါကြောင့် ငွေငါးထောင်ပေးပြီး ဝယ်လိုက်တာ"

"ဘာကွ၊ ငါး ငါးထောင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ လွတ်တန်ဖိုးရှိပုံပေါ်တယ်ဗျာ။ ကျုပ်လည်း အဲဒီ ကိုယ်တော်ကြီးကို ကြည့်ပြီး ဖြစ်နိုင်တယ် ထင်ပါ့။ သဲကြိုးမှာ ကျောက်တွေစီထားတာ ဘယ်လာက်ဆန်းသလဲ"

"ဟေ- သွားပါပြီကွာ"

"ဘာဖြစ်သွားသတုံးဗျ၊ ကျုပ်တို့က ရှေးဟောင်းပစ္စည်းဝယ်တာ အဲဒီလောက်တော့ မျက်စိမမှောက်တန်ကောင်းပါဘူးဗျာ"

"အင်း. . . ခင်ဗျားတို့ ထင်ရာတွေ စွတ်လုပ်နေပါလားဗျာ။ ဘယ်က ကုန်းဘောင်ခေတ်လဲ၊ ဘယ်က ဝန်ကြီးလဲ။ ဟာ- မဟုတ်တာ၊ ဒါ ဇာတ်စင်ပေါ်မှာ လွှင့်ပစ်ထားတဲ့ ဖိနပ်စုတ်ဖြစ်မယ်ကွ။ ခက်ပြီ"

"ဟုတ် ဟုတ်ရဲ့လားဗျ၊ ဖိနပ်က ဆန်းတော့ ဆန်းသားဗျာ။ ဦးကော့ပဲ့ကော့နဲ့ ဇော်ဂျီတွေစီးတဲ့ ဖိနပ်လိုပဲဗျ"

"ဟုတ်တယ်ဗျ၊ ကိုယ်တော်ကြီး ပြောသွားတာတော့ အဲဒီဖိနပ်စီးပြီး ခရီးထွက်ရင် မြေလျှိုးမိုးပျံလို့ရတယ် ပြောတာပဲဗျ"

"ဟုတ်ပါ့၊ ဂျာအေးပြောတာ အကိုက်ပဲ။ ဒါ လွတ်တန်ဖိုးရှိ"

"တိတ်စမ်း- အရူးတွေ၊ မင်းတို့နှစ်ယောက်စလုံး အရူးတွေ။ အဲဒီငါးထောင် မင်းတို့ လျော်ပေတော့။ ဘယ်က အရူး လာရောင်းမှန်းမသိ။ မင်းတို့က စွတ်ဝယ်တယ်။ ဒီကိစ္စ ဆရာကြီးသိရင် ပြဿနာပဲ"

"ဟာဗျာ"

"ပြဿနာပဲဟေ့"

နှစ်ယောက်စလုံး ပြူးကြောင်ကြောင် ဖြစ်နေကြ၏။ ထိုစဉ် ဆိုင်ထဲသို့ မိန်းမကြီးနှစ်ယောက်နှင့် အမျိုးသားနှစ်ဦး ရောက်ရှိလာ၏။ ဧည့်သည်တွေ ဝင်လာသဖြင့် သူတို့စစ်ပွဲကို ယာယီရပ်ဆိုင်းလိုက်ကြ၏။

ဦးစိန်ရာဇာ၏ စောစောက ဘီလူးသဘက်အသွင် ပျောက်သွား၏။ ဧည့်သည်တွေကို ပြုံးပြုံးကလေးကြည့်ပြီး မေးလိုက်၏။

"ဘာကိစ္စရှိသတုံးဗျ၊ ဘာရောင်းချင်လို့လဲ"

"ရှင်တို့ဆိုင်ကို စောစောက ကျွန်မတို့ဦးလေး ပူစီ ရောက်လာတယ် မဟုတ်လား"

"ဗျာ၊ ဦးလေးပူစီ ဘာတုံးဗျ"





"ရှင်တို့ မသိချင်ယောင်ဆောင်နေတာလား၊ ဟောဒီမှာ ရဲတွေပါလာတယ်။ ရဲမှူးကြီးရှင့်၊ သူ သူတို့ဆိုင်မှာ ကျွန်မဦးလေး ရောင်းခဲ့တာကျိန်းသေပါတယ်ရှင်"

"ဗျာ၊ ဘာ ဘာရောင်းခဲ့လို့လဲ၊ ဟာ- ခင်ဗျားတို့ ဆိုင်မှားနေပြီထင်တယ်"

"တိတ်စမ်း ပြောင်မလိမ်နဲ့၊ ကျွန်မဦးလေးက စိတ်သိပ်ကောင်းတာမဟုတ်။ သူထင်ရာမြင်ရာတွေ စွတ်လုပ်နေတာ။ ခုလည်း ကျွန်မတို့မရှိတုန်း ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့တဲ့ပစ္စည်းကို ရှင်တို့ဆီ လာရောင်းသွားတာ ကျိန်းသေတယ်။ ရှင်တို့ ပြန်ပေးရင်ပေး မပေးရင် ဖမ်းချုပ်ခိုင်းမယ် ဒါပဲ"

"ဗုဒ္ဓေါ"

"ဘာတွေတုံးကွာ။ ပြဿနာကတော့ စပြီဟေ့"

ဦးစိန်ရာဇာတို့သုံးဦး မျက်ခုံးတလှုပ်လှုပ် ဖြစ်နေ၏။ အမျိုးသမီးကြီးပြောပုံကလည်း မရှင်းမရှင်း။ ဘာရောင်းလို့ ဘာဝယ်မိမှန်းမသိ။ ထိုစဉ် ရဲအမှုထမ်းထံမှ စကားသံ ထွက်လာ၏။

"အစ်မကြီး ဦးပူစီကို သွားခေါ်လိုက်ပါ။ ဒါမှ တွေ့တွေ့ဆိုင်ဆိုင်ရှင်းလို့ရမှာပေါ့"

"ဟုတ် ဟုတ်ကဲ့၊ ဟင်း ဟင်း အလကားလူလိမ်တွေ"

"ဗျာ"

အမျိုးသမီးကြီးက အသားလွတ် ငေါက်ငမ်းနေသဖြင့် ဦးစိန်ရာဇာခမျာ၊ မျက်နှာလေး ဆီးရွက်သာသာရှိတော့၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးတို့မှာလည်း လည်တယ်တယ်ဖြစ်နေကြ၏။

ထိုအချိန်တွင် အမျိုးသမီးကြီးသည် ဆိုင်ပေါ်မှ ခြေဆောင့်ဆင်းသွားပြီး ဆိုင်ရှေ့ရပ်ထားသော ကားထဲမှ လူကြီးတစ်ဦးကို အတင်းဆွဲခေါ်လာ၏။ ထိုသူကို မြင်လိုက်သည်နှင့် ဂျာအေးရော ဖျောက်ဆိပ်ပါ မျက်လုံးပြူးသွား၏။

"ဟာ- ကိုယ်တော်ကြီးပါလား"

"ဟုတ်ပါ့ ဟုတ်ပါ့၊ ကျုပ် ကိုယ်တော်ကြီးလေ။ မောင်မင်းတို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဘယ်က ကလေကလွင့်တွေတုံး၊ နန်းတွင်းအမှုထမ်းဖို့ ရောက်လာတာလား ပြောကြစမ်းပါကွယ်"

"ဗျာ၊ ရှုပ်ကုန်ပြီဗျာ"

"ဟုတ်ပ့ါကွာ၊ အရေးထဲ ဇာတ်ကခိုင်းနေပြန်ပြီ"

"ဟဲ့ဟဲ့ ငါ့အစ်ကိုကြီးကို ဒီလိုမပြောနဲ့ ကာလနာတွေရဲ့၊ ဒါ ကုန်းဘောင်ခေတ်က ဆင်းလာတဲ့ ထိပ်ထားဘုရား ဆွေတော်မျိုးတော်သွေးစစ်စစ်ဟဲ့"

"ဗျာ၊ ဘာလဲဗျ၊ အဲဒါ ကျုပ်တို့ ဘာလုပ်ရမလဲ"

"ညီလေး မင်း ခဏနေဦးကွ"

"အင်"

ရဲအမှုထမ်းက ဂျာအေးကို လှမ်းတားလိုက်ပြီး ကိုယ်တော်ကြီးဘက် လှည့်၍ မေးလိုက်၏။

"အစ်ကိုကြီး၊ ဒီလူတွေကို မှတ်မိလား"

"မှတ်မိသပေါ့ကွယ်၊ ငါတို့ နန်းတွင်းသုံး ဒန်ဖလားကို ခိုးသွားတဲ့ကောင်တွေပေါ့"

"အို အစ်ကိုကြီးပူစီကလည်း ခက်ပါပြီ။ ဟို ခြေနင်းတော်ကြီးကို ဒီ ဒီဆိုင်မှာ အစ်ကိုကြီးရောင်းခဲ့တာ မဟုတ်လား ပြောစမ်းပါ"

ဦးပူစီသည် ဂျာအေးနှင့် ဖျောက်ဆိပ်ကို ခါးထောက်ပြီး ကြည့်လိုက်၏။ ခေါင်းကြီး တညိတ်ညိတ်လုပ်ပြီး ပြောလိုက်၏။

"သိပ်ဟုတ်သပေါ့ တူမတော်ရာ။ အဲဒီ ကလေကဝ နှစ်ကောင်ကို ငါးထောင်နဲ့ရောင်းပြီး လက်ဖက်ရည်တော် မုန့်တော်တွေ စားပစ်သောက်ပစ်လိုက်တာလေ။ ဘာဖြစ်သတုံးကွယ့်၊ အိမ်တော်ထဲနေရတာ ငြီးငွေ့လှသမို့ တိုင်းခန်းလှည့်လည်ရင်း ပိုက်ဆံပြတ်နေတာနဲ့ ရောင်းလိုက်တာလေ"

"ဟင်- သေချာပါပြီ။ သူ သူတို့ကို ဖမ်းပါ"

"လက်စသတ်တော့ စောစောက ဒီအစ်ကိုကြီး လာရောင်းတဲ့ ဖိနပ်စုတ်ကိစ္စကိုး"

"ဘာ- ဘာဖိနပ်စုတ်လဲ၊ အဲဒီဖိနပ်ဟာ စိန်စီထားတာဟဲ့။ တစ်ရန်ကို သိန်းနှစ်ဆယ်လောက် တန်တယ်ဟဲ့။ နင်တို့လက်ထဲကျမှ ဖိနပ်စုတ်





ဖြစ်ရတယ်လို့"

"ဗျာ၊ သိန်းနှစ်ဆယ် ဟုတ် ဟုတ်ရဲ့လားဗျာ"

"ကျုပ်က အိမ်သာစီးတဲ့ဖိနပ် ထင်တာ"

"ဘာ- ပြောရက်လိုက်ကြတာ။ ဘယ်မှာတုံး၊ ဘယ်မှာတုံး အဲဒီဖိနပ်"

"ရှိပါတယ်ဗျာ။ ကျုပ်တို့လည်း အဲဒီကိစ္စနဲ့ စကားများနေကြတာဗျ။ ဟောဒီ ဦးစိန်ရာဇာက ငါးထောင်နဲ့ ဝယ်လိုက်ရမလားဆိုပြီး ကျုပ်တို့ကို ရန်ဖြုနေတာဗျ။ ဖိနပ်စုတ်ဖိနပ်ပဲ့၊ ဇာတ်စင်က လွှင့်ပစ်ထားတဲ့ ဖိနပ်ဆိုပြီး ပြောနေတာ"

"ဘာ- ရှင် ရှင်ကြီး ဒီလိုပဲ ပြောသလား"

"ဟာ- မ မပြောရပါဘူး အစ်မကြီးရယ်။ ဟို ကျုပ် ကျုပ်တို့ မသိလို့ပါခင်ဗျ"

"တိတ်စမ်း၊ ခုချက်ချင်း ဖိနပ်ပြန်ပေး။ ကျွန်မဦးလေး ထင်ရာမြင်ရာလုပ်သွားတာကို ရှင်တို့ ပြောရက်လိုက်တာ။ ဒါ ဘယ်လောက် အဖိုးတန်တယ်ဆိုတာ မသိဘူးလား။ ရော့- ဟောဒီမှာ ငါးထောင်၊ ဘယ်မှာလဲ ဖိနပ်"

"ဒီမှာပါခင်ဗျာ"

"ဟင်း- တော်ပါသေးရဲ့ဟယ်၊ ကျေးဇူးတင်လိုက်တာရှင်၊ ဒီဖိနပ်ဟာ စိန်စီထားတဲ့ ခြေနင်းတော်ရှင့်။ ကျွန်မတို့ရဲ့ အဘိုးတွေ အဘွားတွေ စီးခဲ့တဲ့ နန်းစာရင်းဝင် ဖိနပ်တော်ကြီးရှင့်"

"ဟုတ်လား"

"ကဲကဲ ကျေးဇူးပါပဲရှင်၊ ခုလို ပြန်ပေးတာပဲ ကျေးဇူးတင်လှပါပြီ"

"ရ ရပါတယ်ဗျာ။ ပြဿနာမဖြစ်ရင် ပြီးရောဗျာ"

ဦးစိန်ရာဇာတစ်ယောက် မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် ဖိနပ်ကို ပြန်ပေးလိုက်၏။ အမျိုးသမီးကြီးခမျာ ဖိနပ်ပြန်ရသည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။ နောက်ဆုံး ရဲအမှုထမ်းနှင့် သူတို့ဦးလေးဆိုသူကို ခေါ်ကာ ဆိုင်ပေါ်မှ ဆင်းသွားလေ၏။

သူတို့သုံးဦးခမျာ ကြောင်စီစီနှင့် ကျန်ခဲ့ကြ၏။ ဦးစိန်ရာဇာမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြစ်နှင့်သူမို့ ဂျာအေးနှင့် ဖျောက်ဆိပ်ကို ရဲရဲတောင် မကြည့်ဝံ့ပါချေ။
ထိုအချိန် ဂျာအေး၏ စကားသံ ကြွားကြွားဝင့်ဝင့် ထွက်ပေါ်လာ၏။

"ဘယ်လိုတုံး ဦးလေးစိန်ရာဇာရဲ့"

"ဟေ- ဟို ဟိုကွာ ငါက မသိ မသိလို့ ပြောမိပါသကွာ။ ခုတော့ ဖိနပ်က စိန်စီဖိနပ်ကြီးပါလားကွ"

"ဟုတ်တယ်လေ၊ သိန်းနှစ်ဆယ်ကျော်တန်တာတဲ့"

"တောက်- နာလိုက်တာကွာ။ အ,တာ ငါ အ,တာကွ၊ ငါ အသေအချာ မကြည့်မိဘူးကွ"

"ပြောမနေပါနဲ့ဗျာ။ ကျုပ်တို့ယူထားရင်လည်း ခုလောက်ဆို အချုပ်ထဲ ရောက်နေပြီ။ ကျုပ်လည်း စိတ်ထဲ ထင်သလို ဝယ်လိုက်တာဗျ"

"ဟုတ်ပါ့ကွာ၊ သိန်းနှစ်ဆယ်ဆိုတာ နည်းနည်းနောနော ပိုက်ဆံ မဟုတ်ဘူး"

"ဆရာဖျောက်ကလည်း အချောင်မလိုချင်စမ်းပါနဲ့ဗျာ"

"ဟကောင်ဂျာအေး၊ မင်းက ငါ့ ပြန်ဆုံးမနေသလားကွ၊ ငါက အချောင်လိုချင်လို့ ပြောတာ မဟုတ်ဘူးကွ။ ဒီကိစ္စမှာ ဘာတွေးမိသလဲဆိုတော့ တန်ဖိုးသိမှ တန်ဖိုးရှိတယ်ဆိုတဲ့စကားကို ငါ အမှတ်ရလာသကွ။ ခုဥစ္စာ ဦးစိန်ရာဇာရော ငါတို့ပါ တန်ဖိုးမသိခဲ့ကြဘူးကွ၊ ဟုတ်လား"

"ဟုတ်ပါ့ကွာ၊ ငါ မင်းတို့ကို ပြောမှားဆိုမှား ရှိခဲ့ပါတယ်ကွာ။ နောက်ဆို မင်းတို့ စိတ်ထဲထင်တာတွေ့ရင် စျေးမဆစ်နဲ့ ဝယ်သာဝယ်ကွ"

"ဖြစ်သွားရပြန်ပြီ"

"တကယ်ပြောတာကွ၊ ခုဥစ္စာ ပါးစပ်နားရောက်ခါနီးမှ ပုတ်ချခံလိုက်ရသလိုပဲကွ။ ရှေးဟောင်းလက်ရာတန်ဖိုးနဲ့ဆို သိန်းသုံးလေးဆယ် ပြေးမလွတ်ဘူးကွ။ ငါမိုက်တာပါကွာ"

နောက်ဆုံးတော့ ဦးစိန်ရာဇာတစ်ယောက် နောင်တ အရကြီးရနေရှာ၏။ ထိုအချိန်မှစပြီး ဆိုင်ကို သူတို့နှစ်ဦး ဦးစီးရောင်းဝယ်စေ၏။

ဂျာအေးမှာ ဆိုင်အလုပ်ကိုလုပ်သာလုပ်နေရသော်လည်း စိတ်ထဲမပါလှ။ သူ့မျက်စိထဲ မြင်ယောင်နေသည်မှာ စံပယ်ဆိုသော မိန်းမချော





လေး၏ မျက်နှာပင်။

"ဆရာဖျောက်"

"ဟေလကွာ"

"ကျုပ်ဗျာ စံပယ်ကို သတိရလိုက်တာ"

"မင်းကလည်း လွန်ပါ့ကွာ။ အချစ်ဆိုတာ မီးဝေးချိတ်ပါကွာ။ အချိန်ကြာလာရင် မေ့သွားမှာပေါ့"

"မမေ့ဘူး၊ မေ့လို့ကို မရဘူးဗျာ။ အချိန်ကြာလေလေ အချစ်ဒီရေက ကျုပ်ရင်ထဲ တအုန်းအုန်း ဆောင့်တိုးလာလေဗျ။ ကျုပ်တော့ အချစ်ပင်လယ်ကြီးထဲ မြုပ်တော့မယ်ထင်ပါရဲ့။ မြုပ်စမ်းပါစေဗျာ၊ အချစ်ပင်လယ်ထဲ သေလို့ကတော့ မြတ်ပါရဲ့ဗျ"

"ဟေ- လွန်လှချည်လား ဂျာအေးရ၊ မင်း ရူးများရူးနေသလား"

"ဟုတ်တယ်လေ ကျုပ်ရူးသွားပြီ။ အချစ်ကြောင့် ကျုပ်ဟာ ရူးသွားပြီ။ ကမ္ဘာပေါ်မှာ အချစ်မရှိရင် ကျုပ် မနေတတ်တော့ဘူး။ အသက်မရှူဘဲနေရပါစေ၊ မချစ်ရရင် မနေနိုင်တော့ဘူး။ မြင်မြင်သမျှ အရာအားလုံး အချစ်တွေ ဖုံးနေပြီဗျ"

"ဘာကွ၊ သွားပြီ မင်းတော့ ဆေးမတိုးတော့ဘူးထင်တယ်။ ဘယာလွန်တော့ တဏှာကျွံသကွ။ ကိုယ့်စိတ်ကို ဖြေမှပေါ့ကွာ။ စံပယ်ဆိုတဲ့ ကောင်မလေးဟာ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အပုပ်ကောင် ရုပ်ဆောင်နေတာပါကွာ"

"ဟာ- အပုပ်ကောင်ပေမယ့် လောလောဆယ် ပုပ်မှ မပုပ်သေးတာဗျ"

"ဟေ- ဘုရား ဘုရား မင်းစကားတွေဟာ တစ်မျိုးကြီးပါလားကွ"

"အဲဒါ အချစ်ရဲ့ အသွင်သစ် ခံစားမှုလေဗျာ"

"ဘာကွ- ဟကောင်၊ မင်း ဂျာအေးမှ ဟုတ်ရဲ့လားကွာ။ မင်းမင်း အတော်ကို ပြောင်းလဲနေပြီပဲကိုး"

"ဩော်- ဆရာဖျောက်ကလည်း အချစ်ကြောင့် ကျုပ်ဟာ ဟိုအဲ နယူးဂျာအေး ဖြစ်သွားပြီကွ"

"ဟေ- အံ့ဖွယ်ပါလား ငါ့တပည့်ရ။ လောကကြီးကို ငါ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်းနဲ့ နားမလည်တော့ဘူးကွ။ အဲ- နားမလည်အစပြုရာက မင်းပဲ ဂျာအေးရေ ဟားဟားဟား"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေး၏ အတည်ပေါက်ပြောဆိုနေမှုကို ဘယ်လို နားလည်ရမှန်းပင် မသိတော့။ ဂျာအေးကတော့ သူ့အတွေးနှင့်သူ၊ သူ့ဆုံးဖြတ်ချက်နှင့်သူပင်။

"တောက်- ဒီပြဿနာကို ဖန်တီးလိုက်တာ ဟိုလူကြီးပဲဗျ။ ကျုပ် မကျေနပ်ဘူး။ ကျုပ် လုံးဝ မကျေနပ်ဘူး။

"ဘယ် ဘယ်သူတုံးကွ"

"ဘယ်သူရှိမှာလဲ ဆရာဖျောက်ရာ၊ ဟို အဖွဲ့ကျော်ဆောင်ကြီးလေဗျာ။ မကျေဘူး၊ ဒီကိစ္စ ကျုပ် တုံ့ပြန်ရမှ ကျေနပ်မှာဗျ"

"ဟေ

ဂျာအေး၏စကားက ရင်ထဲက ပွဲတင်လာသောစကား။ အံကြိတ်ကြိတ်၊ မေးရိုးအကြောကြီး တထောင်ထောင်နှင့် မာန်ဖီနေသော ဂျာအေးကို ကြည့်ပြီး ဖျောက်ဆိပ် ခေါင်းတခါခါပင်။

ထိုအချိန် ဂျာအေးတစ်ယောက် ဆိုင်ထဲမှ အပြေးထွက်သွားလေတော့၏။ ဂျာအေးထင်ရာတွေ့ စွတ်လုပ်မှာကို ဖျောက်ဆိပ် စိုးရိမ်နေ၏။ ဂျာအေး မွှေပြီဆိုလျှင် ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်လာတော့မည်မှာ ကျိန်းသေ။

ထိုအခြင်းအရာကို ဖျောက်ဆိပ် စိုးရိမ်နေမိ၏။ တစ်စုံတစ်ခု ဖြစ်သွားလျှင် သူ့မှာ တာဝန်ရှိသည်ဟု ယုံကြည်နေမိ၏။ ထို့ကြောင့်လည်း ဂျာအေးနောက်သို့ ချက်ချင်းလိုက်ရှာလေ၏။

ဦးစိန်ရာဇာမှာ ဂျာအေးတို့ ပြဿနာကို ဂရုမမူနိုင်။ စိန်ဖိနပ်ကြီး လွတ်သွားသဖြင့် သူ့ခမျာ အံတကြိတ်ကြိတ် ခံစားနေရ၏။ ဂျာအေး၏ အစွမ်းအစကို သူ အထင်တကြီး ဖြစ်သွားမိ၏။

ဂျာအေး ပြောသည့်အတိုင်း သူလုပ်ခဲ့လျှင် ယခုဆို သူ့လက်ထဲ ငွေသိန်းနှစ်ဆယ်ခန့် ဝင်နေပြီဖြစ်လေ၏။ ယခုတော့ စိတ်ကူးနှင့် လက်တွေ့က ဟာတ်ကော့ကြီး ဖြစ်ခဲ့ရလေပြီ။

တစ်ယောက်တည်း ကြိတ်မနိုင် ခဲမရ ခံစားနေရ၏။ ဖျောက်ဆိပ်





ခမျာ ဂျာအေးကို တစ်မြို့လုံး ပတ်ရှာပါသော်လည်း မတွေ့။ ကျော်ဆောင်တို့အိမ်ဘက် သွားရှာသော်လည်း အချည်းနှီးပင်။

နောက်ဆုံးတွင် စိတ်ညစ်ညစ်နှင့် ဆိုင်သို့ ပြန်ရောက်လာ၏။ စိန်ရာဇာသည် ဖျောက်ဆိပ်ကိုမြင်တော့ ဝမ်းသာအားရ ဖြစ်သွား၏။

"ဖျောက်ဆိပ်၊ မင်း မင်း ပြန်လာပြီလား။ ဟိုကောင် မှင်စာရောကွ"

"ဘယ်က မှင်စာတုံးဗျ"

"ဂျာအေးလေကွာ၊ ဒီကောင် ဘယ်သွားတုံးကွ။ ဒီကောင် လာဘ်ကောင်ကွ၊ ထင်ရာစွတ်လုပ်ပေမယ့် ဒီကောင်လုပ်သမျှ အတော့်ကို ဟုတ်တာကွ"

"ဟုတ်လား၊ ဒါ ဒါဆိုလည်း မှင်စာလို့တော့ မခေါ်ပါနဲ့ဗျာ။ ကျုပ်တပည့် ဂျာအေးက စိတ်ရင်းကောင်းပါတယ်ဗျာ"

"ဟုတ်ပါတယ်ကွ၊ ခု ဘယ်သွားတုံး"

"မပြောတတ်ဘူးဗျာ။ ဒီကောင်က စိတ်မထင်ရင် မထင်သလို လုပ်တတ်တယ်ဗျ"

"ဒုက္ခပါပဲကွာ၊ ဒီကောင်ရှိရင် ငါ့အတွက် ဒါထက်တောင် ပိုကံကောင်းနိုင်တာကွ"

ဦးစိန်ရာဇာကတော့ သူ့အတွေးနှင့်သူ။ ဂျာအေး ပြန်လာနိုးနှင့် သူတို့နှစ်ယောက် စောင့်ဆိုင်းခဲ့၏။ အသံဗလံပင် မကြားရ။

ဖျောက်ဆိပ်တစ်ယောက် ညဉ့်နက်သည်အထိ ဂျာအေးကို မျှော်နေမိ၏။ သို့သော် ဂျာအေးကတော့ အရိပ်အယောင်ပင် လာမပြပါချေ။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ဖျောက်ဆိပ်မှာ ဂျာအေးရှာပုံတော်ဖွင့်ခဲ့၏။ ထိုအချိန် ဦးစိန်ရာဇာသည် ဆိုင်ရှေ့တွင် အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်း၍ ပါးစပ်ကလည်း ပွစိပွစိ ရွတ်နေ၏။

ထိုအချိန် ဦးပုစိကြီးတစ်ယောက် ဆွဲအိတ်တစ်လုံးနှင့် ရောက်လာပြန်လေ၏။ သည်တစ်ခါတော့ ခေါင်းပေါင်းပဝါ မပါတော့။ အဝတ်အစားတွေကလည်း ဖိုးရိုးဖားရား။ ဦးပုစိကို မြင်တော့ ဦးစိန်ရာဇာတစ်ယောက် သိန်းသုံးရာဆုကြီး ထပေါက်သည့် မျက်နှာအသွင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- အစ်ကိုပူစီကြီး"

"ဟုတ်ပါ့ကွာ၊ ငါ့မှာ ကုန်းဘောင်ခေတ် ပစ္စည်းတွေ ပါလာပြန်ပြီကွ"

"ဗျာ၊ ကုန်းဘောင်ခေတ်"

"ဟုတ်တယ်လေကွာ၊ ဒီတစ်ခါ ငါ့အဘိုး ကိုယ်တိုင်ပေးခဲ့တဲ့ နန်းတွင်းသုံး ပစ္စည်းတွေကွ"

"သေချာရဲ့လားဗျ"

"သိပ်သေချာတာပေါ့ကွာ၊ ငါ့တူမတွေ လိုက်လာစရာ မလိုပါဘူးကွ၊ ဟောဒီမှာကြည့်"

"ဟင်"

ဦးပူစီကြီးသည် ဆွဲအိတ်ကို ဗီရိုပေါ် တင်ပြီး အိတ်မှ ပစ္စည်းများကို ထုတ်ပြလိုက်၏။ ရွှေကနုတ် ထုဆစ်ထားသော ယွန်းသေတ္တာလေး။

"ဟင်- ဘာတွေလဲ"

"ငါ့အဘိုးလေး ကိုယ်ပေါ်မှာ ဆင်ယင်ထားတဲ့ လက်ဝတ်ရတနာတွေကွ"

"ဗျာ၊ ရတနာတွေ"

"ဟုတ်ပ့၊ အဲဒါတွေ ရောင်းမယ်ကွာ"

"ဗျာ"

ယွန်းသေတ္တာထဲ တဝင်းဝင်း တလက်လက် တောက်ပနေသော ရတနာများကို ကြည့်ရင်း ဦးစိန်ရာဇာတစ်ယောက် အကြီးအကျယ် အံ့သြနေ၏။

လက်စွပ်၊ ဆွဲကြိုး၊ နားကပ်၊ လက်ကောက်၊ ရှေးဟောင်းလက်ရာနှင့် လုပ်ထားသော ရတနာပစ္စည်းများ။ အရောင်တွေကလည်း တဖိတ်ဖိတ် လက်နေ၏။ ဦးပူစီကို တစ်ချက် မော့ကြည့်ရင်း မေးလိုက်၏။

"ဦးပူစီ၊ ခင်ဗျားပစ္စည်းတွေဆိုတာ သေချာရဲ့လား"

"ဟာ- သိပ်သေချာတာပေါ့။ ဘာလဲ မဝယ်ဘူးလား၊ မဝယ်ရင် တခြားဆိုင် သွားရောင်းမယ်ကွ"

"ဗျာ၊ ဟားဟား ဝယ်မှာပေါ့၊ ဟို- ဈေးက ဘယ်လိုလဲဗျ"





"ငါးသောင်းပဲပေးကွာ"

"ငါးသောင်း ဟုတ်လား"

"ဟုတ်ပ့၊ ဟော့ကောင် ယူမှာလား။ ယူရင် မြန်မြန်ယူနော်၊ ငါ စိတ်ပြောင်းသွားရင် မင်းအခက်ပဲ"

"ဝယ် ဝယ်ပါ့မယ်ဗျာ၊ ဟို- ဒီတစ်ခါ ပြဿနာ. . ."

"လျှာရှည်သကွာ"

ဦးစိန်ရာဇာသည် ရတနာသေတ္တာကို ကြည့်ရင်း လောဘဇောတွေ တဝင်းဝင်းတောက်နေ၏။ အနည်းလေး သိန်းငါးဆယ်နီးပါးခန့် တန်ကြေးရှိသော ရွှေထည်များ။

ငါးသောင်းဆိုတော့ သူ့အတွက် အကြီးအကျယ် အမြတ်အစွန်းထွက်လေပြီဟု တွေးမိ၏။ သူ့ကိုယ်သူ ဘုရားတွေ နတ်တွေ မ,လေပြီဟု တွေးကာ ဝမ်းသာအားရ ဖြစ်နေ၏။ ထို့ကြောင့်လည်း ဗီရိုအောက်မှ လက်ဆွဲအိတ်ကို ထုတ်ကာ ချက်ချင်း ငွေရှင်းပေးလိုက်၏။ ဦးပူစီသည် ပိုက်ဆံငါးသောင်းရသည်နှင့် တဟီးဟီး တဟားဟား အော်ရယ်ကာ ဆိုင်ပေါ်မှ ဆင်းသွားလေတော့၏။

ဦးစိန်ရာဇာ ပျော်လိုက်သမျှ ခုန်ပေါက်၍ပင် ကလိုက်သေး၏။ ထိုအချိန် ဖျောက်ဆိပ် ရောက်လာ၏။

"ပွပြီကွ၊ ပွပြီ"

"ဘာတွေ ပွတာတုံးဗျ"

"ဟားဟားဟား သူဌေးဖြစ်ပြီကွ၊ သူဌေးဖြစ်ပြီ ဖျောက်ဆိပ်ရ"

"ဗျာ၊ ဘယ်လိုဖြစ်တာတုံး"

"ဟာကွာ- ငါ့ကို ဦးပူစီ မ,လိုက်ပြီကွ"

"ဦးပူစီ. . . ဩော်- ဟိုတစ်နေ့က လူကြီး"

"ဟုတ်ပ့၊ ပွပြီ၊ ပွပြီကွ ဖျောက်ဆိပ်ရ၊ လောကမှာ ငါ့လောက် ကံကောင်းတဲ့သူ မရှိတော့ဘူးကွ၊ ဟားဟားဟား ဟူးဟူး"

"ဟင်- ဘယ်လိုဖြစ်ပါလိမ့်"

"ဒီ ဒီလိုကွ"

ဦးစိန်ရာဇာက ဦးပူစီ နောက်တစ်ခါ လာရောက်ခဲ့သည့်ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



လေသံတိုးတိုးနှင့် ပြောပြလိုက်၏။ ယွန်းသေတ္တာကလေးကိုလည်း လက်ထဲ တပိုက်ပိုက် လုပ်နေ၏။

"ဟားဟားဟား ဘယ်လိုလဲကွ၊ ငါ့လို သူတော်ကောင်းကို နတ်ကောင်း မ,လိုက်တယ် မဟုတ်လားကွ။ မှတ်ထား ဖျောက်ဆိပ်ရ၊ စေတနာကောင်းရင် ကံကောင်းတယ်တဲ့။ ဟဲဟဲ ငါက စေတနာကောင်းတာလေ"

"ဩော်- သလိုကိုး၊ ဒါဆို ခင်ဗျား ပွပေါက်တိုးပြီပေါ့ဗျာ။ အင်း- ဦးပုစီဟာ လူမှ ဟုတ်ရဲ့လား မသိပါဘူးဗျာ။ ခင်ဗျားဟာ စားရကံကြုံလို့ မှတ်ဆိတ်ပြားစွဲတာဗျ။ ပျားက မုတ်ဆိတ်တောင် မဟုတ်ဘူး။ မျက်ခုံးမွေးပါ တက်စွဲတာဗျ"

"ဟုတ်ပါ့ကွာ၊ ဟားဟားဟား ချမ်းသာပြီကွ။ တိမ်အာကာမှာ စိန်ရာဇာဟာ အဲ ဟို အဲ ဘာပြောရမှန်းတောင် မသိဘူး"

"ခက်ပါဘူးဗျ၊ တိမ်အာကာမှာ စိန်ရာဇာဟာ မိလ္လာဆရာပေါ့ဗျ"

"ဘာကွ၊ မင်း မင်းက ငါ့ကိုများ"

ဦးစိန်ရာဇာတစ်ယောက် အကြီးအကျယ် ပျော်မြူးနေ၏။ သူ့ဘဝတွင် ဘယ်လိုမှ မထင်မှတ်သည့်ကိစ္စဖြစ်၍ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေပေ၏။

ထိုအချိန်တွင် ဂျာအေးခမျာ စံပယ်နှင့် စပ်လျဉ်းပြီး အသည်းနှလုံးတွေ ကွဲအက်သွားမတတ် ခံစားနေရသဖြင့် ထင်ရာမြင်ရာ လျှောက်သွားရင်း တစ်ရက်တွင် ဦးကျော်ဆောင်၏ အိမ်ကြီးအနီးသို့ ညကြီးမင်းကြီး ရောက်ရှိသွား၏။

သူ ခြံအနားသို့ ရောက်ရှိသွားချိန်တွင် တင့်ဝင်းတစ်ယောက် အပြင်မှ ပြန်လာသည်ကို မြင်လိုက်ရသဖြင့် ဂျာအေးက လေသံတိုးတိုးနှင့် ခေါ်လိုက်၏။ ဂျာအေးကို မြင်တော့ တင့်ဝင်း မျက်လုံးပြူးနေ၏။

"ဟာ- ကိုမင် မှင်စာ"

"ကျုပ်ပါဗျ၊ ဂျာအေးလေ ဘယ်က မှင်စာရမှာလဲ"

"ဩော်- ကိုဂျာအေး၊ ခင်ဗျား ဘာလာလုပ်သလဲ။ ခင်ဗျားကို မြင်လို့ ဆရာကြီး အခက်တွေ့နေပါဦးမယ်ကွ။ သူ့ခမှာ မနေ့ကျင့်တွေ ကျင့်နေတာ အတော် အရာရောက်နေပြီထင်တယ်ကွ၊ ဆို ဆိုပါဦး ခင်ဗျား





ဘာကိစ္စ လာတာလဲ"

"ကျုပ် ကျုပ် စံပယ်နဲ့ တွေ့ချင်တယ်ဗျ"

"ဘာ- စံပယ်၊ ဟာ- ခင်ဗျားကလည်း ဝေဒနာပဲ၊ စံပယ်တို့မြေးအဘိုး ရွာကို ခဏပြန်သွားကြတယ်။ ရေ့လကုန်မှ ပြန်လာမှာကွ"

"ဗျာ၊ ရွာပြန်သွားကြတယ်၊ ဘယ်လိုဖြစ်လို့တုံးဗျ။ ကျုပ် ကျုပ်ကို ပြောစမ်းပါဦးဗျ"

"ဟာ- လာကွာ၊ တော်ကြာ ဆရာကြီးမြင်သွားလို့ ကျုပ်ကို ပြဿနာ ရှာနေဦးမယ်။ ကျုပ်နောက်လိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ယောက် ခြံအနောက်ဘက်မှဝင်ခဲ့ကြပြီး ဂိုဒေါင်ဘေးတွင် ထိုင်၍ စကားပြောဆိုလိုက်၏။ ဂျာအေးသည် ခြံထဲ ဟိုဟိုဒီဒီ ကြည့်ရင်း စံပယ်လေး ရှိလိုရှိငြား ရှာဖွေနေ၏။

"ခင်ဗျား ကျုပ်ပြောတာ ယုံစမ်းပါဗျ။ ဆရာကြီးကိုယ်တိုင် ပြန်ခိုင်းလိုက်တာ"

"ဘာ- ဦးကျော်ဆောင်ပြန်ခိုင်းတာ"

"ဟုတ်ပ။ ဆရာကြီးက သူ မနေ့ကျင့်စဉ်ဝင်နေတုန်း စံပယ်ကြောင့် အမိဋ္ဌာန်ပျက်သွားမှာစိုးတယ်ဗျ။ ဒါကြောင့်လည်း ရွာခဏပြန်နေကြဆိုပြီး စရိတ်စကပေးပြီး လွှတ်လိုက်တာ"

"ဟာဗျာ ဘယ်လိုတုံးဗျ။ ဒါတော့ သက်သက် မတရားဘူးဗျာ။ သူက ဘယ်လိုသဘောနဲ့ လုပ်တာလဲ"

"ခက်ပ့ါ ကိုဂျာအေးရာ၊ စံပယ်ဟာ ဆရာကြီးအိတ်ထဲက ကျော်စံကွေးလေးကွ"

"ဘာ- တော်စမ်းပါဗျ၊ ကျော်စံကွေး မဟုတ်ဘူး၊ မြွေ မြွေဗျ"

"ဘာ- ခင်ဗျား ဘာလို့ပြောသတုံး"

"ကျုပ် အမှန်အတိုင်းပြောတာပဲလေ။ မဆီလျော် မအပ်စပ်၊ မကြံသင့်တာကို ကြံတာပဲဗျာ။ ဒါဟာ မရိုးသားတဲ့ ဖြစ်စဉ်ပဲ"

"ကိုဂျာအေး တိုးတိုးပြောပါဗျ။ ခင်ဗျားစကားကြောင့် ကျုပ်တော့ ခေါင်းနဲ့ ပြေးရတော့မယ် ထင်ပါရဲ့ကွာ"

"ကျုပ် မကျေနပ်ဘူးဗျ။ ဒါ သက်သက် ဆင်ကြံကြံတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဆောင်ဟာ ဆင်ကြီးဗျ ဆင်ကြီး၊ ကျားစေဦးလဲ၊ မြွေခွေးအိုကြီး"

"သွားပါပြီကွာ၊ ကျုပ်ဆရာကြီးတော့ တိရစ္ဆာန်ပေါင်းစုံ ဖြစ်ကုန်ပါပြီ၊ ဘော်ပါတော့ဗျာ၊ ခင်ဗျား တအားကို ပေါက်ကွဲနေပါလားဗျ။ ဒါဆို ကျုပ်မှာ ဆေးရှိတယ်ဗျ"

ဂျာအေး၏ အမူအရာကို ကြည့်ပြီး တင်ဝင်း တထိတ်ထိတ်ဖြစ်နေ၏၊ အိမ်ကြီးပေါ်တွင် မနေသာကျင့် ကျင့်နေသော ဦးကျော်ဆောင် ကြားသွားမှာလည်း စိုးရိမ်နေ၏။ ထို့ကြောင့်လည်း ဂျာအေးကို ဆွဲခေါ်ကာ တန်းလျားအနောက်ဘက် အဆောင်ကလေးဆီသို့ ခေါ်လာခဲ့၏။

အဆောင်ကလေးမှာ ထင်းတုံးများ သိုလှောင်ထားသည့် အဆောင်ကလေးဖြစ်၏။ နှစ်ယောက်သား တန်းလျားတွင် ထိုင်လိုက်၏။ တင်ဝင်းသည် ဝှက်ယူလာသော ရမ်ပုလင်းကို ထုတ်လိုက်၏။ ထို့နောက် အိမ်ကြီးအနောက်ဘက်မှ ဝင်ကာ အမြည်းအချို့ကို ယူလိုက်၏။

"ကဲ- ချစမ်းဗျာ၊ ဒါဆေးပဲ။ ခင်ဗျားရဲ့ မနောတွေဟာ နံဟောင်နေပြီဗျ။ ဒီတော့ ဟောဒီဆေးနဲ့ ဆေးပစ်လိုက်စမ်းဗျ"

"ဟင်- တကယ်လား တင်ဝင်း"

"သိပ်သေချာတာပေါ့ဗျာ။ ဘဝဆိုတာ ထုံထုံထဲထဲ ဖြစ်လာရင် မကောင်းဘူးဗျ။ တတ်နိုင်သမျှ ပါးလေကောင်းလေပဲ။ ဖြစ်နိုင်ရင် ဘဝကို ဆီစိမ်စက္ကူလို နေစမ်းပါဗျ"

"ခင်ဗျားက ဘယ်ဆိုးလို့တုံးဗျ"

"ဟဲဟဲ ဒါ ဆရာဖျောက်ဆိပ်ရဲ့ ဒိုင်ကြောင်တွေဗျ။ ကျုပ်က အသေမှတ်ထားတာလေ။ ကျုပ်ကတော့ ဆီစိမ်စက္ကူလိုနေတတ်သွားပြီဗျ"

"ခင်ဗျားဟာ အချစ်ကို နားမှ နားမလည်သေးဘဲဗျာ"

"ကိုဂျာအေးကလည်း အချစ်ဆိုတာ ဟို ဟိုဗျာ မိုက်ကယ်ကြယ်စင် ခြေထောက်လိုပဲတဲ့ဗျ"

" ဗျာ- မိုက်ကယ်ကြယ်စင်၊ ဘယ်သူတုံး ခင်ဗျားတို့ ရပ်ကွက်က ကြက်ကုလားလား"

"မဟုတ်တာဗျာ၊ ဟို ကမ္ဘာကျော် အဆိုတော်ကြီးလေ။ ကျုပ် ဗွီဒီယိုခွေမှာ ကြည့်ဖူးတယ်။ သူ့ခြေထောက်က ခုန်ဆွခုန်ဆွနဲ့ဗျ"





"ဒါဆို အချစ်ဆိုတာ ခုန်ဆွခုန်ဆွပေါ့"

"ဟုတ်ဘူးဗျ၊ အချစ်ဆိုတာ ခပ်ပါးပါး၊ ခပ်ပေါ့ပေါ့ ခပ်သွက်သွက် သဘောပေါ့ဗျာ။ ပြောရရင် ဆားမခတ်ဘဲ ချက်တဲ့ ဟင်းလိုပေါ့ဗျ"

"ဟာဗျာ၊ ကျုပ်က ငန်ပျပျ အရသာကို ကြိုက်တာဗျ။ ကျုပ်ကတော့ အချစ်ကို ဆားငန်ငန်လေးလေးနဲ့ ချက်တဲ့ဟင်းလို့ သဘောထားတာဗျ။ ပြီးတော့ ငရုတ်သီးမှုန့်ဖြူး၊ နံနံပင်ထည့်၊ သံပရာသီးညှစ်"

"ဟာ- ဘာတွေတုံးဗျ။ ခင်ဗျားဥစ္စာ အချစ်မှ မဟုတ်တာ။ မုန့်ဟင်းခါး ဖြစ်နေပြီဗျ။ တော်ပါတော့ဗျာ"

ဂျာအေး ပြောချလိုက်သည့်စကားကြောင့် ဆရာကြီးကိုက်ဖမ်းနေသော တင်ဝင်းခမျာ လည်သွား၏။ ထို့ကြောင့်လည်း ငြိမ်ကုပ်သွားကာ အရက်ခွက်ကို တဂွပ်ဂွပ်မော့သောက်ပစ်လိုက်၏။ ဂျာအေးသည် တစ်ခွက် နှစ်ခွက်သာ သောက်လိုက်ပြီး အိမ်ကြီးပေါ်သို့ တမော့မော့လုပ်နေ၏။

ထိုအချိန် အိမ်ကြီးပေါ်တွင် မနေသာကျင့်ကျင့်နေသော ဦးကျော်ဆောင်ခမျာ ကျင့်ရင်း ကျင့်ရင်းနှင့် သူ့မျက်စိထဲ ဆံပင် စုတ်တိစုတ်ဖွား အသွင်ရှိသော ဂျာအေးကို မြင်ယောင်လာ၏။

ဂျာအေး၏ ပြူးကြောင်ကြောင် မျက်လုံးများ၊

ဂျာအေး၏ ပြာနှမ်းနှမ်း အသံကြောင်များ၊

ထို့ပြင် စံပယ်နားကပ်၍ တရစ်ဝဲဝဲလုပ်နေသော ဂျာအေး၏ အမူအရာများက သူ့မနောကို အကြီးအကျယ် အနှောင့်အယှက်ပေးနေ၏။ ထို့ကြောင့် ကြမ်းပြင်ကို တောင်ဝှေးကြီးနှင့် တဒေါက်ဒေါက် ထောက်၍ ဟိတ်နှင့်ဟန်နှင့် ပြောဆိုနေ၏။

"မှင်စာလေး၊ သွားစမ်း မင်း ခုချက်ချင်း ငါ့မနောထဲက ထွက်စမ်း၊ အဇ္ဇကျော်ဆောင်ကွ၊ ငါ လုပ်လိုက်ရင် ပြာကျသွားလေတော့မယ်။ ထွက် ထွက် ခုချက်ချင်း ထွက်စမ်း"

"ဒေါင်း ဒေါင် ဒုန်း ဂလွမ်း"

"ဟာ- ဘာတွေ ပြုတ်ကျကုန်ပြီလဲ"

ကြမ်းပြင်ကို တဂျောင်းဂျောင်းနှင့် ထုလိုက်ရာ ပုလင်းတွေ ခွက်တွေပြုတ်ကျကုန်လေ၏။ သူ့ဖြစ်အင်က သူရူးတစ်ယောက်၏ အသွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ပြောလိုက်၊ တောင်ဝှေးကြီးထောက်လိုက်၊ အော်လိုက်ဟစ်လိုက်နှင့် ဇာ်ခ်ယောက်တည်း ရှုပ်ထွေးနေ၏။

အိမ်ဦးခန်းထိုင်ပြီး မနောအကျင့်ကို ပြင်းပြင်းထန်ထန်လေး ကျင့်နေ၏၊ ထိုသို့ လေ့ကျင့်နေစဉ် ဂျာအေးမျက်နှာကြီး ပေါ်လာလိုက်၊ စံပယ့်မျက်နှာ ပေါ်လာလိုက်နှင့် သောကတွေ ဟုန်းဟုန်းတောက်လောင်နေလေရာ၊ နောက်ဆုံး ကျင့်ရင်းကျင့်ရင်းနှင့် မောပန်းလာကာ အိမ်ဦးခန်းမှာပင် ခွေခွေကလေး အိပ်မောကျသွားလေတော့၏။

ထိုအချိန်တွင် ဂျာအေးတို့နှစ်ယောက် တဂွပ်ဂွပ်နှင့် သောက်နေကြသည်မှာလည်း အတော်ကလေး ဝေတေတေ ဖြစ်နေပြီဖြစ်၏။ ပို၍ရေချိန်ကိုက်နေသူက တင်ဝင်း၊ သောက်ရင်း သောက်ရင်း စကားတွေပါဓာတ်လပိုင်လိုက်လာကာ မှူးမှူးနှင့် အိပ်ပျော်သွား၏။

ထိုအခါ ဂျာအေးသည် ထိုင်ရာမှ ဒယီးဒယိုင်နှင့် ထလိုက်၏။ ခြေလှမ်းတွေကလည်း မမှန်ချင်၊ လှမ်းရင်း လှမ်းရင်း အိမ်ကြီးရှေ့သို့ ရောက်လာ၏။ သူ့မျက်စိထဲ ဘာမှ မမြင်တော့။

စေ့ထားသော ဘာဂျာတံခါးကို အတင်းဆွဲဖွင့်၍ ဝင်လိုက်ပြီး ကျွန်းလှေကားကြီးအတိုင်း တက်လာခဲ့၏။ သူ အစက တွေ့လိုသူက ဦးကျော်ဆောင်ပင်။ တင်ဝင်း၏ စကားအရ ဦးကျော်ဆောင်တစ်ယောက် မနောအကျင့် အောင်မြင်သွားသည်နှင့် စံပယ်ကို အရယူတော့မည်ဟု သိရ၏။

ထိုအခြေအနေကို သူ မလိုလား။ အစက သူ ဘဝင်မကျနိုင်၊ ခံစားနေရသည်က တောရတောင်ဝှေး။

ထိုတောင်ဝှေးကို အရယူရန် အိမ်ကြီးအပေါ်ထပ်သို့ ယိုင်ထိုးယိုင်ထိုးနှင့် တက်လာခြင်းပင်။ အိမ်အပေါ်ထပ်ရောက်တော့ အိမ်ဦးခန်းတွင် ခွေခွေကလေး အိပ်ပျော်နေသော ဦးကျော်ဆောင်ကို တွေ့လိုက်ရ၏။

အသွင်က ထုံးသုတ်ထားသော စည်ပိုင်းကြီး လဲကျနေသလိုပင်။

"ဟားဟားဟား မနောကျင့်တွေ ကျင့်လိုက်တာ ပေါက်မြောက်သွားပြီထင်တယ် ဟားဟားဟား"

ဦးကျော်ဆောင်ကိုကြည့်ရင်း ဂျာအေး တဟားဟား ရယ်မောဟား





တိုက်လိုက်၏။ ထိုစဉ် ဦးကျော်ဆောင်လက်ထဲမှ တောင်ဝှေးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။ ထို့နောက် အခန်းထောင့်တွင် ချိတ်ထားသော ကြက်မွေးတံမြက်စည်းကို ယူလိုက်ပြီး တောင်ဝှေးနှင့် လဲလိုက်၏။

"ဟားဟားဟား ခုတော့ တောင်ဝှေးကျော်ဆောင် မဖြစ်တော့ဘူးဗျို့။ ဟဲဟဲ ကြက်မွေးကျော်ဆောင် ဖြစ်သွားပြီပေါ့ဗျ ဟူးဟူးဟားဟား"

ဂျာအေးတစ်ယောက် ဦးကျော်ဆောင်လက်ထဲမှ တောရတောင်ဝှေးကြီးကို ယူကာ တစိစိ ယမ်းလိုက်၏။ တောင်ဝှေးမှာ ရွှေရောင်တောက်နေပြီး သူ့ထက် လက်ငါးလုံး အမြင့်ရှိ၏။

"ဟားဟားဟား ဘိုးတော်ဂျာအေး လာပြီကွ၊ လောကကြီးကိုကယ်မယ်။ မိန်းမချောလေးတွေကို ကယ်မယ်ကွ။ ဟူးဟားဟား"

ဂျာအေးသည် ပါးစပ်ထဲ ထင်ရာမြင်ရာအော်ဟစ်ရင်း အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

သူ ခြံအပြင်သို့ ရောက်ရှိသွားစဉ် တင်ဝင်းနှင့် အဋ္ဌကျော်ဆောင်တို့ နှစ်ဦးမှာတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြဆဲပင်။ ဂျာအေးသည် အပြင်ရောက်သည်နှင့် တောင်ဝှေးကြီး တယမ်းယမ်းဖြင့် လျှောက်လာ၏။

လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားတို့မှ ဖြတ်သန်းခဲ့ရာ အိမ်အောက်တွင် ပုန်းအောင်းနေကြသော ခွေးဝဲစားအုပ်စုက တဝုတ်ဝုတ်ထိုးဟောင်လေ၏။ လမ်းပေါ် အိပ်နေကြသည့် ခွေးတွေကလည်း ယိုင်ထိုးယိုင်ထိုးလျှောက်လာသော ဂျာအေး အတင်းထိုး၍ ဟောင်လေ၏။

"ဟာ- ဟောင်လှချည်လားကွ။ ဘိုးတော်ဂျာအေး။ မင်းတို့ကို တိရစ္ဆာန်ဘဝကနေ ပြောင်းပေးမယ့် ဘိုးတော်ကွ၊ လာလေရော့ကွ"

"ဝုိး၊ ဒုတ် ခွပ်"

"ကိန့် . . . ကိန့်"

"ဝုတ် ဝုတ် ဝုတ်"

လက်ထဲက တောင်ဝှေးကြီးကို တယမ်းယမ်းလုပ်ရင်းတွေ့သမျှ ခွေးဝဲစားများကို အတင်းအမွှေလိုက်၍ ရိုက်နှက်လေတော့၏။ သူ၏ ဝရုန်းသုန်းကား ရိုက်နှက်မှုကြောင့် ခွေးတွေလည်း ကမ္ဘာပျက်သွား၏။ ဟောင်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒေ့းကာဟောင်၊ အူသည့်ခွေးကအူနှင့် တရုန်းရုန်းဖြစ်နေ၏။ တစ်ရပ်ကွက်လုံးသည်း လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် ငိုက်စိုက်ငိုက်စိုက်နှင့် ဆိုင်ဘက်သို့ ပြန်လာခဲ့ရာ လမ်းတွင် ဖျောက်ဆိပ်နှင့် တိုးလေတော့၏။

"ဟကောင် ဂျာအေး"

"ဟာ ဆရာဖျောက်"

"မင်း မင်း ဘယ်တွေ လျှောက်သွားနေသတုံးကွာ။ ငါ့မှာ စိတ်ပူလို့ လိုက်ရှာတာ အမောပဲကွ"

"ဆရာဖျောက်ကလည်း ကျုပ်ဟာ ခုဆို ဘိုးတော်ဂျာအေး ဖြစ်သွားပြီဗျ။ ဟူးဟားဟားဟား"

"ဘာကွ၊ ဘိုးတော်"

"ဟုတ်တယ်လေ၊ ခင်ဗျားတို့ အားလုံးကို မ,တော့မယ်။ မပူနဲ့ ကျုပ်လာပြီ။ လူတွေကို ကယ်မယ်၊ ဟားဟားဟား ဘိုးတော်ဗျ၊ ဘိုးတော်။ ဟောဒီမှာကြည့်၊ တောရတောင်ဝှေးဗျ"

"မင်း မင်း ဒီတောင်ဝှေးကို ဘယ်ကရလာတာလဲ"

"ကျုပ်ကို နတ်တွေပေးလိုက်တာလေ။ သူတော်ကောင်း နတ်ကောင်း စောင်မ,လိုက်ပြီဗျ"

"ဒုက္ခပါပဲကွာ၊ ကိုင်း- လာလာ မင်း ဘာတွေလုပ်မှန်း ငါလည်း နားမလည်တော့ဘူး ဂျာအေးရေ"

ဖျောက်ဆိပ် ဂျာအေးကို လက်မြှောက်လိုက်ရပြီ ဖြစ်လေ၏။ တောင်ဝှေးကြီး တဆဆနှင့် ထင်ရာမြင်ရာလုပ်လာသော ဂျာအေးကို ကြည့်ပြီး သူ နားမလည်နိုင်တော့။ နောက်ဆုံး ဆိုင်ဘက်သို့ ရောက်ရှိလာလေတော့၏။

ထိုအချိန် ယွန်းသေတ္တာလေးပိုက်ပြီး စိတ်ကူးအယဉ်ကြီးယဉ်နေသော ဦးစိန်ရာဇာမှာ တန်းလျားတစ်ခုပေါ်တွင် ငိုက်မျဉ်းနေ၏။ ထိုသို့ ငိုက်မျဉ်းနေစဉ် အိပ်မက်တွေ မက်နေ၏။

အိပ်မက်ထဲ သူ့တစ်ကိုယ်လုံး ရွှေတွေစိန်တွေနှင့်ဖိတ်ဖိတ်တောက်နေသည်ဟု မြင်မက်နေ၏။ ထိုအချိန် ဆိုင်ထဲသို့ ဂျာအေးနှင့် ဖျောက်ဆိပ်





ဝင်လာ၏။ ဂျာအေးသည် ဦးစိန်ရာဇာ၏ ရင်ခွင်ထဲမှ ယွန်းသေတ္တာကို ကြည့်ပြီး ပြုံးလိုက်၏။

"ဟားဟားဟား မ မ ဘိုးတော်ဂျာအေး မ,တော့မယ်ဟေ့"

"အင်- ဟာ ဂျာအေး၊ မင်း မင်း"

"ခင်ဗျားကို ကျုပ် မ,တော့မယ်ဗျ။ ဟောဒီ သေတ္တာလေးထဲမှာ ဘာတွေတုံး"

"ဒါ ဒါ ဦးပုစီ ငါ့ကို လာရောင်းသွားတာကွ။ ငါ ငါ ချမ်းသာပြီကွ ဟားဟားဟား"

"ဩော်- ဒါဆို ခင်ဗျား ဟိုအရူးကြီး ဦးပုစီဆီက ရတနာတွေ လိမ်ညာပြီး ဝယ်လိုက်ပြန်ပြီပေါ့ ဟုတ်လား။ ဒါ မရိုးသားဘူးဗျ"

"ဟေ- ဟိုကွာ သူ လာရောင်းတာပဲ"

"ခင်ဗျား မရိုးသားဘူးဗျ။ ဒီတော့"

"ဘာ ဘာလုပ်တာလဲကွ"

"ကြည့်လိုက်လေ။ ဟော့ ဒီသေတ္တာထဲက ရတနာတွေ ကြေးဖြစ်ပေရော့ဟယ်"

"ဘာကွ၊ ဟေ့ ဟေ့ကောင် ဂျာအေး"

"ဟားဟားဟား ခင်ဗျားဟာ မရိုးသားဘူးဗျ။ ဒီတော့ မကယ်နိုင်တော့ဘူးဗျာ။ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲဗျို့"

ဂျာအေးသည် လက်ထဲက တောင်ဝှေးကြီးနှင့် သေတ္တာကိုထောက်ရင်း စိတ်ထဲ ထင်ရာမြင်ရာ ရေရွတ်လိုက်၏။ ဦးစိန်ရာဇာခမျာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဖျောက်ဆိပ်သည် ဂျာအေးကို အတင်းဆွဲခေါ်ကာ အခန်းထဲ ခေါ်ခဲ့ရ၏။

"မင်း မင်းဘာတွေ လုပ်တာလဲကွာ။ တော်ကြာ ပြဿနာတွေရှုပ်"

"မပူပါနဲ့ ဆရာဖျောက်ရာ၊ ဘိုးတော်ဆိုတာ မမှန်တာ လုပ်ရင် မမ,ဘူးဗျ ဟားဟား"

"ဒုက္ခပါပဲကွာ"

ဂျာအေး၏ လုပ်ရပ်ကြောင့် ဖျောက်ဆိပ်လည်း ခေါင်းတွေတဗျင်းဗျင်းကုတ်နေရ၏။ အိမ်ရှေ့ခန်းတွင် ငူငူကြီးထိုင်နေသော ဦးစိန်ရာဇာခမျာ



www.burmeseclassic.com

www.burmeseclassic.com



ယွန်းသေတ္တာကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အလျင်အမြန် လှန်လှော ကြည့်သိုက်၏။

လက်ရာမပျက် ရှိသေးသည်မို့ ဝမ်းသာအားရ ဖြစ်နေ၏။ ထိုအချိန် ဖျောက်ဆိပ်တစ်ယောက် အခန်းထဲမှ ထွက်လာ၏။

"ဟိုကောင် ဘာတွေ လျှောက်ပြောမှန်း မသိဘူးကွ။ ငါ့ဖြင့် စိတ်ပူ လိုက်ရတာ၊ တော်ပါသေးရဲ့ ဖျောက်ဆိပ်ရာ"

"ခင်ဗျား ဒီပစ္စည်းတွေ အမြန်ထုတ်ပစ်လိုက်ပါလားဗျ။ တော်ကြာ တစ်ခါကလို လိုက်လာမှဖြင့် ရှုံးရောက်ဂတ်ရောက် ရောက်နေဦးမယ်"

"ဟင်- ဟုတ်လား"

"အခွင့်အရေးဆိုတာ တစ်ခါပဲရတာဗျ။ မြစ်ရေကို နှစ်ခါမဆင်း လေနဲ့ဗျို့ ဟဲဟဲ လုပ်စရာရှိတာ မြန်မြန်သာလုပ်ပေတော့ဗျ"

"ဟုတ်ပြီ၊ မင်းပြောတာ အမှန်ပဲကွ။ ငါ့လက်ထဲ ကြာကြာထားရင် ပြဿနာဖြစ်မယ်။ ဒီတော့ အမြန်ဆုံးရောင်းပစ်မှပဲ။ ကိုင်း-ပြောနေတာ ကြာတယ်ကွာ၊ ငါ သွားရောင်းပြီဟေ့"

"သွားသွား မြန်မြန်သွား"

ဦးစိန်ရာဇာတစ်ယောက် ဖျောက်ဆိပ်၏ စကားကြောင့် သတိဝင် လာကာ အဝတ်အစား ကပျာကယာလဲ၍ ယွန်းသေတ္တာလေးကို ကျောပိုး အိတ်ထဲထည့်၍ ဆင်းသွားလေတော့၏။

✣ ✣ ✣



# အခန်း (၉)

"ဟာ ဘယ် ဘယ်လို ဖြစ်ကုန်ပြီလဲကွ"

"တင်ဝင်း၊ ဟေ့ကောင် တင်ဝင်း အမြန်လာစမ်းပါဦး"

"လာပါပြီ ဆရာကြီး"

"မြန်မြန်လာစမ်းကွာ ဘုရား ဘုရား"

အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးလာသော အဇ္ဈကျော်ဆောင် သူ့လက်ထဲ ရောက်နေသော ကြွက်မွေးတံမြက်စည်းကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ စိတ်ထဲ အံ့ဩလွန်းမက အံ့ဩနေ၏။ တောင်ဝှေးကနေ ကြွက် မွေးတံမြက်စည်း ဖြစ်သွားသည်ကို ဘယ်လိုမှ စဉ်းစား၍ မရနိုင်တော့။ ထို့ကြောင့်လည်း တင်ဝင်းကို အတင်းကုန်း၍ အော်ခေါ်လိုက်၏။

တင်ဝင်းသည် ဦးကျော်ဆောင်၏ ခေါ်ဆောင်သံကြောင့် ကျွန်း လှေကားကြီးပေါ် တဒုန်းဒုန်းနှင့် အပြေးတက်လာလေ၏။ ဦးကျော်ဆောင် သည် လက်ထဲက တံမြက်စည်းကို ကြည့်ပြီး မှုန်ကုပ်ကုပ် အူချာချာဖြစ်နေ ၏။

"ဟကောင် တင်ဝင်း"

"ခင်ဗျာ"

"ဒီမှာ ကြည့်စမ်း"

"ဗျာ၊ ဟို ဆရာကြီး တံမြက်စည်း လှည်းနေတာလားဗျ"

"ဘာကွ၊ မင်း ဘာတွေပြောတာလဲ။ ဒီတံမြက်စည်းက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဒါ်လက်ထဲ ရောက်နေသလဲ ပြောစမ်း"

"ဘာ အဲဒါတော့ ကျွန်တော် မသိပါဘူး ဆရာကြီးရယ်။ ဟို ဒီကိစ္စ နင်တော့ကများ လဲထားလိုက်တာလား မသိဘူး"

"ဘာကွ၊ နတ်တွေဟုတ်လား။ ဟာ- ဘယ်လိုဖြစ်တာလဲ၊ ငါ့ရဲ့ မနောကျင့်စဉ်ဟာ အထွတ်အထိပ် ရောက်နေပြီကွ။ ဒီလို ဖြစ်ရတာ ပယောဂ ရှိနေပြီကွ။ တောင်ဝေးကနေ ကြက်မွေးတံမြက်စည်း ဖြစ်သွားရတာ အံ့သြစရာပဲ"

"ဟုတ်ပ၊ ဆရာကြီးရယ်"

"သွားပြီ ငါ ငါ ဖြစ်ချင်တာ မဖြစ်ရတော့ပါလား။ ဘယ်လိုလုပ်ကြမလဲ။ ပြောပါဦးကွ"

"ဟို- အဲ အဲဒါ ဟိုဟာ"

"ဘာလဲ၊ ဘာတွေလဲ။ သွားစမ်း၊ ငါ့ရှေ့မှာ မင်းက အချာချာ လုပ်ပြနေတယ်။ ဒီမှာ ဘာလုပ်လို့ လုပ်ရမှန်းမသိရတဲ့ကြားထဲ။ သွားပြီ သွားပါပေါ့ကွာ"

"ဟုတ်ကဲ့၊ သွားပါ့မယ်ဗျ"

တင်ဝင်းတစ်ယောက် ကုပ်ချောင်းချောင်းနှင့် အခန်းထဲမှ ထွက်လာ၏။ ဦးကျော်ဆောင်၏ အဖြစ်သနစ်ကို တွေးရင်း သူ ဂျာအေးကို သတိရလာ၏။ ညက ဂျာအေး ခြံထဲဝင်၍ သောင်းကျန်းသွားခဲ့သည်ကို သတိရလာ၏။

ယခုကိစ္စလည်း ဂျာအေးလက်ချက် ဖြစ်နိုင်ကြောင်း သူစိတ်ထဲ တထစ်ချ ယုံကြည်နေမိ၏။ ထိုအတွေး ဝင်ရောက်လာသည်နှင့် ဦးကျော်ဆောင် အခန်းထဲ အလျင်အမြန်ဝင်ခဲ့၏။

"ဆ ဆရာကြီး"

"ဟေ- ဘာတုံးကွ၊ ဘာပေါက်ကရတွေ ပြောဦးမလို့လဲ"

"ဒီ ဒီကိစ္စ ဂျာအေးလက်ချက် ဖြစ်နိုင်တယ်ဗျ"

"ဘာကွ၊ ဂျာအေး"

"ဟုတ် ဟုတ်ကဲ့"

တင်ဝင်းသည် ဂျာအေး လာမွှေသွားသည့်ကိစ္စကို ပြောပြလိုက်၏





ထိုစကားကြားလျှင် ကြားချင်း ဦးစိန်ရာဇာတစ်ယောက် မျက်လုံးကြီးတွေ ပြူးလာ၏။ အံကြီးတွေ တကြိတ်ကြိတ် ဖြစ်လာ၏။ လက်သီးကြီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အော်ဟစ်လိုက်၏။

"ဟုတ်ပြီ၊ ဒီ ဒီကောင် ငါ့တောင်ဝေးယူသွားတာ ဖြစ်ရမယ်။ ဖြစ်ကို ဖြစ်ရမယ်။ တောက်- တွေ့ကြပြီပေါ့ ခွေးမသား ဂျာအေးရေ"

"တော်တော်ဆိုးတဲ့ ကောင်ပဲဗျ"

"ဒီကောင့်ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းကွ၊ ခု ဒီကောင် ဘယ်မှာလဲ ပြောစမ်း"

"ဆိုင် ဆိုင်မှာ ရှိမှာပေါ့ဆရာ"

"ဟုတ်ပြီ၊ ခုချက်ချင်း အဲဒီကောင်နောက်ကို လိုက်ကြမယ်"

"ဆရာကြီးရယ်၊ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်ပါ့မယ်"

"ဘာကွ၊ ဒါ သိန်းနှစ်ဆယ်ပေးပြီး ဝယ်ထားရတာ၊ မဖြစ်ဘူး၊ တွေ့ကြပြီပေါ့ ဂျာအေးရာ၊ ငါ့ကို ဒုက္ခပေးသွားတဲ့ကောင် လွတ်အောင် ရှောင်ပေတော့ပေါ့"

"အင်း ဘုရား ဘုရား"

ဦးကျော်ဆောင်တစ်ယောက် ယခုလို ပေါက်ပေါက်ကွဲကွဲဖြစ်သည့် အခြေအနေမျိုးကို တစ်ခါမှ မမြင်ဘူး။ ထိုအခြင်းအရာကြောင့်လည်း တင်ဝင်း အတုန်လှုပ်ကြီး တုန်လှုပ်နေရလေ၏။

နောက်ဆုံး သူတို့ဆရာတပည့်နှစ်ဦး အဝတ်အစား ကပျာကယာ လဲကာ အိမ်ကြီးပေါ်မှ အလျင်အမြန် ဆင်းခဲ့ကြလေ၏။ ဦးကျော်ဆောင်မှာ တစ်လမ်းလုံး ရှုးရှုးရှဲရှဲ ဖြစ်နေ၏။

တောက်တခေါက်ခေါက်နှင့် အော်ဟစ်ဆဲဆိုနေ၏။ တင်ဝင်းမှာ ဘာပြောလို့ ပြောရမှန်းပင်မသိ။ ဆိုင်သို့ အရောက်တွင် ဆိုင်ဝ၌ လူတွေ စုဝေးနေသည်ကို တွေ့လိုက်ရသဖြင့် အံ့သြနေ၏။

ကားပေါ်မှ ဆင်းသည်နှင့် လူတစ်ယောက်ကို မေးမြန်းလိုက်၏။

"ဘာဖြစ်တာလဲဗျ"

"ဒီဆိုင်က ဆိုင်ရှင် ဦးစိန်ရာဇာကို ရဲတွေ ဖမ်းသွားလို့ဗျ"

"ဗျာ၊ စိန်ရာဇာကို ရဲတွေဖမ်းသွားတယ်။ ဘာကြောင့်လဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတုတွေ ရောင်းချမှုနဲ့လေ။ အဲဒါ ကျုပ်တို့ လာပြောတာဗျ။ ဆိုင်ထဲမှာလည်း လူတစ်ယောက်မှ မရှိဘူး"

"ဘာ- လူမရှိဘူး"

"ဟုတ်တယ်ဗျ၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး"

"ဟင်- ပြဿနာပဲ၊ ဒါ ဒါဆို ရဲစခန်းကို လိုက်မှပဲကွ။ တင်ဝင်းရေ ပြဿနာကတော့ ဒိုးလိုမွှေနေပြီကွ။ ဘယ်အကုသိုလ် ဖြိုဟ်ဆိုးတွေကများ မွှေလိုက်သလဲ မသိဘူး"

"အဲဒါ ဂျာအေးပဲဖြစ်မှာ၊ ဒီကိစ္စ ဂျာအေးမွှေတာပဲဖြစ်ရမယ်"

"တောက်- ဂျာအေး၊ ရုပ်က မှင်စာရုပ်၊ စိတ်က သရဲစိတ်။ ဘယ်ကောင်းမှာလဲကွာ။ ကိုင်း- ပြောနေတာ ကြာတယ်ကွာ။ ရဲစခန်းလိုက်ရအောင်"

စိန်ရာဇာ၏သတင်း ကြားလိုက်ရသဖြင့် ဦးကျော်ဆောင် ချာချာလည်နေ၏။ ဆိုင်တံခါးကြီးလည်း ပိတ်ထားသည်မို့ ဆိုင်ထဲ မဝင်တော့ဘဲ စခန်းသို့ လိုက်ချလာလေ၏။

ထိုအချိန်တွင် အချုပ်ခန်းထဲ တငိုငိုတရှိုရှို ဖြစ်နေသူက ဦးစိန်ရာဇာ။ ယွန်းသေတ္တာလေးကို ငေါင်စင်းစင်း ကြည့်ရင်း ပါးစပ်က ပွစိပွစိ ပြောဆိုနေ၏။

"ဟကောင် စိန်ရာဇာ"

"ဟာ- ကိုကျော်ဆောင် ကယ် ကယ်ပါဦးဗျ"

"ဘယ်လိုဖြစ်တာတုံးကွာ"

"ဟို- ဂျာ ဂျာအေး လုပ်တာလေ"

"ဘာ- ဂျာအေး ဟုတ်လား"

"ဟုတ်တယ်၊ ဟောဒီ ယွန်းသေတ္တာထဲက ရွှေတွေက အနည်းလေး ခုနစ်ပိဿာ ရှစ်ပိဿာလောက်ရှိတာဗျ။ အဲ အဲဒါကို တောင်ဝှေးနဲ့ထောက်ပြီး ကျိန်စာတိုက်လိုက်တာ ရွှေတွေကနေ ကြေးတွေ ဖြစ်သွားပြီဗျ။ ပိုက်ဆံလည်း ဟို အရူးကြီး ဦးပုစိကို ပေးလိုက်ရပြီဗျာ"

"ဟေ- တောင်ဝှေးနဲ့ ထောက်လိုက်တာ ရွှေကနေ ကြေးဖြစ်သွားတယ်"





"ဟုတ်တယ် ကိုကျော်ဆောင်ရဲ၊ ရွှေမှရွှေအစစ်တွေဗျ။ အဲဒါကို ဂျာအေး လုပ်သွားတာ"

"ဟာ- ဒါ ဒါ တောင်ဝှေးက အစွမ်းပြပြီပေါ့"

"ဗျာ၊ ဟို ရွှေ ရွှေကနေ ကြေးတွေ ဖြစ်"

"အေးကွ ဘယ်လိုဟာကြီးတုံး၊ ရှင်အင္ဂုလိမာ မထေရ်မြတ်က ကြေးတွေ သတ္တုတွေကို ရွှေဖြစ်အောင် လုပ်နိုင်တာကွ။ ငါ့တောင်ဝှေးကတော့ ရွှေကနေ ဘယ်လိုလုပ်ပြီး ကြေးတွေ ဖြစ်သွားတာလဲ"

"အဲ အဲဒါ ပြောတာပေါ့ ကိုကျော်ဆောင်ရယ်။ သူက ကျုပ်ကို အချောင်ယူထားတာတဲ့၊ လိမ်ပြီး ဝယ်ထားတာတဲ့၊ ဒါကြောင့် ရွှေကနေ ကြေးဖြစ်အောင် တောင်ဝှေးနဲ့ ထောက်ပြီး လုပ်လိုက်တာဗျ။ အဲဒါကို ကျုပ်က ဘုမသိဘမသိ သွားရောင်းတာ ခုလို အချုပ်ခံလိုက်ရတာဗျ။ ကယ် ကယ်ပါဦးဗျာ"

"မင်းကလည်း အရေးထဲ လောဘတက်နေတယ်။ ငါ့မှာလည်း တောင်ဝှေးပျောက်သွားလို့ကွ။ ဒီတောင်ဝှေးကို ဂျာအေး ယူသွားတာကွ"

"ဗျာ- ဂျာအေး ယူသွားတာ"

"ဟုတ်တယ်၊ ငါ မနေ့ကကျင့်စဉ်တွေ ကျင့်နေတုန်း ဒီကောင် ခိုးသွားတာလေ"

"ဒုက္ခပါပဲဗျာ။ အဲဒီတောင်ဝှေးဟာ တော်တော့်ကို တန်ခိုးရှိနေပြီဗျ။ ကျွန်တော့် ရွှေတွေတောင် ကြေးဖြစ်ကုန်ပြီဆိုတော့"

"ဟုတ်ပြီ၊ တောင်ဝှေးက တန်ခိုးဖြစ်နေပြီကွ။ မဖြစ်ဘူး ဒီကောင့်ကို ရှာမှ။ ဒီကောင့်လက်ထဲ အဲဒီ တောင်ဝှေးရှိနေရင် ကမ္ဘာပျက်လိမ့်မယ်"

"ကိုကျော်ဆောင်၊ ကျုပ်ကို အာမခံပေးပါဦးဗျာ။ ကျုပ်ကို ဒီအထဲမှာ မထားခဲ့ပါနဲ့"

"အရေးထဲကွာ"

နောက်ဆုံးတော့ ဦးစိန်ရာဇာကို အာမခံရအောင် မနည်းပြောဆိုခဲ့ရလေ၏။ စခန်းအပြင်ရောက်တော့ နှစ်ယောက်စလုံး ဂျာအေးကို အံတကြိတ်ကြိတ်။ သူတို့ရင်ထဲ ဂျာအေးကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် သူတို့ကြား မီးလောင်ရာလေပင့် လုပ်သူက တင်ဝင်း။

"တော်တော်ဟုတ်တဲ့ကောင်ပဲဗျာ။ တွေ့ရင် ဧရုတ်ကျည်ပွေ့နဲ့ ထောင်းပစ်ဗျာ"

"ဘယ်က ဧရုတ်ကျည်ပွေ့လဲ၊ မင်းကြီးတော်ပစ္စည်းလား"

"ဟာ- ဆရာကြီးကလည်း ကျုပ်က ပြတ်ပြတ်သားသား အရေးယူဖို့ တောင်းဆိုတာပါဗျ။ ဂျာအေးလိုကောင်မျိုးဟာ ကမ္ဘာပေါ်မှာ ရှိကို မရှိသင့်ဘူးဗျ"

"အေး- အဲဒါလည်း ဟုတ်တာပဲကွ"

"ကျုပ်တော့ မကျေနပ်ဘူး။ ဒါပေမယ့် ဒီကောင့်လက်ထဲမှာ တောင်ဝှေး ရှိနေတယ်နော်"

"အဲဒါ ဘာဖြစ်သတုံးကွ"

"ဟာ- ကိုကျော်ဆောင်ကလည်း၊ သူက တောင်ဝှေးနဲ့ထောက်ပြီး ကျောက်ရုပ်လုပ်ပစ်လိုက်ရင် ကျုပ်တို့ ဒုက္ခရောက်သွားမှာပေါ့။ သူ့လက်ထဲက တောရတောင်ဝှေးက တကယ် အစွမ်းရှိနေပြီနော်။ အရမ်းရင်ဆိုင်လို့ မဖြစ်တော့ဘူး"

"အဲ အဲဒါလည်း ဟုတ်တာပဲကွ"

သူတို့သုံးယောက် တောင်ဝှေးအစွမ်းကြောင့် ခေါင်းခဲနေ၏။ ပြဿနာက မိုးမီးလောင်မည့် ပြဿနာ။ လျှောက်လုပ်လျှင် အကုန်ပြဿနာတွေ ဖြစ်ကုန်မှာ စိုးလှ၏။ ထိုစဉ် တင်ဝင်းက -

"ခက်တာက ဒီခပ်ရှုပ်ရှုပ်လူရဲ့ လက်ထဲကို အစွမ်းရှိတဲ့တောင်ဝှေးရောက်နေရင် ပြဿနာဗျ။ တော်ကြာ မဟုတ်တာတွေ လျှောက်လုပ်ရင် ဒုက္ခပါပဲ"

"အေးကွာ၊ ငါလည်း ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ မထူးဘူးကွာ၊ ဒီကောင့်ကို မြေလှန်ရှာပေတော့။ ကြွက်စုတ်တို့ လူသိုက်ပါ ခေါ်စမ်းကွာ။ ဒီကိစ္စ အရှုံးလက်ထဲ မီးတုတ်ထည့်ပေးလိုက်သလို ဖြစ်မှာကွ၊ ရှာစမ်းကွာ"

နောက်ဆုံးတော့ ဦးကျော်ဆောင်နှင့် တင်ဝင်းတို့နှစ်ဦး ခေါင်းမီးတောက်နေလေ၏။ ဦးကျော်ဆောင်၏ အသွင်က ဘိုးတော် မဖြစ်တဖြစ်





တစ်လစ်ကြီး ခံစားနေရပေရာ ဂျာအေးကို အကြီးအကျယ် ပေါက်ကွဲနေ၏။

ထိုအချိန်တွင် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ မအူပင်မြို့အနီးရှိ ထနီးရွာကလေးသို့ ရောက်ရှိ၏။ ဖျောက်ဆိပ်မှာ ဂျာအေးနောက် လိုက်သာ လိုက်ရသော်လည်း စိတ်ထဲ ဝါးတားတား ဖြစ်နေ၏။

"မင်းနဲ့ စံပယ်က ဘယ်လိုအခြေအနေရှိလဲ ဂျာအေး၊ ငါတော့ လိုက်သာ လိုက်ခဲ့ရတယ်၊ မျက်ခုံးခပ်လှုပ်လှုပ်ပဲကွ"

"မပူပါနဲ့ ဆရာဖျောက်ရာ၊ အမှန်တော့ စံပယ်တို့ မြေအဘိုးကို ဦးကျော်ဆောင်က ခါးပိုက်ဆောင်လုပ်ထားတာဗျ၊ ဒါ နားလည်ပ ပါးလည်လုပ်ထားတဲ့ကိစ္စဗျ။ ကျုပ်က အမှန်တရားကို မြတ်နိုးတယ်၊ ခုကိစ္စကလည်း အမှန်တရားကို ဖော်ထုတ်ချင်လို့ပဲဗျ"

"အင်- အမှန်တရား၊ ဘာလဲကွာ မင်းရည်းစားနောက် မင်းလိုက်တာပဲ အမှန်တရားတွေ အမှားတရားတွေ လုပ်နေပြန်ပြီ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ စံပယ်ဟာ လူသားတစ်ယောက်ဗျ၊ ဒီတော့ လူသားအားလုံးနဲ့ သက်ဆိုင်တယ်လေ။ ဒါကြောင့် ဒီကိစ္စကို ရဲရဲရင်ဆိုင်ဖို့ ထွက်လာတာပေါ့ဗျ"

"ဟေ"

ဂျာအေး၏ စကားတွေက ဝေ့လည်လည်။ ဘာကို နားလည်ရမှန်းမသိ။ သို့နှင့် သူတို့နှစ်ဦး ထနီးရွာလေးသို့ ရေတစ်တန် ကုန်းတစ်တန်နှင့် ရောက်ရှိခဲ့ကြလေ၏။

သူတို့ ရွာထဲရောက်လာချိန်တွင် အချိန်မှာ အတော်ကလေး ညနေစောင်းနေပြီဖြစ်၏။ ထနီးရွာကလေးမှာ မြစ်စပ်နား မေးတင်ထားသည့် ရွာကလေးဖြစ်၏။ ရွာသူရွာသားများသည် ရေလုပ်ငန်းနှင့် အသက်မွေးကြ၏။

ရွာအနောက်ဘက်တွင်လည်း ကြီးမားကျယ်ပြန့်သော အင်းချောင်းကြီးများတည်ရှိ၏။ သူတို့နှစ်ဦး ထနီးနှင့် ငါးမိုင်ခန့်ဝေးသော ရွာကလေးသို့ ခရီးဆက်ခဲ့ရာ နောက်ဆုံးတွင် စံပယ်တို့ ရွာကလေးဆီသို့ ရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲဝင်သည်နှင့် ဟိုမေးသည်မေး မေး၍ ရှာဖွေခဲ့ရာ စံပယ်တို့ မြေးအဘိုးနေသော အိမ်ကလေးဆီသို့ ရောက်ရှိလာလေ၏။ စံပယ်သည် ဂျာအေးကို တွေ့လိုက်သည်နှင့် အကြီးအကျယ် အံ့သြနေ၏။

"ဟယ်- ကိုဂျာအေးပါလား၊ ညကြီးမင်းကြီးရှင်"

"ဟုတ်တယ် စံပယ်၊ ကျုပ် စံပယ်တို့ရွာကို လိုက်လာတာ"

"ရှင်၊ စံပယ့်ဆီ လိုက်လာတာ"

"ဟုတ်ပါတယ် စံပယ်"

"လာလာ အထဲမှာ အဘလည်း ရှိတယ်"

သူတို့နှစ်ဦး တဲကလေးထဲ ဝင်ခဲ့ကြ၏။ တဲကလေးမှာ အတန်ငယ် ကျယ်ဝန်းပြီး အသုံးအဆောင်ပစ္စည်းများက အဟောင်းအမျှင်းများနှင့်သာ ဖွဲ့တည်ထား၏။ စံပယ်၏ အဘိုးဖြစ်သူမှာ ဂျာအေးတို့ကို ဖော်ဖော်ရွေရွေ နှင့် ညှော်ခံလေ၏။

"မောင်ရင်တို့ အိမ်မှာပဲ တည်းကြပါကွယ်။ အိမ်က ကျယ်လည်း ကျယ်ပါတယ်"

"ဟုတ်သားပဲ၊ အိမ်မှာပဲတည်းပါ။ စံပယ်တို့က ဆင်းရဲပေမယ့် ကျွေးနိုင်မွေးနိုင်ပါတယ် ကိုဂျာအေးရယ်"

"ဟဲဟဲ ရပါတယ်ဗျာ"

ဂျာအေးတစ်ယောက် စံပယ်၏ ကျက်သရေရှိလှသော မျက်နှာလေးကို မြင်လိုက်သည်နှင့် မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။

သူ့ရင်ထဲ ကြည်နူးမှု လှိုင်းထမ်းပိုးကြီးများကလည်း ဝုန်းဆန်နေ၏။ ဘယ်လိုမှ ကျနွှေမရ။ သူတို့နှစ်ဦးကို စံပယ်က အစ်ကိုကြီးများသဖွယ် ပြုစုစောင့်ရှောက်ခဲ့လေ၏။

ရွာကလေးမှာ အိမ်ခြေရှစ်ဆယ်ခန့်ရှိပြီး တံငါရွာကလေးဟု ဆိုရ ချေမည်။ အိမ်တိုင်း အိမ်တိုင်းတွင် ပိုက်ကွန်များ၊ ငါးဖမ်းကိရိယာများကို မြင်ရပေ၏။ ရွာသူရွာသားများသည် တစ်နေကုန် တစ်နေခန်း မြစ်ထဲ ချောင်းထဲတွင်သာ နေရသည်မို့ အသားအရေကအစ ညိုမောင်းနေကြ၏။ ရွာသားအများစုမှာ အပေါ်ပိုင်းဗလာကျင်းနှင့် နေတတ်ကြပြီး အလုပ်ကို လည်း သက်စွန့်ဆံဖျား လုပ်ကိုင်တတ်ကြ၏။





ထိုရွာတွင် ငါးဘတ်ကြီး ဆိုသူမှာ ခွန်အားဗလ တောင့်တင်းကာ ရုပ်ရည်ကြည့်လိုက်သည်နှင့် တစ်ဖက်သား ထိတ်လန့်သွားနိုင်သည့် ရုပ်ရည်ကို ပိုင်ဆိုင်ထားသူ ဖြစ်လေ၏။

ငါးဘတ်ကြီးတို့လူစုသည် ရွာတွင် မကောင်းမှု မှန်သမျှကို စွမ်းစွမ်းတမံ လုပ်ဆောင်ကြသူများ ဖြစ်လေ၏၊ အရက်ချက်၊ ဖဲဝိုင်းထောင်နှင့် သောင်းကျန်းချင်သလို သောင်းကျန်းနေ၏၊

ထိုအမှုကို ရွာလူကြီး ဦးရွှေရိုးခမျာ စိတ်အပျက်ကြီးပျက်နေရ၏၊ ငါးဘတ်ကြီးမှာ ဇနီးသည် ဘုတ်ဆုံ၏ တူအရင်းဖြစ်၍ ပြောရဆိုရခက်နေ၏။ ထို့ပြင် ပြဿနာတစ်ခုခု ဖြစ်လျှင် တုတ်တပြက်ဓားတပြက် ရှင်းတတ်သည်မို့ ငါးဘတ်ကြီးကို လူတိုင်းက ထိတ်လန့်နေရ၏၊

ပို၍ဆိုးသည်က ငါးဘတ်ကြီးသည် မိန်းမမြင်လျှင် အရူးအမူး ဖြစ်တတ်သည်ပင်။ ယခုလည်း ဂျာအေးတို့နှစ်ယောက် စံပယ်တို့အိမ်သို့ ရောက်လာသည်ဆိုသောအခါ ငါးဘတ်ကြီး မကျေမချမ်း ဖြစ်နေ၏၊

အမှန်တော့ စံပယ့်ကို လွန်ခဲ့သော ခြောက်နှစ်ခန့်ကတည်းက ငါးဘတ်ကြီး စုံမက်နေခြင်း ဖြစ်လေ၏။ နည်းမျိုးစုံနှင့် ကြိုးစားပါသော် လည်း စံပယ်၏ အရှောင်အတိမ်းကောင်းမှုကြောင့် ငါးဘတ်ကြီးခမျာ နှုတ်ခမ်းမွေးကြီး တကားကားနှင့် ဟတ်ကော့ကြီး ဖြစ်နေရှာ၏။

ယခုတော့ စံပယ်တို့ မြေးအဘိုး ရွာပြန်ရောက်လာပြီဆိုသောအခါ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

စံပယ်တို့ အိမ်သို့လည်း ချောင်းပေါက်မတတ် ရောက်လာတတ်ပေ၏။ ထိုသို့ အူယားဖားယားဖြစ်နေစဉ် ဂျာအေးတို့ ခြေဝင်ရှုပ်လာသည်ကို မြင်သောအခါ ငါးဘတ်ကြီး ပေါက်ကွဲနေ၏။

ထို့ကြောင့်လည်း သူ့တပည့် ငါးမြွေထိုးနှင့် ငါးကျောက်ဖားကို ဂျာအေးတို့ အခြေအနေ စောင့်ကြည့်ခိုင်းခဲ့၏။ စံပယ်က သူတို့နှစ်ဦးကို ကောင်းကောင်းမွန်မွန် ပြုစုနေပုံ ပြန်၍သတင်းပို့သောအခါ ငါးဘတ်ကြီး တစ်ယောက် စွေ့စွေ့ခုန်နေ၏။

"ဘာကွ၊ ဒီနှစ်ကောင်ကို စံပယ်က ပြုစုနေတယ်။ တောက်- ရာရာစစကွာ၊ ဘုရင့်ပွဲတော်အုပ်ကို အတင်းဝင်နှိုက်တဲ့ သကောင့်သား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်ကို ရှင်းပစ်စမ်းကွာ"

"ဟုတ်တယ် ဆရာ ငါးဘတ်၊ ဒီကိစ္စ အပြတ်ရှင်းမှဗျ"

"အေး- ဒီတော့ အရင်ဆုံး မင်း လှုပ်ရှားလိုက်ပေတော့ကွ"

"စိတ်ချပါဆရာ၊ ဒီနှစ်ကောင့်ပုံစံက ယမကာ ကြိုက်တဲ့ပုံပေါက်တယ်။ ဒီတော့ သူတို့ ထန်းရည်ဆိုင်မှာ တွေ့မှာ သေချာတယ်"

"ဒါပေါ့ကွာ၊ လက်မြန်ခြေမြန် ရှိပါစေနော်"

"စိတ်သာချပါ ဆရာငါးဘတ်"

ငါးမြွေထိုးတစ်ယောက် ငါးဘတ်ကြီးထံမှ အမိန့်ရရှိလိုက်သောအခါ ဂျာအေးတို့ကို ကြောင်ချောင်း ချောင်းလေတော့၏။

ထိုအချိန်တွင် ဂျာအေးတို့ ဆရာတပည့်နှစ်ဦးမှာ ညနေစောင်းသည်နှင့် လေတွေပြုလေတော့၏။

"ဟော့. . . အူး"

"ဟော့. . . အား ဟဲဟဲ လေပြုပြီ ဂျာအေးရေ၊ နေကလည်းညိုပြီကွ ဟဲဟဲ"

"ကောင်းတာပေါ့ ဆရာဖျောက်ရယ်၊ ဒါဆို ကျုပ်တို့ ရွာပြင်ဘက်က ထန်းတောဆီ ချီတက်တာပေါ့ဗျ"

"ဟင် မင်းက ဘယ်လိုလဲကွ"

"ဒီကိစ္စ တာတူးကို မေးပြီးပြီဗျ၊ တာတူးဆိုတာ အိမ်ဘေးက ချာတိတ်လေ"

"ဟုတ်လား၊ ဒါဆို သွားကြစို့ကွာ။ တစ်ခုတော့ရှိတယ်။ အရမ်းသောက်လို့ မဖြစ်ဘူးနော်။ ငါတို့က ဧည့်သည်တွေကွ"

"စိတ်ချစမ်းပါ ဆရာဖျောက်ရယ်၊ ကိုင်း- သွားကြစို့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ယောက် ရွာပြင်သို့ လျှောက်ခဲ့ကြလေ၏။ နေဝင်ရီတရောမို့ ရွာကလေးမှာ ရွှေရောင်ငွေရောင် တောက်နေ၏။ ထန်းပင် အုန်းပင်များကလည်း တယိမ်းယိမ်း။

နှစ်ဦးသား အင်းချောင်းကြီးကို ပတ်၍ ထန်းတောထဲ ဝင်ခဲ့ကြ၏၊ သောက်သုံးသူက သူ့အုပ်စုနှင့်သူ။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး လွတ်နေသော စားပွဲတွင် ဝင်၍ ထိုင်လိုက်၏။ ဂျာအေးသည် သွားလေ





ရာတွင် တောရတောင်ဇော်းကြီးကို ဆောင်သွားတတ်၏။

ယခုလည်း တောင်ဇော်းကြီးကို စားပွဲပေါ်တင်ကာ ထန်းရည်တစ်မြူမှာ၍ သောက်လိုက်ကြ၏။ ထိုအချိန် သူတို့နှစ်ဦးကို ထောင့်တစ်နေရာမှ မျက်စောင်းတခဲခဲနှင့် ကြည့်နေသူက ငါးမြွေထိုးတို့လူသိုက် ဖြစ်၏။

သူတို့အသွင်က တကယ့် လူကြမ်းများအသွင်ပင်။ အံကြီးတွေ တကြိတ်ကြိတ်နှင့် မကျေမချမ်း ကြည့်ရှုနေကြ၏၊ ထိုအချိန် ဂျာအေးတို့ ဆရာတပည့်နှစ်ဦးမှာ ထန်းရည်တစ်မြူနှင့် ကျူနေကြ၏။

ငါးမြွေထိုးတစ်ယောက် စိတ်မရှည်နိုင်၊ ပြဿနာကို ဖောက်ခွဲပစ်လိုက်ချင်သည်မှာ လက်ယားနေ၏။

နောက်ဆုံး ဂျာအေးတို့ ဝိုင်းဆီသို့ ရှုတည်တည်နှင့် လျှောက်လာ၏။ သူ့ကိုကြည့်ပြီး တုံ့ခနဲ ဖြစ်သွားသူက ဖျောက်ဆိပ်။

ထိုစဉ် စားပွဲအနီးသို့ ငါးမြွေထိုး ရောက်လာ၏။ မျက်လုံးအစုံကလည်း ဝင်းဝင်းတောက်နေ၏။ အနားရောက်လာသည်နှင့် လေသံမာဆတ်ဆတ်နှင့် မေးလိုက်၏။

"မောင်ရင်တို့က စံပယ်နဲ့ ဘာတော်သတုံး၊ ဘာကိစ္စ လာကြသလဲ"

သူ့အမေးကြောင့် မျက်လုံးလှန်ကြည့်လိုက်၏။ ငါးမြွေထိုးမျက်နှာမြင်လိုက်သည်နှင့် လူမိုက်တစ်ဦးဟု ထင်မိလိုက်၏။

"ဘာကိစ္စတုံး၊ ကျုပ်က ဘိုးတော်ဂျာအေး၊ ဟောဒါက ဆရာဖျောက်ဆိပ်။ စံပယ့်ဆီလာတာ လာချင်လို့၊ ဟောဒီမှာ တောရတောင်ဇော်း၊ ကျုပ်နားလာရင် ရှိရိုသေသေလာ၊ စကားကို ယဉ်ယဉ်ကျေးကျေးပြောဒါပဲ"

"ဘာ- မင်း မင်းကများ"

"ဟာ- ဒီငတေော့"

"ဝုန်း အုန်း ဒိုင်း"

"အောင်မယ်လေးဗျ"

"ဟာ- ထန်းသီးကြွေကျတာကွ"

"ထူးဆန်းလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

အဖြစ်က တိုက်ဆိုင်တာလား သို့တည်းမဟုတ် တောရတောင်ဝှေး၏ တန်ခိုးကြောင့်လားမသိ။ ဂျာအေးသည် စားပွဲပေါ်က တောင်ဝှေးကို လှမ်းယူပြီး ငါးမြွေထိုးကို ကြိမ်းမောင်းလိုက်ရာ သူတို့ဦးခေါင်းတည့်တည့်ရှိ ဘန်းပင်ပေါ်မှ ထန်းသီးတစ်လုံး ဒိုင်းခနဲ ကြွေကျလာလေ၏။

ထန်းသီးက ငါးမြွေထိုး၏ ယော်ထိပ်တည့်တည့်သို့ တိုက်ရိုက်ကျသွားသဖြင့် ငါးမြွေထိုး ခွေခွေကလေး လဲကျသွား၏။ ဖျောက်ဆိပ်မှာ မြင်ကွင်းကို ကြည့်ပြီး ဖံ့သြနေ၏။

ဘယ်လိုမှ မယုံနိုင်စရာပင်။ ငါးမြွေထိုးအနားသို့ သူတပည့်များ အပြေးရောက်လာကာ အတင်းပွေ့ချီရင်း နှာနှပ်သူနှပ်၊ ခြေချိုးသူချိုး၊ ဖြစ်ကုန်ကြ၏။

ဂျာအေးကတော့ အေးအေးလူလူပင်။ မူးတူးတူး ဝေတေတေဖြစ်နေသော ငါးမြွေထိုးကိုကြည့်ကာ ခါးထောက်၍ ပြောလိုက်၏။

"မှတ်ထား၊ အဲဒါ ဘိုးတော်ဂျာအေးရဲ့ တောရတောင်ဝှေးတန်ခိုးပဲ။ နောက်ထပ် နှောင့်ယှက်လာရင် အားလုံး မြေမျိုသွားအောင် လုပ်ပစ်လိုက်မယ်၊ ကြားကြလား"

"ဗျာ"

"အားလုံး ကြားကြတယ်နော် ဟဲဟဲ"

ဂျာအေးတစ်ယောက် ထင်ရာမြင်ရာပြောဆို၍ ထန်းတောထဲမှ ဟန်ပါပါနှင့် ထွက်သွား၏။ ဖျောက်ဆိပ်ခမျာ တပည့်ကြီး၏ အရှိန်ကြောင့် ကုပ်ချောင်းချောင်း ဖြစ်နေလေတော့၏။

✣ ✣ ✣



## အခန်း (၁၀)

ကြားလိုက်ရသည့်စကားကြောင့် ငါးဘတ်ကြီးတစ်ယောက် နှုတ်ခမ်းမွေးကြီး ထောင်သွား၏။ သူ့ရှေ့ ညောင်နာနာနှင့် ရပ်နေသော ငါးမြွေထိုးခမျာ နဖူးတည့်တည့်တွင်လည်း ဘုလုံးကြီးထွက်နေ၏။

ကြားရသည့်စကားက ဘယ်လိုမှ မယုံနိုင်စရာ။ ထို့ကြောင့် ငါးဘတ်ကြီး ဒေါမောနှင့် မေးလိုက်၏။

"ဟကောင် မင်းပြောတာ သေချာရဲ့လားကွ"

"ဟာ- သိပ်သေချာတာပေါ့ ဆရာငါးဘတ်ရယ်။ သူ့ဘေးက တောင်ဝှေးကို မြှောက်လိုက်တာနဲ့ ထန်းသီးက ကျွန်တော့်ခေါင်းပေါ်ကို အုန်းခနဲ ကြွေကျတာဗျ"

"ဒါ ဒါဆို ဒီကောင်ဟာ တကယ့် ဘိုးတော်များလား"

"အဲဒါ ပြောတာပေါ့။ ပြီးတော့ သူ့ကိုလုပ်ရင် မြေမျိုသွားမယ်တောင် ပြောတာဗျ"

"ဟာကွာ ဒီကောင်ပဲစွမ်းသလား"

"ဆရာငါးဘတ် သူ့ကို လျှော့တွက်လို့ မရဘူးနော်။ သူ့ဘေးမှာ ပါလာတဲ့ ဆရာဖျောက်ဆိပ်ဆိုတဲ့ လူရဲ့ပုံကလည်း တစ္ဆေသရဲတွေ မွေးထားပုံပဲ။ မျက်လုံးကိုက စုန်းတောက်နေတာဗျ"

"ဟေ"

ငါးဘတ်ကြီးတစ်ယောက် မျက်လုံးအပြူးသား ဖြစ်နေ၏။ စဲပယ့်



www.burmeseclassic.com

www.burmeseclassic.com



နား ကင်းသူမှန်သမျှ သူ့ရန်သူဟု ကြေညာထားပြီးဖြစ်ရာ ဂျာအေးကို ဘယ်သို့ ရင်ဆိုင်ရမှန်းမသိ ဖြစ်နေလေ၏။

ဤအချိန်တွင် ဂျာအေးတို့ ဆရာတပည့်မှာ စံပယ်တို့ မြေးအဘိုးနှင့် အပွဲ့ကျနေ၏။

"စံပယ်နဲ့ ဦးကျော်ဆောင်တို့က ဘယ်လိုသိကြတာလဲဟင်"

"အဲဒီ ဦးကျော်ဆောင်က ဖေဖေ့သူငယ်ချင်းလေ။ ဒါကြောင့် ကျွန်မတို့ကို စောင့်ရှောက်ထားတာပေါ့"

"ဟုတ်လား၊ ကျုပ်တော့ ဦးကျော်ဆောင်လုပ်ပုံကို သဘောမကျဘူး ဗျ။ သူက မစံပယ်ကို ပိုက်ဆံနဲ့ သိမ်းပိုက်ချင်တာ"

"ရှင်"

"ဟေ- မင်းစကား ဟုတ်ရဲ့လားကွာ"

စံပယ်၏ အဘိုးဖြစ်သူကပါ မှန်ကုပ်ကုပ်နှင့် မေးလာ၏။ ထိုအခါ ဂျာအေးတစ်ယောက် ဦးကျော်ဆောင်တို့၏ မှုမမှန်သောလုပ်ရပ်ကို သိ၍ ပြောလေတော့၏။

"ဩော်- ဒီလိုကိုး၊ ဒါဆို မောင်ကျော်ဆောင်ဟာ တောရတောင်ဝေးနဲ့ လူတွေကို ထပ်ပြီး ဒုက္ခပေးမယ့်ပုံပေါ့"

"သိပ်သေချာတာပေါ့ အဘိုးရ။ ဒါကြောင့် ကျုပ်လည်း ချဥ်တင်တင်ရှိတာနဲ့ ထင်ရာလုပ်ချပစ်ခဲ့တာပေါ့"

"ကောင်းကွာ။ လောဘကြီးတဲ့ကောင် ခံပလေ့စေ"

စံပယ်၏ အဘိုးဖြစ်သူက ဂျာအေး၏ အပြောကို သဘောအကျကြီး ကျနေလေ၏။ စံပယ်မှာလည်း ဂျာအေးကို အထင်တကြီးနှင့် ကြည့်နေလေ၏။

ထိုအခြေအနေကို ကြည့်ပြီး ဖျောက်ဆိပ်မှာ ဂျာအေးကို အံ့သြနေ၏။ ဂျာအေး ယခုလောက် အချစ်ကြီးလိမ့်မည်မထင်ခဲ့။ ယခုတော့ ဂျာအေး၏ စွဲလမ်းမှုက အတိုင်းထက်အလွန် ဖြစ်နေချေပြီ။

ဂျာအေး၏ ဒိုင်ကြောင်များကြောင့် စံပယ်တို့ မြေးအဘိုးမှာ ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ ထိုအခြေအနေကို ချောင်းမြောင်းနေသူက ငါးဘတ်ကြီး၏ တပည့်များ ဖြစ်လေ၏။





ထိုသတင်းကို ငါးဘတ်ကြီးထံ အစီရင်ခံသောအခါ ငါးဘတ်ကြီးတစ်ယောက် ယမ်းပုံမီးကျဖြစ်နေ၏။ သူ့နှလုံးသားအစုံသည်လည်း ဘီလူးစိတ်ပေါက်သွားခဲ့ပြီဖြစ်၏။ အချစ်ကြောင့် ငါးဘတ်ကြီး ဘာမှမမြင်တော့။

အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ရွာလယ်လမ်းသို့ လျှောက်လာ၏။ လက်ထဲမှာလည်း ငှက်ကြီးတောင်ဓားကြီးတစ်လက်ကိုင်လာ၏။

ဓားကြီးက လရောင်ကြောင့် တဝင်းဝင်း တလက်လက် ဖြစ်နေ၏။ တစ်ရွာလုံး ငါးဘတ်ကြီး၏ အသွင်ကိုမြင်ကာ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲကြ။

တချို့လည်း မလွယ်ပေါက်များမှ ခေါင်းပြူတစ်ပြူတစ် လုပ်၍ ချောင်းကြည့်နေကြ၏။

ပွဲကြီးပွဲကောင်း မြင်ရတော့မည်မို့ တစ်ရွာလုံး ရင်တလှပ်လှပ်ဖြစ်နေကြ၏။ ထိုအချိန်တွင် ငါးဘတ်ကြီးသည် ခြေလှမ်းကျဲကြီးနှင့် လျှောက်လာခဲ့ရာ စံပယ်တို့ တဲကလေးရှေ့သို့ ရောက်လာလေ၏။

တဲရှေ့ရောက်သည်နှင့် ဝါအက်အက်အသံကြီးနှင့် ဂျာအေးကို လှမ်းခေါ်လိုက်၏။

"ဟေ့ကောင် ဘိုးတော်ဂျာအေး၊ ထွက်ခဲ့စမ်းကွာ။ မင်းကလည်း ဘိုးတော် ငါက ငါးဘတ်ကြီး တွေ့ကြပြီပေါ့ကွာ။ အချစ်နဲ့စစ်မှာ တရားတယ် မတရားတယ် မရှိဘူးကွ။ ဂျာအေး ထွက်ခဲ့စမ်း"

အသံကြီးက တစ်ရွာလုံး ဟိန်းထွက်သွား၏။ ကြားရသူအပေါင်း ဒူးတုန်ခြေတုန် ဖြစ်နေကြ၏။ ထိုအချိန် ငါးဘတ်ကြီး၏ အသံကို ကြားလိုက်ရသော ဖျောက်ဆိပ်ခမျာ ပြူးချာချာ ဖြစ်နေ၏။

စံပယ်တို့ မြေးအဘိုးမှာလည်း နေစရာပင် မရှိတော့။ ထိုစဥ် ဂျာအေးတစ်ယောက် နောက်ဖေးပေါက်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

သူ ခုန်ဆင်းလိုက်သည့်နေရာက ဗွက်တော။ ဝက်တစ်အုပ် ရှုံ့လူးနေသည့် ဗွက်တောဖြစ်၏။

ဝက်ကြီးမှာ ပူပြင်းလှသော ရာသီဥတုကြောင့် ဗွက်ထဲဆင်းမှိန်းနေကြခြင်းဖြစ်လေ၏။ ဂျာအေးခမျာ ဝက်တွေကြား ဝုန်းခနဲ ပြုတ်ကျသွားပြီး တစ်ကိုယ်လုံးလည်း ပေကျံမည်းညစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဝက်အုပ်ကြီးမှာ ကောင်ရေ နှစ်ဆယ်ခန့်ရှိပြီး ဘေးအိမ်မှ မွေးမြူထားသော ဝက်အုပ်ကြီးဖြစ်လေ၏။ ဂျာအေး၏ ဖြုန်းခနဲ ခုန်ဆင်းလာသည်မို့ ဝက်အုပ်ကြီးလည်း တအိအိ တခွီးခွီး အော်သံကြီးများနှင့်အတူ ဒရောသောပါး ထပြေးလေတော့၏။

"ခွီး ခွီး"

"အိ. . . အိ. . အု"

"ဟာ- ဘာကြီးတွေလဲ"

"ဟို ဟို ဝက်အုပ်ကြီး"

"ဟိုမှာလည်း လူကြီးဗျ၊ သရဲ သရဲ"

"အောင်မယ်လေး သရဲကြီးဗျ"

လရောင်အောက်တွင် ဝက်အုပ်ကြီးနှင့်အတူ ဒရောသောပါး ပြေးထွက်လာသော ဂျာအေးကို မြင်ပြီး ငါးဘတ်ကြီး လန့်ဖျပ်သွား၏။ ငါးဘတ်ကြီးမှာ လူမကြောက်သော်လည်း သရဲ အလွန်ကြောက်တတ်သူ ဖြစ်၏။

ထိုအခြေအနေကို အသုံးချလိုက်သူက ဂျာအေး။ အခြေအနေကို ချော်လဲရောထိုင် လုပ်ပစ်လိုက်၏။ သရဲကြောက်လွန်းလှသဖြင့် အော်ဟစ်ထွက်ပြေးသွားသော ငါးဘတ်ကြီးနောက်သို့ ဂျာအေးက တောင်ဝှေးကြီးနှင့် နောက်မှ တကောက်ကောက်လိုက်လာ၏။

"ဟေ့ကောင် မပြေးနဲ့၊ မင်းလားကွ လူမိုက်"

"အောင်မလေး လုပ်ကြပါဦး၊ သရဲလိုက်လို့ဗျို့"

"ဝုတ် ဝုတ် အူး အူး"

"ဝူ ဝု"

"ခွေးတွေပါ အူပြီဟေ့"

"ရွာထဲ သရဲဝင်တာကွ။ ငါးဘတ်တော့ သရဲကုပ်ချိုးသတ်တော့မယ်ဟေ့"

တစ်ရွာလုံး ပွက်လောညံကုန်၏။ ငါးဘတ်ကြီးခမျာမှာလည်း ရှေ့မှ အူယားဖားယားပြေးလွှားနေ၏။ ရွာထဲ ပတ်ပြီးပြေးနေရာက ချိုင့်တွေ ခလုတ်တွေလည်း မမြင်တော့။





ပြေးရင်း ကျင်းကြီးတစ်ကျင်းထဲ ဝုန်းခနဲပြုတ်ကျသွား၏။ ကျင်းတမစင်ကျင်းအဟောင်းကြီး။

ငါးဘတ်ကြီးခမျာ ယက်ကန်ယက်ကန် ဖြစ်နေ၏။ ဂျာအေးသည် ကျင်းဝမှာ ရပ်ကာ အော်ဟစ်လိုက်၏။

"ဟေ့ကောင်၊ မင်း ဘိုးတော်ဂျာအေးကို ယှဉ်ချင်သေးလားကွ"

"ဗျာ၊ မ မယှဉ်ရဲပါဘူး ခင်ဗျာ။ ကြောက်ပါပြီဗျာ"

"အေး- ဒါ ဝက်အုပ်ပဲ ရှိသေးသကွ၊ ကျားအုပ် ဆင်အုပ်နဲ့တိုက်ရင် မင်း အရိုးအသားတောင် ရှာရမှာ မဟုတ်ဘူးကွ"

"ကြောက်ပါပြီဗျာ"

"အေး- ဒါဆို တစ်ရွာလုံးကိုလည်း ဒုက္ခမပေးပါဘူး၊ စံပယ်တို့မြေအဘိုးကိုလည်း ဒုက္ခမပေးပါဘူးလို့ ကတိပေးစမ်း"

"ပေးပါတယ်ဗျာ"

"ကတိတည်တယ်နော်"

"တည်ပါတယ် ခင်ဗျ"

"ကောင်းပြီ၊ ဒါဆို ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ်လိုက်ပြီဟေ့"

ဂျာအေးတစ်ယောက် ဆောင့်ကြွားကြွားပြောဆို၍ ထွက်သွားလေတော့၏။

ထိုအခါကျမှပဲ ငါးဘတ်ကြီးဆီသို့ ညှုတပည့်များ ရောက်လာကာ ကြိုးနှင့် ဆွဲတင်ရလေတော့၏။ ငါးဘတ်ကြီးခမျာ ကြောက်လိုက်သမှ ဒူးကို ဆတ်ဆတ်ခါ တုန်နေလေ၏။

ထိုအချိန်မှစပြီး ငါးဘတ်ကြီး တစ်ယောက် လူမိုက်မလုပ်ရဲတော့ချေ။ အိမ်ထဲက အိမ်ပြင်လည်း မထွက်ရဲချေတော့၏။

ဂျာအေး၏ သတင်းက တစ်ရွာလုံး ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။ တောရတောင်ဝှေးတန်ခိုးကြောင့် ထင်ကာ တစ်ရွာလုံးက ဂျာအေးကို ဘိုးတော် ထင်နေ၏။

ဂျာအေးကလည်း ချော်လဲရောထိုင်ပစ်လိုက်၏။ ဖျောက်ဆိပ်ခမျာ သူ့တပည့် ဘာတွေလုပ်နေသည်ကိုပင် နားမလည်နိုင်တော့၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် စံပယ့်အဘိုးအလစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



စံပယ့်ကို ချစ်ကြောင်း တဲ့တိုးကြီး ဖွင့်ပြောလေ၏။

"စံပယ်၊ ကျုပ် ခင်ဗျားကို ချစ်နေမိပြီဗျ။ စံပယ့်သဘောက ဘယ်လိုလဲဟင်"

"ရှင်၊ ဟို. . . ကျွန်မ"

"ကျုပ်တို့နှစ်ယောက် အရင်ကတည်းက ရေစက်ရှိခဲ့ပါတယ် စံပယ်ရာ၊ ကျုပ်ကိုချစ်တယ် မဟုတ်လားဟင်"

"ရှင်၊ ဒုက္ခပါပဲ ကိုဂျာအေးရယ်"

"ဘာ ဘာဖြစ်လို့တုံးဗျ"

"ဟို ဟိုလေ၊ စံပယ် စံပယ့်မှာ ချစ်သူရှိပါတယ် အစ်ကိုရယ်"

"ဗျာ- ချစ်သူ၊ ဟာ- မဖြစ်နိုင်တာဘဲဗျ"

"တကယ်ပါ အစ်ကိုဂျာအေးရယ်၊ စံပယ့်ချစ်သူ ကိုလေးခိုင်ဟာ စံပယ်ရဲ့ ငယ်ချစ်ပါရှင်။ သူ သူဟာ ငါးဘတ်ကြီးရန်ကို ကြောက်လို့ ရွာက ထွက်ပြေးသွားတာပါရှင့်။ ခု မအူပင်မှာ အခြေချပြီး အလုပ်လုပ်နေပါတယ်"

"ဗျာ- တ တကယ်လားဟင်"

"တကယ်ပါရှင်၊ ဟိုလေ တစ်လောကပဲ၊ စံပယ်နဲ့ မြို့မှ တွေ့ကြသေးတယ်လေ။ ခုတော့ ကို[illegible]အေး မ,လို့ ငါးဘတ်ကြီးရန်လည်း အေးသွားပြီးပေ၊ ဒါကြောင့် ကျွန်မကို ဂျာ[illegible]ကို ကျေးဇူးအရမ်းတင်ပါတယ်ရှင့်။ ပြီးတော့ ကိုဂျာအေးရှိရင် ငါးဘတ်ကြီးလည်း ရွာမှာမနေရဲဘူးဆိုပြီး ပြေးပြီရှင့်"

"[illegible]ပါလား၊ ကျုပ်အစွမ်း အဲဒီလောက် ထက်သလား။ ဒါနဲ့များ ဘာကြောင့် ငြင်းရတာလဲ မစံပယ်ရယ်။ ကျုပ် အသည်းနှလုံးတွေ တအုန်းအုန်း တဖြုန်းဖြုန်း ကြွေရပြီဗျ"

"ခွင့်လွှတ်ပါ ကိုဂျာအေးရယ်၊ မနက်ဖြန်လောက်ဆို ကျွန်မ မြို့တက်ပြီး ကျွန်မချစ်သူကို သွားပြောမယ်လေ။ သူ ရွာကို လာရဲသွားပါပြီ။ ပြီးတော့ ကိုဂျာအေးကိုလည်း ကျွန်မချစ်သူက ကျေးဇူးတင်မှာပါရှင့်"

"အင်- သွားပြီဗျာ၊ ကျုပ်ကမ္ဘာကြီး ပျက်သွားပြီ။ လောကကြီးဟာ ဂျာအေးအတွက် ချစ်သူတစ်ယောက် ဘာလို့ မဖန်ဆင်းပေးသလဲ။ ကျုပ်





ရင်တွေ နာလိုက်တာဗျာ"

"ဩော်- အစ်ကိုဂျာအေးရယ်၊ လောကကြီးဟာ သူတော်ကောင်းကို စောင့်မကြည့်ရှုမှာပါ။ အစ်ကိုဂျာအေးဟာ လူသားဆိုးပေမယ့် နှလုံးသား ဖြူစင်သူပါ။ တစ်ချိန်ချိန်မှာ ကိုဂျာအေးဟာ စံပယ့်ထက်သာတဲ့ လူကို ရလာမှာပါရှင်"

"တောက်- ရင်နာလိုက်တာဗျာ၊ ကျုပ် မျှော်လင့်ခဲ့သမျှ မျှော်လင့်ချက်တွေ ပြိုပြီဗျ"

ဂျာအေးတစ်ယောက် ကြားလိုက်ရသော စံပယ်၏စကားကြောင့် အကြီးအကျယ် ကြေကွဲနေ၏။ မျက်ရည်နှင့် နှာရည်တွေပါ ထွက်လာ၏။

နောက်ဆုံး ဖျောက်ဆိပ်ထံ ခေါင်းငိုက်စိုက်ရောက်လာ၏။ ဖျောက်ဆိပ်သည် ဂျာအေး အခြေမလှတော့ဘူး ဆိုသည်ကို တပ်အပ်သိလိုက်ပေ၏။

"ဘယ်လိုတုံး တပည့်ကြီးရဲ့"

"ဟာဗျာ- ကျုပ်ရင်တွေ ကွဲကုန်ပြီဗျ။ လောကကြီးဟာ မတရားဘူးဗျ။ ကျုပ်ကို ဘာဖြစ်လို့ ချစ်သူတစ်ယောက် မဖန်ဆင်းပေးတာလဲ ပြောပါဦး ဆရာရဲ့"

"ဩော်- ဥစ္စာက်ပေး မရသေးက နှောင့်နှေးဗျာပါ မရှိရာတဲ့ တပည့်ရ၊ အချိန်ကျရင် မင်းဆီကို ရောက်လာမှာပေါ့ကွာ"

"ဟာဗျာ- ကျုပ် အသက်သုံးဆယ်နီးနေပြီဗျာ၊ လူဆိုတာ အရွယ်နတုန်း အချစ်ရှိမှဗျ။ ဒါမှ သားတွေသမီးတွေ မွေးတွေ တစ်အုံတစ်မနဲ့ အချစ်ကမ္ဘာကြီး တည်ဆောက်ရမှာဗျ"

"ဟေ- မင်းအချစ်က တယ်လည်း ရှည်လျားလှပါလားကွ၊ တကယ့် ဂန္ထဝင် အချစ်ကြီးပါလား"

"သိပ်ဟုတ်တာပေါ့ ဆရာဖျောက်ရာ၊ ခုတောင် ကျုပ် အချစ်နန်းကျဘုရင် ဖြစ်ရပြီဗျ"

"ဟာ- မင်းက နန်းတောင် မတက်ရသေးဘဲ ဘယ်လိုလုပ် နန်းကျဘုရင် ဖြစ်မှာလဲကွ။ ကြည့်လုပ်ပြောပါကွာ။ တော်ကြာ မဟုတ်တာ ပြောလို့ မိုးကြိုးပစ်ချနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပစ်စမ်းပါစေဗျာ၊ ကျုပ် မနေချင်ဘူး။ ကျုပ် သေသွားရင် အေးမယ်"

"ဟာ- ငါတပည့် တယ်ပျော့သကိုး။ တစ်ချစ်သွားတော့ နှစ်ချစ်လာ နှစ်ချစ်ပြန်တော့ သုံးချစ်ရှာ၊ အချစ်ဆိုတာ ကမ္ဘာ့ကမ္ဘာတဲ့ကွ"

"ဟာဗျာ. . . တော်ပြီ၊ အချစ်. . . အချစ်ကို ကျုပ်မုန်းတယ်"

ဂျာအေးတစ်ယောက် ငူငူကြီး ဖြစ်နေ၏။ ခေါင်းကြီးငိုက်စိုက်နှင့် အကြေကွဲကြီး ကြေကွဲနေ၏။

ဆရာလုပ်သူမှာ တပည့် အခြေအနေ မဟန်တော့မှန်း သိလိုက်ပြီမို့ နောက်ဆုံး ဂျာအေးလက်ချက်နှင့် တစ်ရွာလုံး ဖွတ်ဖွတ်ကြေတော့မည်ကို အတပ်သိလိုက်၏။

ထို့ကြောင့်လည်း တစ်ညလုံး ချော့မော့ဖြေသိမ့်ခဲ့၏။ မိုးသာစင်စင်လင်းသွားရော ဂျာအေး တရှုပ်ရှုပ် ငိုကြွေးနေဆဲ။ နောက်ဆုံး အချစ်ရင်ကွဲနာ အကျကြီးကျခဲ့ရရှာသော ဂျာအေးခမျာ သူ့ဆရာကြီး ဖျောက်ဆိပ်နှင့်အတူ ရွာနောက်ပေါက်မှ မြစ်ဆိပ်သို့ တိတ်တဆိတ် ထွက်ပြေးခဲ့ရလေတော့၏။

သူ အစိက အားကိုးခဲ့ရသော တောရတောင်ဝှေးကြီးမှာ သူလိုချင်လှသော-အချစ်ကို မစွမ်းဆောင်နိုင်သဖြင့် ဒေါအပွကြီးပွနေ၏။

"တောက်- ဒီတောင်ဝှေးက အလကားပဲဗျ"

"ဟာကွာ၊ သိန်းနှစ်ဆယ်တောင်ပေးရတာ"

"တော်ပါပြီဗျာ၊ ကျုပ်ချစ်တဲ့ စံပယ်ကိုတောင် ရအောင်မစွမ်းဆောင်ပေးဘူး။ ဒီတော့ ဘယ်လိုအသုံးကျမှာလဲ ဆရာဖျောက်ရယ်။ ခုဆိုကျုပ်ရင်တွေ ဖြန်းဖြန်းကွဲရပြီဗျ"

"စိတ်လျှော့ပါကွာ"

"တော်ပြီဗျာ၊ အချစ်ကို ကျုပ် ကျောခိုင်းလိုက်ပြီ။ ဒီတော့ ဟောဒီတောရတောင်ဝှေးလည်း မြစ်ထဲ ကျောင်းပေတော့ဗျ"

"ဟာ"

ဂျာအေးတစ်ယောက် စိတ်ပေါက်ပေါက်နှင့် သိန်းနှစ်ဆယ် ပေး၍ ဝယ်ခဲ့ရသော တောရတောင်ဝှေးကြီးကို မြစ်ထဲသို့ ပစ်ချလိုက်လေတော့၏။

ပေါ်ဂျာရစ်

ပညာရွှေတောင်စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com